


www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com




မနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၅၀၁၄၂၇၁၂၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၀၈၆၀၁၁

ဖြန့်ချိရေး
အောင်မြင်စာပေ၊
အမှတ်(၁)၊
အောင်ဘာလေ၊
ဘောက်ထော်မြောင်း။

အတွင်းနှင့်
မျက်နှာဖုံးပုံနှိပ်
ဦးအောင်မြင့်၊
အောင်မြင်ပုံနှိပ်တိုက်၊
သုဝဏ္ဏ၊ရန်ကုန်မြို့။

ပထမအကြိမ်၊
ဇွန်လ၊၂၀၁၁၊
တန်ဖိုး(၁၅၀)

ထုတ်ဝေသူ
ဦးအောင်မြင့်၊
အမှတ်(၇)၊သိတာလမ်း၊
ကျောက်မြောင်း၊ရန်ကုန်မြို့။

၈၉၅.၈၃
မြပုလဲခင်
ပန်းပြာသာဒ်/မြပုလဲခင်။ - ရန်ကုန်။
အောင်မြင်စာပေ၊ ၂၀၁၁။
၂၇၀-စာ၊၁၂.၅x၁၈.၂စင်တီ။
(၁) မြပုလဲခင်






## အခန်း(၁)

"ကျောင်းက ဘယ်ဆီနေမှန်း မသိတာ၊ အဲ့ဒီတော့ ဘ၀မေးပွဲ အောင်လက်မှတ်တစ်ခုတော့ ရအောင်ကြိုးစားရမှာပေါ့ တီကြီးရဲ့"

"ခွေးမလေး"

"တီကြီးတူမလေး . . . ဟဲဟဲ"

"ခေါက်ထည့်လိုက်ရ . . ကျောက်ကျော ခွေးသေးပန်းရှပ်နဲ့"

ခေါက်ထည့်လိုက်ရ ဆိုသော်လည်း တီကြီးလက်က နှင်း



www.burmeseclassic.com

www.burmeseclassic.com



သုစံ ခေါင်းပေါ်သို့ ရောက်ပြီးသား ဖြစ်သွားသည်။ တော်တော်လက်မြန်သည့် တီကြီး။ မနာသော်လည်း အခွဲပိုပစ်လိုက်ရသည်။

"အား . . လာ. . လာ. . . မှန်တာပြောတော့ လက်မခံချင်ပါလား၊ လောကကြီးကို ခွမတိုက်နဲ့နော်၊ ဒါကြောင့် အပျိုကြီးဖြစ်နေတာ"

"အပျိုကြီးဖြစ်တာ ဘာဖြစ်သလဲ၊ နင်တို့ ကျွေးထားရလို့လား၊ ငါ့လုပ်စာနဲ့ငါ စားနေတာ၊ အပူမရှာချင်လို့ နေတာ. . . ဖနောင့်နဲ့ ပေါက်လိုက်ရ"

လေသံက ဖေဖေ့လေသံအတိုင်းပဲ။

တီကြီးနှင့် ခပ်ဝေးဝေးသို့ ဆုတ်ခွာလိုက်ရင်း. . .

"အပူမရှာချင်ဘူးဆိုကတည်းက လောကကြီးကို အရှုံးပေးတာ တစ်မျိုးပဲ တီကြီးရဲ့၊ လူဆိုတာ သီးချိန်တန်သီး ပွင့်ချိန်တန် ပွင့်ရမယ်၊ ဒါမှ လူသားတာဝန် ကျေပွန်တယ်၊ လူသားဆန်ဆန် လူ့လောကကြီးကို လျှောက်ရင်း ဖြစ်ဖြစ်လာသမျှ ဒုက္ခတွေကို ကျော်လွှားနိုင်ခြင်းဟာ လောကကို အောင်နိုင်ခြင်းတစ်မျိုးလို့ နှင်းသုစံ ထင်တယ်"

"ကြည့်စမ်း. . . ကြည့်စမ်း၊ လူလေးက လက်တောက်လောက်နဲ့ ကြီးကြီးကျယ်ကျယ် စကားတွေ ပြောလို့ပါလား ကြီးကျယ်လေး သမီး"

"တီကြီးမောင် မပါရင် မပြီးဘူး"

တီကြီးသည် သူ့မောင်အငယ်ဆုံး. . အဲ. . နှင်းသုစံဖေဖေကို ချစ်စနိုး ကြီးကျယ်လေးဟု ခေါ်သည်။

တီလေးလည်း ထို့အတူပင်။





ဖေဖေတို့ မောင်နှမများထဲတွင် ဖေဖေသည် အငယ်ဆုံးဖြစ်သည်။

ထို့ကြောင့် အစ်ကိုနှစ်ယောက်နှင့် အစ်မနှစ်ယောက်ဖြစ်သော တီကြီး၊ တီလေးတို့က ဖေဖေ့အား. . .

"ကောင်ငယ်လေး" ဟု ခေါ်တတ်ကြသည်။ တစ်ခါတစ်ရံ ငယ်စဉ်ကတည်းက စကားကြီးကြီးကျယ်ကျယ် ပြောတတ်သော ဖေဖေ့အား "ကြီးကျယ်လေး" ဟု ချစ်စနိုး ခေါ်တတ်သည်။

နှင်းသုစံ ကံကောင်းသည်ဟု ဆိုရသည်။

အမေ့ထံမှ အလှပဆုံးသော မျက်လုံးရွဲအလှကို အမွေရသည်မှအပ ကျန်အစိတ်အပိုင်းများက ဖေဖေနှင့် တစ်ပုံစံတည်း။ အမူအရာ စရိုက်ကပါ အဖေတူသမီးဆိုတော့ အဖေ့ဘက်ကလည်း ချစ်ကြသည်။ အမေ့ဘက်ကလည်း သမီးကြီး၏ရင်သွေးဖြစ်သည့်အပြင် မိန်းကလေးမြေးဦးဖြစ်၍ ချစ်ကြပြန်သည်။

နှင်းသုစံက အမျိုးတွေကြား ညာတုတ်နေရုံသာ။

သို့သော် နှင်းသုစံ ဖေဖေမေမေတို့ကလည်း နှင်းသုစံကို ပြည့်စုံအောင် ဖန်တီးပေးထားသည်။

ဆယ်တန်းကို ဖိုက်ဒီနှင့် အေးအေးလေး နှစ်ချင်းပေါက်အောင်ခဲ့ပြီးမှ တန့်နေလေပြီ။ ထိပေါက်ပြီး ထိလက်မှတ် ပျောက်သူလို ဖြစ်နေပြီ။ မိမိရှေ့မှာ လေးသုတ်ရှိနေသေးသည်။

တက္ကသိုလ် ဘယ်အချိန် ဖွင့်မလဲကို မမျှော်မှန်းသေး။ ကြားထဲ တစ်နှစ်ကျော်ကျော် ပညာရေး တန့်ခဲ့ရသဖြင့် ဆယ်



www.burmeseclassic.com

www.burmeseclassic.com



တန်းအောင်စာရင်း ထွက်တော့ နှင်းသုစံ ဆယ့်ရှစ်နှစ်ဖြစ်သွားသည်။

"နေပါဦး. . . ညည်း အခု ဘာလုပ်မယ် စိတ်ကူးထားသလဲ"

မေးပြန်ပြီ၊ ဖြေပြန်တော့လဲ ခေါင်းပူရဦးမည်။ အပျိုကြီးများ တယ်ခက်တာပဲ။ ထို့ကြောင့် နောက်သို့ ဆုတ်ရင်း. . .

"ယောက်ျားယူမယ် စိတ်ကူးတယ်"

"အမလေး. . . ဘုရားရေ"

တီကြီး သူ့ရင်ဘတ် သူဖိကာ မျက်လုံးပြူး မျက်ဆံပြူးနှင့် ဘုရားတနေလေပြီ။

"အဟဲ. . . ဟုတ်တယ်လေ၊ မိန်းမသားတွေအတွက် အကောင်းဆုံးသော အသက်မွေးဝမ်းကျောင်းမှု အတတ်ပညာ တစ်ခုပဲ. . . ကိုယ့်ဘာသာကိုယ် ရှာစားရမှာ ပင်ပန်းတယ်၊ ယောက်ျားလုပ်စာကို အေးအေးဆေးဆေး ထိုင်စားထိုင်ဖြုန်း. . . အဲ. . ထိုင်သုံးရတာလောက် ငြိမ့်တဲ့မိန်းမလောက် ကံကောင်းတဲ့ မိန်းမမျိုး ကမ္ဘာမှာ မရှိနိုင်ဘူး၊ တီကြီး ဘာသိလို့လဲ"

"ကျုပ်တို့ ညည်းအမေတို့ကို အားမကျဘူးလား"

"ဟင့်အင်း. . . ပင်ပန်းတယ်၊ အသက်ကြီးတဲ့အထိ ငြိမ်ငြိမ်မနေရဘူး၊ တာဝန်ဝတ္တရားတွေ ပိလို့ အားမကျတဲ့အပြင် စိတ်တောင် ပျက်သေး"

ဟုတ်တယ်လေ၊ တီကြီးက ကျောင်းအုပ်ဆရာမကြီးမှ အထက်တန်းကျောင်းအုပ်၊ ထို့အတူ မေမေကလည်း ရုံးအဖွဲ့မှူး မြို့နယ်တစ်ခု၏ရုံးအဖွဲ့မှူးဆိုတော့ များလိုက်သည့်တာဝန်တွေ၊





တီကြီးက အပျိုကြီးဖြစ်သဖြင့် မထောင်းသာလှသော်လည်း မေမေနှင့်ဖေဖေက မယ်တစ်ရွာ မောင်တစ်မြို့၊ မေမေက ဟသ်ာတမြို့မှာ၊ ဖေဖေက တောင်ငူတပ်တစ်တပ်မှ ဒုတပ်ရင်းမှူး။ ဖေဖေ ရှေ့တန်းပြန်နားချိန်၌ မေမေနှင့် တွေ့ဆုံဖို့အရေး တီ-ဂျူတီနှင့် ရောက်လာတတ်သည်။ တစ်ခါတစ်ရံ မေမေက ခွင့်ယူ၊ တော်ရုံတန်ရုံအဖျားလောက်တော့ ခွင့်မယူဘဲ ချွေတာထားရသေးသည်။ ပင်ပန်းကြီးလေစွ။

"နှင်းသုစံ"

"ဘာရဲ တီကြီး"

ခပ်ချွဲချွဲလေး ထူးလိုက်သည်။

"ညည်း ဆရာဝန် မလုပ်ဘူးလား"

"ရွံတယ်"

"အင်ဂျင်နီယာကော"

"ပင်ပန်းတယ်"

"ဆရာမကော"

"အာပေါက်တယ်. . . အသက်တိုလိမ့်မယ်"

"ဒါဖြင့် ဘာလုပ်မလဲ"

"ယောက်ျားယူပါမယ်လို့ ပြောပြီးပြီကော"

"ခက်တော့တာပဲ. . . ကလေးတွေ တပွတ်ပွတ်မွေးပြီး ထိန်းကျောင်းတဲ့အလုပ်ပဲ ညည်းလုပ်မလို့လား"

"ဟက်. . . ဟား. . . ဟား. . . ဟား"

တီကြီးစကားကို သဘောကျစွာ ရယ်မောလိုက်သည်။

"ဘာရယ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရယ်ချင်တာပေါ့ . . ခေတ်မီသိပ္ပံပညာတွေ ဒီလောက် တိုးတက်နေတဲ့ခေတ်မှာ ကလေးကို ယူချင်သလောက်ပဲ ယူမှာ ပေါ့၊ မယူချင်လည်း ရတာပဲ၊ ဒါကြောင့် အပျိုကြီးဖြစ်တာ"

"ပိန္နဲပင် ဆွဲမထည့်ပါနဲ့၊ ပညာတတ်တစ်ယောက်ဖြစ်တာ လောကကြီးမှာ ဘယ်လောက်မျက်နှာပွင့် ဂုဏ်တင့်တယ်သလဲ"

"သူဌေးကတော် အရာရှိကတော်တွေအနေနဲ့ ဂုဏ်တင့် တယ် မျက်နှာပွင့်တာတွေလဲ တစ်ပုံကြီးပါနော်"

"တော်ပါတော့ မိကျောင်းသမီးရယ်၊ ညည်းကိုတော့ ကောင်ငယ်လေးကို ပြောထားရမယ်၊ လွှတ်မထားနဲ့တော့လို့၊ ပေါက်ကရတွေနဲ့ တွေ့သွားမှ ဟုတ်ပေ့ဖြစ်နေမယ်"

"ပေါက်ကရ . . တီကြီးကလည်း၊ နှင်းသုစံမှာ ဦးနှောက် ရှိတယ်၊ နှင်းသုစံ စိတ်တိုင်းကျမှ ယူမှာပါ"

"ဘုရားရေ . . အိမ်ထောင်ရေးကို ဦးနှောက်နဲ့ ဖန်တီး မယ်၊ နို့နံ့တောင် မစင်သေးဘဲနဲ့ နှင်းသုစံရယ်၊ ထွက်လာတဲ့ စကားတွေက ကြက်သီးထစရာပါလား၊ တွေ့များ တွေ့ထားပြီ လား"

"နိုး . . နိုး . . မကြာသေးခင်ကမှ ပေါ်လာတဲ့ စိတ် ကူးပါ၊ အဲ . . မကြာခင်ပဲ အကောင်အထည်ဖော်တော့မယ်"

"ဘာရယ် . . ညည်းစကားတွေ ကျုပ်နားမလည်ပါ လား"

"ဖူးစာရှင် ရွေးချယ်ပွဲကို နှင်းသုစံဦးနှောက်က ပေါ် ထွက်လာတဲ့အချက်တွေနဲ့ ကိုက်ညီမှု ရှိမရှိ လေ့လာသုံးသပ်ပြီးမှ ရွေးချယ်မှာပါ၊ ဘာမှစိတ်မပူပါနဲ့၊ သိတယ်မဟုတ်လား . .





ခါးပတ်နက်လေ"

"ခါးပတ်နက်တွေ စိမ်းတွေ နားမလည်ဘူး၊ မိန်းကလေး ဟာ မိန်းကလေး ပီပီသသ နေဖို့ပဲ ကောင်းတယ်၊ ဖူးစာရှင်ဆိုတာ ရွေးစရာမလိုဘူး၊ အချိန်တန်ရင် သူ့ဘာသာသူ ရောက်လာလိမ့် မယ်"

"အချိန်တန်ရင် နွားပိန်ကန်လိမ့်မှာစိုးလို့ အချိန်မတန် ခင်ကတည်းက ကြိုတင်လေ့လာထားဖို့ မကောင်းဘူးလား"

"အမလေးဟဲ့ . . မိကျောင်းသမီးရဲ့၊ လျှာရှည်တော်မူ လိုက်တာ၊ ဘာအချက်တွေများ ညည်းသတ်မှတ်ထားသလဲ"

"ဒါတော့ စီးကရက်ပဲ . . ဟဲ . . ဟဲ၊ ကိုယ်က ကျူး ရင် ကိုယ့်ဒူးတောင် ကိုယ်မယုံရဘူးတဲ့၊ တီကြီးကို ပြောလို့ ဘယ် ဖြစ်မလဲ၊ တော်ကြာ တီကြီးက တီကြီးသဘောကျတဲ့ တူလောင်း ကို လက်ထောက်ချလိုက်ရင် အလွဲလွဲအချော်ချော် ဖြစ်သွားနိုင် တယ်၊ နှင်းသုစံ သတ်မှတ်ထားတဲ့ စံချိန်စံညွှန်း ဆယ်ချက်ကို နှင်းသုစံ တစ်ဦးတည်းပဲ သိစေရမယ်၊ သွားတော့မယ် တီကြီးရာ"

နှင်းသုစံ ပြောရင်းမှ ဆယ်ချက်ဆိုသောစကား ပါသွား လေပြီ၊ မဖြစ်ဘူး ထပြန်မှ၊ စကားစကား ပြောပါများ စကားထဲမှ ဇာတိပြနိုင်သည်။ တီကြီးကလည်း ဆရာမကြီးပီပီ လှည့်ပတ်မေး နိုင်သည်။

"နေဦး . . ထမင်းစားပြီးမှ ပြန်လေ"

"ဟင့်အင်း . . ကြေးအိုးဝင်သောက်မယ်"

ပြောပြောဆိုဆို တီကြီးတို့ တိုက်ခန်းထဲမှ ထွက်ခဲ့သည်။ အောက်ထပ်၌ ရပ်ထားသော မိမိဆိုင်ကယ်ကို မြင်လိုက်ရသည်



www.burmeseclassic.com

www.burmeseclassic.com



နှင့် စိတ်ရှုပ်သွားရသည်။

ဘေးကော၊ ရှေ့ရော၊ နောက်ပါ ကားများ ပိတ်ရပ်နေသည်။

"လူတွေဟာ စည်းကမ်းကို မရှိဘူး၊ ကားရပ်တာတောင် စနစ်တကျ မရှိ၊ သူများဆိုင်ကယ်ကိုများ ပိတ်ရပ်ထားရတယ်လို့"

စိတ်ပေါက်ပေါက်နှင့် ဆိုင်ကယ်ဟွန်းလည်း တီးပစ်၊ ဘေးမှ ကားကိုလည်း ကန်ပစ်လိုက်သည်။

"တီတီ. . . တီတီ"

"ဒုန်း. . . ဒုန်း"

"နှင်းသုစံကို လာစမ်းလို့ ဘာရမလဲ"







## အခန်း(၂)

"ဟော့. . . ဘာဖြစ်လို့ ကားကို ကန်ရတာလဲ"

လာပြီ ကားပိုင်ရှင်၊ နှင်းသုစံ မျက်နှာထားတင်းတင်းဖြင့် ကြည့်လိုက်သည်၊ ရုပ်ကပါ ဖြူးသား၊ သို့သော်. . .

"စည်းကမ်းမရှိတဲ့ ကားမို့လို့ ပိတ်ကန်ပစ်တာ၊ ခြေထောက်တောင် သနသေး"

"ဆောရီးပဲကွာ. . . ကိုယ်ကလည်း အလောတကြီးနဲ့ ရပ်စရာနေရာ မတွေ့တာနဲ့ လွယ်တဲ့နေရာပဲ ရပ်ထားလိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဆောရီးနော် ချာတိတ်"

အဲ. . . သွားပြီ။ ဒေါင်းတင် မောင်းတင်ထားသမျှ စိတ်တွင်း ရန်လိုစကားတို့သည် ကားပိုင်ရှင်၏ရည်ရည်မွန်မွန် တောင်းပန်မှုအောက်၌ အိုးတိုးအန်းတန်းနှင့် ပျောက်ကွယ်သွားရသည်။

"ဒါဖြင့်လဲ လုပ်ဗျာ၊ ခင်ဗျားကားစုတ်ကြီး မြန်မြန်"

"ကားစုတ်ကြီး မဟုတ်ပါဘူးကွာ၊ ယာယီနံပါတ် တစ်နေ့ကမှ ပြောင်းထားတာ"

"လေပန်း ဒန်းစီးမနေနဲ့. . . မြန်မြန်ဖယ်"

နှင်းသုစံ စိတ်မရှည်ချင်တော့။ ဆိုင်ကယ်ပေါ် တက်ခွလိုက်ရင်း ပြောလိုက်သည်။

ကားပိုင်ရှင်က ခပ်ပြုံးပြုံးနှင့် ကားထဲ ဝင်သွားသည်။ ဟွန်း. . ရုပ်ကြီးကိုက ပြီတီတီနှင့်။ မိန်းကလေးမြင်တိုင်း အလျှော့ပေး အငမ်းထူမည့်ရုပ်ကြီး။

ထိုစဉ်. . .

"ကိစ္စမပြီးသေးဘဲ ထွက်လာရသလား လေးလေး"

"ဒီမှာလေကွာ. . . ပြဿနာရှင်းနေတာ၊ ခဏလေး"

အမျိုးသမီးများ ကျလောက်တဲ့ရုပ်နဲ့ အမျိုးသားငယ်တစ်ဦး ထွက်လာကာ ကားပိုင်ရှင်အား ပြောလိုက်သည်။

မဆိုးပါဘူး။

"လေးလေးက လုပ်ပြီ၊ ဟိုမှာ အားနာစရာ"

"အားနာမနေနဲ့. . . ဒီက ကိုယ်မှားခဲ့တဲ့အမှားကမှ ပိုအားနာစရာ"





"ဟုတ်တယ်. . . ခင်ဗျား လူလို သိတတ်တယ်၊ လူအသိမရှိတဲ့ ခင်ဗျားတူကို နည်းနည်းပညာပေးလိုက်ဦး ကြားလား. . . သွားမယ်"

ကားအရွေ့ နေရာလွတ်သွားသည်နှင့် အမှာစကားပြောပြီးမှ နှင်းသုစံ မောင်းထွက်ခဲ့သည်။

ပလက်ဖောင်းပေါ်မှ ပုဂ္ဂိုလ်လေး ဆွေ့ဆွေ့ခုန် ကျန်ခဲ့သည်ကို ဆိုင်ကယ်နောက်ကြည့်မှန်မှ တွေ့လိုက်ရသည်။ အားရကျေနပ်စွာ ပြုံးလိုက်မိသည်။

အချိန်ရတုန်း ရန်ကင်းရှိ ဘွားဘွားတို့အိမ် သွားရင်ကောင်းမလား၊ မသွားသေးပါဘူး၊ ကြေးအိုးသွားသောက်ပြီး အိမ်ပြန်တာပဲ ကောင်းပါတယ်။ ရန်ကုန်နေရတာ အပေါင်းအသင်း မရှိတော့လည်း ပျင်းစရာအကောင်းသား။

ရွှေတောင်တန်း ကြေးအိုးဆိုင်ကတော့ ဆယ့်နှစ်ရာသီ လူများ ရှုပ်နေသည်။ တစ်ယောက်တည်း တစ်စားပွဲ ရဖို့မလွယ်၊ လွတ်နေသည့် တစ်နေရာစာ၌ ဝင်ထိုင်လိုက်သည်။

အဲ. . . လူရွယ်သုံးယောက်နှင့် မိန်းမကြီးတစ်ယောက်။

"ပွဲကြီး ကြာဆံ၊ ဝက်တစ်ပွဲ၊ ဒီနေ့စားမယ် အမြန်လုပ်"

"ဟုတ်"

စားပွဲထိုးလေးက သူနှင့် မျက်မှန်းတန်းမိနေပြီ ဖြစ်သဖြင့် သူ့အထာ သိပြီးသား။

ပူပူလောင်လောင်နှင့် ကြေးအိုးသောက်၊ ချွေးတွေ ပြန်သည့်အရသာကို နှင်းသုစံ ကြိုက်သည်။

ငယ်စဉ်က ရန်ကုန်ရောက်တည်းက ကြေးအိုးသောက်ရ



www.burmeseclassic.com

www.burmeseclassic.com



မှ ကျေနပ်တတ်သော နှင်းသုစံအကျင့်သည် ကြီးလာတော့လည်း မပျောက်။

"မေမေတို့များ တွေ့လား သူများသားသမီးတွေ"

"အဲ. . ."

စကားသံ ကြားရ၍ နှင်းသုစံစားပွဲကို ဖျတ်ကနဲ ကြည့်လိုက်သည်။ မျက်လုံးလေးစုံစလုံး မိမိထံ စုပြုံကျရောက်နေပါလား။

ဒီတစ်ချီတော့ အနေခက်သွားသည်၊ ချစ်ခင်နေသော မျက်လုံးများဖြစ်သည်။

"သမီးလေးက တစ်ယောက်တည်းလား"

"ဟုတ်"

ရည်ရည်မွန်မွန် မေးလာသော အမေအရွယ် လေဒီကြီးကိုတော့ နှင်းသုစံ ခေါင်းကို ဆတ်ကနဲ ညိတ်ကာ ကောင်းကောင်းမွန်မွန်ပင် ဖြေလိုက်သည်။

"မိဘညီအစ်ကို မောင်နှမတွေ လိုက်မလာကြဘူးလား"

ဘာသဘောနှင့် စပ်စုနေသနည်း။

နှင်းသုစံ ခေါင်းခါလိုက်သည်။

"အန်တီက သားတွေချည်း မွေးထားတော့ သမီး သိပ်လိုချင်တာ၊ ဒီတော့ သမီးတို့အရွယ် မိန်းကလေးတွေ တွေ့ရင် စိတ်ထဲ အရမ်းခင်မင်လိုလားမိလို့ ပြောမိတာကို စပ်စုတယ် မထင်နဲ့နော် သမီး"

"ဟုတ်"

လက်စသတ်တော့ လေဒီကြီးက ဆိုက်ကိုကြီးကိုး၊ သမီး





ရှုနေတာ။ အာ. . . မျက်စိက လွတ်နေသော စားပွဲတစ်လုံးကို တွေ့လိုက်သည်နှင့်. . .

"သွားမယ်နော် အန်တီ၊ ဒီက ကျပ်တယ်"

စားပွဲလွတ်ဆီသို့ ပြောင်းရွှေ့ထိုင်လိုက်သည်။

ထိုင်ပြီးမှ စဉ်းစားမိသည်။ လေဒီကြီးကော သားတွေပါ ပ်ချောကြသည်နှင့်အညီ ထူးထူးကဲကဲ မရိုးသားသောအကြည့် ပေါ့။ ပညာတတ်များ ဖြစ်ကြပုံရသည်။

အမှန်ဆို မိမိစီမံကိန်းအရ ဆိုလျှင်တော့ ရောလိုက်သင့်သည်။ သုံးယောက်ကြီးများတောင် ရွေး၍ရနိုင်သည်။

ရွေးစရာ များခြင်းသည် ကောင်း၏။

ကြေးအိုးပင် ဖြောင့်ဖြောင့်မသောက်နိုင်တော့။ သားအမိလေးယောက်ကို မသိမသာ အကဲခတ်မိသည်။

ထို့အတူ သားအမိလေးယောက်သည်လည်း ကွက်ကြည့်ကွက်ကြည့်နှင့် ဘာတွေများ ပြောနေကြသည် မသိနိုင်။ ဆူညံနေသော လူသံစုံတို့၏အခန်းကျဉ်းဝယ် သူတို့သားအမိ စကားသံသည်လည်း ပျောက်ကွယ်သွားလေသည်။

စားသောက်ပြီးသည်နှင့် ထွက်ခဲ့သည်။

ဆန်နီပစ်ကပ်လေးပေါ် မတက်နိုင်သေးဘဲ မိမိအား ကြည့်နေသော လေဒီကြီးကို ပြုံးပြရအခက် မဲ့ပြအခက်နှင့် အီလည်လည်ကြီးဖြစ်ကာ ဆိုင်ကယ်ကိုသာ မောင်းထွက်ခဲ့လိုက်သည်။

ဘယ်လိုကြီးပါလိမ့်။

သားတွေကြီးပဲ မွေးထားသူ၏ သမီးတော်ချင်သည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်မှာ ချွေးမတော်ချင်ခြင်း ဖြစ်လိမ့်မည်။

ဒီလိုကြီးတော့လည်း နှင်းသုစံ လက်မခံချင်ပါ။

မျိုးရိုးဇာတိတွေ မသိရဘဲ။

နှင်းသုစံကို တွေ့သောသူတိုင်းက ပြောကြသည်။

ချစ်မွေးပါသည်ဟု။

ယခုလည်း ထိုသို့ထင်ပါသည်။

ဒီပုံစံကိုများ ချစ်ကြတယ်လား။

"အဟတ်. . . ဟား"

စိတ်တွင်း ကျေနပ်သလို ပြုံးလိုက်မိသည်။

"ဟေး"

အံမယ်. . ဘေးနားက ယှဉ်မောင်းလာသောဆိုင်ကယ် သမားတစ်ဦးက သူ့အား ပြုံးပြသည် ထင်ကာ အစွမ်းကုန် သွားဖြီးပြနေသည်။

ဤမျှ ပေါသောယောကျ်ားတော့ ဆလံပါပဲ။

ဆိုင်ကယ်ကို ချိုးကွေ့ဝင်လိုက်သည်။

"ဒုန်း"

"ဝုန်း"

သွားပြီ။ နှင်းသုစံ ဘဝပြောင်းသွားပြီ ထင်သည်။







## အခန်း(၃)

အသက်နှင့်ခန္ဓာကိုယ် အိုးစားကွဲပြီဟု ထင်ထားသော နှင်းသုစံသည် ဘာမျှမဖြစ်ပါလား။

အရှိန်သိပ်မပြင်း၍ ထင်ပါသည်။

ဆိုင်ကယ်တော့ လဲသွားသဖြင့် ထောင်လိုက်ရသည်။

"အီး. . . လေးလိုက်တာ"

ဆိုင်ကယ်ထောင်အပြီး၌ လူကို ဖုတ်ဖုတ်ခါဖို့ သတိရလိုက်သဖြင့် တင်ပါး၊ ဒူးခေါင်းနှင့် တံတောင်ဆစ်များကို ဖုတ်ဖုတ်ခါလိုက်စဉ်. . .



www.burmeseclassic.com

www.burmeseclassic.com



ဘာနဲ့ တိုက်မိပါလိမ့်ဟူသော အာရုံဝင်လာသဖြင့် ကြည့်လိုက်မိသည်။

"မြတ်စွာဘုရား"

ထီသည် စက်ဘီးလဲနေပြီ၊ လူကတော့ စက်ဘီးကို ထောင်ရန် ကြိုးစားရင်း သူ့ထီအုပ်ကြီးကို ရေတွက်နေသည်။ နှင်းသုစံဆီ အာရုံမရောက်ဘူး ထင်သည်။

အသာလစ်သွားမှ။

သို့သော် ထီသည်က လျှင်သည်။

"ဒီမှာ အမိ"

"ဘာလဲ"

ဆိုင်ကယ်ပေါ် ခွမိသော နှင်းသုစံမှာ မလုံမလဲ ဖြစ်သွားရသည်။ ခပ်ဆတ်ဆတ် ထူးရင်း ပြဿနာရပ်ကို ရင်ဆိုင်ရန် ကြိုးစားလိုက်သည်။

"ကိုယ်ကျူးလွန်တဲ့အပြစ်ကို ရှောင်ရှားရုံနဲ့ ရမလား"

"ဘယ်သူက ရှောင်နေလို့လဲ၊ ပြော. . . ခင်ဗျားကို ဘယ်လောက်လျော်ရမလဲ"

"နေဦး. . . တိတိကျကျ တွက်ရဦးမယ် အမိ၊ ဆိုင်ကယ်ကို လမ်းဘေး ကပ်ရပ်လိုက်ဦး"

အံမယ်. . . လူက ထီသည်ပေလို့ပဲ၊ အမိန့်တွေ၊ ဩဇာ မာလကာတွေက များနေသေး။ ကိုယ်က အမှားဖြစ်နေ၍သာ ငြိမ်ခံနေတာ။ အကောင်းအောက်မေ့နေသလားမသိ။

"သိပ်ကြီးကျယ်မနေနဲ့. . ဘယ်လောက်ကျသလဲ ပြော"

"ရှေ့ဘီးခွင်သွားတယ်"





"ပြင်လိုက်ပေါ့"

"အမိပြောမှလား"

"........."

တော်တော်ပေရှည်သည့်လူနှင့် 'လာတွေ့နေသည်။

"ဘက်ထရီ ကွဲသွားတယ်"

"ဘယ်လောက်ကျသလဲ"

"တိတိကျကျတော့ မပြောနိုင်ဘူး၊ နောက်ပြီး ကက်ဆက်က ပျက်သွားသလား မပျက်သွားသလား မသိသေးဘူး"

များလိုက်သည့် အပျက်အစီးတွေ။

"ဟောဒီမှာ ထီ(၅)အုပ်က ရွှံ့ထဲ ကျပြီး ပေသွားတဲ့အတွက် ဝယ်သူမရှိနိုင်တော့ဘူး"

နှင်းသုစံ စိတ်မရှည်ချင်တော့။

ထီသည်ကို ခါးထောက်ကာ မိုက်ကြည့်ကြည့်ပစ်လိုက်သည်။

"ဒီတော့ ဘာလုပ်ရမှာလဲ၊ ထိုင်ါးအုပ်ဖိုး ပေးမယ်၊ ဘယ်လောက်ကျသလဲ"

"ဒါ ဈေးရောင်းနေတာ မဟုတ်ဘူး အမိ၊ ဈေးစကားပြောနဲ့၊ အမိအပြစ်အတွက် ထိုက်တန်တဲ့ ဒဏ်ကြေးငွေကို တောင်းခိုင်းတာ၊ ကျုပ် အပိုမလိုချင်ဘူး"

"အမယ်"

နှင်းသုစံ အံ့ဩသွားသည်။ ထီသည်ကလည်း အလော ကြီးပါလား။

"ဒါမှ အမိ မကျေနပ်ရင် ကျုပ်ကတော့ ယာဉ်ထိန်းရဲကို



www.burmeseclassic.com

www.burmeseclassic.com



တိုင်ချက်ဖွင့်ရမှာပဲ၊ အမိဆိုင်ကယ်နံပါတ် မှတ်ထားပြီးပြီ"

နှင်းသုစံ တွန့်သွားသည်။ လက်ကောက်ဝတ် ယားသလို လို ဖြစ်သွားသည်။

"ဒါဖြင့် ဘယ်လောက်ပေးရမလဲ ပြောဆိုတော့လဲမပြော ဘဲ လေရှည်နေ"

"အမိကိုယ်တိုင် စက်ဘီးပြင်ဆိုင် လိုက်ခဲ့"

"အဲ. . . အဲဒီလိုတော့ မလုပ်ပါနဲ့၊ ခင်ဗျားကြီး နောက် ကို နှင်းသုစံ. . အဲ. . ဒီက တကောက်ကောက် လိုက်မနေနိုင် ဘူး၊ မိုးလဲ ချုပ်ပြီ၊ လောလောဆယ် နှင်းသုစံမှာ တစ်သောင်း ပါတယ်၊ ယူထားလိုက်ပါ၊ နောက်မှ တိတိကျကျ ကုန်ကျငွေကို နှင်းသုစံ လာပေးမယ်. . . ကျေနပ်ပြီလား"

"အမိကို ကျုပ်က ယုံရမှာလား"

"မညာတတ်ဘူး"

"ဒါဖြင့် ကောင်းပြီ၊ အမိ မှတ်ပုံတင်ပြ"

"ဘယ်ပါမှာလဲ"

"လိပ်စာပြော. . . ဒါက အမိဥပမိရုပ်ကို ကြည့်ပြီး ယုံကြည်လိုက်တာနော်၊ ဆိုင်ကယ်နံပါတ်လဲ ရှိပြီးသားဆိုတော့ အမိ လိမ်ညာလို့ မရနိုင်ဘူး"

ထိုသည်က ယာဉ်ထိန်းရဲထက်တောင် ဆိုးနေသေး သည်။ ယာဉ်ထိန်းရဲသာဆိုလျှင်. . .

"စိတ်ချ. . . ခင်ဗျားအိမ်ကို မနက်ဖြန် မိုးလင်းလင်း ချင်း အရောက်လာခဲ့မယ်"

"သိပ်အပြောမကြီးနဲ့. . . မင်းလို ရုပ်ပလာနိုင်ပုံမျိုးနဲ့





အက်ဆီးဒင့် ဘယ်နှစ်ခုနဲ့ တွေ့ဦးမယ် မသိဘူး"

"ခင်ဗျားကြီး ပါးစပ်ပုပ်ကြီးနဲ့ မပြောနဲ့နော်"

နှင်းသုစံသည် ငွေတစ်သောင်း ထုတ်ပေးရင်း လိပ်စာပါ ပြောလိုက်ရသည်။ ရန်ကင်းက အဘိုးတို့အိမ်လိပ်စာ။

မင်းမနိုင်က နှင်းသုစံတို့ တိုက်ခန်းလိပ်စာကိုတော့ ပြော ၍မဖြစ်။ မိန်းမသားနှစ်ယောက်တည်း နေသည်ကို လူသိခံ၍ မဖြစ်။

နှင်းသုစံကိုတော့ ထိုသည်က လိပ်စာကတ်လေး ထုတ် ပေးသည်။ ကြီးကြီးကျယ်ကျယ်။

"ရဲ. . . ပြည်သာယာလမ်း၊ ဘောက်ထော်၊ ရန်ကင်း မြို့နယ်" ဆိုပါလား။

"ခင်ဗျားကြီးနာမည်က တစ်လုံးတည်းလား"

"အမိ. . . မျက်စိကောင်းတယ် မဟုတ်လား"

"မကောင်းဘူး. . . ဒါကြောင့် ခင်ဗျားကြီးဘီးစုတ်ကို ဝင်တိုက်တာပေါ့၊ သွားမယ်. . . ညကောင်းကောင်း အိပ်ပျော် အောင် အိပ်နော်၊ စိတ်ချ. . . လာပို့ပေးမယ်"

"လာမပို့ရင် ညနေ ကျုပ်လာခဲ့မယ်"

နှင်းသုစံက ထိုသည်ရုပ်ကို မှတ်မိအောင် ကြည့်လိုက် သည်။

ရုပ်ရည်က သားသားနားနားပါလား။

စက်ဘီးမှာ တပ်ထားသောဆိုင်းဘုတ်ကို ကြည့်လိုက်မိ တော့ နှင်းသုစံ ကြိတ်ပြုံးလေး ပြုံးကာ ဆိုင်ကယ်ကို မောင်း ထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အဟင်း. . . "အိပ်မက်ရှင်" တဲ့။ ပေးလဲ ပေးတတ်တဲ့ ထိသည်။





# အခန်း(၄)

"လာစမ်း. . . လာစမ်း ပေါက်ကျော်မ"

"ဂျာ. . . ဘာဖြစ်ရို့ရဲ ဘွား"

ရန်ကင်းတိုက်ခန်းထဲ ဝင်ဝင်ချင်း ဘွားဘွား၏ဆီးကြိုသံက သင်းပျံ့စွာ ထွက်ပေါ်လာသည်။

"ကိုယ့်ဟာကိုယ် ဘာလုပ်ထားမှန်း မသိဘူးလား"

"ဘာလုပ်လို့လဲ ဘွားရဲ့၊ နှင်းသုစံ သိအောင်လဲ ပြောဦးမှပေါ့"

"ဒါကြောင့် ဒီဆိုင်ကယ်ကို မစီးပါနဲ့လို့ ပြောထားတာ၊





www.burmeseclassic.com

www.burmeseclassic.com



စီးလိုက် ပြဿနာတွေ တက်လိုက်နဲ့"

"ဘွားဘွားကလဲ ပွစိပွစိနဲ့၊ ဒါကြောင့် မလာချင်တာ"

"မှန်တာတွေ ပြောတော့ ပွစိပွစိဖြစ်ရော၊ ညည်းတို့ လုပ်ပုံကကော ဟုတ်လို့လား၊ အလျှော်လာတောင်းခံရတယ်လို့ ရှက်ဖို့ကောင်းလိုက်တာ"

"ဘယ်လောက် လာတောင်းသလဲ"

"မသိဘူး. . . ညည်းနဲ့ တွေ့မှ သူတောင်းမယ်တဲ့၊ ကြား က စိုက်လျှော်တာလဲ မလိုချင်ဘူးတဲ့လေ"

"ကြီးကြီးကျယ်ကျယ်"

"ဘယ်ကကောင်လဲ"

"မသိပါဘူး. . . နှင်းသုစံဆိုင်ကယ်နဲ့ သူ့စက်ဘီးကို ဝင် ကြုံးမိတာ၊ အဲဒါ နည်းနည်းပျက်စီးသွားလို့ အလျှော်လာပေးမယ် ပြောပြီး မေ့သွားတာနဲ့"

"ဒါ မေ့စရာလား"

"သွားပေးလိုက်ပါ့မယ်၊ ဗိုက်ဆာလိုက်တာ ဘွားရာ၊ ဘာရှိသလဲ. . . ဘာချက်သလဲ"

"သီးစုံကုလားဟင်းနဲ့ ငါးကြော်"

"ပွတာပဲ. . . စားသွားဦးမှ"

နှင်းသုစံ ဘွားဘွားအာရုံကို ဖြတ်ပစ်ပြီး မီးဖိုချောင် ဝင်ခဲ့သည်။

ပဲကုလားဟင်း ကြိုက်တတ်သော နှင်းသုစံကတော့ ဝင် တီးလေပြီ။

"ဟဲ့. . . ဟဲ့. . . အဘိုးအတွက်လဲ ခပ်ဦးလေ"





"ဘွား လာခပ်တော့. . . ဦးချခဲ့ပြီ"

"ဖြစ်လာရမယ်. . . ဗိုက်အလျှားထိုး လာတာပဲ"

"ဘိုး. . . ဘယ်သွားသရဲ"

တမင်ချွဲပြီး မပီကလာ ပီကလာ ပြောရသည်မှာ အရသာတစ်မျိုးပင်။

"ဒဂုံသွားတယ်"

"အိမ်ဆောက်တဲ့ဆီလား"

"အင်း"

"အိမ်ဘယ်တော့ပြီးမှာလဲ"

"သိပ်မကြာတော့ဘူး ထင်တယ်၊ ပြီးရင်တော့ မြေးတွေ အားလုံး အိမ်ခေါ်ထားပြီး ကြပ်ကြပ်မတ်မတ် ထိန်းရမယ်"

"ဘုရားရေ. . . အိမ်မပြီးပါစေနဲ့ ဆုတောင်းရမလို ဖြစ် နေပြီ"

"ကောင်ငယ်လေးဆီ စာရေးတိုင်ရမယ်၊ နင့်သမီး ပေါက်ကျော်မကို လွှတ်လွှတ်လပ်လပ် မထားနဲ့၊ ဆိုင်ကယ် တစ်စီးနဲ့ လှစ်ခနဲ လှစ်ခနဲ သွားချင်တိုင်း သွားနေတယ်လို့၊ ပြီး တော့ နင့်တီကြီးကို ဘာပြောသေးသလဲ"

သွားပါပြီ။ တကယ့်ပြဿနာပဲ၊ တီကြီးတို့ နှုတ်မလုံတာ ဘွားဘွားသိလျှင် မလွယ်တော့။ ထို့ကြောင့်. . .

"အလကားပါ ဘွားရာ၊ တီကြီးအပျိုကြီးကို သက်သက် စတာ"

"စတာကလဲ. . . ကလေးကလားစကားလား၊ လင်စိတ် သားစိတ် ကူးရမယ့်အရွယ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အာ. . . မဟုတ်ပါဘူး အဘွားရဲ့၊ နှင်းသုစံက ပေါက်ကရ ပြောတိုင်း တီကြီး မျက်လုံးကြီး ပြူးပြူးလာတာ သဘောကျလို့ စတာ၊ အဖိုးကြီးကို သူ မကြိုက်တဲ့အကြောင်းတွေ ပြောပြောပြီး စရတာ အရသာရှိလို့ပါ၊ နှင်းသုစံတို့ကလေ. . ."

နှင်းသုစံ စကားကို မဆက်နိုင်သေး။ ထမင်းကို ပလုတ်ပလောင်း တစ်လုတ်သွင်းလိုက်သည်။

"နှင်းသုစံတို့က ဘာဖြစ်သလဲ"

ဘွားဘွားက သိချင်ဇောနှင့် မေးလိုက်သည်။

"နေပါဦး ဘွားဘွားရဲ့"

ထမင်းလုတ်ကြီးနှင့် ပြောလိုက်ပြီး ပြီးအောင် ဝါးလိုက်ရသည်။ ပြီးမှ. . .

"နှင်းသုစံ ဆရာဝန်လုပ်ဦးမှာ၊ ဘွားဘွားတို့ကို ကုပေးဖို့အတွက် တမင် ဒီဘွဲ့ကို ယူဦးမှာ"

"အံမယ်. . . ညည်းဆရာဝန်ဖြစ်တဲ့အထိ ကျုပ်တို့က အသက်ရှည်ပေးရမလိုလို"

"ရှည်ပေးပေါ့ ဘွားရာ"

"ကဲ. . . စားစား၊ ညည်းအမေဆီကကော စာလာရဲ့လား"

"လာပါတယ်"

"အဖေဆီကကော"

"ဘယ်လာမလဲ. . . သူ့မိန်းမဆီပဲ ရေးမှာပေါ့"

"ဟဲ့. . . အဖေကို ဒီလိုပြောရသလား"

"ဟုတ်တာပြောတာပဲ"





ထမင်းစားလိုက် ဘွားဘွားနှင့် စကားပြောလိုက်နှင့် နှင်းသုစံ ထမင်းတစ်ပန်းကန် အသာလေး ဖြိုလိုက်နိုင်သည်။

"စားပြီး လမ်းကြည့်ပဲ ဘွားရေ. . . ပြန်ဦးမယ်"

"ဟင်. . . ဖင်နွေးအောင်တောင် မထိုင်ပါလား"

"ကိစ္စရှိသေးတယ် ဘွားဘွားရဲ့"

ထိုသည်ကိစ္စကို သတိရလိုက်သဖြင့် ဘွားဘွားတို့အိမ်၌ ဖင်နွေးအောင် မထိုင်နိုင်ခြင်းဖြစ်သည်။

ပိုက်ဆံကလည်း ရှိနေသည်ဆိုတော့ ဈေးကြေး ကြွေးကျန် သွားဆပ်လိုက်ဦးမှ။

"လူကြီးလူကောင်းလုပ်လို့. . . ဘာကိစ္စတွေများ ရှိရပြန်ပြီလဲ"

"ဘွားဘွားတို့ စာဖူးတောင်းလို တိုက်ခန်းမှာ ကြာကြာနေရတာ အသက်ရှူကြပ်လို့ ပြန်တော့မှာ"

"ကြီးကျယ်မလေး"

ရယ်ရယ်မောမောနှင့် ဝင်ပေါက်ထွက်ပေါက် တစ်ပေါက်တည်းသာ ရှိသော ရန်ကင်းတိုက်ခန်းထဲမှ ထွက်ခဲ့သည်။

တစ်နေရာ၌ ကြာရှည်စွာ မနေနိုင်ခြင်းသည် နှင်းသုစံ အကျင့် ထင်ပါသည်။

ရန်ကင်းနှင့်ဘောက်ထော် နီးနီးလေးဖြစ်၍ ထိုသည် လိပ်စာအရ သွားလိုက်သည်။

"ဆိုင်ကယ်ကို သတိထား စီးနော်"

"စိတ်ချပါ ဘွားရဲ့၊ ဥပဒေ္ဒကကံနဲ့ သေဖို့မပါဘူးလို့ ဗေဒင်တွေက တွက်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကံကို ယုံပြီး ဆူးပုံမနင်းနဲ့နော် ပေါက်ကျော်မ"

"တာ့တာ"

ဘွားဘွား ထပ်မပြောနိုင်ခင် လက်ပြပြီး ထွက်ခဲ့လိုက်သည်။ ထီသည်မှ ရှိပါ့မလား။

ရှိရှိမရှိရှိ ဝတ္တုရားအရ ဝင်သွားလိုက်ဦးမည်။

ခြံကတော့ အပျံစား၊ တိုက်ကြီးကလည်း အလှသား။ နောက်ဘက်၌ အလုပ်သမားတိုက်တန်းလျားပင်လျှင် သားသားနားနား ရှိသည်။

ထီသည်ကို အလုပ်သမားတိုက်တန်းလျား၌ သွားအော်ခေါ်ရမည် ထင်သည်။

ဆိုင်ကယ် ဟွန်းတီးလိုက်သည်။

ခြံထဲမှ လူတစ်ယောက် ပြေးထွက်လာသည်။

"ဘယ်သူ့တွေ့ချင်လို့လဲ"

"ရဲ့ . . ."

"မရှိဘူး . . . အပြင်သွားတယ်"

"ဒါဖြင့် သူလာရင်ပြောလိုက်၊ နှင်းသုစံ လာသွားတယ်၊ မနက်ဖြန်မနက် ခုနစ်နာရီတိတိ ရောက်အောင် လာခဲ့မယ် . . . စောင့်နေလို့"

"အေး . . အေး . . ဘယ်သူ"

"နှင်းသုစံ"

"နှင်းသုစံ . . အင်း . . မှတ်ထားမယ်"

မေ့တတ်သည် ထင်ပါသည်။ နှင်းသုစံ နာမည်က ရှင်းရှင်းလေးရယ်။





နှင်းသုစံ ပြန်လှည့်ခဲ့သည်။

သည်နားရောက်တုန်း သူငယ်ချင်းတစ်ဦး ပေးထားသော လိပ်စာကို သတိရလိုက်သည်။

ဝင်သွားလိုက်ဦးမှ။

ခြံတံခါးတွေကလည်း ခြံတိုင်းလိုလို ပိတ်လျက်ရှိသည်။ သူဌေးတွေများ ပို၍ဥစ္စာခြောက်ကြသည် ထင်ပါရဲ့။

နှင်းသုစံတို့တော့ ငွေမရှား ရွှေမရှားသော်လည်း ဥစ္စာမခြောက်ပါ။ ဥစ္စာကိုသာ လိုက်လံဖက်တွယ်နေရလျှင် လူလွတ်လပ်မှု ဆုံးရှုံးသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

"ရှုပါ ရှိလား"

"ရှိတယ်"

တံခါးဖွင့်ပေးသဖြင့် မောင်းဝင်ခဲ့လိုက်သည်။ ပေါ်တီကိုအောက် ဆိုင်ကယ်အရပ်၌ ဧည့်ခန်းမှ လူတစ်ယောက် ထွက်လာသည်။

အဲတော် . . . မြင်ဖူးပါသည် ဒီလူကြီး။

"ဩော် . . . မင်းကလေးကိုး၊ ဘယ်သူ့ဆီ လာတာလဲ"

"ခင်ဗျားကြီးက နှင်းသုစံကို သိလို့လား"

"သိတာပေါ့ . . . ကိုယ့်ကားကို ခြေထောက်အနာခံပြီး မိုက်မိုက်ကန်းကန်း ကန်တတ်တဲ့ မိန်းကလေးကို မသိဘဲ ရှိပါ့မလား"

"ခြေထောက်မနာပါဘူး . . . အတွင်းအား ထိန်းပြီးကန်တာ၊ ဒါထက် ဒီအိမ်က ခင်ဗျားအိမ်လား၊ ရှုပါနဲ့ခင်ဗျား

www.burmeseclassic.com



ဘာတော်လို့လဲ"

"ရှူပါက ကိုယ့်တူမလေ၊ ရှူပါရေ. . . ညှော့သည်ပော့"

"ညောင်းပြီဗျ. . . ထိုင်ဖို့ မခေါ်တော့ဘူးလား"

"ဪ. . . မေ့သွားလို့ပါ ကလေးရာ၊ လာ. . . ထိုင်"

နှင်းသုစံ ဆက်တီတစ်လုံး၌ ဝင်ထိုင်ရင်း အကဲခတ်လိုက်သည်။

ရှူပါက ကိုးတန်းအောင်ပြီး ဆယ်တန်းနှစ်၌ ရန်ကုန်ပြောင်းသွားသည်။ မိမိနှင့် စာအဆက်အသွယ်မပြတ်ခဲ့။ လေးလေး လူပျိုကြီးနှင့် သွားနေရသည်ဟုသာ သိခဲ့သည်။

"ကလေးနဲ့ ရှူပါက ဘယ်မှာ တွေ့ခဲ့ကြတာလဲ"

"တောင်ငူမှာကတည်းက"

"ဟယ်. . . နှင်းသုစံ"

ရှူပါက ပြေးထွက်လာပြီး ဝမ်းသာအားရ မိမိအား ဖက်ကာ ထိုင်ချလိုက်သည်။

"နင် ဘယ်တုန်းက ရန်ကုန်ရောက်လဲ"

"တစ်လလောက် ရှိပြီ"

"ဒါတောင် ငါ့ဆီကို အခုမှ လာရတယ်လို့"

"အံမယ်. . . လမ်းကြုံပြီး သတိရလို့ ရောက်လာတာကိုပဲ ကျေးဇူးတင်"

"လုပ်တော့မယ်. . . နင်ကတော့လေ၊ ဪ. . . နင်နဲ့ လေးလေးက သိလို့လား"

နှင်းသုစံ လေးလေးဆိုသူကို ကြည့်ကာ ခပ်တည်တည်ဖြင့်. . .





"ဘယ်သူလဲ လေးလေးဆိုတာ"

"ဟောတော်"

လေးလေးဆိုသူက ရယ်ကာ. . .

"ဟုတ်တယ်. . . သူနဲ့လေးလေး မသိဘူး ရှူပါ"

ရှူပါက ခေါင်းကုတ်ကာ. . .

"ဘယ်လိုကြီးလဲ. . . စောစောက စကားပြောသံတွေကြားနေရပြီး"

"ကဲပါ တူမရာ၊ ညည်းသူငယ်ချင်းနဲ့ ကျုပ်ကို မိတ်ဆက်ပေးပါဦး"

နှင်းသုစံကတော့ ခပ်တည်တည် နေလိုက်သည်။

"နှင်းသုစံ. . . ဒါ ငါ့လေးလေး ဦးကိုကို"

"ဟင်. . . နာမည်ကြီးကလည်း စီးစီးပိုးပိုး"

"လေးလေး. . . နှင်းသုစံက တောင်ငူမှာ သုံးနှစ်တိတိတစ်ခုံတည်း ထိုင်ခဲ့တဲ့ သူငယ်ချင်းလေ၊ နင် အောင်လား"

"အင်း. . . နင်ကော"

"အောင်တယ်. . . ဂုဏ်ထူးမပါလို့ လေးလေးက ဆူနေတယ်"

"နင်က တုံးတာပဲ၊ ဆူတာတောင် နည်းသေး၊ ငါက ဂုဏ်ထူးဒီပါတယ်၊ လေးလေး သူ့ကို ဆူရုံလုပ်မနေနဲ့. . . ရိုက်ပစ်၊ တောင်ငူမှာကတည်းက ရည်းစားထားချင်တာ၊ နှင်းသုစံ မနည်းတားနေရတယ်"

"အဲ. . . လုပ်ပြီ၊ အလကား လေးလေး"

"တကယ် လေးလေးရဲ့၊ ဒါကြောင့် ဂုဏ်ထူးမပါတာ၊



www.burmeseclassic.com

www.burmeseclassic.com



စာကျက်ရင်း စိတ်တွေက ဘယ်ရောက်နေလဲမှ မသိတာ"

လေးလေးက နှင်းသုစံတို့နှစ်ယောက်ကြား မဝင်နိုင်တော့ဘဲ. . .

"ကဲ. . ကဲ. . ကလေးတို့နှစ်ယောက် စကားကောင်းနေတာနဲ့ စားစရာ စီစဉ်ပေးဖို့ မေ့သွားတယ်၊ မနက်စာ စားသွား"

"စားပြီးသွားပြီ. . . အချိုပွဲပဲ လုပ်ပါ လေးလေး"

နှင်းသုစံက ဝင်ပြောလိုက်သဖြင့် လေးလေးက သဘောကျစွာ ရယ်မောရင်း. . .

"စိတ်ချ. . . ဖိုက်ဒီပါတဲ့သူဆိုတော့ လေးလေးက ဂုဏ်ပြုရမှာပေါ့၊ လေးလေးက လူလို အသိရှိတယ် မဟုတ်လား"

အဲ. . နှင်းသုစံ ဇက်ကလေး ပုကာ လျှာကလေး တစ်လစ် လုပ်၍ ရယ်မောလိုက်မိသည်။

"လေးလေးက မှတ်ဉာဏ်ကောင်းသားပဲ"

"ကောင်းဆို အင်ဂျင်နီယာကိုး"

ရှုပါက ဝင်ပြောလိုက်သည်။

"နင်နဲ့ လေးလေး ဘယ်လိုသိတာလဲ"

လေးလေးက အိမ်နောက်ဖေးခန်းဘက် ဝင်သွားပြီ ဖြစ်သဖြင့် စိတ်ချလက်ချ ရှိကာ လေးလေးနှင့် မိမိတွေ့ဆုံပုံကို ရှုပါကို ပြောပြလိုက်မိသည်။

ရှုပါက ရယ်မောရင်း. . .

"နင်က လုပ်တော့မယ်"

"ဒါထက် လေးလေးနဲ့ ပါတဲ့ တူဆိုတာက"

"ဩော်. . . ကျော်ကျော် ထင်တယ်၊ ငါနဲ့ ဖက်စ်ကာစင်





သာ၊ လေးလေးရဲ့တူပဲပေါ့၊ လေးလေးကတော့ တူတွေ တူမတွေ အားလုံးအပေါ် စိတ်ရှည်ပါတယ်"

"စိတ်ရှည်လက်စနဲ့ ရှည်ပါစေဦး၊ ငါပြန်တော့မယ်"

"ဟင်. . . နေဦးလေ၊ လေးလေးသိရင်"

"ငါ ဗိုက်တင်းနေတယ်၊ နင့်လေးလေး ဒါကြောင့် မိန်းမ ရေတာ၊ မီးဖိုချောင်ကိစ္စထဲ ဝင်ပါတတ်တဲ့လူဟာ ဇီဇာကြောင်လို့ မိန်းမ,မရတာ၊ နောက်လဲ ရမှာ မဟုတ်ဘူးလို့ ငါက ပြောသွားတယ်လို့ ပြောလိုက်. . . သွားပြီ"

"နေပါဦး နှင်းသုစံ"

ရှုပါ လိုက်အဆွဲကို မခံဘဲ ပြေးထွက်ခဲ့လိုက်သည်။

ဆိုင်ကယ် ခြံဝရောက်တော့ အိမ်ရှေ့ဝတွင် ရှုပါနှင့်သူ့လေးလေးပါ ရပ်လျက် ကြည့်နေကြသဖြင့် လက်ပြလိုက်သည်။

တစ်နေရာတွင် ဖင်ပူအောင် မထိုင်တတ်သည်မှာ နှင်းသုစံ အကျင့်ဆိုးဖြစ်ကြောင်း ရှုပါကတော့ သိပါလိမ့်မည်။ သူငယ်ချင်းအရင်းခေါက်ခေါက်တွေပဲဟာ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅)

"ရှိသလား"

"မရှိတော့ဘူး. . . နောက်ကျနေလို့ မစောင့်နိုင်တော့ဘူး ပြောပြီး စာရေးပေးသွားတယ်"

"အံမယ်. . . ကြီးကြီးကျယ်ကျယ်၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ထက်တောင် အလုပ်များနေတဲ့ပုံ"

ခြံစောင့် အဖိုးကြီးနှင့်သာ တွေ့လိုက်ရတော့သည်။ မိမိက အိပ်ရာထ နောက်ကျခဲ့သည်ကိုး။

ထိုသည် ခြံဝရှေ့ ရောက်တော့ပဲ ရှစ်နာရီခွဲနေလေပြီ။





နည်းနည်းလေးတောင် မစောင့်နိုင်ရအောင် သူ့အလုပ်က အလုပ်ကြီး အကိုင်ကြီး ကျနေတာပဲ။

နှင်းသုစံ စိတ်ပျက်စွာ ဟဲလ်မက်ခ်ကို ချွတ်လိုက်ပြီး စာရွက်ခေါက်ကလေးကို အသာဖြန့်ဖတ်လိုက်သည်။

ဆိုင်ကယ်သရဲမလေး . . .

လူဆိုတာ ကတိတည်တတ်ရတယ်၊ ပြီးတော့ အချိန်ကို တန်ဖိုးထားရတယ်။ အချိန်ကို တန်ဖိုးထားပြီး အလုပ်လုပ်နေတဲ့ ကျုပ်တို့လူတွေက ရေပေါ်ဆီ အမိတို့လိုလူအတွက် အချိန်ကုန်ခံပြီး စောင့်မနေနိုင်တော့ဘူး။ အမိက အားနေတဲ့သူဆိုတော့ ညနေငါးနာရီတိတိ လာခဲ့ပါ၊ မလာရင် အမိလိပ်စာအမှန် ပေးခဲ့။ အဘိုးတွေ အဒေါ်တွေလိပ်စာ မလိုချင်ဘူးနော်. . . ဒါပဲ။

အိပ်မက်ရှင်

"တောက်"

နှင်းသုစံ ဒေါဖောင်းပွပြီး စာရွက်ကို အစိတ်စိတ်အမွှာမွှာ ဆုတ်ပစ်လိုက်သည်။

"ထိုသည်ကများ ကြီးကြီးကျယ်ကျယ် လုပ်လို့ ဒီမှာ. . . ဒီမှာ"

"ဟေ. . . ငါ့ကို ခေါ်တာလား"

"ဟုတ်တယ်"

"စာရွက်တစ်ရွက်လောက် ရမလား၊ အဲ. . ဘောလ်ပင်ပါနော်"

"အိမ်ထဲမှာတော့ ရနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် သွားယူပေး"

"အင်း. . . ခြံစောင့်ထားပေး"

"စိတ်ချ. . . ပုရွက်ဆိတ်တောင် မဝင်ရဘူး"

ဦးကြီးက 'စံပဲ' ဟု ပြုံးပြုံးကြီးနှင့် ခေါင်းခါကာ ထွက်သွားသည်။

ဦးကြီးနှင့်ထီသည် ဘာတော်သလဲ။

ခြံကြီးရှင်၊ တိုက်ကြီးရှင်ကကော ထီသည်ကို ဘာအတွက် သူတို့ခြံထဲ နေခွင့်ပေးသနည်း။ ထီလည်ရောင်းနေသည့် သူကို ခြံထဲ အပိုလုပ်ကာ ခေါ်ထားသည်။ အိမ်အလုပ်သမားလည်း မဟုတ်ဘဲနှင့်။

ခြံကြီးကတော့ သားနားသည်။ သစ်ပင်ပန်းပင်၊ သစ်ခွံများ၊ သဇင်ရုံများက မိန်းကလေးတွေ ကြိုက်နှစ်သက်စရာကောင်းလှသည်။

နှင်းသုစံတို့က ပန်းမကြိုက်သဖြင့် ခြံအလှကို စိတ်မဝင်စား။ တိုက်ကြီး၏ခမ်းနားမှုကိုလည်း အားမကျ။

လူကြီးထွက်လာသည်။

တိုက်ကြီးထဲက ထွက်လာခြင်းဖြစ်သည်။ ဝင်သွားတာတောင် မတွေ့လိုက်ရပါလား။ အတွေးနယ်ချဲ့မိခြင်းဖြစ်သည်။

ဂိတ်စောင့်ရုံလေးထဲမှ ဦးကြီး ရေနွေးကြမ်းအိုး ငှဲ့သောက်လိုက်မိသည်။

ဂိတ်စောင့်အလုပ်သည် ပျင်းစရာနှင့် ငြီးငွေ့စရာကောင်းလွန်းလှသည်။ နှင်းသုစံကိုတော့ နာရီဝက်လောက်ပဲ ငြိမ်ငြိမ်ထိုင်ခိုင်းဦး၊ ငွေတစ်သိန်း ပေးမည်ဆိုတာတောင် မထိုင်နိုင်။

ဦးကြီးကို မြင်သည်နှင့် ဆတ်ခနဲ ထကာ. . .

"ကြာလိုက်တာ ဦးကြီးရာ"

"သမီးကသာ ကြာနေ၊ ဦးကြီးက မောလို့သေတော့မယ်"

"မသေနဲ့ဦး. . . မောရင် ရေနွေးသောက်၊ အဲ. . . နှင်းသုစံမှာ ပန်းသီးပါတယ်၊ ဦးကြီးစား"

သုံးဆယ့်ရှစ်လမ်းဈေး၌ ပန်းသီးများ ဝယ်လာခဲ့ရာ ဦးကြီးကို သနားသဖြင့် တစ်လုံး ထုတ်ပေးလိုက်သည်။ ဘိုးတို့ဘွားတို့ဖို့။ ဘွားသိလျှင် ပွစိပွစိ လုပ်ဦးမလား မသိ။

"သာဓု. . . သာဓု. . . သာဓု၊ အသက်ရှည်ပါစေ၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ လူချစ်လူခင် ပေါပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

စကားပြောရင်း စာကောက်ရေးသည်။

ထီသည်. . .

သိပ်လူပါးဝမနေနဲ့၊ နှစ်သောင်းထပ်ပေးခဲ့တယ်။ ကြီးကြီးကျယ်ကျယ်စကားတွေနဲ့ လူတတ်လုပ်မနေနဲ့။ အချိန်ကို လုပြီးတွဲလို့နွားလို ရုန်းမှ ထမင်းစားရတဲ့လူကများ။ ပိုတဲ့ငွေလည်း ပြန်မပေးနဲ့တော့၊ ခင်ဗျားကြီးအတွက် ကူးတို့ခလို့ မှတ်ထားလိုက်ပါပဲ. . ။

စာရွက်ကို ခေါက်လိုက်သည်။

"နှစ်သောင်းနော်. . . သေသေချာချာ ပေးလိုက်နော် ဦးကြီး"







www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ ကလေးရဲ့"

ခြံစောင့်ဦးကြီးလက်ထဲသို့ ငွေနှင့် စာရွက်ခေါက်လေး ထည့်လိုက်သည်။

"မောတယ်ဆို. . . ပန်းသီးမစားသေးဘူးလား"

"ဦးဦးဖျားဖျားလေးမို့ ဘုရားဆွမ်းတော်ကပ်လိုက်ဦး မယ်၊ ပြီးမှ စားမယ်"

နှင်းသုစံ စိတ်ထဲ ကျေနပ်သွားသည်။ အလှူဒါနပြုရကျိုး နပ်သွားသည်။

"နောက်လည်း လာလည်နော် ကလေး"

"ဟုတ်. . . သွားမယ် ဦးကြီး"

"အေး. . . အေး၊ ဖြည်းဖြည်းစီးနော်၊ ဘေးအန္တရာယ် ကင်းပါစေကွယ်"

နှင်းသုစံ ပြုံးကာ လက်ပြပြီး ထွက်ခဲ့သည်။

လမ်းသွားရင်းမှ စဉ်းစားမိသည်။

ခြံစောင့်ဦးကြီးက စိတ်မှ ချရရဲ့လားမသိ။

ငွေဆုံးသွားလျှင် ထိသည်က မိမိကို ပိုအထင်သေးတော့ မည်။

အို. . . အရေးစိုက်လို့ ထိသည်များ။

ရချင်ရ မရချင်နေ။

မိမိတာဝန်ကျေပြီ။

ငွေနှစ်သောင်းအတွက် ကမ္ဘာသကာပဲလေဟု သဘော ထားလိုက်မိသည်နှင့် နှင်းသုစံ စိတ်ထဲ ပေါ့ပါးလွတ်လပ်သွား သည်။





စိတ်ညစ်ညူးဟူသမျှ ခေါင်းထဲ ကြာရှည်မထားတတ်၊ ပျော်စရာကြည်နူးစရာလေးများကိုသာ တွေးလိုက်သည်။ ဖေဖေ က ပြောသည်၊ ပျော်ပျော်နေ သေခဲသည်ဟု. . .။

နှင်းသုစံသည် မိဘစကားကို တစ်သွေမတိမ်း နာခံ ထောင်သော သမီးအလိမ္မာ။

www.burmeseclassic.com





# အခန်း(၆)

"အား . . . အု . . ."

ပေါ့ပ်အခွေများကို ဖွင့်ကာ လိုက်ကတတ်သည်မှာ နှင်းသုစံ ငယ်ငယ်ကတည်းကအကျင့်။

မတ်တတ် စမ်းလျှောက်တဲ့အရွယ်ကတည်းက ကက်ဆက်ကို လက်ညှိုးထိုးကာ 'ဖွင့် . . . ဖွင့်' ဟု ခိုင်းတတ်ပြီး . . .

"ဘာလုပ်မလို့လဲ" ဟု မေးလျှင် . . .

"က . . . က" ဟု ဆိုတတ်သည်။

လူကြီးတွေက မြန်မာကကြိုးအခွေကို ဖွင့်ပေးလျှင်





လက်ကလေး မြှောက်ချီ၊ ခြေတလေး ထိုးထိုးကာ ကတတ်သည်တဲ့။

အင်္ဂလိပ်အခွေများ ပြောင်းဖွင့်ပေးလိုက်လျှင် ဖင်ကလေး ကောက်ကာ ဆတ်တောက်ဆတ်တောက် လုပ်ကာ ကတတ်သည်တဲ့။

ဘယ်သူမှ မသင်ပေးရဘဲ ရသည်တဲ့။

ဤသည်ကို ဖေဖေ့ဘက်က တီကြီး၊ တီလေးနှင့် ဘွားဘွားတို့က သဲသဲလှုပ် သဘောကျကြသည်။

"ဟဲ့ . . . ကောင်ငယ်လေးအတိုင်းပဲတဲ့၊ ဒီကောင်လေး ဗိုလ်ကြီးဖြစ်တာတောင် သူ့သမီးရှေ့ က,ပြနေသလားမှ မသိတာ"

ဖေဖေ့ကို အငယ်ဆုံးမို့ ဘွားဘွားတို့က အချစ်ပိုသည်။

မနေ့က ဖေဖေ့ဆီက ဖုန်းလာသည်။

"သမီးဖေဖေ လာလိမ့်မယ်၊ ပစ္စည်းတွေ အဆင်သင့် ထည့်ထား၊ မေမေနဲ့ လိုက်ခဲ့"

ဖေဖေသည် တစ်ချက်လွှတ်အမိန့် သုံးတတ်သည်။ လိုချင်တာ စားချင်တာမှန်သမျှ ဘေးမဖြစ်လျှင် ပြီးရောဆိုကာ ဝယ်ပေးတတ်သည်။ သို့သော် မိဘကို လွန်ဆန်ခြင်းကိုတော့ မကြိုက်တတ်။

မနက်ဖြန် တောင်ငူသွားရမည်။ မေမေ ဒီနေ့ လာလိမ့်မည်။ မေမေ့ဆီက ဖုန်းလာသည်။

လာခဲ့မည်။ လာမကြိုနှင့်တဲ့။

ဆိုင်ကယ်နောက်မှ မေမေ လိုက်မစီးရဲ၊ ရင်သားမိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး သွေးကြောင်သည့်မေမေပဲ။

"အား. . . အု. . ."

ကက်ဆက်သံညည်းနှင့် နှင်းသုစံကလည်း အကာသန်သန်နှင့် ဒေါ်ကြီးကတော့ ဘာမှမပြောနေဘဲ အဝတ်လျှော်နေသည်။ နှင်းသုစံဒဏ်ကို အခံရဆုံးပင်။

တောင်ပေါ်ခွေဟု ခေါ်သော အခွေများကို မှုရင်းဖွင့်ကရင်းမှ နှင်းသုစံက မြန်မာမှုပြုထားသော မြန်မာသီချင်းများ ဆိုမိသည်။

"မြို့ထဲ လမ်းမပေါ်. . . ကားရောင်စုံများစွာ. . . တစ်စီးမှ ကိုယ်မပိုင်ပါ. . .

အိမ်ခန်းပေါင်းများစွာလည်း. . . မြို့လယ်မှာ ရှိတာ တစ်ခန်းမှ မပိုင်ပါဘူး. . .

မိန်းကလေးတွေ. . . တကယ်ကိုများ. . ဘယ်သူ့မှ တို့မပိုင်ပါလား၊ အားလုံးထဲမှာ. . . မင်းတစ်ယောက်တော့လေ. . အို. . . တို့ပိုင်ဆိုင်ပါရစေ

ပိုင်ရှင်မရှိသေးတဲ့အချစ်ကလေးရယ်. . . ပိုင်ရှင် ကိုယ်ဖြစ်လိုက်ချင်ပါတယ်. . .

ဒီကမ္ဘာမြေထဲမှာ ရှိသမျှထဲ. . . တစ်ခုပဲ မင်းကို အမြဲတမ်း ပိုင်ချင်တယ်. . ဒီကမ္ဘာကြီးထဲမှာ ရှိသမျှထဲ တစ်ယောက်ပဲ တို့အလိုရှိတာ မင်းပဲကွယ်"

"အဲ. . ."

"တူတူ. . . တူ. . . တူ"

"ဂျလောက်"





"အမလေး နှင်းသုစံရယ်၊ တံခါးဘဲလ်သံ မကြားရလောက်အောင် သောင်းကျန်းနေရသလား"

ဒေါ်ကြီးက ကက်ဆက်ပိတ်ပြီး ပြောလိုက်သည်။

တံခါးသွားဖွင့်ဟန် ပြင်နေသော ဒေါ်ကြီးအား. . .

"နေနေ. . . နှင်းသုစံ ဖွင့်မယ်၊ မားထင်တယ်"

မေမေ့ကို အချွဲပိုလိုက်မည်ဟု အားခဲကာ ပြန့်ကျဲနေသော ပစ္စည်းများကို ခုန်ပျံကျော်လွှားပြီး ဖွင့်ပေးလိုက်သည်။

"မြတ်စွာဘုရား"

စိတ်အတွင်း အံ့ဩမှုနှင့်အတူ တောက်ပြား ကာတွန်းမှ ယောင်နည်းဖြင့် နောက်ပြောင်နေကျအတိုင်း အကျင့်ပါစွာ ထွက်သွားလေသည်။

"ထီသည်"

"ဟုတ်တယ်. . . ကျုပ်ပဲ၊ စာရင်းရှင်းစရာရှိတယ်၊ ဆူညံပြီး ခေါ်မကြားလောက်အောင် ဖြစ်နေလိုက်တာ၊ အုပ်ထိန်းသူမရှိတဲ့အတိုင်းပဲ"

"ခင်ဗျားကြီးအပူလား"

တော်တော်မလွယ်သည့် ထီသည်။ နှင်းသုစံလိပ်စာများ ဘယ်က ရသွားပါလိမ့်။

ဘွားဘွားများ ပေးလိုက်သလား။

ပေးမည် မထင်ပါ။ ဘွားဘွားတို့က နှင်းသုစံတို့ချည်းနေသည်ကို စိတ်မချနိုင်လွန်း၍ တော်ရုံလူကို လိပ်စာပေးမည်မထင်။

"ခင်ဗျားကြီး လိပ်စာကို ဘယ်လိုရသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲပေါ့. . . အိပ်မက်ရှင်ပါဆို၊ အိပ်မက်က ပြောလို့ ရောက်လာတာ. . . တံခါးဖွင့်ပေးပါဦး"

"ဘာကိစ္စ ဖွင့်ပေးရမှာလဲ၊ မဖွင့်ပေးနိုင်ဘူး၊ အဲဒီက ပြော"

နှင်းသုစံက သံပန်းတံခါးကို မဖွင့်ပေးဘဲ ပြောလိုက်သည်။

"ကြောက်တယ်လား"

"ကြောက်လို့ မဟုတ်ဘူး၊ မတန်ဘူးထင်လို့ အိမ်ထဲ မသွင်းတာ. . . သိပြီလား"

"လူလူချင်း မတူမတန်ဘူးဆိုတာ မရှိဘူး"

ချွေးသံရဲရဲနှင့် ရှော့ပင်ရှပ်အတိုလေးနှင့် ဆံပင်ကို မြင့်မြင့်ထုံးထားသည့်ကြားက ဆံနုလေးများက ဘိုသီဘတ်သီ ကျနေသည်။ ကြောင်ခြီးရုပ် နှင်းသုစံကို ထီသည်က အထင်သေး သလို ကြည့်ရင်း. . .

"နို့နံ့မစင်သေးတော့ လူ့တန်ဖိုးအကြောင်း အမိလေး သိမယ်မထင်ပါဘူး"

"အံမယ်. . . ကြီးကြီးကျယ်ကျယ် မလုပ်နဲ့၊ ခွေးပါးစပ် က နတ်စကား လာထွက်မနေနဲ့၊ ခဝ်ဗျားကြီး ဘာလာလုပ်သလဲ၊ ငွေလိုသေးလို့လား၊ တိုက်မိတာက နည်းနည်း၊ တောင်းလိုက်တဲ့ လျော်ကြေးတွေက မတန်ရာ၊ သိပ်လောဘမတက်နဲ့နော်၊ တော်ပြီ. . . ထပ်မပေးနိုင်တော့ဘူး၊ တိုင်ချင်ရာတိုင် အရေး မစိုက်ဘူး၊ သက်သေလဲ မရှိဘဲနဲ့"

နှင်းသုစံ အမြင်ကတ်ကတ်နှင့် နှုတ်သီးကောင်းလျှာပါး





ပြောပစ်လိုက်သည်။ ထိုအခါ ထီသည်က ပြုံးယောင်သမ်းသွား သည်။

"ကျုပ်ငွေလိုလို့ လာတောင်းတာမဟုတ်ဘူး၊ ပိုလို့ လာ ပေးတာ၊ ပြီးတော့ အမိဝယ်သွားတဲ့ထီအုပ်လဲ ရေဆေးအခြောက် လှမ်းပြီး လာပို့တာ"

"မလိုချင်ဘူး. . . ထီတိုက်ရလဲ ပျင်းတယ်၊ ခင်ဗျားကြီး ပဲ ယူပြီး တိုက်ထားလိုက်တော့၊ အလျော်ပေးတာပဲ. . . ဝယ်တာ မှ မဟုတ်တာ"

ကြာကြာစိတ်မဆိုး ဒေါသမထွက်တတ်သည်မှာ နှင်း သုစံ ဗီဇ။

"ဒါဖြင့် ပြီးရော၊ ပေါက်ရင် လာပို့ပေးမယ်၊ ရော့. . . ပိုတဲ့ငွေနဲ့ ဘောက်ချာတွေ"

ထီအုပ်ကို သူ့လွယ်အိတ်ထဲ ထည့်လိုက်ပြီး နှင်းသုစံကို စာအိတ်တစ်အိတ် လှမ်းပေးလိုက်သည်။

"ငွေက သုံးထောင့်နှစ်ရာနော်၊ စေ့ရဲ့လား ရေလိုက်ဦး"

"ဘယ်လိုလူကြီးပါလိမ့်"

နှင်းသုစံ စာအိတ်ထဲမှ ငွေနှင့် ဘောက်ချာစာရွက်များ တို ထုတ်လိုက်သည်။

ငွေက သုံးထောင့်နှစ်ရာတိတိပင်။

"စက်ဘီးရှေ့ဘီး ခွင်သွားတာ ပြင်တဲ့ဘောက်ချာ"

"အင်း"

"ဘက်ထရီ အက်ဆစ်တစ်ခန်း ပျက်သွားလို့ ပြင်တဲ့ ဘောက်ချာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ထိဖိုးငါးအုပ်က တစ်သောင်းနှစ်ထောင့်ငါးရာ"

"အင်း"

"အမိပေးတာ သုံးသောင်းဆိုတော့ သုံးထောင့်နှစ်ရာ ပိုတယ်"

"တွေ့တယ်"

"ကျုပ်အတွက် ကူးတို့ခ မလိုလို့ ပြန်လာပို့တာ၊ ဆိုင်ကယ်တစ်စီးနဲ့ လိပ်ယားလပ်ယား လျှောက်သွားနေတဲ့ အမိအတွက်သာ ကူးတို့ခ လိုမယ်ထင်လို့ ပြန်လာပို့တာ. . . သွားမယ်"

"ကြွ. . . ကြွ. . . ယမမင်းဆီ ရောက်အောင်ကြွ၊ ထိရောင်းရင်း ကားတိုက်သေပါစေ"

ထီသည်က ရယ်မောရင်း အောက်သို့ ဆင်းသွားလေသည်။

နှင်းသုစံသာ ဆွေ့ဆွေ့ခုန် ကျန်ရစ်ခဲ့ရသည်။

ထီသည်က ငွေကို အချောင်မယူဘဲ တိတိကျကျ လုပ်ဆောင်သွားသည်။

နှင်းသုစံအိမ်ကိုကော ဘယ်လိုလုပ် သိသလဲ။

"ဟဲ့. . . သမီး"

"ဟား. . . မားလာပြီ"

ထီသည်နှင့် ပြဿနာကို မသိစေချင်၍ ဘောင်းဘီအိတ်ထဲ ထီသည်ပေးထားသမျှကို ထိုးကြိတ်ထည့်ပြီး မေမေ့ကို ပြေးဆင်းကြိုလိုက်ရသည်။ တော်ကြာ ဖေဖေ့နား ပေါက်ပြီး ဆိုင်





ကယ် မစီးရဘူး အမိန့်ထုတ်လိုက်မှ ပြဿနာ၊ နှင်းသုစံ ခြေကျိုးရောပေါ့။

"ဟဲ့. . . ဟဲ့. . . လွှမ်းလိုက်တာ မေမေရာ"

အကဲပိုကာ ချွဲပစ်လိုက်ခြင်းဖြင့် အပြစ်မလုံမလဲ မှန်သမျှကို ဖုံးဖိပစ်လိုက်ရသည်။

"တစ်အိမ်လုံး ပွလို့ပါလား"

"အဟဲ. . . ပစ္စည်းတွေ သိမ်းမလို့ ဟိုရှာဒီရှာနဲ့ ပွသွားတာရေ. . . အဟဲ"

မေမေ့ကို အချွဲတက်ရင်း ဒေါ်ကြီးကလည်း မျက်စိတစ်ဖက် မေမေ မမြင်အောင် လှမ်းမှိတ်ပြလိုက်ရသေးသည်။

ဒေါ်ကြီးကတော့ မျက်စောင်းကြီး ထိုးပြရုံမှအပ ဘာကိုမှ တိုင်ချက်မထုတ်တော့။

ဒါကြောင့်လည်း ဒေါ်ကြီးနှင့် နေရတာ ပျော်တာ။ နှင်းသုစံကို အလိုလိုက်ကာ အချစ်ပိုသည်။

"ရထားလက်မှတ် သွားလုပ်ရဦးမယ်"

"နှင်းသုစံ လုပ်ပြီးပြီ မားရ"

"အပ်ပါးရရဲ့လား"

"ရတာပေါ့. . . နှင်းသုစံပဲဟာ၊ အခြားလူမှ မဟုတ်တာ"

မေမေ့ကို ဖက်ကာ ပါးမို့မို့ကို ဖေဖေဦးအောင်နမ်းပြီး အချွဲတက်လိုက်ရသည်။

"အကဲမလေး. . . ငွေလောက်ရဲ့လား"

"ပိုတောင်ပိုသေး"



www.burmeseclassic.com

www.burmeseclassic.com



ဘဏ်မှ ထုတ်သုံး၍ ပိုနေခြင်းကိုတော့ ထည့်မပြောတော့ပါဘူး။ မိဘစိတ်ချမ်းသာအောင် ထားလိုက်မှု။

"တယ်ဟုတ်ပါ့လား မေ့သမီးက"

"ဟုတ်ရမှာပေါ့. . . မေ့သမီးပဲဟာ၊ အဟဲဟဲ. . . မေမေ ထမင်းစားတော့မလား"

"ရေချိုးပြီးမှ ဖြည်းဖြည်း စားတာပေါ့၊ ဘာချက်သလဲ"

"အဟဲ. . . ဒေါ်ကြီးဘာချက်ထားသလဲ မသိဘူး"

"မီးဖိုချောင်လေးဘာလေး စိတ်ဝင်စားဦးမှပေါ့ သမီးရယ်"

"စိတ်ဝင်စားပါတယ် မားရဲ့၊ ဆာလာတဲ့အချိန် ရောက်ရင် အရမ်းစိတ်ဝင်စားတာပဲ"

"သမီးဟာလေ. . . ခုထိ ကလေးပဲ"

"ကလေးပဲဟာ"

မိဘနဲ့ တွေ့လျှင် သားသမီးသည် အသက် ဘယ်လောက် ကြီးကြီး ကလေးဖြစ်သွားတတ်သည်ပဲ။

"မေ. . ဘွားတို့ဆီ သွားဦးမလား"

"ညနေဘက်ကျရင် သွားလိုက်ဦးမယ်၊ သူ့သားဆီ ဘာမှာဦးမလဲ မသိဘူး"

"မား ပင်ပန်းပါတယ်၊ နှင်းသုစံ သွားလိုက်မယ်၊ တီကြီး တီလေးတို့ဆီကော"

"မေမေပါ လိုက်မယ်"

မဖြစ်။ နှင်းသုစံ တီကြီးကို ပြောမိသော လျှို့ဝှက်ချက်တွေ ပေါ်သွားမှဖြင့်။





"မေမေက ခရီးက ဒီနေ့ပဲ ရောက်တယ်၊ မနက်ဖြန် ခရီးထပ်ထွက်ရဦးမှာဆိုတော့ အရမ်းပင်ပန်းပါတယ်၊ လူကြီးဆိုတော့ နားနားနေနေပဲ ကောင်းတယ်၊ နှင်းသုစံ ခုပဲ ရေချိုးပြီး သွားလိုက်မယ်၊ ဘွားတို့က နားလည်မှု ရှိပါတယ်၊ မေ မလာလို့ ဘာမှ မပြောပါဘူး"

"ဒါဖြင့်လဲ ငါးခြောက်နဲ့ ပုစွန်ခြောက် ယူသွားလိုက်"

"တီကြီးတို့အတွက်ကော"

"ဘွားဘွားက ဝေခြမ်းပေးပါလိမ့်မယ်၊ ဘွားကိုသာ ပေးလိုက်ပါ"

"ဟုတ် မား"

နှင်းသုစံတို့ မေမေ့ကို အချွဲပိုကာ မေမေ့ဟုပင် ပီအောင် ခေါ်တော့ မားတို့ မေ့တို့ ဖြစ်ကုန်သည်။

မေမေ စိတ်မပြောင်းခင် မြန်မြန်သွားမှ။ နှင်းသုစံ၏ 'ဆီးတရက်' အချက်ကြီး မေမေ သိလို့မဖြစ်၊ မေမေသိလျှင် ဖေဖေ့ဆီး ရောက်ကာ နှင်းသုစံ မေတ္တာစံအိမ်ထဲ အကျဉ်းချခံရပေလိမ့်မည် သေချာချည်ရဲ့။

"ဒေါ်ကြီးရေ. . . ဘွားတို့အတွက် ငါးခြောက်မြန်မြန်ထုတ်ပါ၊ နှင်းသုစံ အခုပဲ သွားမယ်"

"ရေမချိုးတော့ဘူးလား"

"ချွေးထွက်ဦးမှပဲ ပြန်လာမှ"

"ဟဲ့. . . ဘောင်းဘီတိုနဲ့တော့ မသွားပါနဲ့"

"ဂျင်းစကတ် ဝတ်သွားမှာပါ"

"ထူးမလား"



www.burmeseclassic.com

www.burmeseclassic.com



“ထူးပါတယ်. . ဒူးဆစ်ဖုံးတယ်. . အဟဲ”

“သမီးကတော့လေ. . . ဖေဖေ မကြိုက်တာတွေကို”

“နောက်တော့ တစ်သက်လုံး ဝတ်ရမှာပဲ မားရာ၊ အခု ငယ်တုန်း ဒါတွေ ဝတ်ရတာ၊ ဖေ့ကို ပြောပေးနော်”

ဂျင်းစကတ် လဲဝတ်ရင်း လှမ်းပြောလိုက်ရသည်။

ဒေါ်ကြီးပေးသော ကျွတ်ကျွတ်အိတ်ကို ယူကာ ပြေး ထွက်ခဲ့သည်။

မေမေ စိတ်မပြောင်းခင် ထွက်လာနိုင်ဖို့ အရေးကြီး သည်။

“မေ့. . တာတာ့”

“ဟဲ့. . . သော့”

“ဟုတ်သားပဲ သိုင်းကျူး”

“ပေါက်ကျော်မလေး”







# အခန်း(၇)

“ဟယ်. . . မိစံ”

“နှယ်”

မေ့မေကလည်း အရေးထဲ ငယ်ကျွမ်းဆွေတွေနှင့် တွေ့ နေသေးသည်။

“နှင်းသုစံ တက်တော့မယ်”

မေမေကို စောင့်မနေတော့ဘဲ ကိုယ့်နေရာ၌ ကိုယ့် ပစ္စည်းများ တင်စရာရှိတင်၊ ချစရာရှိချ လုပ်နေစဉ်. . .

“မိစံ သမီးလေးလား၊ အရမ်းချစ်စရာကောင်းတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ကွယ်. . . မြင်ဖူးသလိုလိုပဲ"

နှင်းသုစံကို မြင်ဖူးမှာပေါ့။ ရွှေတောင်တန်း ကြေးအိုးဆိုင်၌ ဆုံခဲ့ဖူးသည်ပဲ။

မပြောပါဘူး၊ မသိဟန်ဆောင်ကာ ပြုံးလိုက်သည်။ အဲ. . . သားသုံးယောက် ပါလာသည်ပဲ။ အမေသွားလေရာ တတန်းတန်းနှင့် နှိုသက်ခံ စို့နေကြသည်ထင့်။ ယောက်ျားလေးတွေတန်မဲ့အခြောက်တွေကျနေတာပဲ။ လူပုံစံကလည်း ပြူးပြူးနဲ့နဲ့တွေ။

"မာမီ မမှတ်မိဘူးလား"

"ရွှေတောင်တန်း ကြေးအိုးဆိုင်မှာလေ"

"ချစ်စရာကောင်းလို့ မာမီတောင် အင်ထရိုလုပ်ဖို့ ကြိုးစားသေးတာကော"

"ဪ. . . မှတ်မိပြီ. . မှတ်မိပြီ၊ ကြည့်စမ်း. . . ရေစက်မကုန်တော့ မိစံသမီးလေး ဖြစ်နေတာကိုး"

မေမေကတော့ ဘာမှမပြောဘဲ ပြုံးပြုံးကြီး လုပ်နေသည်၊ သမီးအတွက် ဂုဏ်တက်နေသည့်ဟန်။

ရေစက်က ဆုံ,ဆုံနိုင်လွန်းသည်။

နှင်းသုစံနှင့် မျက်နှာချင်းဆိုင်နှင့် မျက်စောင်းထိုး၌ သူတို့သားအမိလေးယောက် တသီတတန်းကြီး ရှိနေသည်။

"ဒါ ကိုယ့်သားအကြီးဆုံးက မောင်မောင်ဇင်၊ အလတ်က မောင်မောင်ဇော်၊ အငယ်ဆုံးက မောင်မောင်ဇေ"

ဟင်. . . ဘယ်လိုကြီးပါလိမ့်။ 'မ' အက္ခရာနှင့် 'ဇ' အက္ခရာတူပဲ။ သားသုံးယောက်ကို မှည့်စရာ ဒီလောက်ရှားရ





သလား။

"ကိုယ့်သမီးကတော့ နှင်းသုစံတဲ့၊ တစ်ဦးတည်းသောသမီးဖြစ်လို့ အစွမ်းကုန် ဆိုးတော့တာပဲ"

"အဲ. . . ဘယ်မှာ ဆိုးလို့လဲ၊ ဖိုက်ဒီပါတာ ကြွားလိုက်ဦးလေ၊ နှစ်ချင်းပေါက်တာ" ဟု စိတ်ထဲကတော့ မေမေ့အား တိုက်တွန်းနေမိသည်။ သို့သော် မေမေက အကြွားမသန်ခင် နွယ်ဆိုသော အန်တီက. . .

"ကိုယ့်သားတွေအားလုံး အမ်စီမှာချည်းပဲ၊ ကျောင်းပိတ်သားတော့ အတော့်ကို ပျင်းနေကြတာ၊ အဲဒါနဲ့ မန္တလေးက သူတို့အဘိုးအဘွားတွေဆီ အလည်သွားကြမလို့လေ၊ မိစံတို့ကော မန္တလေးပဲလား"

"မဟုတ်ပါဘူး နွယ်. . . တောင်ငူတင်ပါ"

"လက်မှတ်က တောင်ငူအထိပဲဆိုရင် မလွယ်လို့. . . မန္တလေးအထိ ယူလိုက်ရတာ မေရဲ့"

မေမေ၏မျက်လုံးပြူးကြီးက နှင်းသုစံအပေါ် ကျရောက်လာလေသည်။ အပိုပိုက်ဆံကုန်ရခြင်းကို မေမေက နှမြောနေတာန်။

"သမီးလေးက အားကိုးရသားပဲ၊ သားတို့ထက်တောင် သာသေးတယ်၊ သားတို့က ဘာလုပ်လုပ် အမေချည်းပဲ၊ စာတစ်ခုဲ အမေ မပါရဘာ"

"မိန်းမယူရင်လဲ အန်တီ ပါရမှာ မဟုတ်ပါဘူး"

"ဟဲ. . ."

နှင်းသုစံက အမြင်ကတ်ကတ်နှင့် ဝင်ပြောလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



မေမေက ပေါင်တွင်းကြော ဆွဲလိမ်သဖြင့် အီစလဲဝေသွားသည်။

"ဟုတ်တာ ပြောတာပဲဟာ"

နှင်းသုစံအပြောကို နွယ်ဆိုသော အန်တီက သဘော ကျစွာ ရယ်မောလိုက်သည်။

သူ့သားတွေက မျက်နှာရဲရဲနှင့် နှင်းသုစံကို မကြည့်ဘဲ မျက်နှာလွှဲကာ ပြင်ပသို့ ကြည့်နေကြသည်။

ရထားကြီးလည်း ရန်ကုန်ဘူတာကြီးမှ စတင်ထွက်ခွာ လာလေပြီ။

ပျင်းရိငြီးငွေ့စွာ လိုက်ပါရပေဦးတော့မည်။

"ပြောပါစေ မိစံရဲ့၊ မိစံသမီးလေးက အရမ်းသွက်တာ နော်၊ သားတို့ကို အဲဒီလိုဖြစ်စေချင်တယ်၊ အဲ. . . မိန်းမယူတဲ့ ကိစ္စတောင် မာမီ ရှာပေးမှဆိုတာ ဖြစ်နေလို့ ခက်တယ် သမီးရဲ့"

"မခက်ပါဘူး. . . အန်တီက အရမ်းသွက်ပြီး နေရာ တကာ ပါနေတော့ အန်တီ့သားတွေ ခပ်ညံ့ညံ့ဖြစ်သွားတာ ဖြစ်ပါ လိမ့်မယ်၊ အန်တီ လွှတ်ထားကြည့်ပါလား"

နှင်းသုစံ အမြင်ကတ်ကတ်နှင့် တမင်တွယ်ပစ်လိုက် သည်။

မမဇသုံးဦးမှာ ရှက်ဒေါသ မျက်နှာရဲနှင့် ဖြစ်ကုန်သည်။ သို့သော် နှင်းသုစံအား ဘာမှပြန်မပြောရဲကြချေ။

နွယ်ဆိုသော အန်တီကသာ တဟားဟား ရယ်မောရင်း

"ဟုတ်တယ်. . . သမီးလေးပြောတာ မှန်တယ်. . . မှန်တယ်၊ အန်တီ အရမ်းသွက်တာတွေ နည်းနည်းလျှော့ထား ကြည့်ဦးမှ၊ မိစံရေ. . . ယူ့သမီးလေးကိုတော့ နွယ် တအားချစ်





သွားပြီ. . . ပေးမလား၊ သမီးတော်ချင်တယ်"

"မလုပ်နဲ့ အန်တီ၊ ဖေဖေကြားရင် အန်တီ့ကို သေနတ်နဲ့ ပစ်လိမ့်မယ်၊ ဖေဖေက သူ့သမီးကို စိတ်ကူးနဲ့ တောင်းတာ တောင် မကြိုက်ဘူးနော်၊ မေ့. . ပြောပြလိုက်"

ပြုံးပြုံးကြီးနှင့် ငြိမ်နေသော မေမေ့ကို အားမလိုအားမရ ဖြစ်ကာ နှင်းသုစံက လက်မောင်းအိုးကို မှီချလှုပ်ယမ်းရင်း ပြော လိုက်ရသည်။ ထိုအခါကျမှ မေမေက လှုပ်လှုပ်ရှားရှား ဖြစ်ကာ

"ဟုတ်တယ် နွယ်ရေ၊ သူ့အဖေ အသည်းကျော်လေ၊ သမီးကို ထိရင် ဥပဒေတွေဘာတွေတောင် ပျောက်ချင်ပျောက် သွားမယ်၊ ဒါကြောင့် ဒီလောက်အထိ ဆိုးနေတာ ကြည့်တော့၊ ပြောရမှန်းမသိ မပြောရမှန်းမသိ စွတ်ရွတ်ပြောတာပဲ"

"မှန်တာ ပြောတာပဲဟာ . . အပြင်ထွက်လိုက်ဦးမယ်"

"ဟဲ့. . . အခုပဲ ရထားထွက်တယ်၊ မလွန်ဘူးလား"

နှင်းသုစံက ပြုံးပြလိုက်သည်။

မေမေက သမီးအကျင့် မသိသည့်အတိုင်းပင်။ ဖေဖေ လည်း ငယ်စဉ်က ဤအတိုင်းပဲတဲ့၊ အိမ်လည်ခေါ် သွားလျှင် ရှုး ပေါက်ချင်သည်၊ အီးပါချင်သည်ဟု လုပ်ကာ အိမ်၏အနေ အထားကို စပ်စုလေ့ရှိသည်။ လေယာဉ်ပျံ စီးသည့် မိနစ်အပိုင်း အခြားလေးမှာတောင် အိမ်သာရအောင်ဝင်သည်တဲ့။ ရှုးပေါက် ချင်တာမဟုတ်၊ လေ့လာတာဟု ပြောလေ့ရှိသည်။

နှင်းသုစံ၌လည်း ဖခင်အမွေအနှစ် တော်တော်ပါလာ သည်။

"မရှက်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဓမ္မတာပဲ၊ လူတိုင်း မစွန့်မဖြစ်တဲ့ကိစ္စကို ဘာအတွက် ရှက်ရမှာလဲ"

အိမ်သာတက်တာ ရှက်စရာအလုပ်မှ မဟုတ်တာ။ နှင်းသုစံတို့က ခပ်တည်တည်ပင်။ အိမ်သာဝင် ပြန်ထွက်ရင်း ရထား၌ ပါလာသူ ခရီးသွားများကို စပ်စုမိသည်။ ငိုက်မြည်းနေသူ၊ စကားပြောနေသူ၊ စာဖတ်နေသူ၊ အထာကိုင်ကာ ငြိမ်သက်နေသူတို့ကို အသီးသီး တွေ့လိုက်ရသည်။

"သိပ်မနိုပ်ပါဘူး. . . ရထားက တအားလှုပ်တော့ လျှောလျှောလျူလျူ မဖြစ်ဘူး"

မေမေ့ကို လှမ်းပြောလိုက်ပြီး အပေါ်ပစ္စည်းတင်စင်ပေါ်၌ ရှိနေသော ကျွတ်ကျွတ်အိတ်ကို ဆွဲချလိုက်သည်။

"လိမ့်ကျမယ်"

"မိုင်နှာပါ"

ကျွတ်ကျွတ်အိတ်ထဲ၌ ပါသော ကာတွန်းများနှင့် ဇီးထုပ်တစ်ထုပ်ကို ဆွဲယူလိုက်သည်။

"မကွာရာ စလေဆီးသီး အစေ့ကျွတ်လေး စားပါဦးလား အန့်တီ"

ဇီးထုပ်ကိုပါ ကြော်ငြာပေးရင်း နွယ်ဆိုသော အန့်တီ့ကို လှမ်းကျွေးလိုက်သည်။

"စား သမီး"

"မောင်မောင်ဇကွဲတို့ကော စားကြပါဦးလား"

"အို. . . သမီး ဘယ်နှခေါ်တာလဲ"

"ဟုတ်တယ်လေ. . . သုံးယောက်စလုံး နာမည်တွေက





ဆင်တူလိုပဲဟာ၊ မောင်မောင်ဇကွဲတို့လို့ ခေါ်လိုက်တော့ ကိစ္စပြတ်ရော မဟုတ်လား"

"သမီးကတော့ အရမ်းချစ်ဖို့ကောင်းတာပဲ မိစံရယ်၊ မိစံတို့တော့ သူတစ်ယောက်ရှိတာ ပျင်းရမှာမဟုတ်ဘူး"

"ပျင်းတော့ မပျင်းရဘူး၊ ဒါပေမယ့် ရှုပ်လွန်းလို့ စိတ်တောင် ညစ်တယ်"

မေမေက အမျက်မပါသော မျက်စောင်းထိုးပြီး ပြောလိုက်သည်။

"မေကော ဖတ်ဦးမလား၊ အန့်တီတို့ မောင်မောင်ဇကွဲတို့ကော ရမယ်၊ တစ်နာရီ တစ်ကျပ်နော်"

"နှင်းသုစံ စကားကောင်းကောင်း ပြောစမ်း"

မေမေက ပေါင်တွင်းကြော လိမ်ဆွဲပြန်သည်။ နှင်းသုစံမနာ။ ဘယ်နာမလဲ ဂျင်းဘောင်းဘီ ဝတ်ထားတဲ့ဟာ။

"ဩော်. . . ဟုတ်သားပဲ၊ နှင်းသုစံ မေ့သွားလို့၊ မေမေ့သူငယ်ချင်းနဲ့ သားတွေပဲဟာ၊ နှင်းသုစံ စာအုပ်ငှားခ ယူလို့ ဘယ်ဖြစ်မလဲ၊ အလကားဖတ်. . . စာကြီးပေကြီးတွေနော်၊ ဇီးကွက်ရုပ်စုံ သမိန်ပေါသွပ်နဲ့ မြိုင်ရာဇာ့တွတ်ပီလဲ ပါတယ်. . . ဖတ်ဦးမလား"

မောင်မောင်ဇကွဲတို့ကို တစ်ယောက်စီ မေးလိုက်သည်။

"မဖတ်ဘူး. . . ညီမလေးပဲ ဖတ်ပါ"

သုံးယောက်စလုံး တညီတညွတ်တည်း၊ တလေးတည်း၊ ထွက်ကြသည်။ စက်ရုပ်တွေကျနေတာပဲ၊ ပျင်းစရာကြီး။ အမေလုပ်သူ၏ပုံစံခွက်ထဲက သားတွေပဲ။ လူ့လောကကြီး



www.burmeseclassic.com

www.burmeseclassic.com



လူဖြစ်ရကျိုးမနပ်လိုက်တာ။ နှင်းသုစံနဲ့ လဲလိုက်ချင်သည်။ ယောကျ်ားလေးသာဆိုရင် အိန္ဒြေသိက္ခာတွေ ထိန်းနေရလို့။

အံမယ်၊ တိုင်းမ်တို့၊ နယူးဝိခ်တို့၊ ရီဗျူးလိုက်တို့ကို ထုတ်ကာ ဖတ်နေသေး။ ပညာတတ်ကြောင်း ကြွားတာလား။

စာလည်း မဖတ်တတ်ကြဘူး။

နှင်းသုစံ စာအုပ်တွေကမှ တကယ်ရယ်ရတာ၊ ပညာသားလဲ ပါတယ်။ 'ဝင္ဍ' က နှစ်အုပ်တွဲ။

ဖေဖေ့ကို မျက်နှာလုပ်ပြီး မုန့်ဖိုးတောင်းဖို့ ဖေဖေ့အကြိုက် စာအုပ်တွေကြီး တမင်ရွေးယူလာတာ။ သိုင်းစာအုပ်တွဲကြီးတွေလည်း ပါသေး။

"ခစ်. . ခစ်. . ခစ်"

"သမီး"

"ရယ်ရတယ် မေရ"

"မိန်းကလေးက. ."

"ရယ်စရာ ပါလို့ ရယ်တာ ဘာဖြစ်လို့လဲ မား၊ ရယ်သောသူသည် အသက်ရှည်၏တဲ့၊ မဟုတ်ဘူးလား အန်တီ"

"ဟုတ်ပ. . . ဟုတ်ပ၊ သမီးလေး ပြောတာမှန်တယ်၊ သားတို့အတွက် ဒီလိုညီမလေးမျိုး ရရင် ဘယ်လောက်ကောင်းမလဲကွယ်၊ အဟင်း. . ဟင်း. . သားတို့ ညီမလေးလို သွက်သွက်လက်လက် နေကြစမ်းပါ"

နှင်းသုစံကို မောင်မောင်ဇကွဲတို့ညီအစ်ကို ပြိုင်တူကြည့်လိုက်ကြသည်။

နှင်းသုစံက အမြင်ကတ်ကတ်နှင့် မျက်လုံးပြူးပြတော့





ပုံစံခွက်မျက်နှာတို့ ရှက်အားပို အနီရောင်သမ်းကာ စာအုပ်အသီးသီးနှင့် မျက်နှာကွယ်လိုက်ကြပြန်သည်။

နှင်းသုစံ မနေနိုင်တော့ ခွက်ထိုးခွက်လန် ရယ်လိုက်မိသည်။

ကာတွန်းထက်တောင် ရယ်စရာကောင်းပါလား။

မေမေက မပြောနိုင်တော့၍ မပြောတော့။ နှင်းသုစံကလည်း နပ်ပါသည်။ ကာတွန်းဖတ်ရင်း ရယ်သလို ရယ်ပစ်လိုက်သည်။ မောင်မောင်ဇကွဲတို့ရယ်. . . သနားစရာ အတော်ကောင်းနေပါလား။ သူတို့အစား ပျင်းစရာကောင်းလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၈)

"သွားပါဦးမယ် အန်တီ"

"ရန်ကုန်ပြန်ရောက်ရင် အိမ်လာလည်နော် သမီး"

"စိတ်ချ. . . စားအိမ်သောက်အိမ် တစ်အိမ်တိုးတာ မလာဘဲ မနေပါဘူး. . . လာမှာပါ၊ သွားဦးမယ် မောင်မောင်ဇကွဲတို့"

"ဟုတ်ကဲ့. . . အဲ. . . အင်း"

မောင်မောင်ဇကွဲတို့ အယောင်ယောင်အမှားမှား။

ရထားတွဲကြီး ထွက်သွားလေပြီ။





"နာမည်က ထူးထူးဆန်းဆန်း မောင်မောင်ဇကွဲတဲ့လား"

ဖေဖေက နှင်းသုစံကို မေးလာသည်။

မေမေက ထုံးစံအတိုင်း သူ့မျက်လုံးလှလှ မျက်စောင်းကို နှင်းသုစံထံ ပို့လိုက်ပြီး. . .

"မပြောချင်ဘူး မောင့်သမီးပေါ့၊ သူများနာမည်တွေကို"

အစချီကာ နှင်းသုစံအကြောင်း တိုင်ချက်ထုတ်လေသည်။

ဖေဖေက သဘောကျစွာ ရယ်မောလိုက်ပြီး. . .

"ဟုတ်သားပဲ. . . မှည့်စရာ နာမည်ရှားလို့ နာမည်ဝမ်းဆက်လုပ်တော့ ငါ့သမီးချွတ်ထည့်လိုက်တော့မှ ကျွတ်သွားပြီပေါ့"

"ဟုတ်တယ် ဖေရဲ့ နှင်းသုစံ အမြင်ကတ်ကတ်နဲ့ တမင်တင်ပွန်းတပ်လိုက်တာ"

"လိုက်လဲလိုက်တဲ့ သားအဖ၊ သမီးပျက်စီးရင် မောင်ပဲနော်၊ မောင်အလိုလိုက်လို့"

မေမေက အလိုမကျသံနှင့် ဝင်ပြောလိုက်သည်။

"သမီး ဘယ်မှာ ပျက်စီးလို့လဲ၊ နှစ်ချင်းပေါက် ဖိုက်ဒီနဲ့ အောင်တယ် မဟုတ်လား၊ ဆေးတက္ကသိုလ်တက်ဖို့ အမှတ်လဲမီတယ်၊ ဒါ ပျက်စီးတယ်ဆိုရမလား၊ ဆေးတွေဘာတွေ သုံးစွဲနေလား၊ ပါတီတွေချည်း တက်နေသလား၊ ရည်းစားတွေ သက်ထားနေသလား ပြော"

"ဘာတစ်ခုမှ မလုပ်ဘူး ဖေဖေ၊ နှင်းသုစံက အားရင်



www.burmeseclassic.com

www.burmeseclassic.com



ဘွားတို့၊ တီကြီး၊ တီလေးတို့ဆီပဲ လျှောက်လည်တာ၊ ဖေဖေ့ကို တိုင်ပင်ဦးမလို့၊ ကျောင်းမဖွင့်ခင် ကွန်ပျူတာလေး၊ စပီကင်လေး တက်ထားမလားလို့၊ တိုက်ကွမ်ဒိုလဲ တက်ချင်တယ်"

"ကောင်းတယ် သမီး. . . ဆက်လုပ်၊ ရှေ့အပတ်ထဲ တီဂျူတီနဲ့ ဖေဖေ ရန်ကုန်လိုက်မှာ၊ အဲဒီတော့ သမီးကို ဖေဖေ ကိုယ်တိုင် လိုက်အပ်ပေးမယ်"

"အိုကေ"

"မြင်းကို ချိုတပ်ပေးပြန်ပြီနော် မောင်"

"ဘာဖြစ်သလဲ မစံရာ၊ သူ့ခေတ်နဲ့ သူ့အခါမှာ တတ်ထားသင့်တဲ့ပညာတွေ အကုန်သင်ပါစေ၊ ဪ. . . ဒါထက် အရေးကြီးတာ သေနတ်ပစ်ပြိုင်ပွဲ ဝင်ရမယ်နော်၊ သမီး ပြန်လေ့ကျင့်ဦး"

"ဂျူဒိုကော"

"ဝင်ပြိုင်လေ. . . ဒီကာ့ပဲ စာရင်းပေးရမယ်"

"ဒီလိုဆို အတော်ပဲ၊ ဖေဖေနဲ့ပဲ လေ့ကျင့်ရမယ်"

"အင်း. . . ဖေဖေ အားရင်တော့ ဖေဖေ လေ့ကျင့်ပေးမယ်၊ မအားရင်တော့ ဖေဖေတို့တပ်က ဝင်ပြိုင်မယ့်အရာရှိတွေနဲ့ လေ့ကျင့်ပေါ့"

"အဖေကြီးနော်. . . ကိုယ့်သမီးက ကလေးလား"

"သမီးက ကလေးမဟုတ်တော့ဘူးဆိုတာ မောင်သိပါတယ်၊ သူ့မှာ အသိဉာဏ်ရှိတယ် မစံ၊ မစံလဲ မျက်ကန်း နားကန်းနေတဲ့မိခင်မှ မဟုတ်တာ၊ နားမျက်စိ ဖွင့်ထားပေါ့၊ သမီးကို ယုံကြည်တယ်၊ မောင်တို့ ယုံကြည်မှုကို အလွဲသုံးစား လုပ်မယ့်





သမီးမဟုတ်ဘူး"

နှင်းသုစံ မေမေ့ကို အောင်နိုင်သူ၏အပြုံးနှင့်သာ ပြုံး ထိုက်ရသည်။ ရင်ထဲ၌ ဒိန်းတမ်တပ်။ တီကြီးဆီ ဖေဖေရောက် သွားလျှင် ဒုက္ခ။ တီကြီးက သူ့မောင် 'ကောင်ငယ်လေး' ကို အတုန်ဇာတ်စုံခင်းလျှင် ဒုက္ခ။

မဖြစ်ပါဘူး၊ ဖေဖေ့အလစ် ဖုန်းဆက်ပြီး တီကြီးကို နှုတ် ဆိတ်ထားမှ။

လွယ်ပါ့မလား၊ အိတ်ချိန်းက လူတွေ ကြားကုန်လျှင် တော်ပြီ၊ ဖေဖေ့ကို ယုံ၍မရ။ ဖေဖေက သူ့တပည့်တွေကို စောင့် ကြည့်ခိုင်းထားလျှင် ချောက်ကျဦးမည်။

ရန်ကုန်ရောက်မှပဲ တီကြီးဆီ ဦးအောင်ပြေးပြီး ချော့ သိုက်ရမည်။

စစ်တပ်သုံး စစ်ရောင် မာဇဒါဂျစ်နောက်ခန်းပေါ် လွှား ခနဲ တက်လိုက်ပြီးမှ ဖေဖေ့ကို သတိရလိုက်သည်။ ဖေဖေ ကြိုက် ပါ့မလား။

ဖေဖေက ဘာမှမပြောဘဲ ပြုံးကြည့်နေသည်။ မေမေ နှင့်ဖေဖေက ရှေ့ခန်းမှာ ထိုင်သည်။

ဖေဖေ့ပီအေနှင့် ဘက်စီမင်း ရဲဘော် နောက်ခန်းမှာ နှင်းသုစံနှင့် စကားဖောင်ဖွဲ့ပြီး လိုက်ပါလာတော့သည်။

ဖေဖေ့ပီအေက အရင်ဗိုလ် မဟုတ်တော့။ တစ်ယောက် ပြောင်းနေသည်။ ခပ်ငယ်ငယ်လေး။

လူမကြောက်တတ်သည်မှာ နှင်းသုစံငယ်ငယ်ကတည်း က အကျင့်ဖြစ်၍ တခဏအတွင်းမှာပင် ဖေဖေ့ပီအေ ဒုဗိုလ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်လင်းထွန်းနှင့် မောင်နှမရင်းချာပမာ ခင်မင်သွားလေပြီ။

ဖေဖေ့ဘက်စမင်း ဦးဂျလားကတော့ နှင်းသုစံ ဆိုးသ[illegible]
ဒဏ်ကို ခံနေကျဖြစ်၍. . .

"ဦးဂျလားတို့ မိသားစုအတွက် နှင်းသုစံ လက်ဆောင်
ပေွ ဝယ်လာတယ်"

"ဘယ်သူဝယ်လာတာလဲ"

ဖေဖေက လှမ်းမေးလိုက်သည်။

"နှင်းသုစံ မုန့်ဖိုးထဲကပါနော် မေ၊ ဟုတ်တယ်နော် မေ"

"အင်း. . . နှင်းသုစံ မုန့်ဖိုး အမေ့ပိုက်ဆံအိတ်ထဲက
လေ"

"ရှေ့နေဌားကာမှ ထောင်လုံးလုံးကျတော့တာပဲ၊ မ[illegible]
မကောင်းဘူး၊ ဖေ့အားကိုးနဲ့ နှင်းသုစံကို ကာပြန်ပြီ၊ ဖေနဲ့ တိုင်
ပြောမယ်၊ တိုင်ပြောလိုက်ရမလား"

"ဘာလဲ. . . ပေါက်ကရတွေ လျှောက်မပြောနဲ့နော်
သမီး"

"မဟုတ်ဘူးလား"

"ဘာကိုလဲ"

မေမေတော့ နှင်းသုစံစကားကြောင့် နဂိုဝိုင်းစက်နေ
သောမျက်လုံး ပိုဝိုင်းသွားသည်။

"မေကလေ. . . နှင်းသုစံ ရထားလက်မှတ် လုပ်တာကို
ဆူတယ်"

"ဘာဖြစ်လို့လဲ"

"နှင်းသုစံ အပ်ပါးတောင်ငှတ္တဲ မရလို့ မန္တလေးတွဲ [illegible]





[illegible]ကို အပို ပိုက်ဆံကုန်တယ်ဆိုပြီး ဆူတယ် ဖေဖေ၊ နှင်းသုစံက
[illegible]ကြောင်းလား၊ ရိုးရိုးတန်းမကလို့ ကုန်တွဲပဲစီးစီး"

"ကုန်တွဲက ဝက်တွေနဲ့ ပေးစီးဖို့ကောင်းတော့တယ်"

"အဲဒီလိုသာဆို ဝက်တစ်ကောင်လုံး ကောင်းကောင်း
[illegible]သုံးချပစ်လိုက်မယ်၊ ဝက်ခေါင်းသုပ်မလား၊ ဝက်အချင်းသုပ်
[illegible]လား"

"ကြည့်စမ်း သမီး. . . အကုသိုလ်စကားတွေ၊ မဖြစ်ဘူး
[illegible]သာဝင်ခိုင်းမှ"

"မလုပ်ပါနဲ့. . . အမျိုးသား အားကစားပြိုင်ပွဲ ဝင်ရဦး
[illegible] ဖေဖေ လက်နဲ့ ရေးထားတာ ခြေနဲ့ ဖျက်ဖို့ မကြိုးစားနဲ့နော်
[illegible]မေ"

မေမေ ဘာမှမပြောနိုင်တော့၍ စကားလမ်းကြောင်း
[illegible]သွားသည်။

ဘိုးဘိုးဘွားဘွားတို့ တီကြီးတို့အကြောင်း ရောက်သွား
[illegible]တော့သည်။

တီကြီးအမည်ကြားလိုက်တိုင်း ရင်ခုန်မိသည်။ တီကြီး
[illegible] စနက်တံ လွှတ်လိုက်မှ ဖေဖေဒေါသဗုံး ပေါက်ကွဲသွားနိုင်
[illegible]သည်။

ဖေဖေက အခြားကိစ္စသာ အလိုလိုက်မည်၊ အိမ်ထောင်
[illegible]စကားကို လုံးဝကြိုက်သည်မဟုတ်။

ဖေဖေ့ညီအစ်ကိုမောင်နှမများသည် ပညာစုံမှ ကြင်ယာ
[illegible]ကြသည်။ အားလုံး အသက်နှစ်ဆယ့်ခုနစ်နှစ်မှ ယူကြသည်။
[illegible]ကြောင့် တီကြီးနှင့် အမြန်ဆုံး ဆက်သွယ်မှု၊ ခပ်ပေါ့ပေါ့ ပြောမိ



www.burmeseclassic.com

www.burmeseclassic.com



သောစကားက ကိုယ့်ရှုး ကိုယ်ပြန်ပတ်လိမ့်မည်ဟု နှင်းသုစံ မတွေးခဲ့မိပါလား။

"ကိုနိုင်လင်းထွန်း. . . လက်ဖြောင့်သလား"

"လှလေးစိန်တော့ မဖြစ်ပါဘူး"

"ဒါဖြင့် နှင်းသုစံနဲ့ ပြိုင်မလား"

"နှင်းသုစံက ချန်ပီယံလို့ ပြောကြတယ်၊ ချန်ပီယံနဲ့ မပြိုင် ရဲပါဘူး"

"ဟာကွာ. . . ပြိုင်တောင် မပြိုင်ရသေးဘူး၊ အရှုံးပေ စကားပြောတယ်၊ ထဘီ. . အဲ. . ကန်တော့၊ နှင်းသုစံ စတာ နော်"

စကားရိုင်းသွား၍ ဖေဖေ၏ရှုတည်တည်မျက်နှာထား နှင့် ကြည့်ခြင်းကို ခံလိုက်ရသဖြင့် နှင်းသုစံ စကားကို လျှော့ လိုက်ရသည်။

ဗိုလ်နိုင်လင်းထွန်းက နှင်းသုစံအား ခွင့်လွှတ်သော အပြုံးလေးနှင့် ပြုံးကြည့်ကာ. . .

"ဗိုလ်မှူး ခွင့်ပြုရင် ပြိုင်တာပေါ့"

"ဒီလိုမှပေါ့. . . ဖေ ခွင့်ပြုသလား"

"မနက်ဖြန်မနက် မင်းအားရင် သွားလိုက်ကြပေါ့"

"ဟုတ်ကဲ့"

နှင်းသုစံ ဝမ်းသာသွားသည်။

"မအေကြီးလည်း လိုက်သွားလိုက်"

မေမေ့မျက်နှာ ရှုံ့သွားသည်။ သို့သော် ဖေဖေ့အမိန့်ကို မလွန်ဆန်နိုင်၍ ဘာမှ စောဒက မတက်တော့ပေ။





သမီးကို ထိန်းသိမ်းရာ၌ မိခင်သည်သာ တာဝန်အရှိဆုံး မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၉)

"နော်. . . တီကြီး၊ နှင်းသုစံက အလကား စတာပါ"
တီကြီးက မျက်နှာထားကြီး ခပ်တင်းတင်း လုပ်ကာ. .
"ဖေဖေသိမှာ ကြောက်တယ်လား"
"အို. . . ကြောက်တာပေါ့၊ ကိုယ့်အဖေပဲဟာ"
"ဒီလိုဆို တီကြီးကို ကတိပေးရမယ်"
"ဘာကတိလဲ"
"ဆရာဝန်ဖြစ်ပြီးမှ ယောကျ်ားယူပါ့မယ်ဆိုတဲ့ကတိ"
နှင်းသုစံ စပ်ဖြဲဖြဲ လုပ်လိုက်သည်။





"ဒီကတိများ အလွယ်လေး"
လောလောဆယ် အတိုင်မခံရဖို့ အရေးကြီးသည်။
"ပေးတယ်"
"သေချာရဲ့လား"
"သေချာပါတယ်"
"ကတိဆိုတာ. . . ပေးပြီးမှ ပျက်သွားတာမျိုးဆိုရင် ကောင်းဘူးနော်၊ သေသေချာချာ စဉ်းစားပြီးမှပြော"
"စဉ်းစားပြီးပါပြီ. . . ဟိုနေ့က တီကြီးကို နောက်တာ သက်သက်မဲ့ ဘွားဘွားကို သွားပြောတယ်၊ နှင်းသုစံ အပွမ်းခံ လိုက်ရသေးတယ်၊ ဖေဖေ့နား ရောက်သွားရင် မလွယ်ဘူး"
"ဒါပေါ့. . . မိန်းကလေးဆိုတာ စကားကို လက်လွတ် စပယ် မပြောရဘူး၊ တစ်ခါတစ်ရံ အမှတ်တမဲ့ ပြောမိတဲ့စကား တစ်ခွန်းဟာ ကိုယ့်ဘဝတစ်ခုလုံးကို ပြောင်းလဲစေတတ်တာမျိုး လောကကြီးမှာ ရှိတယ်"
နှင်းသုစံ မျက်နှာသေလေး လုပ်လိုက်သည်။ ဆရာမကြီး တီကြီး အဘိဓာန်၌ အတော်လေး နားဝင်သွားသည့်ပုံစံမျိုး။
"ဟုတ်"
"သမီးက အရမ်းငယ်သေးတယ်၊ လူ့လောကကြီးမှာ လွတ်လပ်ခြင်းဆိုတဲ့ အရသာနှင့် ပျော်ပျော်ရွှင်ရွှင် လျှောက်လှမ်း စမ်းပါ၊ အိမ်ထောင်ရေးဆိုကတည်းက ယောင်ကျာနဲ့ အတူတူ ပဲ၊ အဲ. . . ကဗျာဆန်ဆန်ပြောရရင်တော့ အချစ်အကျဉ်း ထောင်ပေါ့၊ သံယောဇဉ် အနှောင်အဖွဲ့တွေနဲ့ ရုန်းထွက်ရ ခက်ခဲ လှန်းတဲ့နေရာပဲ၊ ရှောင်နိုင်သမျှ ရှောင်စမ်းပါ"

www.burmeseclassic.com



"ဟုတ်"

"အချစ်ရေး အိမ်ထောင့်ရေးဆိုတာ ဖန်တီးယူတာလဲ မကောင်းပါဘူး၊ အချစ်စစ် အချစ်မှန်နဲ့ တည်ဆောက်တာသာ ကောင်းတာ"

"ဟုတ်"

ခုနေတော့ တီကြီးပြောသမျှ နားလည်သည်ဖြစ်စေ မလည်သည်ဖြစ်စေ ခေါင်းညိတ်လိုက်တာဟာ အကောင်းဆုံး ဖြစ်လိမ့်မည်။

"ကျောင်းသားဘဝလောက် လွတ်လပ်ပျော်ရွှင်စရာ ကောင်းတာ ဘယ်မှာမှ ရှာမရနိုင်ပါဘူး သမီး၊ ဆေးကျောင်းသူလေး နှင်းသုစံဘဝနဲ့ ပျော်ရွှင်မှုကို ပြည့်ပြည့်ဝဝ ခံစားကြည့်စမ်းပါဦး"

"ဟုတ်"

"မိဘကလည်း တတ်နိုင်၊ လိုတရ ဖန်တီးပေးနေမှတော့ ပြည့်စုံခြင်းဘဝနဲ့ ကျောင်းတတ်ရတာ ဘယ်လောက်ပျော်စရာ ကောင်းမလဲဆိုတာ နှင်းသုစံ တွေးကြည့်စမ်း"

"ဟုတ် . . အဲ . . တီကြီးတို့ကျောင်းတွေက ဘယ်တော့ ဖွင့်မယ်မှန်းမှ မသိတာ၊ ဟိုဟာ ခွေးမျှော်သလို . . ."

"ဟယ် . . . ကြည့်စမ်း . . ကြည့်စမ်း၊ ဒါ မိန်းကလေး ပါးစပ်လား"

"အလာ . . လား . . . လား"

တိန်ခနဲ မြည်သွားသည်။ တီကြီးလက်ခေါက်သံစဉ် အောက်မှ နှင်းသုစံ ခေါင်းကလေး ဖူးယောင်သွားမှာစိုး၍ ပွတ်





လိုက်ရသည်။

အနူမြူမှုန်လောက်ကို ဆင်ကောင်ကြီးလောက် ချဲ့ထွင်တာ . . .

"နာလိုက်တာ . . . ဉာဏ်တွေတော့ ထိုင်းကုန်ပါပြီ၊ ခေါင်းကို မခေါက်ရဘူး တီကြီးရဲ့"

"ခွေးမလေး . . . ထပ်နာတော့မှာပဲ၊ ဒါတော့ တတ်တယ်၊ နင့်အဖေကော ဘယ်သွားလဲ"

"အင်းတိုင် ပြီးရင် ဟသ်ာတ လိုက်သွားလိမ့်မယ်"

တီကြီးကို သိပ်စိတ်ချလို့ မဖြစ်သေး၊ ဖေဖေနဲ့ ခပ်း မတွေ့မှ ဖြစ်မည်။ တီကြီးကလည်း သူ့ကိစ္စတွေနှင့်သူ အမြဲ အလုပ်ရှုပ်နေတတ်သည်။ ခုလည်း အစားကောင်း ကြိုက်တတ်သော တီကြီးမီးဖို၌ သူ့မွေးစားသမီးနှင့် အလုပ်ရှုပ်ရင်း . . .

"ငါ သုံးလေးကိုယ် ခွဲလို့ရရင် ခွဲလိုက်ချင်တယ်"

"ဘာဖြစ်လို့လဲ"

"တစ်ကိုယ်က ကျောင်းကိစ္စအတွက်၊ တစ်ကိုယ်က အခြားစီးပွားရေးကိစ္စအတွက်၊ တစ်ကိုယ်က မီးဖိုချောင်ကိစ္စနဲ့ လူမှုရေးကိစ္စအတွက်၊ တစ်ကိုယ်က နိဗ္ဗာန်ရောက်ကြောင်း တရားအားထုတ်ဖို့အတွက်ပေါ့"

"သာဓု . . သာဓု . . သာဓု"

"ကောင်မလေးနော် . . . ရှုတ်နောက်နောက်နဲ့"

"နှင်းသုစံ ထမင်းစားသွားမယ် မဟုတ်လား"

မမချိုက ထမင်းစား ခေါ်လိုက်သည်။

"ဘာဟင်းလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မန္တလေးကြာဇံဟင်းခါးရယ်၊ ရှောက်သီးသုပ်ရယ်၊ ကြက်သားဟင်းရယ်"

"ဟင်းခါးပဲ သောက်သွားတော့မယ်၊ အိမ်မှာလဲ ဟင်းကောင်းတယ်၊ ဖေဖေရောက်နေလို့လေ"

"သမီးကျောင်းသွားမယ် မဟုတ်လား၊ တစ်ခါတည်း စားသွားလေ"

မမချိုပင် ဘီအီးဒီဘွဲ့ ရကာ အထက်တန်းပြဆရာမကြီး ဖြစ်နေပြီ၊ တီကြီးက ကလေးလိုပင် ဂရုတစိုက် ရှိနေဆဲ။

"မမချို ဘယ်သွားမှာလဲ"

"ကျောင်းမှာ စပယ်ရှယ်ကလပ်စ်တဲ့လေ၊ နှင်းသုစံနဲ့ လိုက်သွားလိုက်၊ မေကျောင်းက ဂျူတီသမားတွေကို ရောင်းပြီး လာကြိုမယ် ဟုတ်လား. . . ကားမယူသွားနဲ့တော့"

"ဟုတ်ကဲ့. . . တစ်ခါတည်း စားနော်"

"အင်းလေ"

"ရှုပ်ပါတယ်. . . နှင်းသုစံလဲ တစ်ခါတည်း ထမင်းစားသွားတော့မယ်"

ထမင်းပွဲက စားချင်စရာဖြစ်နေသဖြင့် ဝင်စားလိုက်သည်။

"တီကြီး စိတ်ချထားမယ်နော်"

လာရင်းနှင့် အရေးကြီးသောအကြောင်းအရာမပျောက်ပျက်အောင်လည်း သတိပေးရသေးသည်။

"အင်းပါ. . . ညည်းအခြေအနေ စောင့်ကြည့်ရတာပေါ့၊ မဟန်ရင်တော့ ကောင်ငယ်လေးနားအရောက်ပဲ"





"နှင်းသုစံက လိမ္မာပါတယ် တီကြီးရဲ့"

"ပြီးတာပါပဲ. . . အချစ်ရေးဆိုတာ လူ့ဘဝသက်တမ်းရဲ့အချိန်တော်တော်များများကို ပိုင်စိုးထားတတ်တယ်၊ နောက်တစ်သက်လုံး အိမ်ထောင်ရေးတာဝန်ကြီးကို ငြီးငွေ့လည်း ထမ်းဆောင်သွားရမှာပဲဟာ၊ ငယ်တုန်း အချိန်အခါရှိတုန်း လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါးနေ. . . ကြားလား"

"ဟုတ်"

မှန်တော့ မှန်သည်။ ဖေဖေတို့ ညီအစ်ကိုမောင်နှမများသည် အပြင်ပန်း ကြည့်လျှင် အရာရှိ၊ ဆရာဂုဏ်အင်တို့ကို ထောက်ထား၍ မျက်နှာထားတည်တည်နှင့် ဂုဏ်အင်္ဂါနှင့်အညီ နေတတ်သော်လည်း လွတ်လွတ်လပ်လပ် ရှိသည့်အခါ သိက္ခာသမာဓိတို့ကို ဖယ်ချကာ ရယ်မောနေ စနောက်နေကြသည်။ တီလေးဆိုလျှင် တစ်ခါတစ်ရံ က,သေး။ တီကြီးလည်း အေရိုးဗစ် လောက်တော့ အသာလေးပင်။

နှင်းသုစံမှာ ထိုအမွေအနှစ်တို့ ပါသည်ထင့်၊ အမြဲပျော်ရွှင်နေတတ်သည်။

"တီကြီး တောင်းထားတဲ့ ကတိကိုသာ နှင်းသုစံ တည်ရင် တီကြီးကလည်း ညည်းလွတ်လပ်ခွင့်ကို ထိခိုက်စေမယ့်စကားမျိုး ဘယ်တော့မှ တိုင်မပြောဘူးမှတ်"

"အား. . . ရွှတ်. . . ဒါကြောင့် တီကြီးကို ချစ်တာ"

နှင်းသုစံ ဝမ်းသာအားရ တီကြီးပါးစုံကြီးကို ရွှတ်ခနဲ နမ်းလိုက်သည်။

"ဟဲ့. . . ဟင်းတွေ ပေကုန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း"

မမချိုက နှင်းသုစံအား မကျေနပ်စွာ နှုတ်ခမ်းလေး စူကြည့်လိုက်သည်။

"အား. . . မမချိုက သူ့ကို မနမ်းလို့ မကျေနပ်ဘူးထင်တယ်. . . ရှက်"

နှင်းသုစံပဲ ဘယ်ရမလဲ။ မမချိုကိုပါ ဖက်နမ်းပစ်လိုက်သည်။

"ဟဲ့. . ဟဲ့. . ငါ့မျက်နှာ လိမ်းပြီးသားတွေ ပျက်ကုန်တော့မှာပဲ"

"ပျက်ပျက်"

ထမင်းဝိုင်းလေး စိုပြည်သွားသည်။

အဟုတ်တကယ်လည်း နှင်းသုစံရင်ထဲ လွတ်လပ်ပျော်ရွှင်သွားသည်။ စိတ်ချသွားပြီ။

တီကြီး ဖေဖေ့ကို တိုင်ပြောလိမ့်မည် မဟုတ်တော့။ တီကြီးသည် လူငယ်တို့၏လွတ်လပ်ပျော်ရွှင်မှုကို အဟာန့်အတား ပြုတတ်သောသူ မဟုတ်၊ နားလည်သည်။ အမှားအယွင်း မရောက်လျှင်ပြီးရော ဟူသောသဘောနှင့် လွှတ်ထားတတ်သည်။

နှင်းသုစံကလည်း ဦးနှောက်ရှိသည်ပဲ။

နှင်းသုစံ လျှို့ဝှက်ချက်ကိုတော့ အပျက်ခံလိမ့်မည် မဟုတ်။

"မမချို. . . ဆိုင်ကယ်မောင်းမလား"

"ဟဲ့. . . ဆရာမနော်. . . ဆရာမ"





တီကြီး အရင်ဟန့်တားလိုက်သည်။

"ဆရာမ ဘာဖြစ်သလဲ၊ ဟွန်ဒါလေးပဲဟာနော် မမချို"

"တစ်ခါတစ်လေပဲဟာ"

မမချိုက စက်ဘီးချန်ပီယံ၊ ရန်ကုန်ရောက်တော့ မစီးရဘဲ တီကြီးက ကားမောင်းသာ သင်ပေးခဲ့သည်။ သို့သော် နှင်းသုစံ ဆိုင်ကယ်ဝယ်လိုက်တော့ လိုက်စီးရင်း ဆိုင်ကယ်လည်း စီးတတ်သည်။

"သွားကြတော့. . . အချိန်နီးပြီ၊ သမီး မမောင်းနဲ့နော်၊ နောက်ကပဲ ထိုင်စီး"

တီကြီးတို့များ အသည်းပိုတာ။ သူ့သမီးကို စိတ်မချစွာ မှာကြားပြီး ဝရန်တာပေါ်မှ စောင့်ကြည့်နေသည်ကို တွေ့ရသဖြင့် မမချိုကလည်း နောက်ကသာ ထိုင်စီးလိုက်သည်။

"မမချိုက တီကြီးကို ကြောက်လား"

"ကြောက်တယ် မဟုတ်ပါဘူး. . . ချစ်တာ၊ စိတ်မချတာ ဖွတ်လုပ်တာ တွေ့သွားရင် တီကြီး စိတ်မချမ်းသာ ဖြစ်သွားမှာစိုးလို့ပေါ့"

"ဟွန်း. . . ပိုလိုက်ကြတာ"

နှင်းသုစံ တွေးလိုက်မိသည်။

တီကြီးသည် မိမိအား လွှတ်ထားလိမ့်မည်မထင်။ စောင့်ကြည့်နေမှာ။ တပည့်တပန်းများကလည်း ပေါများသည်ပဲ။

မိမိလျှို့ဝှက်ချက်ကို ပိပိရိရိထားမှ။

အဟား. . . မုန့်ဆီကြော်က ဘယ်ဆီနေမှန်းမသိ၊ နှုတ်ခမ်းနာနှင့် တည့်ပါ့မလား ဆိုသကဲ့သို့ ဖြစ်နေလေပြီ။

www.burmeseclassic.com



ဘယ်မှာလဲ ဖူးစာရှင်။

အဲ. . . လှို့ဝှက်ချက်တွေနဲ့ ညီညွတ်သော ဖူးစာရှင်ကာလည်း တစ်ယောက်မှ မပေါ်သေး။

လောကကြီး၌ ယောကျ်ားပေါပါသည်။

သို့သော် သတို့သား ရှားသည်ဟု ဆိုရမည်ထင့်။







# အခန်း(၁၀)

အာရ်အက်စ် ကွန်ပျူတာမှ လွှတ်ချိန် ဗိုလ်ချုပ်ဈေးထဲ ဝင်မွှေဦးမှပဲဟု တွေးလိုက်မိသည်။

ခက်သည်က နှင်းသုစံ အဝတ်အစား ဝယ်ရမှာ ပျင်းခြင်းပင်ဖြစ်သည်။

ဈေးမေး ဈေးဆစ်အလုပ် ဝါသနာမပါ။ စတိုးဆိုင်တစ်ခု၌ လိုချင်တာ ဝယ်လိုက်ပြီးလျှင် ပြီးသည်။ တန်ဖိုးမေးစရာ မလိုချေ။ တော်ပြီ ရဈေးပတ်ရမှာ ပျင်းစရာကြီး၊ အိမ်ပြန်တာပဲ ကောင်းမည်ဟု တွေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရတာလည်း ပျင်းသေးသည်။ သို့သော် မပြန်၍ မဖြစ်။

ဖေဖေ ဟာသ်ာတမှ ဖုန်းဆက်လျှင် ခက်မည်။ အိမ်မကပ် ကြောင်း သိသွားနိုင်သည်။ ဖေဖေ နောက်တန်းမှာ ရှိတုန်းတော့ ငြိမ်နေတာ အကောင်းဆုံးပင်။

သုံးဆယ့်ရှစ်လမ်းဈေး ဝင်ကာ အသီးအနှံများ ဝယ် လိုက်သည်။ အားနေလျှင် အစားပဲ စားချင်သည်။

ချက်တာပြုတ်တာ ဝါသနာမပါလှသော်လည်း ခေါက် ဆွဲကြော်ခြင်း၊ ဘဲပေါင်းခြင်းတို့ကိုတော့ ဖေဖေကိုယ်တိုင် ဝင် လုပ်တတ်သဖြင့် နှင်းသုစံပါ တတ်နေသည်။

ဟင်းမကောင်းဘူးထင်လျှင် နှင်းသုစံဘာသာတော့ ဝက်အူချောင်း ကြော်တတ်သည်။ ကြက်ဥ၊ ဘဲဥ အနှစ်မပေါက် အောင် ကြော်တတ်သည်။

ဤသည်ကို တီကြီးက ဖေဖေနှင့် အတိုက်အခံဖြစ် သည်။

“ယူ့တူမ မီးဖိုချောင်ကိစ္စ စိတ်မဝင်စားဘူး၊ မိန်းကလေး ဆိုတာ မီးဖိုချောင်ကိစ္စ တတ်ထားတာ အကောင်းဆုံးပဲ” ဟု ဖေဖေက ပြောလျှင်. . .

“အို. . ငါတောင် ကြက်ဥအနှစ်မပျက်အောင် မကြော် တတ်ဘူး၊ နှင်းသုစံက တတ်တယ်. . . တော်ပြီပေါ့၊ ပညာတတ် လာတဲ့ မိန်းမတွေဟာ သူတို့ရဲ့လက်နဲ့ ဦးနှောက်ကို မီးဖိုချောင် အတွက် အချိန်မပေးနိုင်တော့တာ အဆန်းမဟုတ်ပါဘူး၊ ဒါပေ မယ့် မိန်းမဟာ မိန်းမပါပဲ၊ စားချင်တာ စိတ်တိုင်းမကျတာ ရှိရင်





သူတို့ကိုယ်တိုင် မီးဖိုချောင် ဝင်လာလိမ့်မယ်. . . ငါ့ကိုကြည့်”

ထိုသို့ တီကြီး ကာဘာပေးခဲ့သဖြင့် နှင်းသုစံ မီးဖိုချောင် နှင့် နှစ်ပါးသွားခွင့်မှ လွတ်ကင်းသွားခဲ့သည်။

ဆိုင်ကယ်သော့ခတ်ကာ အသီးအနှံတွေ ထည့်ထား သော ကျွတ်ကျွတ်အိတ် ဆွဲကာ အပေါ်တက်ခဲ့သည်။

လေးငါးလှမ်း လှမ်းလိုက်ပြီးမှ သတိရလိုက်သဖြင့် ခြေလှမ်းတွန့်သွားသည်။

နောက်သို့ သမင်လည်ပြန် လှည့်ကြည့်လိုက်သည်။

“အိပ်မက်ရှင်” အမည်ရှိသော ထီရောင်းစက်ဘီးလေး ထားသည်။ ထီသည် မတွေ့ရ။ ထီလက်မှတ်များလည်း ရှိ နေ၊ ကက်ဆက် ဘက်ထရီအိုးတန်းလန်းနှင့်။ အလစ်သုတ် သမားတွေ ဖြုတ်သွားမှ ဟုတ်ပေ့ဖြစ်နေမည်။

နမော်နီ နမော်မဲ့နဲ့။

ဘယ်လိုလူလဲ မသိ။

နှင်းသုစံ တွေးရင်း လှေကားထစ်ပေါ် သုံးလေးထစ် ကျော်လွှားကာ ပြေးတက်ခဲ့သည်။ အဲ. . . ထီသည် တံခါးဝ၌ ဆီးထိုင် ထိုင်စောင့်နေသည်။ လက်ထဲ၌ ကာတွန်းစာအုပ် ဖတ် နေသည်။ သမိန်ပေါ်သွပ် ကာတွန်း။

“ကြာလိုက်တာ”

“ဘယ်သူက စောင့်ခိုင်းထားလို့လဲ”

“ကံကြမ္မာက”

“ညောင်းချိသေသွားရင် ပိုကောင်းမယ်”

“ဒီလောက် မေတ္တာထားရသလား”



www.burmeseclassic.com

www.burmeseclassic.com



ဘဲလ်နှိပ်လိုက်သည်နှင့် ဒေါ်ကြီးက လာဖွင့်ပေးသည်

"ဟင်. . . ဒီသူငယ် မပြန်သေးဘူးလား"

"အဒေါ်ပဲ စောင့်နိုင်ရင်စောင့်၊ ငါတော့ တံခါးမဖွင့်နိုင်ဘူးဆိုလို့ ကျွန်တော် အပြင်ကပဲ စောင့်နိုင်လို့ ထိုင်စောင့်တာပေါ့ အဒေါ်"

"အေး. . . ကောင်းတယ်"

"ကျုပ်ကို ကြောက်ရင်တော့ အိမ်ထဲ လိုက်မဝင်ဘူး၊ ဒီမှာပဲ စကားပြောကြမယ်"

"ဘာကိစ္စ ကြောက်ရမှာလဲ၊ လက်သီးတစ်ချက်စာ ရှိတာ. . . ဝင်"

ရေစက်တုန်း ရေတွင်းထဲ ကျခြင်းဖြစ်သည်။ ဖျင်း တုန်း စကားပြောဖော် ရလာသဖြင့် နှင်းသုစံ လိုလိုချင်ချင် ဝ သွင်းလိုက်ခြင်းဖြစ်သည်။

မောင်မောင်ဇကွဲတို့လို လူမျိုးထက် ဤထိသည်မ စကားပြောရတာ ကောင်းသည်။ တစ်ခွန်းမကြောမခံဘဲ စကာ နိုင်လုရသည်မှာ ဒေါ်ပွပွနှင့် ပျော်စရာကောင်းသည်။

"လူလို အသိရှိတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ပုံမှန်အတိုင်း ဆက်ဆံ. . . ထိုင်"

"ဟုတ်ကဲ့"

လူပုံစံက ရိုကျိုးသလိုလိုနှင့် ဖိနပ်ချွတ်နားက ခုံ၌ မထိုင် ဝရန်တာနား ဆက်တီတစ်လုံးအပေါ်၌ မိန့်မိန့်ကြီး သွားထိုင် သည်။ ဟွန်း. . . မျက်နှာသာပေး ရွှေအေးပန်းကန်တက်ထ ကြည့်လို့မရ။ ဒေါ်ငဲ့မကျိုး။





"ဆို"

"ကြည်ဖြူပါ. . . ကြည်ဖြူပါ မေရယ်. . .
ဒီညလဲ. . . ကိုယ်လေ အိပ်မပျော်နိုင်. . .
အတွေးများက မရေရာ. . .
ကိုယ့်ရဲ့အထီးကျန်ကမ္ဘာ"

"တော်"

ဘယ်လိုလူလဲ. . . ထိသည်ပေမို့ပဲ။

"ခင်ဗျားကြီး ရူးနေလား"

"အမိပဲ ဆို့ဆိုလို့ ကျုပ်ဆိုလိုက်တာပဲ၊ ကျုပ်မရူးပါဘူး၊ စကား နားလည်လွယ်ပါတယ်"

ဟွန်း. . . ရုပ်ကြီးကိုက ဖနောင့်နဲ့ ပေါက်ချင်စရာ။ နှင်း သုစံ ပြောလိုက်ချင်သည်။ ဖနောင့်ဟု ဆိုရင်း ခြေထောက် မြှောက်ပြလိုက်ချင်သည်။ သို့သော် ကလေးမဟုတ်တော့သဖြင့် ထိန်းချုပ်ထားရသည်။

"လာရင်းကိစ္စကို ပြောခိုင်းတာ၊ သိပြီလား နလပိန်းတုံး"

နှင်းသုစံ မျက်နှာချင်းဆိုင် ဆက်တီတွင် ဝင်ထိုင်လိုက် ရင်း ပြောလိုက်သည်။

"ဒီလို တိတိကျကျ ပြောပါလား၊ စောင့်နေရတာ ကြာပြီ၊ ရေလေးဘာလေး တစ်ခွက်လောက်များ ရနိုင်မလား"

"ရပါတယ်. . . ဒီလောက်တော့ သဒ္ဒါတရား ရှိပါတယ်၊ ဒေါ်ကြီးရေ. . . ပက်စီလုပ်ခဲ့ပါ။ နှင်းသုစံလည်း သောက်မှာ နော်"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . အေး"

"စေတနာ အရမ်းကောင်းပါလား၊ စေတနာက အကျိ
ပေးတယ်ဆိုတာ ကျုပ်တော့ ယုံကြည်သွားပြီ"

"ဘာတွေ လာရှိုးနေတာလဲ၊ ပက်စီတစ်ပုလင်း ခင်ဗျား
ကို တိုက်လိုက်လို့ နှင်းသုစံ မွဲသွားမှာမှ မဟုတ်တာ"

"ဒါကြောင့် ပြောတာ၊ ကျုပ်လို ဈေးသည်တစ်ယော
ကို အမိလို လူကုံထံတစ်ယောက်က ခုလို ဧည့်ခံတာကိုပဲ ထူးခြ
တဲ့စေတနာ ရှိတယ်လို့ ဆိုလိုတာပါ"

"ဟာကွာ. . ဘလိုင်းကြီး စွတ်ပင့်မနေနဲ့၊ ပုံမှန်အတိုင်
ဆက်ဆံ"

ထိုသို့ဆိုပြန်တော့ နှင်းသုစံ မနေတတ်တော့။

"ရော့. . . နှင်းသုစံ"

နှင်းသုစံ လက်ထဲ ပက်စီနှစ်ပုလင်းလုံး လာထည့်သဖြ
တစ်ပုလင်းသာ ယူပြီး တစ်ပုလင်းကို မေးငေါ့ပြလိုက်သည်။

"အေးတုန်း သောက်လိုက်ဦး သူငယ်"

"ကျေးဇူးတင်ပါတယ် အဒေါ်"

ထိုသည်က ပက်စီကို တစ်ငုံနှစ်ငုံ စုပ်ယူလိုက်ပြီး စား
ပေါ် အသာပြန်တင်လိုက်သည်။ အစားအသောက်လည်း အိ
ရပြန်ပါလား။

"အမိ အိပ်မက်တွေဘာတွေ မမက်ဘူးလား"

"ဘာတွေ လာကြောင်နေတာလဲ၊ အိပ်မက်တွေ မ
သလား မမက်သလားတောင် သတိမထားမိဘူး၊ အိပ်လို့က အ
ကောင်းနေလို့"





"ယုံပါတယ်"

နှင်းသုစံ မလုံမလဲ ဖြစ်သွားရသည်။ ပြည့်ဖြိုး ဖောင်းအိ
သော နှင်းသုစံကိုများ စေ့စေ့ကြည့်ပြီး ပြောလိုက်လေသလား
ထင်မိယောင်များ ဖြစ်သွားသည်။

"ဒါဖြင့် လက်ဖဝါးတွေကော မယားဘူးလား"

"သတိမထားမိပါဘူး၊ နေစမ်းပါဦး. . . ခင်ဗျားကြီး ဘာ
တွေ လာရစ်နေတာလဲ၊ နှင်းသုစံ ပျင်းလို့ စကားပြောဖော်
အောင် ခင်ဗျားကြီးကို ဧည့်ခံနေတာ အကောင်းအောက်မေ့
သလား"

"မအောက်မေ့ပါဘူး. . . သိပါတယ်၊ ကျုပ်ကလည်း
ကြောင်းမရှိဘဲ မလာဘူး၊ စကားကိုလည်း အပိုမပြောဘူး"

"ခုလို ပြောတာကိုပဲ ရစ်နေပြီ"

"ထားပါတော့လေ. . . ကျုပ်မေးနေတာက အချို့
မာလူမျိုးက အိပ်မက်နိမိတ်တွေ အသားလှုပ်နိမိတ်တွေ ယူ
တ်လို့ မေးတာ၊ အမိမှာကော အဲဒီအယူအဆမျိုး ရှိသလား
"

"ဝါသနာ မပါဘူး၊ ကိုယ်လုပ်ရင် ကိုယ်ဖြစ်မယ်၊ နှင်းသုစံ
ာ လက်တွေ့သမားပဲ"

"ကောင်းပါတယ်. . ရော့. . ဒီမှာ ထိပေါက်စဉ်နဲ့ ဒီ
သတ်မှတ် တိုက်ကြည့်"

"အဲ. . ."

နှင်းသုစံ အံ့အားသင့်သွားရသည်။ တကယ့်ကို အံ့အား
သွားရသည်မှာ မှင်နီတားထားသော သိန်းငါးဆယ်ဖအောက်



www.burmeseclassic.com

www.burmeseclassic.com



မှ ဂဏန်းများနှင့် နှင်းသုစံလက်ထဲ ထည့်ပေးလာသော ထီလက်မှတ်မှ ဂဏန်းနံပါတ်တို့ တူညီနေခြင်းပင်ဖြစ်သည်။

"ဟင်"

"ဟုတ်တယ်. . . မင်းဝယ်ထားတဲ့ ထီငါးအုပ်ထဲက အဲဒီတစ်ရွက်က သိန်းငါးဆယ် ပေါက်နေတယ်"

နှင်းသုစံ မျက်လုံးပြူးထွက်လာရသည်။

အဘယ်ကြောင့်ဆိုသော် ထီသည်၏သစ္စာတရားကို အံ့အားသင့်ရခြင်းကြောင့်ပင်။

ထီအုပ်များ၏နံပါတ်များကလည်း နှင်းသုစံ မသိပါ။ အလျော်ပေးလိုက်သည့်သဘောပင်။

နှစ်သိန်းထီပေါက်လည်း နှင်းသုစံ သိမည်မဟုတ်။ ရိုးသားခြင်းလား 'အ' ခြင်းလား။ နှင်းသုစံ ဝေခွဲ၍မတတ်တော့။

ထီသည်ရုပ်က 'အ' မည့်ပုံလည်း မရှိပါ။ ငွေနှစ်သိန်းကို မမက်မောခြင်းက ဘာသဘောလဲ။

"အဲဒါ အမိဆီ လာပို့တာ၊ ထီဆက်ထုတ်တော့၊ ကျုပ်သွားမယ်"

"နေဦးလေ"

"ဘာဖြစ်လို့လဲ"

"ပထမအချက်က ပက်စီကုန်အောင်သောက်ဦး၊ ခင်ဗျား ကျန်တာ ဘယ်သူမှ မသောက်ဘူး"

"ဟုတ်ပ. . . အမိကတော့ တကယ့် စံကျွတ်ကျွတ်လေးပဲ"

အံမယ်. . . ထီသည်က ပြုံးလိုက်သောအခါ သွား





တက်များ ပေါ်ပြီး ချောသွားသယောင်ပါလား။ သို့သော် ကိုယ်သင့်နေသောအလုပ်နှင့်မှ မလိုက်အောင် မျက်နှာက တည်လွန်းသည်။

"စံကျွတ်တာ မကျွတ်တာ အပထား၊ ထီလက်မှတ်က နှင်းသုစံ ဝယ်တာမှ မဟုတ်ဘဲ၊ ပျက်စီးသွားလို့ အလျော်ပေးလိုက်တာပဲ၊ နှင်းသုစံနဲ့ မဆိုင်ဘူး၊ ခင်ဗျားကြီးနဲ့ပဲ ဆိုင်တယ်"

"ဒီမှာ အမိ၊ ကျုပ်သူတစ်ပါးငွေကို အချောင်မလိုချင်ဘူး"

"ဒါ အချောင်မှ မဟုတ်ဘဲ၊ ခင်ဗျားရသင့်ရထိုက်တာ ခင်ဗျားယူတာပဲ"

"ကျုပ် ရသင့်ရထိုက်တာမှ မဟုတ်ဘဲ၊ အမိထီလက်မှတ်ယ်ပြီး ကျုပ်ကို တိုက်ခိုင်းလိုက်တာပဲဟာ၊ ခု တိုက်လို့ လာပြန်ပေးတာယ်၊ ဒါ အမှန်အကန်ကိစ္စပဲ၊ ကျုပ် သူတစ်ပါးငွေကို လွယ်လွယ်ကူကူ မယူတတ်ဘူး၊ သစ္စာတရားနဲ့ပဲ အလုပ်လုပ်ပြီး လောကကြီးမှာ ရပ်တည်ချင်တယ်"

"ကြီးကြီးကျယ်ကျယ်"

"ကိစ္စက ပြတ်နေပြီပဲ၊ ကျုပ်သွားမယ်"

"နေဦး"

"ပက်စီလဲ သောက်ပြီးပြီ. . . ကုန်သွားပြီ၊ ဘာကိစ္စကျန်သေးလဲ"

"ဒီငွေ ခင်ဗျားမလိုချင်ဘူးလား"

"ငွေဆိုတာ သည်းခြေကြိုက်ပဲဟာ၊ မလိုချင်ဘဲ နေ့ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် တစ်ဝက်ယူ၊ ခင်ဗျားပဲ ထုတ်ပေး"

"ဝါသနာမပါဘူး"

"ဘာ"

ထီသည်,သည် လူကောင်းမှ ဟုတ်ပါလေစ။ နှင်းသု အံ့အားသင့်ခြင်းကြီးစွာဖြင့် ကြည့်နေမိသည်။

"ဟုတ်တယ်. . . မိန်းကလေးတစ်ယောက်နဲ့ စပ်စပ်ယှက်ယှက် ဝါသနာမပါဘူး၊ အမိဘာသာ အသိနဲ့ ထုတ်ယူတော့ လိုက်ထုတ်ပေးဖို့လဲ ကျုပ်မှာ အချိန်မရဘူး၊ အမိ သိန်းငါးဆယ်လုံး ပေးလဲ ကျုပ်မယူနိုင်ဘူး၊ အချောင်ရတဲ့ငွေနဲ့ ကျုပ်စားလို့လဲ ဝင်မှာမဟုတ်ဘူး. . . သွားမယ်"

"ဟ. . . ဘယ်လိုကြီးလဲ"

နှင်းသုစံ ပါးစပ်အဟောင်းသားနှင့် ကျန်ခဲ့သည်။

လူကသာ အနုတ်စုတ်ဂုတ်စုတ်၊ စကားလုံးတွေက ပါးစပ်နှင့်တောင် မဆန့်ပါလား။

သွားပြီ။ ဝရန်တာမှ ထွက်ကြည့်လိုက်သည်။

"အိပ်မက်ရှင်" စက်ဘီးပေါ် ထီအုပ်များ ချိတ်ပြီး ထွက်ခွာသွားသော ထီသည်၏ပုံရိပ် မြင်ကွင်းမှ ပျောက်ကွယ်သည်အထိ ငေးကြည့်နေမိသည်။

"စိတ်မှ ကောင်းသေးရဲ့လား မသိဘူး"

"ဟုတ်တယ်နော်. . . သူက ဘယ်လောက်များ ချမ်းသာနေလို့လဲ မသိဘူး၊ သိန်းငါးဆယ်ကို မမက်မောရအောင်၊ နှင်းသုစံတော့ ဒီလိုလူမျိုး ဒီတစ်ခါပဲ တွေ့ဖူးတယ်"

"အေးလေ. . . သူကများ ပြောသွားရတယ် ရှိသေး





မိန်းကလေးတစ်ယောက်နဲ့ စပ်စပ်ယှက်ယှက် မလုပ်ချင်ဘူးတဲ့၊ တောက်ညှင်းက မစေးရဘဲ ဆန်ကြမ်းက စေးရတယ်လို့"

နှင်းသုစံ ရင်ထဲ မခံချိမခံသာနှင့် ကျန်ရစ်ခဲ့သည်။

ဖေဖေတို့ဆီ ဖုန်းဆက်လိုက်ရကောင်းမည်လား မသိပေ။ စိတ်ချရမလား။ ထီသည်က ဦးနှောက်ကောင်းချင်မှ ကောင်းမည်။ တော်ကြာ သည်အပတ်ထဲ သူ့ထီလက်မှတ် လာတောင်းနေလျှင် ခက်မည်။

တစ်ပတ်လောက်တော့ စောင့်ကြည့်လိုက်မည်။

တစ်ပတ်မှ ထီသည်ထံမှ ထူးခြားသောဆက်သွယ်မှု မရှိလျှင်တော့ ဖေဖေတို့ ရောက်လာမှာနှင့် အတော်ပဲဖြစ်မည်။

ငွေနှင့် ငါးစာချခြင်းတော့ မဟုတ်နိုင်ပါ။

ငွေပေးလိုက်ခြင်းဖြင့် နှင်းသုစံထံမှ ရရှိလာမည့် လေးစား အထင်ကြီးမှုကို ရယူလိုသူဆိုပါက. . .

"ကျွန်တော် လိုက်ထုတ်ပေးပါ့မယ်၊ စိတ်ချလက်ချသာနေ"

အစချီကာ ဘာညာကွိကွနှင့် ရင်းနှီးမှုများ ဖန်တီးလိမ့်မည် ထင်သည်။

ယခုတော့ ထိုသို့မဟုတ်ပါလား။

ဘယ်လိုကြီးပါလိမ့်။

နှင်းသုစံရင်ထဲ မအီမလည်ကြီး ခံစားလိုက်ရသည်။

ထီပေါက်တာလည်း ဝမ်းမသာနိုင်ပါလား။

ဒီငွေတွေ ဘာလုပ်ရမလဲ။

အို. . . ရှုပ်ပါတယ်။ ဒါ နှင်းသုစံအလုပ် မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေတို့ မေမေတို့ပဲ ခေါင်းရှုပ်လိမ့်မည်။ နှင်းသုစံ ခေါင်းရှုပ်မခံနိုင်။ အိတ်ထဲ နှိုက်ကြည့်လိုက်၍ မုန့်ဖိုးမရှိတော့လျှင် အမေရှိလျှင်အမေ၊ အဖေရှိလျှင် အဖေထံမှ လက်ဖြန့်ခံတောင်းလိုက်ရုံသာ ရှိသည်။

"ဒေါ်ကြီး"

"ဟေ"

"ထီကိစ္စ ဘယ်သူမှ လျှောက်မပြောနဲ့နော်"

"ဘာဖြစ်လို့လဲ. . . ဝမ်းသာစရာ သတင်းပဲဟာ"

"အာ. . . တော်ကြာ ထီသည်ကို ဆိုင်ကယ်နဲ့ တိုက်မိတဲ့ကိစ္စတွေ ဖေဖေသိကုန်. . ."

"ဟင်. . . သမီးက ဆိုင်ကယ်နဲ့ ဘယ်တုန်းက တိုက်မိတာလဲ၊ ဒေါ်ကြီးလည်း မသိပါလား"

"ဟိုက်. . . သေလိုက်ပါတော့" ဟု ကိုယ့်နဖူးကိုယ် ပြန်ရိုက်မိရက်သား ဖြစ်သွားသည်။ ကိုယ့်စကားနှင့်ကိုယ် ရှေ့ကဖုံးနောက်က ပေါ်လာသည်။ ဒေါ်ကြီးကို အာပေါက်အောင် ရှင်းပြကာ နှုတ်ပိတ်ပေဦးမည်။

စိတ်မောလိုက်တာ၊ မလုံသော ကိုယ့်ပါးစပ်ကိုယ်သာ အပြစ်ပေးလိုက်ချင်သည်။

"ဒီလို ဒေါ်ကြီးရဲ့" ဟု အစချီကာ ဖြစ်ကြောင်းကုန်စင် ရှင်းရလေတော့သည်။







# အခန်း(၁၁)

ထီပေါက်သောငွေကို ဖေဖေက နှင်းသုစံအမည်နှင့် ဖွင့်ထားသော ဘဏ်စာရင်းစာအုပ်ထဲသို့ လွှဲပြောင်းပြီး ပြန်သွားတဲ့အထိ နှင်းသုစံရင်ထဲမှာ မအေးနိုင်။

ထီသည် ပေါက်ချလာမှာစိုးသည်။

"ဩော်. . . သမီး၊ မင်္ဂလာဒုံ သေနတ်ပစ်ကွင်း သွားရအောင် ဖြင့်ကွာ"

"မနက်ဖြန် ဖေဖေ ပြန်မယ်မဟုတ်လား. . . နားဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



"နားတယ်ဆိုတာ ဘာလဲ၊ လူဆိုတာ သေသွားတော့ ထာဝရ နားနိုင်တာပဲ သမီးရာ၊ လုပ်စမ်းပါ. . . အချိန်ရှိတုန်း ကြိုးစားလိုက်"

နှင်းသုစံ ဘာမှဆင်ခြေမပေးတော့ပဲ ဘောင်းဘီနှင့် ရှပ်အင်္ကျီ ဝင်လဲလိုက်သည်။

"ဘာနဲ့ သွားမလဲ"

"နိုင်လင်းထွန်း ကားနဲ့ လာခေါ်လိမ့်မယ်"

"သူက ကားရှိသလား"

"ရှိတာပေါ့"

"ဖေဖေကော ကားမဝယ်သေးဘူးလား"

"လိုမှ မလိုသေးဘဲ၊ သမီးတစ်ယောက်တည်း သုံးဖို့ ဆိုင်ကယ်ရှိနေတာပဲ၊ ရန်ကုန်ရောက်လာရင် ဘွားဘွားတို့ဆီက ဆွဲဆွဲ၊ ညည်းတီကြီး တီလေးဆီကပဲဆွဲဆွဲ ရနေတာပဲ"

"ဒါလဲ ဟုတ်တာပဲ"

"ကဲ. . . သွားရအောင်၊ နိုင်လင်းထွန်း ရောက်နေပြီ"

ဗိုလ်နိုင်လင်းထွန်း တက်မလာဘဲ ဖေဖေက သိနေပြီ။ ဖေဖေတို့များ မျက်စိ၊ နား အင်မတန် လျင်မြန်သည်။ ဝရန်တာက လှမ်းမြင်လိုက်သလား၊ ထကြည့်တာလည်း မတွေ့ရဘဲ ဘယ်လို သိသလဲ။

"ဗိုလ်နိုင်လင်းထွန်း ရောက်တာ ဖေဖေမြင်လို့လား"

"မြင်မှ သိရမလား သမီး၊ ဖေဖေပြောထားတဲ့အချိန် သူ တိတိကျကျ ရောက်နေရမှာပေါ့၊ ပြီးတော့ ဖေဖေ သူ့ကား စက်သံ ကြားလိုက်ရတယ်"





"ဩော်. . ."

ဖေဖေပြောသည့်အတိုင်းပင် အောက်ရောက်သည်နှင့် ဗိုလ်နိုင်လင်းထွန်းက ကားတံခါးဖွင့်ကာ အဆင်သင့် စောင့်ကြို နေရာမှ ဖေဖေ့ကို မြင်သောအခါ အလေးပြုလိုက်သေးသည်။

"တန်းသွားရအောင်"

ဖေဖေက ဒီတစ်ခွန်းတည်း ပြောလိုက်သည်။

"ရှေ့မှာ လာထိုင်လေ မနှင်းသုစံ"

"အိုက်တယ်. . . အသက်ရှူကျပ်တယ်၊ နောက်မှာပဲ ထိုင်မယ်"

ဆန်နီပစ်ကပ် အမိုးမပါသော ကားဝယ် နှင်းသုစံ နောက်သို့ပင် ခုန်တက်လိုက်သည်။

ဖေဖေကလည်း သမီးအကြောင်းသိနေသဖြင့် မခေါ်ချေ။ ရှေ့ခန်း၌ ကပ်ကပ်သပ်သပ် သုံးယောက်စီးရတာလောက် စိတ်ညစ်စရာကောင်းတာ ရှိနိုင်ပါ့မလား။

သေနတ်ပစ်ကွင်း ရောက်တော့ အမှတ်မထင်သော လူ တစ်ဦးကို တွေ့ရသည်။

ထိသည်။

အံမယ်. . . ကားတစ်စီးကို ကိုယ်တိုင်မောင်းလို့ပါလား။ ဟုတ်နိုင်ပါ့မလား။

မျက်နှာချင်းဆိုင်ကားထဲဖြစ်၍ နှင်းသုစံ ရိပ်ခနဲသာ မျက်နှာတွေ့လိုက်ရပြီး ကားနောက်မြီးကိုသာ တွေ့လိုက်ရသည်။

ကားနံပါတ်ကို မှတ်ထားလိုက်သည်။

သူ့အိမ်ရှင်၏ကားကို လိုက်မောင်းပို့ခြင်း ထင်ပါသည်။

www.burmeseclassic.com



သေနတ်ပစ်တော့ နှင်းသုစံသည် ဖေဖေနှင့်ဗိုလ်နိုင်လင်းထွန်းတို့ စံချိန်ကို မီလေသည်။

ဗိုလ်နိုင်လင်းထွန်းသည် ဖျတ်လတ်ကာ ပါးနပ်သော လက္ခဏာရပ် ရှိလေသည်။ နှင်းသုစံ လျှို့ဝှက်ချက်ထဲမှ ဖူးစာရှင် အရည်အချင်း အချက်အတော်များများနှင့် ပြည့်စုံသူဖြစ်လေသည်။ သို့သော် ခက်သည်က နှင်းသုစံအား ဖေဖေ့အရှိန်အဝါနှင့် အလိုလိုက်နေခြင်းပင်။

နှင်းသုစံကို ခေါ်သည်တောင် တလေးတစား။

'မနှင်းသုစံ' တဲ့။

သွားရော. . . ။

"ဖေဖေ ပြန်သွားပေမယ့် နိုင်လင်းထွန်း ကျန်မယ်၊ သမီးသူနဲ့ ဆက်လေ့ကျင့်ပါ"

"ဟုတ်ကဲ့"

"မင်းကလဲ မင်းညီမကို စောင့်ရှောက်လိုက်ပါ၊ အားမှ ပေါ့ကွာ. . . ကိစ္စတွေ ရှိနေရင်တော့ နေပါစေ"

"စိတ်ချပါ ဗိုလ်မှူး"

ဖေဖေ့ရှေ့မို့ ဘာမှမပြောတော့တာ။ ဒီအရွယ်ရောက်နေပြီ။ အမြီးမပေါက်ဘဲ နေပါ့မလား။ သူ့ရည်းစားအတွက် ပေးစရာရှိသောအချိန်များကို ဖဲ့ပြီး နှင်းသုစံကို ပေးစရာမလိုဘူး။ နှင်းသုစံဘာသာ သွားလာရဲသည်ဟု။

ဗိုလ်နိုင်လင်းထွန်းက ဖျတ်ခနဲ ကြည့်လိုက်သော အကြည့်က ရွှန်းလက်ကာ စူးရှသည်။

တဒင်္ဂလေးပါ။





ထိုတဒင်္ဂအကြည့်လေး၌ စကားပေါင်း ကုဋေကဋာ ပါသွားလေသည်။

နှင်းသုစံ စိတ်ပျက်စွာ ခေါင်းကုတ်လိုက်မိသည်။

အချစ်ဆိုတာ ဘယ်က စတင်ပါလိမ့်။

ရင်ခုန်ခြင်းက စတင်တယ်လို့ အချို့ကလည်း ပြောဖူးသည်။

ယခု ဗိုလ်နိုင်လင်းထွန်း၏အကြည့်က ညှုကလီးယားများသည်။ သို့သော် နှင်းသုစံ ရင်လည်း မခုန်ရပါလား။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

"ဟဲလို. . . နှင်းသုစံပါ"

"ဩော်. . . သမီးလေးလား၊ အန်တီနွယ်ပါ"

အန်တီနွယ် ဟူသောအမည်ကို အပြေးအလွှား စဉ်းစား လိုက်ရသည်၊ သိပြီ။ မောင်မောင်ဇကွဲတို့အမေ။

"ဟုတ်ကဲ့. . . အမိန့်ရှိပါ အန်တီ"

"သန်ဘက်ခါ အန်တီတို့အိမ်မှာ ကထိန်သင်္ကန်းကပ် ရှိတယ်၊ အဲဒါ သမီးလာခဲ့ဖို့ ဖိတ်တာ"

"ဝိုင်းလုပ်ပေးဖို့တော့ နှင်းသုစံ မရဘူးနော် အန်တီ၊ ဘုန်းကြီးပွဲကျွေးစားဖို့တော့ ရတယ်"





နှင်းသုစံ အန်တီနွယ်ကို ကလိလိုက်သည်။ ချွေးမတော် ချင်စိတ် ရှိနေလျှင်လည်း လန့်ဖျပ်သွားအောင် ဖြစ်သည်။

"အား. . . ရပါတယ် သမီးရဲ့၊ ဝိုင်းလုပ်ဖို့ မလိုပါဘူး၊ ဝိုင်းစားဖို့ပဲ လိုတယ်၊ ဆက်ဆက်လာခဲ့နော်၊ ဘုန်းကြီးတွေတော့ အာရုံဆွမ်းကပ်တယ်၊ ပြီးတာနဲ့ ဧည့်သည်တွေ ဆက်သွားမယ်၊ သမီးက ဘုန်းကြီးပွဲကျွေး စားချင်တယ်ဆိုရင်တော့ စောစောလာခဲ့"

"အဲဒါမှ ပြဿနာပဲ အန်တီ၊ နှင်းသုစံ စောစောမထ တတ်ဘူး၊ ဒီလိုလုပ်ပါလား အန်တီ၊ အန်တီ့ကိုတော့ လူကြီးမို့လို့ အားနာပါတယ်၊ ကိုမောင်မောင်ဇကွဲတို့ကို နှင်းသုစံအတွက် ဖယ်ခိုင်းထားပေးပါ၊ သူတို့လည်း မစားနှင့်နဲ့၊ နှင်းသုစံ လာမှ စားလို့နော်၊ နှင်းသုစံ တစ်ယောက်တည်း ပျင်းတယ်၊ ကိုယ့်အစ်ကို တွေနဲ့ ပျော်ပျော်ပါးပါး စားချင်တယ်"

"အေး. . အေး. . လုပ်ပါ၊ သမီးအစ်ကိုတွေလဲ သမီးနဲ့ တွေ့မှပဲ ကျွတ်တော့မှာ၊ လူကြားထဲ ဆွဲသွင်းစမ်းပါ သမီးရာ"

"သိပ်မပူပါနဲ့ အန်တီ၊ နောက်တော့လဲ သူ့ဟာသူ ဖြစ် သွားမှာပါ"

"ဆက်ဆက်လာခဲ့နော် သမီး"

"စိတ်ချပါ အန်တီ၊ နှင်းသုစံက စားကြောဆိုရင် မမေ့ တတ်ပါဘူး၊ ဒါပဲနော် အန်တီ"

"အေး. . . အေး"

တယ်လီဖုန်း ချသွားသည်။ ဘဲလ်သံကြားရ၍ တံခါးကို အပြေးအလွှား ဖွင့်လိုက်ရသည်။ ရှုပါနှင့် လေးလေး။

"အား. . . မိရှုပါ ဘယ်က မျက်စိလည်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သံပန်းတံခါးကိုပါ ဖွင့်ပေးရင်း ဝမ်းသာအားရ ပြောလိုက်သည်။ ရေငတ်တုန်း ရေတွင်းထဲ ကျလေပြီ။ ပျင်းနေတုန်း စကားပြောဖော် ရသဖြင့် ဝမ်းသာမိသည်။

"တမင်လာတာပေါ့ဟဲ့"

"လာ. . ကြွပါ လေးလေး"

လေးလေးက လွယ်အိတ်ကြီးကပိပိ သိက္ခာကြီးတစ်ခွဲသားနှင့် နှုတ်ခမ်းတွန့်ပြုံးကာ ဧည့်ခန်းအတွင်း ကြွမြန်းရစ္စာ ဝင်လာသည်။ ထိုင်စရာနေရာမရှိ။

ကာတွန်းစာအုပ် မဂ္ဂဇင်း စာအုပ်များနှင့် တစ်ချောင်းထိုးရောဂါ ထကာ ဘွားဘွားဆီ၌ သင်ပြီး ထိုးကြည့်နေသော သိုးမွေးချည်များကလည်း တန်းလန်း။

"အဟဲ. . . ခဏနော်"

"ရပါတယ်. . . ကိုယ့်ဘာသာကိုယ် ဖယ်ထိုင်ပါ့မယ်"

လေးလေးက ဦးခန်းရှိ ဆက်တီမှာ ကာတွန်းစာအုပ်များကို ယူကာ ထပ်လိုက်ပြီး စားပွဲပေါ် တင်ပေးလိုက်သည်။

"နှင် ခုထိ ကာတွန်းဖတ်တုန်းလား"

"ဟ. . . ဖတ်ရတာပေါ့။ ကာတွန်းဆိုတာ အသက်ကြီးလေ ပိုဖတ်ရလေပဲ၊ ဒါမှ ရယ်ရပြီး တမင်တင်းထားတဲ့မျက်နှာကြောတွေ လျော့သွားမှာ၊ လေးလေး မဖတ်ဘူးလား"

လေးလေးက ပြုံးရအခက် မဲ့ရအခက်မျက်နှာနှင့်. . .

"မဖတ်ပါဘူး"

"အဲဒါ လေးလေး ညံ့သွားပြီ၊ နှင်းသုစံတို့ကြီးကြီး ဆရာမကြီးဆိုလဲ ကာတွန်း နှင်းသုစံနဲ့အပြိုင် လုဖတ်တုန်းပဲ၊ တရားစာ





လဲ ဖတ်တယ်၊ စိတ်ပျိုတော့ ကိုယ်နုတယ်၊ အသက်အရွယ်နဲ့ မလိုက်အောင် နုဖတ်လန်းဆန်းနေတာပဲ၊ မယုံရင်ဖတ်ကြည့်၊ ရယ်စရာရှိ ရယ်ပစ်လိုက်၊ အသက်ရှည်တယ် နုပျိုတယ်"

"ညည်းက တရားဟောကောင်းသားပဲ. . . ဖတ်ကြည့်သေးတာပေါ့"

"လေးလေးတို့ ဘာစားကြမလဲ၊ အအေးလား အပူလား"

"ဘာမှ မစားပါဘူး၊ လေးလေး အခုပဲ သွားမှာပေါ့၊ ရှုပ့်ကို ထားခဲ့မယ်၊ အပြန်ကျမှ ဝင်ခေါ်မယ်"

"အိုကေ. . . စိတ်ချ၊ မကျိုးမပဲ့စေရဘူး"

"ဘယ်မှ မသွားကြဘူး မဟုတ်လား၊ လေးလေး သုံးနာရီလောက် လာခေါ်မယ်"

ရှုပါက. . .

"ဟုတ်ကဲ့ လေးလေး" ဟု ဆိုလိုက်သော်ငြား နှင်းသုစံက. . .

"ဒါတော့ အာမ,မခံဘူး"

"ဘာဖြစ်လို့လဲ"

"အပြင်သွားမသွားကိုလေ. . စိတ်ကူးပေါက်ရင် ထွက်သွားလိုက်မယ်၊ အဲ. . . သုံးနာရီအရောက် မပြန်နိုင်ရင် အိမ်အထိ ရှုပ့်ကို လိုက်ပို့ပေးမယ်"

"ဒါတော့ မကောင်းဘူး နှင်းသုစံ"

'အလို' ဟု နှင်းသုစံ စိတ်ထဲ မြည်တမ်းရင်း လေးလေးကို မော့ကြည့်လိုက်သည်။

"မိန်းကလေးဆိုတာ စိတ်ကူးပေါက်တိုင်း လျှောက်



www.burmeseclassic.com

www.burmeseclassic.com



မသွားရဘူး၊ ခရီးတစ်ခု သွားတယ်ဆိုတာ ဦးတည်ချက် ရှိရမယ် အချိန်နာရီ သုံးစွဲမှုမှာလည်း ဂရုတစိုက် ရှိရမယ်၊ အချိန်နဲ့ အလု လုပ်ပြီး တိုင်းတာတွက်ဆ ချင့်ချိန်နိုင်ရင် ဘယ်အလုပ်မျိုး လုပ်လုပ် အောင်မြင်ကြီးပွားတတ်တယ်”

“ဟုတ်”

နှင်းသုစံ လက်ခံပါသည်။

လေးလေး လူကြီးဆန်စွာ ဆရာလုပ်ခြင်းကို နှင်းသု ရယ်ချင်သော်လည်း အောင့်အည်းနေလိုက်သည်။ လေးလေး စကားက လက်ခံနိုင်စရာရှိသည်။

“ကိုင်း. . . ဒါဖြင့် လေးလေး သုံးနာရီမှာ လာကြို့မယ် အိမ်မှာ ရှိမယ် မဟုတ်လား”

“ဟုတ်”

နှင်းသုစံက လိမ္မာသော ကလေးပုံစံမျိုးနှင့် ခေါင်းညိတ် ကာ ပြောလိုက်သည်။

လေးလေးမျက်နှာ ပြုံးယောင်သန်းသွားသည်။

“သွားမယ် ရှုပါ၊ လေးလေးသွားမယ်”

“ဟုတ်ကဲ့ လေးလေး”

လေးလေး ထွက်သွားသည်နှင့် တံခါးပိတ်ကာ. . .

“ရှုပါ. . . နင် လွတ်လွတ်လပ်လပ်နေ၊ ငါ ရေချိုးအဝတ် အစား လဲလိုက်ဦးမယ်”

“လုပ်ပါ”

“ပြီးရင် နင်တို့ ဘောက်ထော်ဘက် ငါတို့ သွားရအောင်

“ဘာလုပ်မလို့လဲ”





“ကိစ္စရှိလို့. . . နင့်ကို ပြပြီး မေးစရာရှိနေတယ်”

“ထူးထူးဆန်းဆန်း”

ထိုသည်တို့အိမ်နှင့် ရှုပါတို့အိမ် တစ်လမ်းကျော်၌ ရှိ ခြင်း ရှုပါသည် ထိုသည်တို့အိမ်ရှင်အကြောင်း သိနိုင်သည်။

ဘာဖြစ်လို့ ထိုသည်အကြောင်းကို စိတ်ဝင်စားမိပါလိမ့်။

စိတ်ဝင်စားစရာကောင်း၍ စိတ်ဝင်စားခြင်းသည် နှင်း သုစံ အလွန်မဟုတ်ဟု ထင်ပါသည်။ ငွေနှစ်သိန်းကို မယူရ သာက်အောင် ဒင်းက ရိုးသားပြခြင်းသည် သွေးရိုးသားရိုးမှ ဟုတ်ပါလေစ။

တစ်လနီးပါး ရှိလာသည့်တိုင်အောင် နှင်းသုစံ ထိုသည် ဆီမံရောက်မလာခြင်းက ပို၍ထူးဆန်းနေသည်။

နှင်းသုစံ၏ပိုင်ဆိုင်မှုများက ငွေနှစ်သိန်းထက် များစွာ သာလွန်၍ ငွေနှစ်သိန်းကို ငါးစာချခြင်းများလား ဟူသော အတွေးတို့သည် ပျောက်ကွယ်သွားသည်။

ရှုပါကိုတော့ ထိုသည်အကြောင်း လုံးဝပြောမပြပါ။ ထိုသည်မှီခိုရာ အိမ်ရှင်အကြောင်း သိချင်လာသည်။ ဂိတ်စောင့် လေးကြီးကို မေးလျှင်လည်း ရနိုင်တာပဲ။

ဘာပဲဖြစ်ဖြစ် ရှုပါ ပါတော့ အဖော်ရသည်ပေါ့။ တစ်ခါ တစ်ရံ တစ်ယောက်တည်း သွားရတာထက် အဖော်ပါက ပို၍ ကောင်းတတ်သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

"အဲဒီအိမ် နင်သိသလား"

"ဟင့်အင်း"

"သေဟဲ့ နန္ဒိယ"

နှင်းသုစံ ကိုယ့်နဖူးကိုယ် ပြန်မရိုက်မိအောင် ထိန်းချုပ်လိုက်ရသည်။ ဆိုင်ကယ်ကို ဖြည်းဖြည်းမောင်းရင်း. . .

"တစ်ရပ်ကွက်ထဲတောင် နင်က မသိဘူးလား၊ အ,လိုက်တာ လွန်ရော"

"ဟဲ့. . . လေးလေးက ဟိုဒီသွားတာမှ မကြိုက်တာ





သွားချင်ရင် သူကိုယ်တိုင် လိုက်ပို့ပေးတာပဲဟာ၊ နင်သိချင်ရင် သူ့ကို သွားမေးပေါ့"

"မမေးချင်ပါဘူး. . . ငါ ယောကျ်ားတွေနဲ့ စပ်စပ်ယှက်ယှက် လုပ်တာ ဝါသနာမပါဘူး"

ထိသည်စကားကို သတိရကာ သံယောင်လိုက် ပြောလိုက်သည်။

"ဒါဖြင့် လေးလေးကို မေးကြည့်ပေးမယ်"

"နေပါစေတော့. . . ငါ့နည်းငါ့ဟန်နဲ့ စုံစမ်းမယ်"

"နေပါဦး. . . နင် ဘာဖြစ်လို့ ဒီလောက်တောင် အလျင်စလို သိချင်ရတာလဲ"

"ငါ့အကြောင်းနဲ့ ငါပါဟာ"

"နင့်ဘဲနဲ့ ဒီအိမ်နဲ့ ပတ်သက်နေလို့လား"

"ထပ်သရီး. . . ဘယ်က ဘဲရမှာလဲ၊ ယူချင်ရင် အပြတ်ယူလိုက်မယ်၊ ဘဲထားဖို့ ဝါသနာမပါဘူး၊ ယူချင်ရင် တစ်ခါတည်း အပြတ်ယူလိုက်မယ်"

"မလုပ်လိုက်ပါနဲ့. . . အပြတ်ကြီးတော့ မယူပါနဲ့နော်၊ နင် ရထားတဲ့ ဖိုက်ဒီလေး နှမြောစရာကြီး"

နှင်းသုစံ သက်တူရွယ်တူများနှင့် လွတ်လွတ်လပ်လပ် သွားလာနေပြန်တော့လည်း ကြိတ်၍စီမံထားသော လျှို့ဝှက်ချက်များကို ပယ်ဖျက်ရတော့မလိုလို ဖြစ်သွားသည်။

ရှိပါစေတော့။ လျှို့ဝှက်ချက်ကိုတော့ မစွန့်နိုင်ပါ။ နှစ်တိုစီမံကိန်းမှ မဟုတ်လေဘဲ။ နှစ်ရှည်စီမံကိန်းလည်း ဖြစ်သွားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာဆိုတာ ဖန်တီးယူ၍မရသကဲ့သို့ ဖူးစာရှင်ဆိုတာလည်း နဖူးမှာ စာကပ်ထားသည်မှ မဟုတ်ဘဲ။

"တီ. . . တီ"

"ဟော. . . အဲဒီကား"

ကားတွင်း လှမ်းကြည့်လိုက်သော်လည်း ကားထဲ၌ အသက်ငါးဆယ်ကျော် ယောက်ျားကြီးနှင့် မိန်းမကြီးသာ တွေ့လိုက်ရသည်။ ထီသည် မပါ။

ယောက်ျားကြီးက ကားမောင်းသွားသည်။ မိန်းမကြီးက ဘေးမှ ပြုံးပြုံးကြီး ထိုင်လျက်ရှိသည်။ ထိုမိန်းမကြီးကို မြင်ဖူးသလိုလို ရှိ၍ နှင်းသုစံ သမင်လည်ပြန် ကြည့်မိသည်။

"သူတို့ပေါ့"

"ဟုတ်လား. . . ငါမမြင်ဖူးပါဘူး"

"ငါ လိပ်စာမှတ်ခဲ့တယ်၊ နှင့်လေးလေးကို မသိမသာ စုံစမ်းကြည့်၊ ထူးခြားရင် ငါ့ဆီ ဖုန်းဆက်နော်"

"အေးပါ. . . နင်က ဖြစ်လိုက်ရင် အသည်းအသန်ပဲ၊ ဘယ်လိုပတ်သက်လို့လဲ"

"ဘယ်လိုမှ မပတ်သက်ပါဘူး၊ ငါသိချင်တာလေး ရှိလို့ပါ"

"စသုံးလုံးမှာ သွားစုံစမ်းခိုင်းပါလား"

"အသိရှိရင် ခိုင်းချင်တာပေါ့၊ ကဲပါ. . . နင်ဘယ်သွားချင်သေးလဲ၊ ငါဘယ်ပို့ပေးရမလဲ"

"စကော့ဈေး သွားချင်တယ်"

"ဘာလုပ်ဖို့လဲ"





"အန်ဒါစကတ် ဝယ်ချင်လို့"

"နှင့်ဦးလေး လိုက်မပို့ဘူးလား"

"ပို့တယ်. . . ဈေးဝယ်လည်း တကောက်ကောက်နဲ့၊ စကတ်တို့ ဘော်လီတို့ ဝယ်ခါနီးကျရင် စိတ်ပိန်တယ်"

"တူ့တူမတွေတောင် ဒီလောက် ချုပ်ချယ်နေရင် မိန်းမရှင် ပိုဆိုးမယ်ထင်တယ်"

"မပြောတတ်ဘူးလေ"

နှင်းသုစံ ဆိုင်ကယ်ကို အရှိန်မြှင့်လိုက်သဖြင့် စကားစပြတ်သွားသည်။ သို့သော် ကားရှုပ်သောနေရာ အရှိန်လျှော့လိုက်သည်နှင့်. . .

"မိန်းမရရင် လေးလေးက အရမ်းအလိုလိုက်လိမ့်မယ်"

"ဘာဖြစ်လို့လဲ"

"သူစိတ်ဝင်စားနေတဲ့မိန်းမက အရမ်းအသက်ငယ်တော့ အလိုလိုက်ရမှာပေါ့"

"တယ်ဟုတ်ပါလား. . . နှင့်လေးလေးက ဒီလိုဆိုတော့ ဘယ်ဆိုးလို့လဲ"

"ဘယ်တော့လဲ"

"အဲဒါ နှင့်အပေါ် မူတည်တယ်"

"ဘာ. . ."

"ဟုတ်တယ်လေ. . . လေးလေးက နှင့်ကို အရမ်းစိတ်ဝင်စားပြီး နှင့်အကြောင်းတွေ မေးနေလို့ပဲ"

"အဟတ်. . ဟတ်. . ဟား"

နှင်းသုစံ သဘောကျ ရယ်မောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်လေးလေးတော့ ပြောင်ချင်ပြီထင်တယ်"

"ဘာပြောင်မှာလဲ"

"ခေါင်းမွေးလေဟာ . . ငါ့လိုလူကို ယူရင် သူ ဦးနှောက်စားပြီး ခေါင်းပြောင်သွားမှာပေါ့၊ ဒါကို ပြောတာ"

"ငါ့လေးလေးက သဘောကောင်းပါတယ်ဟ"

"သဘောကောင်းတာ ဘာလုပ်ရမှာလဲ၊ အရည်ကျို သောက်ရမှာလား"

နှင်းသုစံ ပြောင်ချော်ချော် ပြောလိုက်သည်။

လေးလေးသည် အလိုအလျောက် နှင်းသုစံ စာရင်းမှ ပယ်ဖျက်ပြီးဖြစ်နေကြောင်းကိုတော့ ကိုယ့်ကိုယ်ကိုသာလျှင် သိသည်။

ဆိုင်ကယ်ကို မြန်မြန်မောင်းခြင်းဖြင့် စကားကို ဖြတ်လိုက်သည်။ ရှုပါက နှင်းသုစံခါးကို တအားဖက်ကာ အော်ပြောသည်။

"ဖြည်းဖြည်းမောင်းပါဟ"

"ကြောက်လို့လား"

"အေး . . ."

ရှုပါကို သနားသဖြင့် အရှိန်အနည်းငယ် လျှော့လိုက်သည်။ ဗိုလ်ချုပ်ဈေးသို့ ရောက်တော့ . . .

"ဟိုပတ်ဒီပတ် မလုပ်နဲ့နော်၊ တစ်ခါတည်း အတွင်းပစ္စည်းတွေ ရောင်းတဲ့ဆိုင်ကို တန်းသွားပြီး လိုအပ်တာအကုန်ဝယ်"

"အတွင်းပစ္စည်း"





"နင်ကလဲ ဒုံးဝေးလိုက်တာ၊ အင်္ကျီလုံချည်ကလွဲပြီး အတွင်းမှာ လူမမြင်အပ်တဲ့အရာတွေ ဖုံးဖိတဲ့ အသုံးအဆောင်မှန်သမျှ အတွင်းပစ္စည်းပေါ့ဟဲ့"

"သြော် . . ဟော် . . ဟော် . . နင်ကတော့လေ၊ ကြဲကြဲဖန်ဖန် ပြောတတ်တယ်၊ လက်ဝတ်လက်စားကို အတွင်းပစ္စည်းလို့ ခေါ်ကြတာဆိုတော့ ငါနားရှုပ်သွားတာပေါ့"

"လက်ဝတ်လက်စားကမှ လူခန္ဓာကိုယ်မှာ သူများ မမြင်မြင်အောင် ပြထားတာဆိုတော့ အပြင်ပစ္စည်း အပြခံပစ္စည်းပေါ့၊ မဟုတ်ဘူးလား"

"နင်ကတော့ ပြောတော့မယ်"

"ဟုတ်တာ ပြောတာပဲ၊ သွားကွာ . . . မြန်မြန်၊ ငါက ဈေးဝယ်ထွက်တာလောက် စိတ်မရှည်တာ မရှိဘူး"

"ဈေးဝယ်တာ စိတ်ရှည်ရတယ်၊ မရှည်ရင် ဈေးကြီးမိသွားမှာပေါ့၊ ဗိုလ်ချုပ်ဈေးက သိတဲ့အတိုင်း ဈေးက နှစ်ဆလောက် တင်ထားတာ၊ ဈေးမသိတဲ့သူတွေဆိုရင် အချဉ်ဖမ်းတော့တာပဲ၊ ဈေးသိမှ ဆစ်လို့ ဈေးမှန်ရမှာ"

"ဒါဖြင့်လဲ လေဘာကပ်ထားတဲ့ စတိုးဆိုင်တွေမှာ တစ်ခါတည်း တန်းဝယ်လိုက်ရင် အေးတာပဲ"

"ဘယ်အေးမလဲ . . . စတိုးဆိုင်တွေနဲ့ ဗိုလ်ချုပ်ဈေးနဲ့က အနည်းဆုံး ထစ်ရာမှာ ငါးကျပ်တစ်ဆယ်လောက်တော့ ကွာတယ်ဟ၊ စတိုးဆိုင်မှာ ဈေးသိပြီးရင် ဗိုလ်ချုပ်ဈေးမှာ ဖမ်းဆစ်လိုက်ရုံပဲ၊ ဒီတော့ ဈေးမှန်ရတာပေါ့"

"ဈေးဝယ်တာလဲ ပညာနဲ့ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ . . နေရာတကာမှာ ပညာပါတာပဲ၊ မီးဖိုချောင်လဲ မီးဖိုချောင်မှာ ပညာရှိတာပဲ၊ မိန်းမတွေကို အထင်သေးလို့ မရဘူး၊ လေးလေးဆို အမြဲပြောတယ်၊ အိမ်ရှင်မ တန်ဖိုးဟာ မသေးဘူးတဲ့"

"ဒါနဲ့မှား နင့်လေးလေးက မိန်းမ,မယူဘဲ နေရတယ်လို့"

"ဒါလဲ ငါက မေးပါတယ်"

"ဘာဖြစ်လို့တဲ့လဲ"

"အိမ်ထောင်ရေးရဲ့အရင်းခံဖြစ်တဲ့ မေတ္တာစစ် မေတ္တာမှန်နဲ့ ချစ်ရမယ့်သူ မတွေ့သေးလို့တဲ့လေ၊ အဟင်း. . . ခုမှပဲ တွေ့နေပုံရတယ်"

ရူပါက စပ်ဖြီးဖြီးနှင့် လှမ်းကြည့်လိုက်သောအခါ. . .

"ငါ့ဘက် မြားဦးလှည့်မလာနဲ့နော်၊ နင့်လေးလေးက ငါ့လေးလေးပဲ၊ အပိုတွေ လုပ်မလာနဲ့၊ ငါ့အကြောင်း သိတယ်မဟုတ်လား"

"နင်ကလဲဟာ"

ရူပါ လိုချင်သော အတွင်းပစ္စည်းဆိုင်နား ရောက်မှ စကားစ ဖြတ်လိုက်ရသည်။

လေးလေးသည် မိမိထက် ဆယ့်ငါးနှစ် ကြီးနေခြင်းက ပင်လျှင် နှင်းသုစံအတွက် ရင်ခုန်သံစဉ် ဖြစ်ထွန်းမလာခြင်း ထင်ပါသည်။







# အခန်း(၁၄)

သေချင်စော် နံရော။

မောင်မောင်ဇကွဲတို့အိမ်ကို ရှာရသည်မှာ မလွယ်။

ဝင်ဒါမီယာအတွင်း ခြံဝန်းတွေကလည်း အကျယ်ကြီး၊ ဓာတ်ဆီကတော့ ကုန်ပါပြီ။

တွေ့ပြီ. . . နောက်ဆုံးပေါ်ကားများ ပြိုင်ပွဲဝင်နေသည့် အလား အစီအရီ ရပ်ထားသော ခြံဝန်းအတွင်း စွတ်ဝင်လိုက်သည်။

"မှားပြီ" ဆိုတာကို အိမ်တံခါးဝ ရောက်သွားချိန်၌ သိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။

သို့သော်. . .

"လာ. . ထိုင်. . ညီမလေး၊ ငယ်လေး သူငယ်ချင်းထင်တယ်၊ ငယ်လေးကို သွားခေါ်ပေးမယ်နော်"

ရုပ်ပါ ဖြူးလှချည်လား၊ အသားဖြူသော်လည်း ယောက်ျားပီသသော ရုပ်ရည်နှင့်ခန္ဓာ ရှိသည်။ အပြုံးက တည်ငြိမ်ကာ ဇည့်သည်တွေကို မကြောင်စေရ။

"နေဦး. . . ဒါ ဦးမောင်မောင်တို့အိမ် မဟုတ်ဘူးလား"

"ဪ. . . ညီမလေး အိမ်မှားဝင်လာတာ ထင်တယ်၊ ဦးမောင်မောင်က ဒီအိမ်က သုံးခြံကျော်မှာ ရှိတယ်၊ ဒါပေမယ့် မှားဝင်လာခိုက် တစ်ခုခု သုံးဆောင်ပြီးမှ သွားပါ၊ ညီမလေး 'မင်း' အတွက် ဒါနမြောက်သွားအောင်ပါ"

"ဆောရီး အစ်ကို၊ နှင်းသုစံ ဟိုအိမ်ရောက်ရင် မစားနိုင်ဘဲနေမှာစိုးလို့ပါ. . . ကျေးဇူးတင်ပါတယ်"

"ဝမ်းနည်းစရာတွေ ဖြစ်ကုန်ပြီပေါ့ ညီမရယ်၊ လာပါ. . ခဏလေး ထိုင်ပါဦး၊ ညီမလေး အံ့သြသွားစရာတစ်ခု ပြချင်လို့ပါ။ အငယ်လေးရေ. . . မေမေတို့ ခဏခေါ်ခဲ့ပါ"

ယခုမှ တကယ်ကို ချောက်ကျသည်။ နှင်းသုစံ မအူမလည်နှင့် လူချောကြီး ထိုင်ခိုင်းသောစားပွဲတွင် ထိုင်နေလိုက်ရသည်။ လူချောကြီးကလည်း နှင်းသုစံ ပျောက်သွားမှာကို အင်မတန် စိုးကြောက်နေသည့်အလား အနားမှ မခွာတမ်း ရပ်နေသည်။

"ဘာတွေလဲ. . . နှင်းသုစံ ဘာမှနားမလည်တော့ဘူး"





"ညီမလေးနာမည်က နှင်းသုစံတဲ့လား"

"ဟုတ်"

"အစ်ကို နာမည်က ဇွဲတဲ့၊ ဒါ ကိုယ့်ညီမအငယ်ဆုံးသင်း၊ အငယ်လေးလို့လဲ ခေါ်တယ်"

အနားရောက်လာသော နှင်းသုစံနှင့် ရွယ်တူမိန်းကလေးနှင့် မိတ်ဆက်ပေးသည်။ ချစ်စရာလေး။

"ဟယ်. . . မမမင်းနဲ့ တူလိုက်တာနော် ကိုကိုကြီး"

"ဟုတ်တယ်. . . ဆံပင်သာ ရှည်လိုက်၊ မှဲ့ကလေး ပါလိုက်ရင် 'မင်း' ပဲ၊ မာတ်ပုံသွားယူခဲ့စမ်း ငယ်လေး"

"ဟုတ်ကဲ့"

"သား. . အို. . 'မင်း' နဲ့ တူလိုက်တာနော်"

အပါးရောက်လာသော မိန်းမကြီးကပါ နှင်းသုစံဘေးထိုင်ကာ မျက်ရည်စမ်းစမ်းနှင့် မိမိလက်ဖျားကလေး ဆွဲယူကိုင်ကြည့်လာသောအခါ နှင်းသုစံ မနေတတ် မထိုင်တတ် ဖြစ်လာသည်။

စိတ်ကျဉ်းကျပ်လိုက်တာနော်။

မာတ်ပုံယူလာပြသောအခါ. . .

လှပယဉ်ကျေးသော မိန်းမလှတစ်ဦးကို တွေ့လိုက်ရသည်။ ပါး၌ စံပယ်တင်မှဲ့လေး ပါနေသည်။ ဆံပင်ရှည်ကြီးကို ကျစ်ဆံမြီးတစ်ချောင်းတည်း ကျစ်ကာ ရှေ့၌ မခို့တရို့ ချထားသည်။ မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်းနှစ်လွှာ တည်ဆောက်ပုံတို့မှာ နှင်းသုစံနှင့် ချွတ်စွပ်။

လောကကြီး၌ နာမည်တူမရှား လူတူမရှား ဆိုသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



တယ်မှန်ပါလား။

"သမီးလေးနာမည်က"

"နှင်းသုစံ"

"ဘယ်သူ့သမီးလဲ"

"ဒုဗိုလ်မှူးကြီး ဦးသုတ၊ ဒေါ်စန္ဒာအောင်သမီးပါ"

"ညီအစ်ကို မောင်နှမတွေ ရှိသေးလား"

"တစ်ဦးတည်းသောသမီးပါ"

"အန်တီ့နာမည်က ဒေါ်သစ္စာပါ၊ 'မင်း' ဟာ အန်တီ့[illegible] ဒုတိယသမီးပါ၊ သားကြီးဇွဲ အောက်ကပေါ့၊ ဆယ်တန်းဖြေအပြီး[illegible] ပုသိမ်က ကြီးဒေါ်တွေဆီ သွားအလည်မှာ သင်္ဘောမှောက်[illegible] ရေနစ်သေသွားခဲ့တယ်လေ၊ ဒီနေ့. . ဒီနေ့ဟာ"

အမျိုးသမီးကြီး စကားမဆက်နိုင်တော့။ မျက်ရည်စ[illegible] စမ်းနှင့် ကြေကွဲမှုနိဒါန်း ကျူးရင့်နေလေပြီ။

ဇွဲဆိုသော လူချောကြီးက. . .

"ဟုတ်တယ်. . . ဒီနေ့က 'မင်း' ကွယ်လွန်တာ ခုနစ်[illegible] မြောက်လေ၊ သူ့အတွက် ဆွမ်းကျွေးသက်သက်ပဲ"

"ဪ. . ."

"ဒါကြောင့် ညီမလေး 'မင်း' အတွက် ဒါနမြောက်သွ[illegible] အောင် ဒီက ညီမလေးနှင်းက စားသွားပါဦးလို့ အစ်ကိုတောင်း[illegible] ပါတယ်"

"ဟုတ်တယ်. . . စားပါနော် မမနှင်း"

နှင်းသုစံ ကြက်သီးထသွားသည်။ 'မင်း' ဆိုသူ၏ဝိညာ[illegible] များ ဖြတ်သန်းသွားလေရော့လား။





'မင်း' တဲ့၊ 'သင်း' တဲ့။ ဒီကြားထဲ မိမိကို 'နှင်း' ဟု [illegible]တ်နေကြသည်။ အားလုံးက ဝိုင်းဝန်း၍ ဂရုတစိုက် ဧည့်ခံနေ[illegible]ာအခါ နှင်းသုစံ နေထိုင်ရခက်သွားသည်။

နေရပ်လိပ်စာတွေဘာတွေ မေး၍ မညာတတ်သော [illegible]ာလည်း အမှန်အတိုင်းပင် ပေးမိသည်။

"နောက်လဲ လာလည်နော် သမီး၊ သားကြီး လိုက်ပို့လိုက် [illegible]"

ထမင်းစားလျှင် အဝစားတတ်သော နှင်းသုစံမှာ မောင် [illegible]င်ဇကွဲတို့အိမ် ရောက်လျှင် မစားနိုင်မှာစိုးသဖြင့် အနည်းငယ် [illegible]သုရှင်များ ကျေနပ်ရုံ စားလိုက်ရသည်။ ပြီးပြန်တော့လည်း [illegible]င်းပင် လိုက်ပို့ခိုင်းနေသဖြင့်. . .

"နေပါစေ အန်တီ၊ နှင်းသုစံ သွားတတ်တယ်"

"ဘယ်ဟုတ်မလဲကွယ်"

"ရပါတယ်. . . နှင်းသုစံ ဆိုင်ကယ်နဲ့ သွားမှာပဲ၊ ဒီက [illegible]တို့ အလကား အချိန်ကုန်ပါတယ်၊ ဧည့်ခံစရာရှိတာ ခံပါ၊ [illegible]ယ်နော်. . . အားလုံးပဲ သွားပါဦးမယ်"

"ကျေးဇူးပဲ သမီးရယ်၊ ဒီနေ့ဟာ အန်တီတို့ တစ်အိမ်လုံး [illegible]တ် မင်္ဂလာပါပဲ၊ သေသောသူ ပြန်ရှင်လာသလိုပဲ ခံစားရ [illegible]ယ်"

နှင်းသုစံသည် အပြုံးနှင့် စကားစ ဖြတ်ကာ မနည်းရုန်း [illegible]ခဲ့ရသည်။

မောင်မောင်ဇကွဲတို့အိမ် ရောက်တော့ ထုံးစံအတိုင်း [illegible]တီနွယ်၏အသံကို စီလောင်စွာ ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှင်းသုစံ လာပြီဟေ့၊ ကိုကြီး ကိုလတ် ကိုငယ် ဘယ် အားသလဲ. . . လာကြဦး၊ မင်းတို့ညီမလေးကို နေရာချပေး ပါဦးကွယ်"

နှင်းသုစံကို လန့်ကြပုံရသည်။ တစ်ယောက်မှ မလာ။

အန်တီနွယ်သာ နေရာချထားပေးရင်း သူ့သားများ မျက်လုံးဖြင့် ရှာဖွေနေသည်။

"နေ. . နေ. . အန်တီနွယ်၊ နှင်းသုစံ အလျှုတစ် စားလာလို့ မဆာသေးဘူး၊ ဝိုင်းလုပ်ပေးမယ်"

နှင်းသုစံ ဘယ်တော့မှ လူမကြောက်တတ်။ ချက်ချင်း အန်တီနွယ် ညီမများ၊ တူမများနှင့် ခင်မင်သွားကာ ဝိုင်း၍ ထိုး လုပ်လိုက်သည်။ မောင်မောင်ဇကွဲတို့ကို ကြိုကြားကြို မြင်ရသည်မှအပ မိမိအနားသို့ ရောက်မလာချေ။

ကွယ်ရာမှသာ ခိုးကြောင်ခိုးဝှက် ကြည့်နေတတ်သ ဆယ့်နှစ်နာရီ ကျော်၍ ညေ့သည်ပါးသွားချိန်တွင်. . .

"ကိုင်း. . . တို့မိသားစုဝိုင်း ပြင်ဟေ့၊ ကိုလတ် ကို ကိုငယ်ကို သွားခေါ်၊ မေမေတို့နဲ့ အတူတူ လာစားရမယ်

အန်တီနွယ်၏တစ်ချက်လွှတ်အမိန့်ကြောင့် မော မောင်ဇကွဲအလတ်က နှင်းသုစံအား လှမ်းကြည့်လိုက်ရာ. .

နှင်းသုစံက အောင်နိုင်သောအပြုံးတစ်ခုကို တ ဖန်တီးကာ ပြုံးပြလိုက်သည်။ မျက်နှာရဲခနဲ ဖြစ်သွားသည်

"ဟတ်. . . ဟား"

နှင်းသုစံ အော်ရယ်ပစ်လိုက်ချင်သည်။





"နေဦး ကိုလတ်၊ နှင်းသုစံပါ လိုက်ခေါ်ပေးမယ်"

မောင်မောင်ဇကွဲ အလတ်မှာ ဆက်သွားရအခက် ရပ် ခေါ်ရအခက်ဖြစ်ကာ ခြေလှမ်းတုံ့သွားသည်။ နှင်းသုစံကသာ ကိုလတ်အနား ရောက်သွားသည်။

"ကိုလတ်တို့က နှင်းသုစံကို ဘာလို့ ကြောက်နေရတာ သဲ၊ ညီမ မတော်ချင်ဘူးလား"

"တော်ချင်ပါတယ်"

ကိုလတ်က ဖြေလိုက်သည်။

"တော်ချင်ရင် နှင်းသုစံကို မရှောင်နေနဲ့၊ ခိုးကြောင် ခိုးဝှက် ကြည့်တာဟာ မရိုးသားရာရောက်တယ် သိလား၊ ရိုးသား နှင့် ကိုယ့်ညီမလေးပဲဟာ ရဲရဲတင်းတင်း ဆက်ဆံပေါ့နော်. . . ကိုလတ်"

"အင်း. . . ငါတို့က နင့်ကို လန့်လို့"

"မလန့်ပါနဲ့. . . နှင်းသုစံက ကိုက်မစားတတ်ပါဘူး၊ ခင်ပဲ ခင်တတ်တယ်"

"ငါတို့ကလည်း ညီမ,မရှိတော့ နင့်ကို ခင်ပါတယ်"

"ဟော. . . ကိုကြီး၊ ဘာလို့ စားပွဲခင်းတွေ လိုက်ခေါက် နေတာလဲ၊ လာ. . ထမင်းစားမယ်"

ကိုကြီးက ရှုတ်တရက် မျက်လုံးဝိုင်းနှင့် ကြည့်လိုက် သည်။ မျက်မှန်အောက်မှ မျက်လုံးအစုံက အံ့အားသင့်သ ယောင်ယောင်။

"မဆာသေးဘူး"

"အို. . . မဆာလို့ ဘယ်ရမလဲ၊ ဒီလောက် ညည့်ခံလုပ်



www.burmeseclassic.com

www.burmeseclassic.com



ရှားနေရတာ မဆာလို့မဖြစ်ဘူး၊ ကိုယ်ကော. . လာ. . ထမင်းစားမယ်"

ခေါက်ကုလားထိုင်များကို လိုက်ခေါက်နေသော ကိုယ်မှာ မိမိအား လှမ်းကြည့်လိုက်သည်။

"မေမေ ခေါ်ခိုင်းလိုက်တာ ကိုယ်၊ နှင်းသုစံလဲ ဆာနေမှာပေါ့. . . လာ"

ကိုလတ်ကပါ ဝင်ပြောလိုက်သည်။

"အင်း"

ထိုအခါကျမှ ကိုကြီးရော ကိုယ်ပါ မငြင်းဆန်နိုင်ပဲ နှင်းသုစံ နောက်မှ ကုတ်ချောင်းချောင်းနှင့် ပါလာသည်။

"နှင်းသုစံမှာ ညီအစ်ကို မောင်နှမအရင်း မရှိတော့ အစ်ကိုအရွယ် မောင်အရွယ်တွေ တွေ့ရင် အရမ်းခင်တတ်တာ စတတ်နောက်တတ်တာတော့ နှင်းသုစံရဲ့ဗီဇနော်၊ မကြောက်နဲ့ သိလား"

"အင်း"

ရယ်စရာတော့ ကောင်းနေပြီ၊ လောကကြီး ပြောင်းပြန်၊ နှင်းသုစံ အပြော၌ ခေါင်းကလေးများ ညိတ်ကာ စိတ်သက်သာရာ ရသွားကြသည့်ဟန်။ သို့သော် မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်နေကြသေးသည့်အလား ရှိသည်။ ဘယ်အချိန်၌ ဗွေဖောက်ပြီး သူတို့အား ချွတ်လေမလဲဟု. . .။

"ကိုယ်"

"အင်း"

"အချိုပွဲတွေ နှင်းသုစံ သိမ်းခိုင်းထားတာ သိမ်းထားသလား"

"သိမ်းထားပါတယ်"

"လိမ္မာသားပဲ"

အန်တီနွယ်က ဘာမှဝင်မပြောဘဲ ပြုံးပြုံး,ပြုံးပြုံးနှင့် ကျေနပ်နေလေသည်။

"ကိုလတ်. . . နှင်းသုစံကို အချဉ်နည်းနည်းထည့်ပေးပါဦး"

"ဩော်. . ရော့. . ညီမလေး မမီဘူးလား"

"မှီသားပဲ. . . ကိုယ့်အစ်ကို ခပ်ထည့်ပေးတာ ခံချင်လို့" မှတ်ထား။

ထိုအခါ ကိုလတ်က အချဉ်ခပ်ထည့်ပေးသလို. . .

ကိုကြီးကလည်း ငပိကြော်ကို ဇွန်းလေးနှင့် ခပ်လျက်

"ထည့်မလား ညီမလေး"

"ဟုတ်"

"ဆိတ်ကလီစာ ထည့်မယ်နော် နှင်းသုစံ"

"ဟုတ်"

ထမင်းဝိုင်းလေး စိုပြည်သွားသည်။

အန်တီနွယ် အသံဝေဆာခြင်းထက် မောင်မောင်ဇကွဲတို့အသံပါ နှင်းသုစံနှင့် အပြန်အလှန် ပြောရင်း မြိုင်လာသည်။

"ဒန်ပေါက်က အရမ်းကောင်းတာပဲ"

"ကြက်လျှာစွန်းပဲလေ"

"အော်ဒါမှာတာပေါ့"

"ဟုတ်တယ်. . ပွဲတစ်ရာ လေးထောင်တန် စပါယ်ရှယ်







www.burmeseclassic.com

www.burmeseclassic.com



မှာယူရတာ"

"ဒါကြောင့် အရမ်းကောင်းတာကိုး"

"တော်ရုံတန်ရုံ စပါယ်ရှယ်ပွဲကို မချက်ပေးဘူး၊ ခုဟာ အန်တီနွယ်မောင်နဲ့ ရင်းနှီးလို့ မှာယူရတာ"

"နှင်းသုစံ မွေးနေ့လုပ်ရင်လည်း အန်တီနွယ်ကိုပဲ အပူ ကပ်ရမယ်၊ အဲ. . . လူကြီးဆိုတော့ အားနာတယ်၊ ကိုကိုတို့ပဲ ဝိုင်းလုပ်ပေးရမယ်နော်"

"အင်း"

ထိုအင်းသည် တစ်ပြိုင်နက် ထွက်လာသည်။

မောင်မောင်ဇကွဲတို့ အသက်ဝင်လာပြီဟု နှင်းသုစံ ယူဆလိုက်သည်။ မည်သို့ပင်ဆိုစေကာမူ ယနေ့သည် နှင်းသုစံ အတွက် အမျိုးတိုးသောနေ့ဟု ဆိုရပေမည်။

ဒေါ်သစ္စာကို သတိရလိုက်သည်။ မြင်ဖူးသလိုလို ရှိ သည်။ ဘယ်မှာ မြင်ဖူးပါလိမ့်။ အာရုံတွေ ထွေပြားများပြားလွန်း လှ၍ ထင်သည်။ နှင်းသုစံ မှတ်ဉာဏ်ချွတ်ယွင်းနေပြီထင့်။

ဒေါ်သစ္စာကို မြင်ဖူးသော်လည်း ဘယ်နေရာ ဘယ် ကာလ၌ မြင်ဖူးမှန်း မမှတ်မိတော့ချေ။







# အခန်း(၁၅)

"ဟော"

"ဟဲ့. . . ဘယ်လိုဖြစ်တာလဲ"

ရှုပါအား လက်ဆွဲ၍ တအားလိုက်သည်။ သို့သော် မမှီ ကတော့ချေ။ မီးပွိုင့်စိမ်းသွားပြီ။

နှင်းသုစံလည်း ရပ်တန့်လိုက်သည်။ လူကြားထဲတွင် သူ့ မိန်းသည် တဖြည်းဖြည်း ပျောက်ကွယ်သွားလေသည်။

"နာတယ်ကွာ"

"ဘာနာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လွတ်သွားတာကို ပြောတာ"

"ဘာလွတ်သွားတာလဲ. . . နင့်ရည်းစားလား"

"ထပ်သရီး. . . ထိသည်"

"ထိသည်နောက်များ ဒီလောက်လိုက်ရသလား။ စရာဆိုင်တွေ ပြည့်လို့"

အကြောင်းမသိသဖြင့် ရှုပါက ပြောလိုက်သည်။

"နင် မသိပါဘူး"

နောက်ကြောင်းပြန်လှည့်ခဲ့ကြသည်။

တအုံနွေးနွေးနှင့် ဖြစ်ကျန်ရစ်ခဲ့သည်။

ဂျင်းဘောင်းဘီနှင့် တီရှပ်တစ်ထည် ဝတ်ထားပြီး ကာမျက်မှန်တစ်လက် တပ်ထားသော ထိသည်,သည် သွ လက် ဖျတ်လတ်ကာ တစ်စုံတစ်ရာနောက်သို့ သဲကြီးမဲကြီး လို သွားသည်။

နှင်းသုစံကို မြင်ဟန်မတူတော့။

မမြင်ဘဲ မနေ။

မျက်နှာချင်းဆိုင် တည့်တည့်တိုးသည်ပဲ။

သို့တိုင်အောင် အရေးမစိုက်ဘဲ ရှေ့သို့သာ သဲကြီးမဲ လိုက်သွားသော ထိသည်ကို နှင်းသုစံ မကျေနပ်နိုင်။

"တောက်. . . သက်သက်ရင့်တာ"

"နင် ဘာဖြစ်လို့ မကျေမနပ်ဖြစ်နေရတာလဲ"

ဘုမသိဘမသိ ဖြစ်နေသော ရှုပါက စိတ်ဆိုးရအ ဖြစ်ကာ မေးလိုက်သည်။

ထိုအခါမှ နှင်းသုစံ သတိရလိုက်သည်။ ရှုပါမှ မသိ





"ဘာမှမဟုတ်ပါဘူး. . . အသိတစ်ယောက်ပါ၊ မမြင် ဟန်ဆောင်သွားလို့ မကျေမနပ်ဖြစ်တာ"

"စောစောက ပြောတော့ ထိသည်ဆို"

"ဟုတ်တယ်. . . အသိထိသည်"

"နင့်အသိထဲမှာ ထိသည်လဲ ရှိတာပဲလား"

"ဟုတ်တယ်. . . ထိသည်လဲ ရှိတယ်၊ ဈေးသည်လဲ ရှိတယ်၊ ဖိနပ်ချုပ်သမား၊ ဝက်သားတုတ်ထိုးသမားကအစ ရှိတယ်၊ ငါက လူရွေးမပေါင်းတတ်ဘူး၊ အကျင့်စာရိတ္တကောင်းတဲ့လူ မှန်သမျှ အပေါင်းအသင်းဖြစ်တာပဲ"

ရှုပါက မိမိအား အံ့အားသင့်သလို ကြည့်နေသဖြင့် နှင်းသုစံ ရယ်လိုက်သည်။

"နင် ငါ့အတွက် စိုးရိမ်နေတာလား၊ မစိုးရိမ်နဲ့. . . ငါ့မှာ ကိုယ်ခံပညာလည်း ဖေဖေက အကုန်သင်ပေးထားလို့ တတ်တယ်၊ ပြီးတော့ အမှန်သမားဟာ အမှားကျူးလွန်သူကို ကြောက်ဖို့ မလိုဘူးလို့ ငါထင်တယ်လေ"

"နင်ကတော့ သတ္တိကောင်းတာကိုး"

"သတ္တိဆိုတာ မွေးဖွားယူလို့ ရပါတယ်ဟာ"

သွင်းခိုင်းထားသော ကက်ဆက်ခွေ ရသဖြင့် ငွေချေပြီး နှင်းသုစံတို့ ထွက်ခဲ့သည်။ စိတ်ထဲ၌ကား တအုံးနွေးနွေး ရှိနေသည်။

"နင့်ကို ငါလိုက်ပို့ပေးမယ်"

"လေးလေး လာကြိုမှာပဲဟာ"

"ရပါတယ်. . . နင့်အိမ်ရောက်တော့ ဖုန်းဆက်ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်၊ ငါ့မှာ ကိစ္စလေးတစ်ခု အခုမှ သတိရလိုက်လို့"

"ငါလိုက်လို့ မရဘူးလား"

"ဒါက ပါစင်နင်အဒေါက်ခ် စီးကရက်လေ"

"နင်က ငါ့ကိုတောင် လျှို့တယ်နော်"

"မပြီးခင် မြန်မာမမြင်စေနဲ့တဲ့၊ ငါကိုယ်တိုင် မသိသေးတဲ့ အကြောင်းအရာမို့ နင့်ကို မပြောပြနိုင်သေးတာပါဟာ"

ရှုပါကို ချွေးသိပ်ပြီး အိမ်လိုက်ပို့လိုက်သည်။

ပြီးသည်နှင့်. . .

"ထီသည်. . . ခင်ဗျားကြီး ဘယ်ပြေးမလဲ" ဟု စိတ်တွင်း၌ ကြုံးဝါးလိုက်သည်။

ခြံစောင့်ဦးကြီးက မျက်မှန်းတန်းမိစွာဖြင့် တံခါးလာဖွင့်လေသည်။







# အခန်း(၁၆)

"ခွင့်မပန်ဘဲ သူတစ်ပါးအိမ်ရာကို ကျူးကျော်ရောက်ရှိနေတာ ကောင်းတဲ့အလုပ်လား"

ဒါလား ထီသည်။ နှင်းသုစံ စကားမဆိုနိုင်သေးဘဲ ခြေဆုံးခေါင်းဖျား ကြည့်လိုက်သည်။

ဖေဖေ ဝတ်လေ့ဝတ်ထ ရှိသော ရယ်ဒီမိတ် အဖိုးတန်ဘောင်းဘီ၊ သားရေဂျာကင်နှင့် ဝတ်ထားသည့်နာရီကလည်း အကောင်းစား၊ အတက်ချိုကော့စ် ဆွဲယူဆင်းလာသည်။

"ဦးမှူ"

"ဝေ့. . . လာပြီ၊ ငါတားပါတယ်ဟာ၊ မင်းဟာမလေး

www.burmeseclassic.com



က ဖွတ်ပဲ ဝင်သွားတာ"

"ကောင်းပြီလေ... ဦးမှုံကို ယုံပါတယ်၊ ဒီကောင်မလေးကို ဦးမှုံတို့ မနိုင်ဘူးဆိုတာလဲ ကျွန်တော်သိပါတယ်"

နှင်းသုစံ ဘာမှမပြောဘဲ အိမ်ရှေ့လှေကားထစ်မှာ ထိုင်နေဆဲပင်။

ထီသည်ဟာ မိမိထင်ထားသည့်အတိုင်း ဖြစ်နေသလား။

သေနတ်ပစ်ကွင်း သွားစဉ်က တွေ့ခဲ့ရသောကားနှင့်ပင် ထီသည်ရောက်လာသည်၊ ထိုကားကို ဦးမှုံ သိမ်းလိုက်သည်။

ဦးမှုံသည် ကားဂိုဒေါင်အပေါ်ထပ် ဒရိုင်ဘာတန်းလျားတွင် နေသည်။ ဤသည်ကိုလည်း နှင်းသုစံ လေ့လာပြီးပြီ။

အခြားနေစရာနေရာ ထပ်မတွေ့။

ထီသည် ဘယ်မှာ နေသနည်း။

ဤအိမ်ကြီး၌ပင် နေရမည်။

အမြဲတစေ စောင့်ခိုင်းထားသော ကိုသော့ရှေ့၌ နှင်းသုစံ ထိုင်စောင့်နေလိုက်သည်ပေါ့။

"လောကကြီးက ပြောင်းပြန်ပဲ"

"ဘာလဲ... ခင်ဗျားစကားက"

"သြော်... ယောကျ်ားကြိုက်တော့ ဆိုက်ဆိုက်လာကြားဖူးပါတယ်၊ ခုတော့ ပြောင်းပြန်"

"ဘာ"

နှင်းသုစံ ဝုန်းခနဲ ထလိုက်သည်။

"မဟုတ်ဘူးလား... အမိ ကျုပ်ဆီကို ဘာကိစ္စ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာရသလဲ၊ အမိနဲ့ကျုပ် ပတ်သက်စရာ





ကိစ္စမှ မရှိတော့ဘဲ"

"ရှိတယ်"

"ကိုင်း... ရှိရင်လဲ ဖြည်းဖြည်းဆေးဆေး စကားပြောရအောင် ဖယ်ပေးပါဦး၊ သော့ဖွင့်လိုက်ဦးမယ်"

"နေဦး... မဖွင့်နဲ့ဦး"

ဒေါသကြောင့် နှင်းသုစံအသား နီရဲနေသည်ထင့်။

အသားတဆတ်ဆတ် မတုန်စေရန် သတိထားလိုက်ရသည်။

ထီသည်က မျက်ခုံးပင့်ကာ...

"အမိ... တယ်ဂျစ်ကြပါလား"

"ခင်ဗျားကြီးစကား ပြန်ရုပ်သိမ်းပေးရမယ်"

"ဘာစကားလဲ"

ထီသည်က နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်သည်။

ရုပ်ကိုက မုန်းစရာ။ သိရက်နှင့် မသိဟန်ဆောင်နေတာ။

"စောစောက ခင်ဗျားကြီး စွဲချက်တင်ထားတဲ့စကားကို ရုပ်သိမ်းပေးရမယ်"

"မှန်သောစကားကို ကျုပ်ဆိုသွားတာပဲ၊ ဘာအတွက် ရုပ်သိမ်းပေးရမှာလဲ"

"မှန်သောစကားကို ခင်ဗျားကြီး ဆိုပေမယ့် နှင်းသုစံက အဲဒီစကားနဲ့ အကျုံးမဝင်ဘူး၊ ဒီတော့ စကားပြန်ပြောင်းပြော"

ထီသည် ရယ်လိုက်သည်။

"အဟင်း... ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



ရယ်တာတောင် ခန့်ညားအောင် ရယ်တတ်သည့်ပုဂ္ဂိုလ်ပါလား။

"နှင်းသုစံ ခင်ဗျားကို ကြိုက်လို့ လာတာမဟုတ်ဘူး"

"ဒါဖြင့် ဘာအတွက် လာသလဲ"

"သိချင်လို့"

"ဘာကို သိချင်ရတာလဲ"

"ခင်ဗျားကြီးအကြောင်း"

"ကျုပ်အကြောင်း. . . အဟင်း. . . ဟင်း၊ ဘာထူးသေးလဲ၊ ကျုပ်အကြောင်း သိချင်တယ်ဆိုတာ ကျုပ်ကို စိတ်ဝင်စားလို့၊ ကျုပ်ကို စိတ်ဝင်စားတယ်ဆိုတာ ကျုပ်ကို ကြိုက်လို့ပေါ့ မဟုတ်ဘူးလား၊ ကုလားကြီးနဲ့အရာကြီး အတူတူပါပဲ"

"တော်ပြီ. . . ဒါဖြင့် နှင်းသုစံ ပြန်တော့မယ်"

နှင်းသုစံ စိတ်တိုလာသဖြင့် လှေကားပေါ်က ဆင်းလိုက်သည်။

"နေဦး မိန်းကလေး"

"မနေဘူး. . . ဘာမှမသိချင်တော့ဘူး"

"မသိချင်လို့မရဘူး၊ ကျုပ်က ပြောချင်နေပြီ"

"ပြောချင်ရင် ခင်ဗျားကြီးစကား ပြန်ရုပ်သိမ်းပေး"

"အဟင်း. . . ဟင်း"

ထီသည်သည် နှစ်လိုဖွယ် ပြုံးလိုက်သည်။ ဘယ်အချိန်ကြည့်ကြည့် လန်းဆန်းတက်ကြွနေတတ်သောသူပါလား။

စကားပရိယာယ်ကြွယ်သော်လည်း သဘောထားကြီးသော သူတစ်ယောက် ဖြစ်ပုံရသည်။





"ကိုင်း. . . မနှင်းသုစံသည် ကိစ္စရှိ၍ ကျွန်တော် အိမ်မက်ရှင် ထီသည်ဆီသို့ ရောက်လာခြင်း ဖြစ်ပါတယ်ခင်ဗျာ၊ သို့ဖြစ်ပါ၍ စောစောက မှားယွင်းစွာ စွပ်စွဲပြောဆိုခဲ့မိသော စကားများကိုလဲ ပြန်လည်ရုပ်သိမ်းလိုက်ပါတယ်ခင်ဗျား၊ ကဲ. . . ကျေနပ်ပြီလား"

"ဒီလိုတော့လဲ ခင်ဗျားကြီးက သဘောပေါက်လွယ်သားပဲ၊ ခုလို အမှားကို ဝန်ချတောင်းပန်တော့လဲ သဘောထားကြီးစွာနဲ့ ခွင့်လွှတ်ရမှာပေါ့"

"ကိုင်း. . . ဒါဖြင့် သဘောထားကြီးလက်စနဲ့ ဆက်လက် ကြီးပေးပါဦး ဒေါ်နှင်းသုစံ၊ ကျေးဇူးပြုပြီး အိမ်ထဲကို ကြွပါလို့ ဖိတ်မန္တက ပြုပါတယ်ခင်ဗျာ"

ထီသည်က သော့ဖွင့်ကာ သံတံခါးကိုဖွင့်၍ ဦးညွှတ်ကာ ပြောလိုက်သည်။

"ကောင်းပြီ"

နှင်းသုစံကလည်း ခပ်တည်တည်ပင် ဝင်လိုက်သည်။

"ထိုင်ပါ မိန်းကလေး၊ ဒီမှာထိုင်လေ"

"ဖြောင်း"

"ဘုတ်"

ဘယ်ကဘယ်လို ဖြစ်သွားသည်မသိ၊ နှင်းသုစံ လက်ပူသွားသည်။ စာအုပ်တစ်အုပ် ဘုတ်ခနဲ ကျသွားသည်။

ထီသည်က ပြုံးကာ. . .

"ဒါကြောင့် အမိက ဒီလောက်ရဲတင်းနေတာကိုး"

ကြည့်စမ်း. . . ထီသည့်သည် တော်ရုံပုဂ္ဂိုလ် မဟုတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



လား။ နှင်းသုစံ ဆက်တီတစ်လုံးပေါ် ထိုင်ချရင်း ထီသည်ကို အလစ်မပေးတမ်း ကြည့်နေရသည်။

စောစောက. . .

နှင်းသုစံကို ဒီမှာ ထိုင်လေဟု ဆိုကာ လက်ဆွဲပြောလိုက်သည်နှင့် နှင်းသုစံ ကျန်လက်တစ်ဖက် လှုပ်ရှားကာ ထီသည်မျက်နှာဆီ ဝဲပျံသွားသည်။

သို့သော်. . . ထီသည်မျက်နှာနှင့် ထိတွေ့ခွင့် မရလိုက်ဘဲ စာအုပ်တစ်အုပ်ကို ထိကာ အခန်းထောင့် တစ်နေရာသို့ ကျသွားသည်။

စားပွဲပေါ်က စာအုပ်ကို ထီသည် ဘယ်အချိန်ကများ ယူ၍ ခံလိုက်ပါလိမ့်။

"အမိလက်သံက စံချိန်မီသားပဲ၊ မျက်နှာသာဆိုရင် လည်ထွက်သွားနိုင်တယ်၊ ဒါပေမယ့် အမိ နုပါသေးတယ်၊ ဒီပညာအားကိုးနဲ့ ယောကျ်ားတကာကို အထင်သေးပြီး အရဲမကိုးလိုက်နဲ့. . . သိလား၊ ကျားဟာ ကျားပဲ၊ ဒီကြားထဲ ပညာစုံတဲ့ ကျားနဲ့ တွေ့ရင် အမိလေး ခက်သွားမယ်"

"ဘာလဲ. . . ခင်ဗျားကြီးက ပညာစုံတယ်ပေါ့. . . စမ်းမလား"

"အဲဒီလို မိုက်ရူးရဲဆန်တဲ့ စိန်ခေါ်မှုမျိုးလဲ မလုပ်ရဘူး နှင်းသုစံ၊ ကဲ. . . ကျုပ် ညနေစာ မစားရသေးဘူး. . . ဆာနေပြီ၊ အမိကော မစားရသေးဘူး မဟုတ်လား၊ တစ်ခါတည်း ဝင်စား၊ ကျုပ်အိမ်ကတော့ ကိုယ်ထူကိုယ်ထပဲနော်၊ စားချင်ရင် လာဝိုင်းပြင်"





"အိုကေ. . . နှင်းသုစံ ဆာနေပြီ"

"ဪ. . . အမိအိမ်ကို ဖုန်းဆက်လိုက်ဦး၊ စိတ်ပူနေမယ်"

"မပူပါဘူး. . . အဒေါ်ကြီးက ခုနစ်နာရီထက် ကျော်လို့ မရောက်မှ ပူမှာ"

"မိဘတွေက အဝေးမှာဆိုတော့ လွတ်ချင်တိုင်း လွတ်နေတဲ့သဘောပေါ့ ဟုတ်လား"

နှင်းသုစံ ထီသည်ကို စေ့စေ့ကြည့်နေလိုက်သည်။

နှင်းသုစံ မိဘတွေအကြောင်းပါ သိနေတယ်လား။

"ခင်ဗျားကြီးက နှင်းသုစံအကြောင်းတွေ သိနေတယ်"

"သိတာပေါ့"

"ဘယ်သူပြောလဲ"

"ဒီလိုပဲ စုံစမ်းရတာ"

"ဘာဖြစ်လို့ စုံစမ်းရတာလဲ"

"သိချင်လို့၊ အဲ. . သိချင်တာက စိတ်ဝင်စားလို့၊ စိတ်ဝင်စားတာက သဘောကျလို့. . . ရှင်းပြီလား"

"ခင်ဗျားကြီးနော်"

"ကျုပ်က သဘောရိုးနဲ့ ပြောတာနော်၊ စိတ်ကူးယဉ်မနေနဲ့"

"အံမယ်. . . ခင်ဗျားကြီးကိုများ၊ တော်ပြီ. . . ပြန်တော့မယ်၊ မစားတော့ဘူး"

"ဘာဖြစ်လို့လဲ"

စားပွဲပေါ်မှ စတီးလ်ငါးဆင့်ချိုင့်ကြီးကို ဖြုတ်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်ကွ. . . ကျုပ်အမေက ဟင်းချက်ကောင်းတယ်၊ ဟင်းတွေ နွှေးလိုက်ဦးမယ်. . . ခဏ"

"ခင်ဗျားကြီးက မိဘတွေနဲ့ အတူမနေဘူးလား"

"မနေဘူး"

"ဘာဖြစ်လို့လဲ"

"ကျုပ်က လွတ်လပ်မှုကို ခုံမင်လို့. . . ထိုင်လေ"

"နှင်းသုစံ ဘာဝိုင်းလုပ်ပေးရမလဲ"

"မလုပ်နဲ့. . . အမိက ဧည့်သည်ပဲ၊ ငြိမ်ငြိမ်လေးသာ ထိုင်နေ"

ထိသည်,သည် ပြောပြောဆိုဆို ဂျာကင်ကို ချွတ်လိုက်သည်။ ရှပ်လက်တိုလေးနှင့် ဖြစ်သွားသည်။

စတီးလ်ချိုင့်လိုက်ပင် ဟင်းများ နွှေးလိုက်သည်။

ထမင်းပန်းကန် ဟင်းပန်းကန်များကို ထုတ်ကာ ရေဆေးသည်။

"ခင်ဗျားကြီးကို နေ့တိုင်း ချိုင့်ပို့ပေးသလား"

"မဟုတ်ဘူး. . . သူတို့ဆီမှာ အထူးတလည် ချက်တဲ့နေ့ဆိုရင် ပို့တယ်. . . ကြုံရင်ကြုံသလိုပဲ၊ အမေတို့အိမ် ဝင်စားရင် စားတယ်၊ ဘာဖြစ်လို့ မေးတာလဲ၊ အမိ လာချက်ပေးမလို့လား"

"ထပ်သရီး. . . ဒီရှပ်ကို သေသေချာချာ ကြည့်ထား၊ ထမင်းချက်မယ့် ရုပ်လားလို့"

"အမေဘာဝ ရောက်တော့လဲ အလိုအလျောက် ချက်လာမှာပေါ့"





"ဝေးသေး"

"အမိကြိုက်ပါ့မလား မသိဘူး၊ ပိန်းရိုးဟင်းခါး၊ ကြက်ႋင်းခါးသီးချက်၊ ဝက်သားဆီပြန်၊ အစိမ်းကြော်နဲ့ သရက်ချဉ်ႋ"

"ကြိုက်တယ်"

ဟန်မဆောင်တတ်သော ဝသီအတိုင်း ထမင်းဝိုင်းခူးႋတ်သည်။

ထိသည်က ရေခဲသေတ္တာထဲမှ ငါးပိရည်နှင့် တို့စရာ ႋန်းကန်ကို ထုတ်လိုက်သည်။ အသီးအရွက်စုံနှင့် ဖွယ်ဖွယ်ရာရာ ႋည့်ထားသော ပန်းကန်ပင်၊ ခရမ်းချဉ်သီးလဲ ပါသည်။ ဂေါ်ဖီ ႋင်းခွာရွက်၊ ပဲပင်ပေါက်။

ပဲပင်ပေါက်ကို ယူကာ ရေနွေးဖျောလိုက်ပြီး ချက်ချင်း ႋယ်သည်။

"ကိုင်း. . . စားတော့ ရွှေဧည့်သည်မလေး အားမနာနဲ့"

"ဘာလဲ. . . လျှော့စားစေချင်လို့ ရွှေဧည့်သည်လို့ ႋမည်တပ်ပေးလိုက်တာလား"

"ဟ. . . မှားပါတယ်၊ စကားမပြောဝံ့အောင်ပါလား ႋမိရယ်"

"မပြောဝံ့ရင် မပြောနဲ့၊ မေးတာဖြေ"

"ဟုတ်"

"ခင်ဗျား ဘယ်သူလဲ"

"လူလေး. . . ပခုံးနှစ်ဖက်ကြားက ခေါင်းတစ်လုံးနဲ့လူ"

"ကောင်းကောင်းဖြေနော်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းကောင်းမရှိဘူး. . . ကျုပ်ပဲ ဖြေမယ်"

"ခင်ဗျားကြီးက ရွတ်နောက်နောက်နဲ့ ဆိုတော့ နှင်းသုစံ ဘယ်လိုလုပ် မေးမလဲ"

"မေးတာ နောက်ထား. . . စားဦး၊ ငွန်းနဲ့ခက်ရင်း ယူမလား"

"လက်နဲ့ပဲ စားမယ်"

"ဒါဖြင့် အိုကေ၊ စားလဲစား. . ပြောလဲပြော. . ဟုတ်လား"

"ထမင်းလောက်ပဲ့မလား၊ နှင်းသုစံက အစားကြီးတယ်နော်"

"စားစမ်းပါ. . တစ်ယောက်စာ နှစ်ယောက်စာလောက်တော့ အမြဲရှိတယ်"

ထီသည်,သည် ထမင်းကို အားပါးတရ စားသည်။

နှင်းသုစံလည်း ထို့အတူပင်။

လက်ရာကောင်း၍ ခေါင်းမဖော်နိုင်တော့။

နှင်းသုစံ မေမေသည် နှင်းသုစံ သိတတ်စအရွယ်မှစ၍ ထမင်းဟင်းချက်သည်ကို မတွေ့ရ။ တပည့်တပန်းများ၊ ကူဖော်လောင်ဖက်များ ချက်တာကို ကျေနပ်နေတတ်သည်။ မေမေက အေးသည်။ ဒေါ်ကြီးလည်း ဟင်းချက်သိပ်မကောင်း။

ဘွားဘွားတို့အိမ် ရောက်မှသာ နှင်းသုစံ ခံတွင်းတွေ့တတ်သည်။ မမချိုလည်း ဟင်းချက်ကောင်းသလို တီကြီး မအားလပ်သည့်ကြားက ချက်ပေးသည့် ဟင်းလျာများလည်း ခံတွင်းတွေ့လှသည်။





ပညာတတ်သည် မတတ်သည်။ ရာထူးရှိသည်မရှိသည် အပထား။ မိန်းမသည် မိန်းမတို့ တတ်အပ်သော ပညာရပ်များကို တတ်ထားသင့်သည်။ စွယ်စုံပြည့်စုံခြင်းသည် ပို၍ကောင်းမွန်သည်ဟု နှင်းသုစံ သဘောပေါက်မိသည်။

"ဘာတွေ တွေးနေတာလဲ"

"ခင်ဗျားကြီးအမေ လက်ရာကောင်းလို့"

"ကိုယ့်အမေက ဆရာဝန်လေ"

"ဟင်. . . ဟုတ်လား"

"အဖေက အင်ဂျင်နီယာ"

"ခင်ဗျားကရော"

"အနုတ်စုတ်ဂုတ်စုတ် ထီသည်လေ"

"မဖြီးနဲ့"

"ဟုတ်တယ်. . . တစ်ခါတစ်ရံ ထီသည်၊ တစ်ခါတစ်ရံ ဘျာက်ပွဲစား၊ တစ်ခါတစ်ရံ တက်စီဒရိုင်ဘာ၊ တစ်ခါတစ်ရံ ဒုန်သည် တစ်ခါတစ်ရံလဲ ကိုနောက်ပိုး"

"ခင်ဗျားကြီးနော်. . . ဝေ့လည်ကြောင်ပတ် မလုပ်နဲ့"

"မလုပ်ပါဘူး"

"ဒါဖြင့် ဘာလုပ်သလဲ"

"ထီကိုယ်စားလှယ်"

"နှင်းသုစံကို မဖြီးနဲ့"

"အမိ သိနေတယ်ထင်တယ်"

"ဘာကိုလဲ"

"ကျုပ်အလုပ်"



www.burmeseclassic.com

www.burmeseclassic.com



"မသိလို့ မေးတာပေါ့"

"မသိလက်စနဲ့ မသိတာပဲ ကောင်းပါတယ်"

ထိသည် မျက်နှာပျက်သွားသည်။

"ဘာဖြစ်လို့လဲ"

"ကျုပ်လုပ်ငန်းကို အမိသိသွားရင် ကျုပ်ကို အမိ ခင်ေ
တော့မှာ မဟုတ်ဘူး"

"ခင်မင်မှုမှာ အလုပ်အကိုင်နဲ့ ဆိုင်လို့လား"

"အချို့အတွက် ဆိုင်တယ်"

"နှင်းသုစံအတွက်တော့ မဆိုင်ဘူး"

"ယုံပါတယ်. . . အမိကို ကျုပ်ခင်တယ်၊ ဒါပေမ
မပတ်သက်ချင်ဘူး၊ အမိအဖေက ကျုပ်တို့လုပ်ငန်းနဲ့ ဆန့်က
ဘက် ဖြစ်နေလို့"

"ဒါဖြင့် ခင်ဗျားကြီးက ဒုစရိုက်သားကောင်ပေါ့"

"ထင်ချင်သလို ထင်လိုက်လေ"

နှင်းသုစံ စားလက်စထမင်းကို ဆက်မစားတော့ဘဲ
လိုက်သည်။

"ဘာဖြစ်လို့လဲ"

"ဒုစရိုက်သားကောင်ရဲ့ထမင်းကို နှင်းသုစံ မစား
ဘူး"

"ကျုပ်ထမင်း မဟုတ်ဘူး၊ အမေတို့က ဆန်က
ဝယ်ပို့ထားတယ်. . . စားပါ"

နှင်းသုစံ ပြန်ထိုင်ကာ ဆက်စားလိုက်သည်။ ထမင်း
ပြီးသော်. . .





"ပန်းသီးစားဦး"

"နှင်းသုစံ ပြန်တော့မယ်"

"ကျုပ် လိုက်ပို့ပေးမယ်"

"နှင်းသုစံက ဆိုင်ကယ်နဲ့ ပြန်မှာ"

"ကျုပ်လဲ ဆိုင်ကယ်နဲ့ပဲ. . . ပို့ပေးမယ်"

"ခင်ဗျားကြီးက ဆိုင်ကယ်လဲ ရှိတယ်လား၊ ချမ်းသာရဲ့
သားနဲ့ ဘာဖြစ်လို့ ဒုစရိုက်အလုပ် လုပ်နေရတာလဲ"

"ဝါသနာ ပါလို့၊ ဒါပဲနော် အမိ၊ အမိကို နှုတ်လုံမယ်
ထင်လို့ ကျုပ်ပြောလိုက်ပြီ၊ ကျုပ်ကို သတင်းပေးဖို့ ကြိုးစားမယ်
မကြံနဲ့၊ လူ့အသက်ကို ဖက်ရွက်လို ခြွေဖို့ ကျုပ်ဝန်မလေးဘူး"

ရုတ်တရက်တော့ နှင်းသုစံ ကြက်သီးထသွားသည်။
ကြောက်မွေးညင်းလေးများ ထောင်ထသွားသည်။ သို့သော်. . .

"လုပ်မနေနဲ့ အပိုတွေ၊ မကြောက်တတ်လို့ ခင်ဗျားကြီး
ဆီ ရောက်လာတာပဲ၊ ပြန်မယ်. . . တော်ကြာ ခုနစ်နာရီထိုးလို့
ပြန်မရောက်ရင် ဒေါ်ကြီး ဟိုဒီဖုန်းဆက်နေဦးမယ်"

နှင်းသုစံ ထမင်းစားခန်းထဲမှ ပန်းသီးကိုက်ရင်း ထွက်ခဲ့
သည်။ ထိသည်လည်း ပန်းသီးကိုက်ရင်း လိုက်လာသည်။

"လိုက်မပို့နဲ့"

"ဘာဖြစ်လို့လဲ"

"ဒုစရိုက်သမားနဲ့ အတူတွဲမသွားချင်ဘူး"

"ခင်မင်မှုကိုကော"

"ရုပ်သိမ်းပစ်လိုက်ပြီ"

"တကယ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ကျုပ်က ပိုခင်သွားပြီ"

"တစ်ဖက်သတ် ခင်လို့ရသလား"

"ရတယ်. . . တစ်ဖက်သတ်အချစ်တောင် ရှိသေးတာပဲ၊ တစ်ဖက်သတ် ခင်မင်မှုဆိုတာလဲ ရှိတာပဲ"

"ရှိရင် တစ်ဖက်သတ်ပဲ ခင်တော့၊ နှင်းသုစံကတော့ ခင်ဗျားကြီးကို လုံးဝမခင်တော့ဘူး"

"ဒါပေါ့ဗျာ. . . ဗိုလ်တွေ ဆရာဝန်တွေ အင်ဂျင်နီယာတွေ ဆေးကျောင်းသားတွေ ဝိုင်းဝိုင်းလည် မျက်နှာသာပေးခံနေရတဲ့ ရွှေမင်းသမီးဆိုတော့ ကျုပ်လို ကလေကချေ လမ်းပေါ်က လူကို ဘယ်ခင်တော့မလဲလေ"

"တော်"

နှင်းသုစံအကြောင်းတွေ သိလှချည်လား။

ဖြိုးသွားပြီ။ ထီသည်ကို ယခုမှ နှင်းသုစံ လန့်သွားပြီ။

ထို့ကြောင့် ဆိုင်ကယ်ကို အမြန်စီးကာ လှည့်မကြည့်တမ်း ထွက်ခဲ့သည်။ သို့သော် ကုက္ကိုင်းမီးပွိုင့်အရောက်တွင် ဘေးမှ ဆိုင်ကယ်တစ်စီး လာယှဉ်ရပ်သည်။

အဝတ်အစားက ထီသည်ဖြစ်ကြောင်း ဖော်ပြနေသည်။ ဟဲလ်မက်အောက်မှ ပိရိသောနှုတ်ခမ်းတွန့်ရှုံ့ ပြုံးပြနေသည်။

တောက်. . . မုန်းဖို့ကောင်းလိုက်တာ။







# အခန်း(၁၃)

"သွားမယ်"

"သွား"

လူကို နှုတ်ဆက်ပြီး နောက်လှည့်မကြည့်ဘဲ တန်းထွက်သွားလေသည်။

ဘယ်လိုလူလဲ။ မုန်းဖို့ကောင်းလိုက်တာ။

နှင်းသုစံ အပေါ်ထပ်ကို ထုံးစံအတိုင်း လှေကားထစ်များ ကျော်လွှားပြီး တက်ခဲ့သည်။

ဘဲလ်တီးတော့ ဒေါ်ကြီးက ပျာပျာသလဲ လာဖွင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြုံးတူးပြောတာနှင့်. . .

"နောက်ကျလှချည်လား"

"ကိစ္စလေး ရှိလို့"

"နှင့်အဖေဆီက ဖုန်းလာတယ်"

"ပြဿနာပဲ"

"ပြန်ဆက်တဲ့"

"ဆူသေးလား"

"ဘယ်သွားမယ် ပြောသွားသလဲလို့ မေးတယ်"

"ဒီတော့ ဒေါ်ကြီးက ဘာပြောလိုက်သလဲ"

ဖေဖေဆိုတော့ နှင်းသုစံ လန့်သည်။ တစ်ခါတည်း ကောက်ဆက်ရသည်။

"တူးအိုင်စီ အိမ်ရပြီ"

နှင်းသုစံ ရင်ခုန်သွားသည်။

"ဖေဖေလား"

"အေး. . . ပြန်ရောက်ပြီလား၊ ဘယ်သွားနေတာလဲ"

"ရူပါတို့အိမ်မှာ ဆွမ်းကျွေးရှိလို့ ဖေဖေ၊ အဲဒါ ဝိုင်းလုပ် ဝိုင်းစားနေတာ၊ ညနေစာ စားပြီးမှ ပြန်ဆိုလို့ နောက်ကျသွားတယ်"

မုသားမပါ လက်မချော၍ မုသားစကား သုံးလိုက်ရသည်။

"ဗိုလ်နိုင်လင်းထွန်း ပြန်ရောက်လာတယ်"

ထောင်လိုက်ပြီဟု သိလိုက်ရသည်။

"သမီး သေနတ်ပစ် မှန်မှန်မလေ့ကျင့်ဘူး ပြောတယ်"





"စပီကင်နဲ့ တိုက်နေလို့ပါ ဖေဖေ"

"စပီကင်ထက် အားကစား အလေ့အကျင့်က ပိုအရေးကြီးတယ်လို့ ဖေဖေယူဆတယ်"

"ဟုတ်"

"သမီးချည်း လွှတ်ထားလို့ မဖြစ်တော့ဘူး၊ ဒီမှာပဲ လာနေ"

ဒုက္ခပဲဟု နှင်းသုစံ စိတ်ထဲ ပြောလိုက်သည်။

"နှင်းသုစံ"

"ရှင်"

"ဒီမှာပဲ လာနေရမယ်၊ ဒေါ်ကြီးပါ ခေါ်ခဲ့၊ အိမ်တံခါးကို အလုံအခြုံ ပိတ်ခဲ့ပြီး တံကြီးကို သော့ပေးခဲ့၊ သူစောင့်ရှောက်ထားလိမ့်မယ်. . . ကြားလား"

"ဟုတ်"

"သန်ဘက်ခါ ဖေဖေ ဘူတာဆင်းကြိုမယ်"

"ဖေဖေ ရှေ့တန်းသွားရင်"

"ဖေဖေ ရှေ့တန်းသွားရင်လဲ သမီးနေနေကျပဲ၊ နောက်တန်းမှူးတို့ တပ်ရေးတပ်ထောက်တို့နဲ့ ဖေဖေအပ်ထားခဲ့မယ်"

နှင်းသုစံ ခေါင်းကို တဖြည်းဖြည်း ကုတ်လိုက်မိသည်။ စိတ်ဓါတ်အကြီးအကျယ် ကျသွားလေသည်။

"နှင်းသုစံ"

"ရှင်"

"ဖေဖေပြောတာ ကြားရဲ့လား"

"ကြားပါတယ် ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"ကြားရင် ပြင်ဆင်စရာပြင်ပြီး ဖေဖေ့ဆီ သန်ဘက်ခါ ရောက်အောင် လာခဲ့"

"ဟုတ်ကဲ့"

ဖေဖေ၏အမိန့်ကို နှင်းသုစံ မလွန်ဆန်ဝံ့။ ဖခင်သည် ရှေ့တန်းသွားသည့်အချိန်မှအပ နောက်တန်း၌ ရှိနေလျှင် နှင်းသုစံ ကိစ္စအဝဝကို တာဝန်ယူကာ ဆုံးမပဲ့ပြင်၍ စည်းကမ်းနှင့် ကိုင်တွယ်သည်။ ပြောမရလျှင် ညှာတာလိမ့်မည်မဟုတ်ကြောင်း နှင်းသုစံ ကောင်းကောင်းသဘောပေါက်သည်။

ထို့ကြောင့် ငြင်းပယ်၍မရနိုင်သည့်အဆုံး၌ ဖေဖေ တယ်လီဖုန်း ချသွားသည့်တိုင်အောင် စကားပြောခွက်ကို မချနိုင်သေးဘဲ ငူငူငိုင်ငိုင်ကြီး ဖြစ်နေမိသည်။

"ဘာတဲ့လဲ. . . တော်တော်ဆူလိုက်ပြီလား"

မျက်နှာမသာမယာဖြစ်နေသော သူ့အား ဒေါ်ကြီးက လှမ်းမေးလိုက်သည်။ ထိုအခါမှ တယ်လီဖုန်းခွက်ကို ချပြီး. . .

"ဆူလိုက်တာမှ တော်သေးတယ် ဒေါ်ကြီးရာ၊ ခုဟာက"

"ခုဟာက ဘာဖြစ်လဲ"

"ပစ္စည်းတွေ သိမ်းတော့"

"ဟင်"

"ဟုတ်တယ်. . . သန်ဘက်ခါ ဖေဖေ့ဆီ နှင်းသုစံရော ဒေါ်ကြီးပါ လိုက်သွားရလိမ့်မယ်"

"အဟေး. . ."

ဒေါ်ကြီး မြူးသွားသည်။ တပ်တွင်းတိုက်ပွဲကျ ရဲဘော်မိန်းမတစ်ဦးဖြစ်ခဲ့ဖူးသော ဒေါ်ကြီးသည် တပ်တွင်း ပျော်သူဖြစ်





သည်။ တပ်ထဲ ပြန်နေရမည်ဆိုသဖြင့် ဝမ်းသာသွားပုံရသည်။

"ပျော်နေ. . . ဒီမှာ စိတ်ညစ်လို့ သေတော့မယ်"

"သမီးအမေကိုကော ပြောပြပြီးလား"

"သူ့ယောက်ျား ပြောမှာပေါ့၊ သူက ပိုတောင်ဝမ်းသာဦးမယ်၊ ထိန်းရသက်သာလို့ဆိုပြီး"

"ဟဲ့. . . အမေကို ဒီလိုပြောရလား"

"ဟုတ်တာ ပြောတာပဲ၊ မေမေက သူ့ရုံးကိစ္စလောက် နှင်းသုစံကို ဂရုစိုက်တာမှ မဟုတ်တာ"

အဖေအား ပိုချစ်သောသမီးပီပီ နှင်းသုစံက ပြောလိုက်သည်။ အမှန်လည်း မေမေ့ကို စိတ်ကွက်မိသည်။ ရပါတယ်. . မစံ ခေါ်ထားမယ်ဟု ပြောလျှင် ဖေဖေက ခေါ်ထားလိမ့်မည် မဟုတ်။ ယခုတော့ မေမေ တာဝန်မယူသဖြင့် ဖေဖေက စိတ်ပူတာ ခေါ်ခြင်းဖြစ်မည်။ နှင်းသုစံ ခေါင်းကုတ်ရင်း ဆက်တီပေါ်၌ ထိုင်ချလိုက်သည်။

"ထမင်းစားလိုက်ဦး"

"စားပြီးပြီ"

"ကျုပ်ချက်ထားတာတွေ အလကား ဖြစ်ကုန်ပါပြီ"

ဒေါ်ကြီးစကားကို အရေးမစိုက်နိုင်။ ဉာဏ်နီဉာဏ်နက် ထုတ်လိုက်သည်။

တောင်ငူမသွားရအောင် နှင်းသုစံ ဘယ်ကဲ့သို့ လုပ်ရမည်နည်း။

စဉ်းစားရင်းမှ ထိသည်ကို သွားသတိရသည်။ ဒီကောင် ထောနေတာ မှောင်ခိုလုပ်လို့နေမှာပေါ့။ ဘာမှောင်ခိုလဲ၊ ဘိန်းဖြူ



www.burmeseclassic.com

www.burmeseclassic.com



လား၊ ဘိန်းဖြူဆိုလျှင် လူမျိုးတစ်မျိုးလုံး နလန်မထူနိုင်အောင် အညွန့်တုံးနိုင်သည်။

ဖေဖေ့ကို အသိပေးပြီး အကြံဉာဏ် ယူရလျှင် ကောင်းမည်လား။ မဖြစ်ပါဘူး။ တော်ကြာ ဖေဖေက ဒုစရိုက်သမားတွေနှင့်ပါ အသိဖြစ်ရသလားဆိုကာ ပိုပြီးတောင် ဘောင်တွေ ထပ်တပ်နေလျှင် ခက်မည်။

ထိုင်နေလျှင် အကောင်းသား။ ထသွားမှ အကျိုးမှန်းသိဆိုသလို ဖြစ်သွားနိုင်သည်။

နောင်ခါလာ နောင်လာစေ့းပဲ။ နှင်းသုစံ စိတ်လျှော့လိုက်သည်။ တောင်ငူသွားရန်သာ ဆုံးဖြတ်လိုက်သည်။ ဖေဖေ့ကို လွန်ဆန်၍မှ မရဘဲ။







# အခန်း(၁၈)

"ဟင်"

နှင်းသုစံ အံ့အားသင့်သွားသည်။ ရထားထွက်နေမှ ပြေးလိုက်လာသောသူက ရထားတွဲပေါ် လျင်မြန်စွာ တွယ်ကပ်လိုက်သည်။ ထိုသူသည် အခြားသူမဟုတ်၊ ထီသည် ဖြစ်နေခြင်းကြောင့်ပင်။

မိမိတွဲပေါ် မဟုတ်။ နောက်တစ်တွဲကျော်၌ ဖြစ်သည်။ သွားတွေ့ရကောင်းမလား။ ဒီလူနဲ့ အပေါင်းအသင်း မလုပ်သင့်တော့။

ကိစ္စက ပြီးပြတ်နေပြီပဲ။ နှင်းသုစံ ကာတွန်းဖတ်လိုက်

www.burmeseclassic.com



သည်။ ကာတွန်းစာအုပ်ပေါ် ရိုပ်မိုးကျလာသော လူအရိပ် သဏ္ဍာန်ကြောင့် ဖျတ်ခနဲ အကြည့်ရောက်သွားသည်။

"ထီသည်"

ထီသည်က သူ့ကို ခေါ်တာ မဟုတ်သကဲ့သို့ ခပ်တည်တည်ပင်။ သို့သော် ရှေ့တည့်တည့်ခုံ၌ ဝင်ထိုင်လိုက်သည်။

"ထီသည်"

သူ့ကို စေ့စေ့ကြည့်ကာ ခေါ်လိုက်တော့မှ ထိုသူက အူကြောင်ကြောင် လုပ်ကာ ဘေးဘီကို ကြည့်ပြီး. . .

"ကျွန်တော့်ကို ခေါ်တာလား"

"ထီသည်ဆိုတာ ခင်ဗျားကြီးကို မခေါ်လို့ ဘယ်သူ့ကို ခေါ်ရမှာလဲ"

"ကျွန်တော့်လက်ထဲမှာ ထီလက်မှတ်တစ်စောင်မှလဲ မပါ,ပါလား"

အမယ်. . . မုန်းစရာကောင်းလိုက်အောင် အပြတ် ယဉ်ကျေးနေပါလား။ 'ကျွန်တော်' တဲ့။ နှင်းသုစံအား တစ်ခါမှ မသုံးဖူးခဲ့ပါချေ။

"ခင်ဗျားကြီး အူကြောင်ကြောင် မလုပ်နဲ့နော်"

"ဟောဗျာ. . . မိန်းကလေးရယ်၊ ကျွန်တော် ဘာကိစ္စ အူကြောင်ကြောင် လုပ်ရမှာလဲ၊ လူမှားနေပြီထင်တယ်"

"တူပဲ တူနိုင်လွန်းရန်ကောတော်"

ကြီးတော်ကပါ"မနေသာဘဲ ဝင်၍ကောက်ချက်ချလိုက်သည်။

နှင်းသုစံ ထီသည်ကို ခြေဆုံးခေါင်းဖျား ကြည့်လိုက်





သည်။ ထီသည်နှင့် ကွဲလွဲသောအချက်ဆို၍ ဘာမှမတွေ့။ မျှစ်ရှင်ဝတ္တုတွေထဲကလို အမြွှာပူးတို့ နှစ်ကိုယ်ခွဲမရဘူးဆိုတာ တောင် မှဲ့ကလေး အမှတ်ကလေးတစ်ခုခု ကွဲလွဲသေးသည်။

ယခုတော့. . .

ကိုယ်တော်က အင်္ဂလိပ်စာအုပ်တစ်အုပ် ထုတ်ဖတ် လျှက် ဂိုက်ထုတ်နေလေသည်။

ဩော်. . .။

ဘေးနားမှ အမျိုးသမီးက အတော်လှသည်။ ဒါကြောင့် မိမိလို ချွတ်ကတီးလေးနှင့် စကားပြောရခြင်းထက် ထိုအမျိုးသမီး နှင့် ပြေလည်မှုကို ဦးတည်လိုက်ဟန် တူသည်။

ငါးသုံးလုံး စီးကရက်ကို ပါးစပ်၌ ခဲပြီး ဟိုရှာသည်ရှာနှင့် တို့စမ်းသည်စမ်း လုပ်နေစဉ် အမျိုးသမီးက ဂက်စ်မီးခြစ်ကလေး ခြစ်ကာ သူ့စီးကရက်ရှေ့ အဆင်သင့် ပို့ပေးလိုက်သည်။

"ဆိုးလ်သင့်ခ်"

အမယ်. . . ထီသည်က ဟန်ပါပါ ညှိလိုက်သည်။ အလွန်လှသော လပ်ဖ်ဆင်းလေးပါလား၊ ဇာတ်လမ်းစနေပြီ ထင် သည်။

"ခွင့်မပန်မိဘူး. . . စီးကရက် သောက်လို့ရပါတယ် နော်"

"ရပါတယ်. . . ကိစ္စမရှိပါဘူး"

မိမိတို့နှစ်ဦးကိုတော့ ဖုတ်လေသည်ငပိ ရှိသည်ဟု အောက်မေ့ဟန်မတူ။

"ဘယ်အထိ သွားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လမ်းဆုံးအထိပဲ"

"လမ်းဆုံးရင် ရွာတွေ့မှာပေါ့"

"ရွာတွေ့ရင် နားလိုက်ရုံပေါ့။ အဟင်း . . ဟင်း"

ဘာတွေလဲ။

နှင်းသုစံ ကျွဲမြီးတိုသွားနေပြီ။ ဂိုက်ထုတ်နေသော ထီသည် အဲ . . ရှေ့မှ ထီသည်နှင့် တူသူကို အမြင်ကတ်မိသည်။

ထီသည်က လုံးဝ ဂိုက်မထုတ်တတ်။ ရှေ့ကလူက ထိုသို့ မဟုတ်။ တော်ရုံလူကို အထင်မကြီးဘဲ အရောမဝင်သည့် ပညာတတ် အထက်တန်းစားပုံ ပေါက်နေသည်။ နေပေါ့ . . သည်လို လူမျိုးကို နှင်းသုစံက အရေးစိုက်လိမ့်မည်မဟုတ်။ အချဉ်ထုတ် ဖောက်စားရင်း ကာတွန်းဖတ်နေလိုက်သည်။ ရှေ့မှ သူနှစ်ဦးက တော့ ပြေလည်ခြင်းဇာတ်လမ်း စသွားနေလေပြီ။ ရယ်မော လိုက် ချိတ်လိုက် ရီလိုက်နှင့်။

နှင်းသုစံ ရှေ့မှ ပုဂ္ဂိုလ်ထီးမနှစ်ဦးကို လုံးဝလှည့်မကြည့်မိ စေရန် ဆုံးဖြတ်ချက်နှင့်အညီ ကာတွန်းဖတ်လိုက်၊ ဒေါ်ကြီးနှင့် စကားပြောလိုက်၊ မုန့်တွေ ဘူတာစဉ်အလိုက် ဝယ်စားလိုက် အိမ်သာတက်လိုက်နှင့် မကျေမနပ် ဖြစ်နေသောစိတ်တို့ကို ဖျောက်ဖျက်ယူလိုက်သည်။

တောင်ငူဘူတာအရောက်၌ ဖေဖေကိုယ်တိုင် လာကြို သည်။ ဗိုလ်နိုင်လင်းထွန်းက ထီသည်ကို မြင်လျှင် နှုတ်ဆက်ဟန် ပြင်သည်။ သို့သော် ထီသည်က ထကာ ထွက်သွားသဖြင့် မနှုတ် ဆက်လိုက်ရဘဲ ဖြစ်သွားဟန်တူသည်။

"ဘယ်သူလဲ ဗိုလ်နိုင်လင်း"





"ကိုယ့်သူငယ်ချင်းတစ်ယောက်နဲ့ တူလို့"

"ဘယ်က သူငယ်ချင်းလဲ"

"နှင်းသုစံ . . ဖေဖေ ဘာပြောထားလဲ"

သူတစ်ပါးကိစ္စကို စပ်စုတာ မကြိုက်ဟု ဖေဖေ ပြောထားခြင်းကို နှင်းသုစံ သတိရကာ ဇက်ကလေး ပုလိုက်သည်။


ဗိုလ်နိုင်လင်းထွန်းကလည်း သဘောပေါက်စွာဖြင့် ဘာမှ ထပ်မပြောတော့ဘဲ ရှေ့မှ ခပ်သုတ်သုတ် ထွက်သွားလေ သည်။

ဒီနေ့အတွက်တော့ နှင်းသုစံ ဘဝင်မကျကာ စိတ်တိုရ သောနေ့တစ်နေ့ဖြစ်သည်ဟု ဒိုင်ယာရီ မှတ်တတ်သောသူ ဖြစ် ပါက မှတ်ရလိမ့်မည် ထင်ပါသည်။

ဘူတာရုံမှ ထွက်ကာနီး ဥဩဆွဲကာ ထွက်ခွာသွားသော ရထားကို လှည့်မကြည့်မိစေရန် သတိထားလိုက်ရသည်။

ရထားပေါ်မှ ထီသည်နှင့် တူသူသည် မိမိအား ငေး ကြည့်နေမည်ဆိုပါက ထီသည်အစစ်သာ ဖြစ်နိုင်မည်။ သို့သော် စိတ်ကို ချုပ်တည်းနိုင်ခြင်းသည် အောင်နိုင်ခြင်းတစ်ရပ်ဖြစ်သည် ဟု နှင်းသုစံ ယုံကြည်သည်။

ထီသည် ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ပတ် သက်စရာအကြောင်း မရှိတော့ပါဘူး။ လုံးဝလှည့်မကြည့်ဘဲ ဖေဖေ့လက်မောင်းကို ခိုတွဲကာ လိုက်ပါသွားလေသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၉)

ဖေဖေ ရှေ့တန်းမသွားခင် အပြတ်လိမ်မှာပြလိုက်သည်။ သေနတ်ပစ်ကွင်း သွားကာ မှန်မှန်လေ့ကျင့်ပေးလိုက်သည်။

ညနေ ဖေဖေနှင့်အတူ တင်းနစ်ရိုက်ခြင်းဖြင့်လည်းကောင်း၊ ကရာတေး ကစားခြင်းဖြင့်လည်းကောင်း တစ်ပတ်ဟူသောအချိန်သည် ခဏလေး ကုန်သွားသည်။

"သမီး ဒီမှာပဲ ဆက်နေခဲ့မလား၊ ရန်ကုန်ပြန်ချင်သလား၊ မမမေနဲ့ သွားနေချင်သလား"

ဖေဖေက ရွေးချယ်မှု ပေးလာသောအခါ နှင်းသုစံ ထ





န်မတတ် ဝမ်းသာသွားသည်။

သို့သော် ဖေဖေ့ရှေ့၌ ဝမ်းသာဟန် မပြဘဲ ကြွေရုပ်မျက်နှာသေလေးနှင့် နေလိုက်သည်။

"နှင်းသုစံကတော့ ရန်ကုန်မှာ အပျော်ဆုံးပဲ"

"ဘာဖြစ်လို့လဲ. . . လွတ်လွတ်လပ်လပ် နေရလို့လား"

"မဟုတ်ဘူး. . . မျက်စိကြီးနားကြီး နေရတယ် ဖေဖေ၊ ကွန်ပျူတာ ဆက်တက်ချင်တာလဲ ပါတယ်"

"အဖေအမေ အုပ်ထိန်းမှုနဲ့ လွတ်ကင်းတယ်ဆိုပြီး ထင်ဘိုင်းကျဲနေတာတော့ ဖေဖေမကြိုက်ဘူး၊ လူဆိုတာ ထိန်းချုပ်မှု ရှိရမယ်"

"နှင်းသုစံ နားလည်ပါတယ် ဖေ့ဖေ"

"ဖေ့ဖေ ရှေ့တန်းထွက်ပြီး နောက်ရက်ပြန်ဖို့ လက်မှတ်ဝယ်ခိုင်းထားခဲ့မယ်"

"ဟုတ်ကဲ့ ဖေဖေ"

"မိန်းကလေးဆိုတာ ဘယ်လောက်ပဲ ရဲရင့်ပြတ်သားတယ်ဆိုဆို ယောကျ်ားလေးတွေနဲ့တော့ အင်အားအရာမှာကော ဉာဏ်အရာမှာ ယှဉ်လို့မရနိုင်ဘူး သမီး၊ ကိုယ့်မှာ ကိုယ်ခံအင်အားတွေ ကောင်းနေတာပဲဆိုပြီး တစ်ဖက်သားကို အထင်သေးတာမျိုး လုံးဝမလုပ်နဲ့၊ ရန်သူမရှိစေနဲ့၊ မိတ်ဆွေသာ ရှိပါစေ"

"ဟုတ်. . အဲ. . ဟုတ်ကဲ့ ဖေဖေ"

ဟုတ်ဟု ဖြေရင်လည်း ဖေဖေ မကြိုက်တတ်၊ ပေါ့ပျော်ပျက်နိုင်သည်ဟု ပြောထားသဖြင့် နှင်းသုစံ မဟုတ်ရဲ။

"နောက်တစ်ခု ထပ်မှာချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ဖေဖေ"

"လူဆိုတာ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ရမှာပဲ၊ ဒါပေ
မယ့် ပညာစုံပြီး စိတ်ထားတည်ငြိမ်လာတဲ့အပိုင်းရောက်မှ အချ
ရေး အိမ်ထောင်ရေးကို စဉ်းစားရမယ်၊ ဒီစကားတွေ သမီးမေမေ
ပြောရမှာ၊ ဒါပေမယ့် ဖေဖေ့သမီးကို ဖေဖေ စိတ်မချလို့ ထပ်ပြေ
တာ၊ ပညာရေး. . . ထားပါတော့၊ အခုခေတ်ကာလမှာ ပညာ
ရေးက ကြန့်ကြာနေတော့ အသက်အပိုင်းအခြားနဲ့ ပြောရရင်
အသက်အစိတ်ကျော်မှ အိမ်ထောင်ရေးကို စဉ်းစားရမယ်၊ ကြား
လား သမီး"

"ဟုတ်ကဲ့ပါ ဖေဖေ"

"ဒီရွေးချယ်မှုအပိုင်းမှာလည်း ဖေဖေတို့ မစွက်ဖက်ဘူး
ပညာနဲ့အသက်က စကားပြောပြီး သမီးအတွက် ဘဝအဖော်မွန်
ကို ရွေးချယ်နိုင်လိမ့်မယ်လို့ ဖေဖေထင်တယ်၊ အဲ. . . သမီး
ရွေးချယ်မှု မှားနေတယ်လို့ ဖေဖေတို့ ထင်ရင်တော့ သမီးရဲ့လွတ်
လပ်မှု အခွင့်အရေးကို မိဘတွေရဲ့မေတ္တာတရားနဲ့ ဟန့်တားရ
လိမ့်မယ်ဆိုတာလဲ သဘောပေါက်ထား"

"သမီး မမိုက်ပါဘူး ဖေဖေ"

"ဖေဖေ ယုံပါတယ်၊ သမီးကလဲ ဖေဖေတို့ ယုံကြည်မှု
အလွဲသုံးစားမလုပ်နဲ့၊ စိတ်ကို အရမ်းလွှတ်ပေးမထားရဘူး"

"ဟုတ်ကဲ့. . နှင်းသုစံ သဘောပေါက်ပါတယ် ဖေဖေ"

နှင်းသုစံ နားလည်ပါသည်။ တီကြီးကို ပြောမိသော
စကားများ ဖေဖေများ သိရှိသွားလေသလားဟု မဆိုနိုင်၊ အချ
ရေးတို့ အိမ်ထောင်ရေးတို့ပါ ပါလာခြင်းကြောင့် ပညာတတ်





လူကြီးများပီပီ လှည့်ပတ် ပညာပေးနေလေရော့သလားဟု နှင်း
သုစံ တွေးလိုက်မိသည်။

"ကိုင်း. . . ရှေးတိတ်သွားပြီ၊ ရေသွားချိုးတော့ သမီး"

"ဖေဖေ အရင်ချိုးလေ"

"သမီး အရင်ချိုးပါ၊ ပြီးရင် ထမင်းပွဲပြင်ထားလိုက်တော့၊
ဖေဖေ ပြီးတာနဲ့ စားမယ်"

"ဟုတ်ကဲ့ ဖေဖေ"

နှင်းသုစံ လွတ်လပ်ပေါ့ပါးစွာ ဖေဖေ့အပါးမှ ခွာခဲ့သည်။
သခုမှ အသက်ဝဝရှူရဲတော့သည်။

စိတ်ကူးယဉ်အိပ်မက်တို့သည် ဘယ်ဆီသို့ လွင့်ပါး
ပျောက်ကွယ်သွားလေသည်ကို မသိနိုင်တော့ပါ။

အချစ်ရေး၌ အချိန်များများယူကာ လေ့လာနိုင်လေ
လေ ပို၍ကောင်းလေလေပါပဲဟု သဘောပေါက်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၀)

"ညီမလေး . . နှင်း"

"ဩော် . . . ဦးဇွဲ"

နှင်းသုစံ အာရုံအကျစ် ကွန်ပျူတာသင်တန်းမှ အဆင်းတွင် ဦးဇွဲကို တွေ့လိုက်ရသည်။

"ဆိုင်ကယ်နံပါတ်တွေ့တာနဲ့ ညီမလေးပဲဆိုပြီး ကိုကိုစောင့်နေတာ"

"ဘာကိစ္စများ ရှိလို့ပါလိမ့်"

နှင်းသုစံအမေးကြောင့် ဦးဇွဲ ရုတ်တရက် ကြောင်သွားဟန်တူသည်။ ရုတ်တရက် အဖြေမထွက်လာဘဲ အိုးတိုးအတ





ဖြစ်သွားသည်။

"ကိစ္စတော့ မရှိပါဘူး၊ ဒါပေမယ့် ညီမလေးရဲ့အိမ်လိပ်စာကို မသိလိုက်ရတော့ မေမေတို့က တွေ့ချင်ပေမယ့် တွေ့လို့မရဘူး ဖြစ်နေတယ်၊ အဲဒါ တဖွဖွ ပြောနေလို့ ကိုကို ဘယ်လိုစုံစမ်းရမလဲ စဉ်းစားနေခဲ့တယ်"

"တွေ့ချင်တဲ့အထဲမှာ ဦးဇွဲကော မပါဘူးလား"

"ဘယ်နဲ့ မေးပါလိမ့် . . . ရှေ့ဆုံးကပါပဲ"

"ဒီလိုဆို အိမ်လိုက်ခဲ့လေ၊ ဦးဇွဲ ဘာနဲ့ လာသလဲ"

"ကားပါတယ်"

"နှင်းသုစံ ဆိုင်ကယ်နောက်က လိုက်မောင်းခဲ့"

"အိုကေ"

"ဒါဖြင့် သွားတော့မယ်နော်"

"ကောင်းပြီ"

နှင်းသုစံ ဟဲလဲမက်ခ်ကို ဆောင်းရင်း ပြုံးလိုက်မိသည်။ ဦးဇွဲကို စလိုက်ဦးမည်။ တစ်ယောက်တည်း ပျင်းနေတာကြာပြီ။

ဖေဖေ့စကားကို သမီးအလိမ္မာပီပီ နားထောင်ရင်း ကွန်ပျူတာနှင့် စပီကင် တက်သည်မှအပ အိမ်ပြင်မထွက်ဘဲ နေလိုက်သည်မှာ တစ်ပတ်ကြီးများတောင် ရှိသွားသဖြင့် နှင်းသုစံ ငြီးငွေ့နေလေပြီ။

ဆိုင်ကယ်ကို လှည့်ပတ်မောင်းရင်း ဦးဇွဲကို မျက်စိလည်စေရန် ကြိုးပမ်းလိုက်ရသည်။ ကြာကြာ မကြိုးပမ်းလိုက်ရ။ မြို့ထဲ တစ်ပတ်,ပတ်အပြီးတွင် ဦးဇွဲ ပါမလာတော့။

နှင်းသုစံ တစ်ယောက်တည်း ကြိတ်၍ပြုံးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို တန်းတန်းမတ်မတ် ပြန်လာပြီး အိမ်ထဲ ရောက်သည်နှင့် အားပါးတရ ရယ်မောလိုက်သည်။

"ဟား . . ဟား . . ဟား"

"ဟဲ့ . . . ဘာဖြစ်တာလဲ"

"သဘောကျလို့"

"ဘာသဘောကျတာလဲ"

"ဒေါ်ကြီး မသိရင် အသာနေစမ်းပါ"

"ကလင် . . ကလင် . . ကလင်"

နှင်းသုစံ ပေ့ါပါးစွာ ထဖွင့်ပေးလိုက်သည်။ ထီသည်။ တွေ့ကြသေးတာပေ့ါ။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ"

နှင်းသုစံ အကြောင်ရိုက်လိုက်သည်။ ထီသည်ကလည်း မခေပါ။

"နှင်းသုစံဆိုတဲ့ အမိနဲ့ပါ"

နှင်းသုစံအား မေးငေ့ါပြုပြီး ပြောလိုက်သည်။

"ဝမ်းနည်းပါတယ် . . . ခင်ဗျားက တွေ့ချင်ပေမယ့် နှင်းသုစံက မမြင်ဖူးတဲ့အတွက် မဖွင့်ပေးနိုင်ပါဘူး"

"ဟုတ်ကဲ့ . . . မမြင်ဖူးရင် ပြန်လည်မိတ်ဆက်ပါမယ်၊ မနှင်းသုစံမှာ ဒီလောက်မှတ်ဉာဏ်ချို့ယွင်းလိမ့်မယ် မထင်ခဲ့မိတာ ကျုပ်အမှားပါဗျာ"

"နှင်းသုစံက အချို့သောယောကျာ်းတွေလို ဗလောင်းဗလဲ မလုပ်တတ်ဘူး"

တံခါးပိတ်ရန် စဉ်းစားလိုက်သေးသည်။ သို့သော် မပိတ်





မိသေးချေ။ သံပန်း သံတံခါး ခြားထားသည့်ကြား တစ်ဖက်မှ ထီသည်ကို မကျေမချမ်း ကြည့်မိသည်။

"အဲဒီယောကျာ်းတွေထဲမှာ ကျုပ်ပါတယ်လို့ ကျုပ်မထင်ဘူး"

"ခင်ဗျား မထင်ပေမယ့် နှင်းသုစံ ထင်တယ်၊ အဲဒီလို စိတ်ဓာတ်မမှန်တဲ့ ယောကျာ်းမျိုး နှင်းသုစံအသိထဲမှာ မရှိဘူး"

"ဒါဖြင့် စိတ်ဓာတ်မှန်တဲ့သူဆိုရင် မနှင်းသုစံ အသိပေ့ါ"

"ဟုတ်တယ် . . . အဲဒီထဲ ခင်ဗျားကြီး မပါတော့ဘူး"

"ဝမ်းနည်းစရာတွေ ဖြစ်ကုန်ပြီထင်တယ်၊ ဒီကိစ္စ ရှင်းချက်ပေးရင် အမိက ကျေနပ်မှာလား"

"ဒါကတော့ စဉ်းစားရဦးမှာပေ့ါ"

"ဒါဖြင့်လဲ စဉ်းစားလေ၊ ဒီမှာ လက်ဆောင်လာပို့တာ"

"မယူဘူး"

"ယူတာ မယူတာ အမိအလုပ်လေ၊ ကျုပ်အလုပ်က ထီသည် . . ထီသည်လို့ ခေါ်ပြီး ကျုပ်နောက် တကောက်ကောက် လိုက်နေတဲ့ ယောကျာ်းဆန်ဆန် ကောင်မလေးကို ကျုပ်သွားရင်းလာရင်း သတိရတဲ့အတွက် အမှတ်တရ လက်ဆောင် လာပို့ပေးတာ၊ သွားပါဦးမယ် မနှင်းသုစံ"

"အဲ"

နှင်းသုစံစိတ်ထဲ အာမေဋိတ်သံ ထွက်သွားသည်။ စကားဆုံးသည်နှင့် ချာခနဲ လှည့်ထွက်သွားသည်။ ကျွတ်ကျွတ်အိတ်ကိုတော့ သံပန်းတံခါး၌ ချိတ်သွားခဲ့လေသည်။

'ထီသည်' ဟု ခေါ်ရန်ပြင်လိုက်သောစိတ်ကို ဟိတ်တွေးမိ



www.burmeseclassic.com

www.burmeseclassic.com



ချခြင်းဖြင့် ဖြေရှင်းလိုက်သည်။

နေပါစေ။ မိမိအား ယောက်ျားဆန်ဆန် ကောင်မလေး ဟု ပြောသွားလား ပြောသွားရဲ့။

"ကျုပ်သွားရင်းလာရင်း သတိရတဲ့အတွက်" ဟု ဘာလို လိုစကား ဆိုလားဆိုရဲ့။

အထုပ်ကို ဒီအတိုင်း ထားရန် စဉ်းစားလိုက်သော်လည်း လှေကားအတက်အဆင်း သူများယူသွားမှာ စိုးရိမ်ရသေးသည်။

"ဒေါ်ကြီး"

ဟု မေးငေါ့ပြလိုက်ပြီး ဝရန်တာဘက် ထွက်ခဲ့သည်။ ထီသည်က လက်ပြနှုတ်ဆက်ကာ ကားပေါ် တက်၍ ထွက်သွားသည်။

"တောက်"

အနိုင်နဲ့ ပိုင်းသွားတာ။ နှင်းသုစံကို ဘယ်ကျားသတ္တဝါမှ ကျောလို့မရတာ၊ ဒီပုဂ္ဂိုလ်နဲ့မှ ခံနေရသည်။

လုံးဝမကျေနပ်ဘူး။

တွေ့ကြသေးတာပေါ့။

"ဟဲ့. . . မန္တလေးထိုးမုန့်တွေ၊ အရီးတောင်း ကြက်ခြေနီနဲ့ မြမာလာ ဖိနပ်ရယ်၊ ယောပိုးချိတ်ထည့်တဲ့ ဘူးလေးပါလား၊ ဖွင့်ကြည့်လိုက်ဦးမှ"

နှင်းသုစံသည် ဧည့်ခန်းစားပွဲပေါ်၌ ပစ္စည်းများကို ပုံချရင်း ပြောနေသော ဒေါ်ကြီးထံ မျက်လုံးရောက်သွားသည်။

ဒေါ်ကြီးဖြန့်ကြည့်လိုက်သော ပိုးချိတ်လေးက နှင်းသုစံအား လှောင်သကဲ့သို့ ရှိချေပြီ။





မန္တလေး ထွက်ကုန်များကို လက်ဆောင်အဖြစ် လာပို့ခြင်းသည် နှင်းသုစံထံ လာရောက်ဝန်ခံသကဲ့သို့ ရှိချေ၏။

သူ မန္တလေး သွားခဲ့ပါသည်။ ရထားပေါ်၌ ထီသည် မဟုတ်ပါဘူးဟု ငြင်းပယ်ခဲ့သူမှာ မိမိပင်ဖြစ်ပါသည်ဟု လာရောက်ဝန်ခံခြင်းပေလော။

နှင်းသုစံ မခံချိမခံသာနှင့် ဆက်တီထက် ခြေပစ်လက်ပစ် ထိုင်လိုက်စဉ်. . .

"ရော့. . . စီးကြည့်စမ်း"

"မစီးချင်ပါဘူး"

"စီးကြည့်စမ်းပါ. . . တော်ရဲ့လားလို့"

ဒေါ်ကြီးက ဒီလောက်ပြောနေသဖြင့် မနေသာဘဲ စီးကြည့်လိုက်သည်။

"ဟင်"

အံ့ဩမှုတစ်ခု ထပ်ဆင့်လာရပြန်သည်။

ဖိနပ်သည် အပိုအလို မရှိ။ မိမိခြေထောက်နှင့် တိုင်းဝယ်ထားသည့်အလား ရှိနေလေပြီ။

နှင်းသုစံ၏ခြေထောက်အတိုင်းအတာကို စိတ်ကူးနှင့် ပုံဖော်ကြည့်နိုင်သည်ဆိုတော့. . .

အား. . . ထီသည်ကိုတော့ နှင်းသုစံ လက်မြှောက်ရမလို ဖြစ်နေပါပြီကော။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၁)

"ဟဲလို. . . အမိန့်ရှိပါ"

"အမိ"

ဒီအခေါ် အဝေါ်ကို ခေါ်သူတစ်ယောက်တည်း ရှိသည်။ ထီသည်မှတစ်ပါး အခြားသူမဖြစ်နိုင်။

ဖုန်းချရန် စိတ်ကူးလိုက်သော်လည်း မချမိ။ ထီသည်နှင့် စကားပြောရသည်မှာ စိတ်လှုပ်ရှားပြီး ဦးနှောက်ကို အလုပ်ပေးရသည်။

"ဟတ်ပီးဘတ်ဒေးတူးယူ"





"ဟင်"

နှင်းသုစံ ပြက္ခဒိန်ကို လှမ်းကြည့်လိုက်မိသည်။ ကြည့်စမ်း. . . ဒီနေ့ မိမိ (၁၉)နှစ်မြောက်မွေးနေ့ပါလား။ မိမိသတိမထားခဲ့မိသည်ကို ထီသည်က သိနေပါလား။

"ဘတ်ဒေး ပရဲဆင့်ကို တံခါးဝမှာ ချိတ်ထားခဲ့တယ်. . တွေ့ပြီးပြီလား"

"ဟင့်အင်း"

"ဒါပဲ. . . မြန်မြန်သွားယူလိုက်၊ တစ်ယောက်ယောက်တွေ့သွားလို့ ယူသွားဦးမယ်"

"ယူပါစေ"

"မလုပ်ပါနဲ့. . . မေတ္တာစေတနာနဲ့ ပေးတဲ့အရာဆိုရင် မြွေပွေးတောင် ယူရတယ်"

"ဘာစကားလဲ. . . မကြားဖူးပေါင်"

"ထီသည်စကားလေ. . . မှတ်ထားလိုက်၊ ပညာရှိစကားဆိုတာ နာယူရတယ်"

"ဘာပညာရှိလဲ. . . လူမိုက်ပညာရှိလား"

"ထင်ချင်သလိုထင်လေ၊ ဒါပဲနော်. . . ဘတ်ဒေးပရဲဆင့်ကိုသာ အရင်သွားယူလိုက်ပါဦး၊ ဘာမှကျွေးဖို့ မလိုပါဘူး၊ စားပြီးပြီလို့ပဲ မှတ်ယူလိုက်ပါ့မယ်"

"ဂျလောက်"

နှင်းသုစံ ဘာမှမပြောနိုင်ခင် တစ်ဖက်မှ ဖုန်းချသွားသောအခါ မခံချိမခံသာ ဖြစ်ကျန်ခဲ့သည်။ ဖုန်းခွက်ကို ဒေါကျမနပ် ချလိုက်ပြီး အိမ်ရှေ့တံခါးကို ဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့် . . . သံပန်းတံခါးကို ကျွတ်ကျွတ်အိတ်တစ်အိတ် ချိတ်ဆွဲထားပြန်သည်။ တော်တော် အိတ်အဆွဲ ဝါသနာပါသည့် ပုဂ္ဂိုလ်ပဲ။

သို့သော် ထိုအထဲမှ ထိုးထိုးထောင်ထောင် ထွက်နေသော နှင်းဆီပန်းရောင်စုံကို တွေ့မြင်လိုက်ရသည်။

ကျွတ်ကျွတ်အိတ်ကို တံခါးမှ ဖြုတ်ယူလိုက်သည်။ ဝန်းစက္ကူအလှနှင့် ထုပ်ထားသောလက်ဆောင်ကို ဘူးထုပ်အပေါ်၌ နှင်းဆီပန်းစည်းကိုပါ ထည့်ထားသည်။ ဒီလိုဆိုတော့လည်း ထီသည်က ကဗျာဆန်နေပါလား။

"ဒေါ်ကြီး"

"ဝေ့"

"ရော့ . . . ဘုရားပန်းလဲလိုက်"

နှင်းသုစံ ပန်းမပန်တတ်။

"ဘယ်တုန်းက သွားဝယ်လိုက်တာလဲ"

"စိတ်ကူးနဲ့"

ဒေါ်ကြီးထံ ပန်းစည်းကမ်းပေးစဉ် ဖဲကြိုး၌ ချည်နှောင်ထားသော ကဒ်ပြားလေးကို သတိပြုမိလိုက်သည်။

"အိပ်မက်ရှင် မိန်းကလေးအတွက်"

ဟု ရေးထိုးထားပြီး ဆိုင်းထိုးထားသည်။

ကဒ်နှင့်ဖဲပြားကို ဖြုတ်ကာ ဒေါ်ကြီးလက်ထဲ ထည့်လိုက်၏။

"ဘယ်သူပေးတာလဲ"

"ထီသည်ပဲပေါ့"





"ဘယ်တုန်းက လာသွားလို့လဲ"

"မသိပါဘူး"

"အထုပ်ကလေးက ဘာလဲ"

"ဒီနေ့ နှင်းသုစံ မွေးနေ့လေ၊ မွေးနေ့လက်ဆောင်ပေါ့"

"သမီးက ဘယ်တုန်းက ဖိတ်လိုက်တာလဲ၊ ဒေါ်ကြီးလဲ မသိပါလား၊ ဘာချက်ပေးရမလဲ"

"ဘာမှ မချက်နဲ့ . . . ဘယ်သူမှလဲ မဖိတ်ထားဘူး"

နှင်းသုစံ စိတ်တိုစွာ ပြောလိုက်မိသည်။ ဘာကိစ္စ စိတ်တိုနေသည်ကို မသိနိုင်။ မကျေမနပ်ဖြစ်မှုကသာ ကြီးစိုးနေသည်။

"ဒါပေမယ့် လက်ဆောင်က ရောက်နေပြီမဟုတ်လား"

"သူ့ဟာသူ ရောက်တာ"

နှင်းသုစံ နေရပ်၊ တယ်လီဖုန်းနံပါတ်၊ မိဘများ အကြောင်းအပြင် မွေးရက်ပါ သိနေသည်ဆိုတော့ ထီသည်ကို အထင်မသေးဝံ့တော့။

အထင်မသေးတာနဲ့ အထင်ကြီးရမည်လား။

လုပ်မနေနဲ့ . . . အထင်မကြီးနိုင်ပါ။

အထုပ်ကို ဖြေလိုက်သည်။ သေသေသပ်သပ် မဖြေ၊ စိတ်တိုစွာပင် ဖြေလိုက်မိသည်။ လာပြန်ပြီ၊ ဇင်းမယ်လုံချည်နှင့် ချစ်ဇာလန်ဇာ။

လူကို မိန်းမဝတ်စုံတွေပဲ ပေးပေးနေတာ ဘာသဘောလဲ။ ယောကျ်ားရှာများ ထင်နေသလား။

ထသိမ်းလိုက်သည်။ တော်ကြာ မေမေလာလို့ တွေ့သွားရင် သိမ်းပိုက်သွားနိုင်သည်။ မဝတ်လျှင်သာ နေရမည်၊



www.burmeseclassic.com

www.burmeseclassic.com



မမေ့ကို ပေးရမှာတောင် နှမြောမှု ရှိသည်။

"အဲ"

ယခုမှ သတိရသည်။

လက်ဆောင်ပေးတိုင်း ယူနေသော မိမိအား အထင်သေးမည်။ ပြန်ပေးလိုက်တာပဲ ကောင်းမည်။ ဟုတ်သည်။ သို့သော် လက်ဖက်တို့ ထိုးမုန့်တို့က စားပြီးနေပြီ၊ ဘယ်လိုလုပ်ရမလဲ။ နှင်းသုစံ ဉာဏ်ထုတ်ကြည့်သည်။

အား. . . သိပြီ။

လက်ဖျောက်တစ်ချက် တီးကာ လေချွန်လိုက်သည်။

ရန်ကုန်မြို့ကြီးပဲဟာ. . . တိုင်းနယ်ပြည်နယ် (၁၄)ခုမှ ထုတ်လုပ်သမျှ အကုန်ရသည်။ အရီးတောင်းနှင့် ထိုးမုန့်လောက်များ သိမ်ကြီးဈေး သွားလိုက်ရင် ကိစ္စပြတ်သည်ပဲ။

နှင်းသုစံ လက်ဆောင်များကို ဗီရိုထဲမှ ပြန်ထုတ်လိုက်သည်။ မိန်းမပီပီ နှမြောသောစိတ်ကလေးတော့ ဖြစ်သွားလေသည်။ သို့သော် နှမြောနေလို့မဖြစ်။

ထီသည်က ကြောလွန်းသည်။

သူ့အတွင်းစိတ်ကိုလည်း အကဲမခတ်တတ်။

ယောကျ်ားတွေနဲ့ မပတ်သက်ဘဲ အေးအေးဆေးဆေး နေတာပဲ ကောင်းလိမ့်မည် ထင်ပါသည်။

နှင်းသုစံ စဉ်းစားဆုံးဖြတ်လိုက်သည်။

ထီသည် ပေးထားသမျှလက်ဆောင်တို့ကို ပြန်လည်ထုပ်ပိုးပြီး ဖြစ်သွားသည်။

မျက်နှာသစ် ကိုယ်လက်သန့်စင်ခြင်းအမှုကို မြန်မြန်ပြု





လိုက်သည်။

"ဒါက ဘယ်သွားဦးမလို့လဲ"

"အပြင်ခဏ"

"ခဏဆိုတာ ညနေစာလွတ်လား"

ဒေါ်ကြီးက အကြောင်းသိပီပီ မေးလိုက်သည်။

"မဟုတ်ပါဘူး. . . ကိစ္စပြီးတာနဲ့ ပြန်လာမယ်"

"ကောင်းပြီလေ. . . ကြည့်ရသေးတာပေါ့"

ဒေါ်ကြီး ဖျော်ပေးထားသော ကော်ဖီကို ကမန်းကတန်း မော့ချလိုက်သည်။

"ထမင်းကြော် မစားတော့ဘူးလား"

"နိုး. . . သွားမယ်၊ လူကြီးမရှိတုန်း ကောင်းကောင်းနေနော် ကလေး"

နှင်းသုစံ ဒေါ်ကြီးကို စပြီး ပြေးထွက်ခဲ့သည်။

ထီသည်. . ထီသည်. . နှင်းသုစံအား အတော်ဒုက္ခပေးနေပါလား။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၂)

"ဦးကြီး"

"ကလေးမ အတော်ပဲ၊ မောင်ရဲ စောင့်နေတယ်"

"ဟင်"

နှင်းသုစံ ဖြုံသွားသည်။

ထီသည်က မိမိလာမှာကို ကြိုသိနေပါလား။

"သူက ဘာကိစ္စ စောင့်ရမှာလဲ"

ထီသည်ကို မကျေနပ်သမျှ ခြံစောင့်ဦးကြီးကို မဲလိုက်မိသည်။





ခပ်ဆောင့်ဆောင့် မေးလိုက်မိသည်။

"ဒါတော့ ဦးကြီးလဲ မသိဘူးလေ"

စိတ်လိုက်မာန်ပါနှင့် ဝင်သွားခဲ့မိသည်။ အိမ်ရှေ့တံခါးဝကြီး၌ မားမားရပ်ကာ ကြိုနေသော ထီသည်ရှေ့ ကျွတ်ကျွတ်အိတ်များ ပစ်ချပေးလိုက်သည်။

"ရှိုင်းလှချည်လား"

"ရှိုင်းရှိုင်းပဲ. . . နောက် ခင်ဗျားကြီးနဲ့ နှင်းသုစံနဲ့ ဘာမှ ဘာမပတ်သက်နဲ့၊ ခင်ဗျား လက်ဆောင်ပေးတိုင်း ယူတဲ့အစား မဟုတ်ဘူး"

"ဒါဖြင့် ကျန်သေးတယ်"

"ဘာကျန်လို့လဲ"

"နှစ်မျိုး"

"မကျန်ပါဘူး"

"ကျုပ် သေသေချာချာ စစ်ပြီးမှ ပြောတာ"

"စစ်လဲ မစစ်ဘဲနဲ့"

နှင်းသုစံ ပစ်ချထားသော ကျွတ်ကျွတ်အိတ်ကို မကြည့်ဘဲ ပစ္စည်းကျန်သည်ဟု ထီသည်က စွပ်စွဲနေဖြင့် နှင်းသုစံ အမြေးအလွှား စဉ်းစားလိုက်သည်။

"ဪ. . . နှင်းဆီပန်းတွေ"

"ဟုတ်တယ်. . . အနိုင်မယူလိုလို့ အရှုံးပေးသူရဲ့ ငြိမ်းချမ်းရေး ပန်းလေးတွေ ပြန်မပေးတာ ကျုပ်ကမ်းလှမ်းချက်ကို လက်ခံတဲ့သဘောပေါ့နော်"

"အံမယ်. . . မဟုတ်ပါဘူး၊ အဲဒါ နှင်းသုစံ မေ့သွားလို့၊



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြီးက တစ်ခါတည်း ဘုရားပန်းထိုးလိုက်လို့များ"

"ထားပါတော့. . . နောက်တစ်ခုက ကျုပ်ပေးတုန်းက[illegible] ပါလာတဲ့ မေတ္တာစေတနာကို မင်း ဘယ်နား သွားလွှင့်ပစ်[illegible]သလဲ"

"ဟာ. . . ဘာကြီးမှန်းလဲ မသိဘူး၊ အမှိုက်ပုံးထဲ လွှင့်ပစ်လိုက်ပြီ"

ပြောပြောဆိုဆို နှင်းသုစံ ဆိုင်ကယ်စက်နှိုးလိုက်သည်။

"နေဦးလေ. . . အိမ်ထဲ ဝင်ဦး"

နှင်းသုစံ ဘာမှမပြော၊ လှည့်လည်း မကြည့်ဘဲ ထွက်[illegible] သည်။

ဒီပုဂ္ဂိုလ်နား ကြာကြာနေလို့မဖြစ်ချေ။ နှင်းသုစံအတွက် အန္တရာယ်ကြီးသာ ဖြစ်လိမ့်မည်။ တော်တော်လည်သည့်လူ။ အင်[illegible]လေ. . . ဒုစရိုက်အလုပ် လုပ်နေမှ ဒီလောက်တော့ ရှိလိမ့်မည်[illegible]ပေါ့။

နှင်းသုစံ ကြုံတုန်းကြုံခိုက် ရန်ကင်းမှ ဘိုးဘိုးဘွားဘွား[illegible]တို့ဆီ ခဏဝင်လိုက်သေးသည်။ ကြာရှည်မနေဘဲ ပြန်ခဲ့သည်[illegible] သို့သော် နံနက်စာ စားခဲ့သည်။

ဟင်းစရာကောင်းလိုက်တာ၊ ကိုယ့်မွေးနေ့ ကိုယ့်မွေး[illegible] သဖြင့် ဘာမှအစီအစဉ်မရှိဘဲ ဖြစ်သွားသည်။

နှင်းသုစံ အိမ်သို့ ပြန်လာခဲ့သည်။

သူငယ်ချင်းဆိုလို့ကလည်း ရှပါသာ ရှိသည်ဆိုတော့ ပျော်စရာတွေ ရှိမည်လည်း မထင်ပါ။

"အဲတော့"





အိမ်ခန်းတံခါး ပွင့်လျက်ရှိနေသည်။ အထဲမှာလည်း အားသံများ ထွက်လျက်ရှိသည်။ ဖိနပ်တွေ တော်တော်များပါလား။

"ဟင်"

နှင်းသုစံ အိမ်ထဲ ဝင်လိုက်သောအခါ ပါးစပ်အဟောင်းသားနှင့် အံ့ဩမှု အထွတ်အထိပ် ရောက်သွားသည်။

ကြည့်စမ်း. . . ရှပါ၊ မောင်မောင်ဇေကွဲတို့ ညီအစ်ကိုသုံးယောက်နှင့် တျော်ကျော်၊ လေးလေးနှင့် ဦးဖွဲ့ အချင်းချင်း ဆွေ့ခံနေကြသည်။

"ဟော. . . မွေးနေ့ရှင်ကြီး ကြွလာပါပြီ"

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

"ဟက်ပီဘတ်ဒေးတူးယူ"

ဒီတစ်ခါ အချွတ်ခံရသည်မှာ နှင်းသုစံ ဖြစ်နေပြီထင့်။ ခေါင်းကုတ်ကာ ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။

"စားကြတော့မလား. . . ပြင်လိုက်မယ်နော်"

ထိုသည်က မီးဖိုထဲမှ ဒေါ်ကြီးနှင့် ဒ်ပေါက်ပန်းကန်များတို့ ပြင်နေပါလား။

ကြည့်စမ်း. . . သူက အိမ်ရှင်ကျနေတာ။

စားပွဲပေါ်တွင်လည်း ပက်ကင်ပေပါ စက္ကူလှလှများနှင့် ထုပ်ပိုးထားသော မွေးနေ့လက်ဆောင်များ ပြည့်နေလေသည်။

"ဘယ်ကဘယ်လို ရောက်လာကြတာလဲ"

"မနေ့ကပဲ ဆယ်နာရီအရောက် ကြွခဲ့ဖို့ ဖုန်းဆက်ပြီးတော့"



www.burmeseclassic.com

www.burmeseclassic.com



"ထုတ်တယ် . . . မနှင်းသုစံရဲ့ကိုယ်စားဆိုပြီး ထွ… တော်တာပဲ ဆက်ပြီး ဖိတ်လိုက်ရတာ"

အတွင်းခန်းမှ ခေါက်စားပွဲကုလားထိုင်များ ထုတ်… ကိုယ်ထူကိုယ်ထ ပြင်လိုက်ရသည်။ လက်စသတ်တော့ ထီသည်… ၏လက်ချက်ကြီးပါပဲလား။

ထီသည်၊ ရှုပါနှင့် ဒေါ်ကြီးတို့ပြင်ဆင်မှုဖြင့် ထမင်းစား… တွင် သေသပ်လှပစွာ ဧည့်ဝတ်ကျေပွန်မှုကို ဖြစ်သွားသည်။

လူဆယ်ယောက်စာအတွက် ဇွန်းခက်ရင်းများကို ထုတ်… ကာ ရေဆေးပြီး သုတ်ခြင်း၊ အအေးအတွက် ဖန်ခွက်များ ထုတ်… ပေးခြင်း အလုပ်ရှုပ်သွားသဖြင့် နှင်းသုစံ ထီသည်နှင့် ရန်ဖြစ်ချိန်… မရလိုက်။

မည်သို့ပင်ဖြစ်စေ၊ နှင်းသုစံ ထီသည်ကို ကျေးဇူးတင်… သွားရသည်။ ပျင်းရိကာ ဖေဖေ့အား မကျေမနပ် ဖြစ်ရမလား… မေမေ့အား မကျေမနပ်ဖြစ်ရမလား၊ မိမိကိုယ်ကိုမိမိပဲ မကျေ… မနပ်ဖြစ်ရမလားမသိ၊ မိမိ မကျေနပ်စိတ်တို့သည် လွင့်ပါးကာ… ပျော်ရွှင်သွားသည်။

ထီသည်သည် အစစအရာရာ သိနေကာ မိမိစိတ်တွင်း… ဖြစ်ပေါ်နေသော မသိစိတ်ကိုတောင် သိနိုင်စွမ်း ရှိနေပါလား။

"ဒေါ်ကြီးပါ တစ်ခါတည်း ဝင်နော်"

"နောက်မှ"

"နောက်မှ မရဘူး၊ လူကြီးရယ်လို့ ဒေါ်ကြီးပဲ ရှိတာ၊ ဒေါ်ကြီးကို လူကြီးအရာထားပြီး ဆုံးမစကားပြောခိုင်းရမယ်"

ထီသည်က ဒေါ်ကြီးကို ဆွဲခေါ်လာကာ သူ့ဘေးတွင်…





ထိုင်စေသည်။

မောင်မောင်ဇကွဲနှင့် ကျော်ကျော်တို့ မျက်နှာမသိမသာ ပျက်သွားကြသည်။ အဆင့်အတန်း ခွဲခြားတတ်သူများ ထင်ပါသည်။

လေးလေးနှင့် ဦးဇွဲ၏အတွင်းစိတ်ကိုမူ မျက်နှာရိပ် မျက်နှာကဲ ခတ်ရုံနှင့် မရနိုင်ချေ။ လူကြီးလူကောင်းများပီပီ ဟန်ဆောင်မှု ရှိကောင်းရှိပေမည်။

"ဒေါ်ကြီး . . . ဆုံးမစကားပြောလေ"

"မပြောတတ်ပါဘူးကွယ် . . . နှင်းသုစံ အသက်ရာကျော် ရှည်ပါစေလို့ပဲ ဆုတောင်းပေးရမယ်"

ဒေါ်ကြီးက ရိုးစင်းစွာ ပြောကြားလိုက်သည်။

တစ်ယောက်တစ်ပေါက် ဆုတောင်းကြသည့်အထဲတွင် ထီသည်က . . .

"အိပ်မက်ထဲမှ ဖူးစာရှင်အစစ်အမှန်နဲ့ တွေ့ပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

နှင်းသုစံကလည်း ခပ်ရွဲ့ရွဲ့ပင် ပြောလိုက်သည်။

အားလုံးက ဝိုင်းရယ်လိုက်သည်။

အံ့သြစရာကောင်းသည်က ထီသည်သည် ဦးဇွဲ၏ညီအရင်း ဖြစ်နေခြင်းပင်။

ဒါဖြင့် နှင်းသုစံ သူ့အစ်မ မမမင်းနှင့် တူကြောင်းကို ထီသည် ကောင်းစွာ သိပေမည်။

ထို့ကြောင့် နှင်းသုစံအကြောင်းကို စိတ်ဝင်စားစွာ စုံစမ်းခြင်းဖြစ်ပေမည်။



www.burmeseclassic.com

www.burmeseclassic.com



တလွဲတွေးကာ ရင်မခုန်နဲ့တော့ နှင်းသုစံဟု မိမိကိုယ်မိမိ ဆုံးမလိုက်သည်။







# အခန်း(၂၃)

နှင်းသုစံ မှတ်စုစာအုပ်ကလေး လှန်လိုက်သည်။

၁။ ပညာတတ်ရမည်၊ အနည်းဆုံး ဘွဲ့တစ်ခု ရှိရမည်။

၂။ ယောကျ်ားပီသ ချောမောသောရုပ်ရည် ရှိရမည်။

၃။ အနည်းဆုံး အရပ်ငါးပေငါးလက်မအထက် ရှိရမည်။

၄။ အရာရာကို သတ္တိရှိရှိ စိတ်ဓာတ်ကြံ့ခိုင်စွာ ဦးဆောင်နိုင်သူ ဖြစ်ရမည်။

၅။ မိဘမျိုးရိုးဇာတိ ကောင်းရမည်။ ဘာသာတူရမည်။

၆။ ဥပဒေဘောင်အတွင်းမှ စီးပွားရှာတတ်သောသူ ဖြစ်ရ



www.burmeseclassic.com

www.burmeseclassic.com



မည်။

၇။ မိမိတွာ လေးစားတန်ဖိုးထားကာ ချစ်သောသူဖြစ်ရမည်။ မိန်းမ မပွေရ။

၈။ မိမိကို တန်ဖိုးထားသောသူ ဖြစ်ရမည်။

၉။ မာနမကြီးဘဲ လူတန်းစား မခွဲခြားတတ်သူ ဖြစ်ရမည်။ စိတ်ထားမြင့်မြတ်ရမည်။

၁၀။ နှစ်ဖက်သောမိဘများ၏သဘောတူညီမှုကို ရရှိသော သူ ဖြစ်ရမည်။

နှင်းသုစံ ပြုံးလိုက်မိသည်။

မိမိရွေးချယ်ရမည့် အိမ်ထောင်ရှင်၏ ပြည့်စုံရမည့် အရည်အချင်း လျှို့ဝှက်ချက်ပင်။

ရိုးရိုးလေးပါပဲ၊ မိန်းကလေးတိုင်း၏ဆန္ဒရပ်ပင် ဖြစ်သည်။ ဖျင်းသည်နှင့် ဘောပင်လ်လေး ဆွဲကာ ခေါင်းစဉ်တပ်လိုက်မိသည်။

'အိပ်မက်ထဲက ဖူးစာရှင်' ဟူ၍. . .

အံ့မယ်၊ ထီသည်ပေးသောဆုကြီးပါလား။

ထီသည်. . .

စိတ်ထဲမှ ထီသည်ကို ဆယ်ချက်နှင့် ကိုက်ကြည့်သည်။ နံပါတ်(၆)အရောက်တွင် တန့်သွားသည်။ ထိုအချက်နှင့် ပြုတ်သွားသည်။

နံပါတ်(၇)နှင့်(၈)သည် ဖြစ်နိုင်ဖို့ အလားအလာရှိသည်။ သူစိမ်းယောက်ျားတစ်ဦးအပေါ် စိတ်ဝင်စားခြင်းသည် ချစ်ခြင်း၏ရေသောက်မြစ် ထင်ပါသည်။





ခပ်ကြောင်ကြောင်လူကိုမှ စိတ်ဝင်စားရတယ်လို့။

ကြောင်ကြောင်ရယ်လို့လည်း ဟုတ်မယ်မထင်ပါဘူး။ လူတန်းစားမှ မခွဲခြားတတ်တာ။

ဒါဆိုရင် နံပါတ်ခြောက်တစ်ခုနဲ့ပဲ လာငြိနေတယ်ပေါ့။

နှင်းသုစံ စာအုပ်ကို မွှေ့ရာအောက် ထိုးထည့်လိုက်သည်။

ဖျင်းလိုက်တာ. . . အလုပ်တစ်ခုခု ဝင်လုပ်ရင်ကောင်းမလား။ ဖေဖေက သွင်းပေးလိမ့်မည်မဟုတ်။

ဖေဖေကတော့ ဆရာဝန်ပဲ ဖြစ်စေချင်သည်။

ရှင်းပါသည်။ ဘွားဘွားတို့ဆီက ငှားလာသော သိုင်းရုပ်စ်အုပ်တွဲကြီး ဖတ်ခြင်းဖြင့် အချိန်ဖြုန်းလိုက်တာပဲ ကောင်းပါသည်။

နှင်းသုစံ အကျအန လဲလျောင်းလိုက်သည်။

"တူတူ. . . တူတူ. . . တူတူ"

လာပြီ ဖုန်း။

"နှင်းသုစံရေ. . . ဖုန်း"

"လာပြီ"

နှင်းသုစံ တယ်လီဖုန်းရှိရာ အိမ်ရှေ့ခန်းထဲသို့ ထွက်ခဲ့သည်။

"ဟဲလို. . . အမိန့်ရှိပါ"

"အမိ"

"ဘာလဲ ထီသည်"

"ဘာမှ မဟုတ်ပါဘူး၊ ရှိရဲ့လားလို့ ဆက်တာ"

"ရှိတယ်"

"ရှိရင်ပြီးရော. . . ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲမယ်. . . နေဦး မချနဲ့ဦး၊ ပြောစရာရှိသေးတယ်"

"ဟုတ်ကဲ့. . . အမိန့်ရှိပါ"

"ရထားပေါ်မှာ တွေ့တုန်းက ဘာလို့ မသိဟန်ဆောင်တာလဲ"

"ကျုပ်လိုလူနဲ့ အမိကို မပတ်သက်စေချင်လို့လေ၊ အဲဒီတွဲမှာ ကျုပ်အဖွဲ့သားတွေ အများကြီးပါတယ်၊ အမိကို သူတို့ မသိစေချင်လို့"

နှင်းသုစံ ကြက်သီးထသွားသည်။ တကယ့်ကို ဒုစရိုက် အကြီးစားကြီးပါလား။

"ဒီအတွက် ကျေနပ်ပါတော့၊ အမိက ကျုပ်ကို သိပ်ခေါ်ချင်နေမှန်း သိပေမယ့် မလွှဲသာမရှောင်သာ ဥပေက္ခာပြုလိုက်ရတဲ့အတွက် တောင်းပန်ပါတယ် မနှင်းသုစံ"

"ဒီလောက် တောင်းပန်နေမှတော့ သဘောထားကြီးကြီးနဲ့ ခွင့်လွှတ်ရမှာပေါ့"

"ကျေးဇူးတင်ပါတယ်. . . နောက် ဘာများ မေးစရာရှိပါသေးလဲ"

"ရှိတယ်. . . နှင်းသုစံအကြောင်းတွေ ခင်ဗျားကြီး ဘယ်လိုလုပ် သိသလဲ"

"စုံစမ်းလို့ သိတာပေါ့"

"ဒါဖြင့် ဘာဖြစ်လို့ စုံစမ်းရတာလဲ"

"သိချင်လို့လေ. . . ရှင်းနေတာပဲ၊ အမိက ကျုပ်မမမင်းနဲ့ ရုပ်ချင်း ဆင်နေတယ်၊ အဲဒါ ကျုပ်အတွက် စိတ်ဝင်စားစရာ ဖြစ်သွားပြီး အမိရဲ့ဟစ်စရီကို စုံစမ်းထားလိုက်တာပေါ့"





"ခင်ဗျားကြီး နှင်းသုစံနဲ့ တွေ့တုန်းက ထိသည်ပါ"

"ဟုတ်တယ်. . . တစ်ခါတစ်ရံ အမှိုက်ပါ ကောက်ရသေးတယ်ဆို"

"ဘာဖြစ်လို့လဲ"

"ဒီလိုပဲပေါ့. . လုပ်ငန်းအောင်မြင်ရေးအတွက် တစ်ခါတစ်ရံ အလုပ်မရွေး ဝင်လုပ်ရတယ်"

"နှင်းသုစံ မွေးနေ့ကို ရန်ကုန်မှာ ရှိတဲ့အပေါင်းအသင်းသစ်တွေပါ ခင်ဗျားကြီး သိပြီး ဖိတ်ပေးတာကကော"

"နှင်းသုစံ ပျော်စေချင်လို့ပါ"

"အဲဒီနေ့က ကုန်ကျစရိတ်တွေကိုလဲ ခင်ဗျားကြီး ပြန်မယူပါလား"

"မယူပါဘူး. . . နောက်များလဲ ကျုပ်ပဲ လုပ်ပေးရမှာဆိုတော့ အခုထဲက အကျင့်ပါအောင်"

"ဘာ . . ခင်ဗျားကြီးစကားက"

"အမိဟာ ဉာဏ်ရည်တုံးတဲ့ မိန်းကလေးမှ မဟုတ်ဘဲ၊ တစ်ထွာပြရင် တစ်လံလောက် မြင်တဲ့ မိန်းကလေးပါ၊ ကျုပ်ဘာကို ဆိုလိုတယ်ဆိုတာ သိမှာပါ၊ ဒါပဲလား. . . မေးစရာ မကုန်သေးရင် နောက်မှ ဆက်မေးပေါ့၊ ကျုပ် ကိစ္စရှိသေးလို့. . . ဘိုင့်"

"ဂျလောက်"

"တောက်"

အနိုင်နဲ့ ပိုင်းသွားပြန်ပြီ။

လဝကကာတို ဆိုးနွဲ့ အနိုင်ယူခဲ့သမျှ ဒင်းနဲ့ကျမှ နှင်းသုစံ ခံနေရသည်။ ဒီပုဂ္ဂိုလ်ကို ဘယ်လိုနည်းနဲ့ ဒုက္ခပေးရရင် ကောင်း



www.burmeseclassic.com

www.burmeseclassic.com



မလဲ။ တစ်နည်းနည်းတော့ ဒုက္ခပေးမှုပါပဲ။

သိုင်းစာအုပ်ကို ပြန်မကိုင်နိုင်တော့ဘဲ ဉာဏ်နီဉာဏ်နက် ထုတ်လိုက်သည်။

အဲ. . . ခုမှ သတိရသည်။ သူ့အားနည်းချက်ကို ရှာဖွေနိုင်ဖို့ အရေးကြီးသည်။

"ဒေါ်ကြီးရေ"

"ဝေ့"

"နှင်းသုစံ အပြင်ခဏသွားလိုက်ဦးမယ်"

"ညနေစာ အမှီမှ ဟုတ်ရဲ့လား"

"မှီချင်မှတောင် မှီမယ်"

"ငါ ဒီနေ့ သိမ်ကြီးဈေး သွားမလို့နော်"

"သွားလေ. . . နှင်းသုစံ သော့တစ်တွဲ ယူသွားလိုက်မယ်၊ ဒေါ်ကြီးလဲ ယူသွားပေ့ါ"

"အင်း"

နှင်းသုစံ အဝတ်လဲကာ ထွက်ခဲ့သည်။

ဦးဖွဲ့တို့အိမ်သွားရန် ဆုံးဖြတ်လိုက်သည့်အလျောက် ဦးဖွဲ့တို့ ရှိရာ ဝင်ဒါမီယာသို့ ထွက်ခဲ့လိုက်သည်။

ထီသည်ရေ. . . သတိထားပေတော့။

ခုလောက်ဆိုရင် ထီသည် မျက်ခုံးပဲ လှုပ်နေမလား၊ ခလုတ်ပဲ တိုက်နေမလား မပြောတတ်။







# အခန်း(၂၄)

"ကုန်သည်လုပ်လိုက်၊ ပွဲစားလုပ်လိုက်၊ ကန်ထရိုက် လုပ်လိုက်နဲ့ အမျိုးစုံ လျှောက်လုပ်နေတာပဲ၊ အပေါင်းအသင်း များလို့ နှတ်စိနောက်တာနဲ့ သူ့အဘိုး ပေးသွားတဲ့ အမွေတိုက်မှာ သွားနေခိုင်းလိုက်တာ"

"အဲဒီလို တစ်ယောက်တည်း ထားတော့ ပိုလွတ်လပ်နေဘူးလား အန်တီ"

"လွတ်တော့ လွတ်လပ်တာပေ့ါ၊ ဒါပေမယ့် အချိန်တန် အရွယ်ရောက်ပြီပဲ၊ သူ့တိုယ်သူ ထိန်းကျောင်းသွားလိမ့်မယ်၊

www.burmeseclassic.com



မိန်းမရတော့လဲ မိန်းမက ပြုပြင်သွားလိမ့်မယ်ပေါ့"

နှင်းသုစံ ပခုံးမတွန့်မိစေရန် သတိထားလိုက်ရသည်။

"တမိပေါက် တစ်ယောက်ထွန်း ဆိုသလိုပေါ့ သမီးရယ် သားသမီးအားလုံး မိဘက ဒါဆိုဒါ လက်ခံပေမယ့် ရဲက ခပ်ဆိုးဆိုးပဲ၊ အာရ်အိုင်တီ အမှတ်ဝင်တာတောင် မတက်ဘဲ သူ ဝါသနာပါတယ်ဆိုပြီး ဖလော်ဆိုဖီကို သွားယူတယ်၊ ဘယ်လောက် ဆိုးဆိုးရွားရွားနိုင်လိုက်တဲ့ကောင်လဲဆိုတာ သမီးသာ စဉ်းစားကြည့်တော့"

ရဲသည် အင်မတန် ခွကျသော ပုဂ္ဂိုလ်တစ်ဦးဆိုသည်ကို နှင်းသုစံ ရိပ်မိသိရှိနေခဲ့ပြီပဲ၊ ထူးထူးဆန်းဆန်းတော့ မဖြစ်မိပါတော့ချေ။

"တစ်ခါတစ်ရံ ခရီးဝေး ထွက်သွားတတ်ပါတယ်၊ အဲဒီအခါ မိဘကို ဖုန်းလေးနဲ့တောင် နှုတ်ဆက်ဖော် မရအောင်ဘဲ ဆိုးရွားတဲ့အကောင်"

ထိုသည်၏ဂုဏ်ပုဒ်များက မသေးလှပါလား။ နှင်းသုစံ စိတ်ကို အနှောင့်အယှက်ပေးနိုင်ဆုံးသော ပုဂ္ဂိုလ်ဖြစ်သည်။

"ဟော. . . သေခဲ့ဦးမယ်၊ ပြောရင်းဆိုရင်း ရောက်လာပြီ"

ဆိုင်ကယ်သံ ကြားရသည်။

ချက်ချင်းဆိုသလို ဧည့်ခန်းသို့ ရောက်လာသည်။

"အထူးဧည့်သည်တော် ရောက်နေတယ် မဟုတ်လား"

နှင်းသုစံရှေ့ ရပ်ပြီး ပြောလိုက်သည်။

"မြင်ထဲ့အတိုင်းပဲ"





"ကျုပ်အကြောင်းတွေ တော်တော်သိသွားပြီလား"

ကြည့်. . . နှင်းသုစံ ဘာအတွက် လာသည်ကို သူသိနေသည်။ နှင်းသုစံ ရင်ထဲ မခံချိမခံသာနှင့်. . .

"အမယ်. . . ခင်ဗျားကြီးအကြောင်း မေးဖို့လာတာမှ မဟုတ်ဘဲ"

"သားကလဲ. . . သမီးလေး စိတ်ဆိုးအောင် မစပါနဲ့"

ထိုအခါ ထိုသည်,သည် ဟက်ခနဲ ရယ်လိုက်သည်။ ရယ်သာတောင် လှလှပပ ခန့်ခန့်ညားညား ရှိသည်ဟု နှင်းသုစံ သတိပြုမိလိုက်သည်။

"သား ထမင်းစားမယ် မေမေ၊ နာရီဝက်ပဲ အချိန်ရတယ်နော်"

"ဪ. . . သားရယ်"

ထိုသည်မိခင်က ကရုဏာသံဖြင့် 'သားရယ်' ဟု ညည်းသာ. . .

"သမီးလေးပါ တစ်ခါတည်း စားသွားနော်"

"မစားတော့ပါဘူး အန်တီ၊ နှင်းသုစံ ပြန်မယ်"

"ဒီလိုမလုပ်ပါနဲ့. . . စားသွားပါ၊ မင်း အရမ်းသိချင်နေတဲ့ ကျုပ်အကြောင်းကို မေမေပြောတာထက် ပိုပြည့်စုံစွာ ကျုပ်ပြောပြမယ်လေ၊ ပြင်လိုက်ပါ မေမေ့သမီးအတွက်ပါ"

စီးစီးပိုးပိုး မေမေ့သမီးအတွက်ပါတဲ့။

နှင်းသုစံ ဆတ်ခနဲ ထလိုက်သည်။

"ပြန်တော့မယ် အန်တီ၊ နှင်းသုစံ အန်တီတို့ဆီ လာသည်တာ၊ ထိုသည်ဆီ လာလည်တာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ချာခနဲ လှည့်ထွက်ခဲ့သည်။

"ဟဲ့. . . သမီးနေဦးလေ"

နှင်းသုစံကို ရိုင်းတယ်ပြောပြော နှင်းသုစံ လုံးဝခွန်း မပြန်တော့ဘဲ ထွက်ခဲ့လိုက်သည်။

စိတ်ထဲ မကျေမချမ်း ဖြစ်မိသည်။ ထိုသည်စိတ်ကို ဒု ပေးဖို့ နေနေသာသာ ထိုသည်ကပဲ မိမိကို အနှောင့်အယှက် နေလေပြီ။ ဆိုင်ကယ်ကို မောင်းထွက်ခဲ့သည်။

ဘေးမှာ ဆိုင်ကယ်တစ်စင်း ယှဉ်၍ မောင်းနှင်လာ သည်။ စွေစောင်းကြည့်လိုက်ခြင်းဖြင့် နှင်းသုစံ သိလိုက်သည် ထိုသည် လိုက်လာပြီ။

ဆိုင်ကယ်ကို ကျွမ်းထိုးမှောက်ခုံ စီးပစ်ချင်မတတ် နှင်း သုစံ ဝမ်းသာသွားသည်။ နှင်းသုစံ ထိုသည်ကို အနိုင်ရနေပြီပေါ့ ဆိုင်ကယ်ကို လမ်းဘေးထိုးရပ်လိုက်သည်။

ထိုသည်၏ဆိုင်ကယ်လေးပါ လိုက်ရပ်သွားသည်။

"ကိုယ့်ကို စိတ်ဆိုးသွားလား မိန်းကလေး"

အလို့။ လေသံတွေ ဘာတွေပြောင်းနေပါလား၊ ကိုယ် တဲ့။ မိန်းကလေးတဲ့။ နှင်းသုစံ အံ့လိုအလျောက် စိတ်ပြေသွား သည်။ ရုတ်တရက် စကားမတုံ့ပြန်နိုင်သေး။

"မနှင်းသုစံ"

သူတကာထက် ထူးကိုထူးပါသည်။ သူ့ထက် ခြော နှစ်ကျော်ကျော်လောက် ငယ်တာတောင် 'မ' တစ်လုံး ထည့်ခေါ် သေးသည်။

သနားပါတယ်လေ၊ သူ့ခမျာ နာရီဝက်ပဲ အချိန်ရထား





သမင်းမစားရသေး။

ကြင်နာစိတ်ကလေး ဝင်ရောက်လာသော်လည်း ဒီ လောက် နှင်းသုစံကို ဒုက္ခပေးသည့်ပုဂ္ဂိုလ်ကို နည်းနည်းတော့ ဆ်စက်ညှဉ်းပန်းလိုက်မှ။

ဆိုင်ကယ်ကို ပြန်လှည့်လိုက်သည်။

သူလိုက်လာသည်။

မင်္ဂလာဒုံဘက် မောင်းလိုက်သည်။

လူရှင်းသောနေရာအရောက်တွင် နှင်းသုစံရှေ့မှ ဆိုင် ကယ်ကို ပိတ်ကာ ကန့်လန့်ရပ်လိုက်သည်။

ကျွီ . . ။

သေတော့မှာပဲ။

နှင်းသုစံ ဘရိတ်မနည်းအုပ်လိုက်ရသည်။

သီသီလေး။

"မိန်းကလေးက ဒီလိုထင်ရာစိုင်းနေလို့ ရသလား"

"နေပါဦး. . . ခင်ဗျားက နှင်းသုစံအဖေမို့လို့လား"

"ကျုပ် အစလွန်သွားလို့ တောင်းပန်နေတာ. . . ပြန် ည့်တော့နော်"

"မလှည့်ဘူး"

ကားဟွန်းတီးသဖြင့် ထိုသည်က ဆိုင်ကယ်ကို ပြန်တည့် ာ ဘေးသို့ ကပ်လိုက်စဉ် နှင်းသုစံ မောင်းထွက်ခဲ့သည်။

စိတ်ထဲ အရမ်းပျော်သွားသည်။ ထိုသည်ကို ကောင်း ာင်း ဒုက္ခပေးလိုက်ရသဖြင့်. . .

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ထီသည် ဆက်လိုက်မလာပါလား။

ပြန်လှည့်သွားသည်။

နှင်းသုစံ နာရီကြည့်လိုက်သည်။

"နာရီဝက်ပဲ အချိန်ရတယ် မေမေ"

ဟူသောစကား ကြားယောင်လိုက်မိသည်။

အချိန်ကို အရမ်းလေးစား တန်ဖိုးထားသည့်ပုဂ္ဂိုလ် လား။

လူမှုရေးထက် စီးပွားရေးကို ဦးစားပေးသည်ထင့်။

နှင်းသုစံ ကျိုက္ကလို့ဘုရားနား ရောက်တော့ ပြန်လှည့် လိုက်သည်။

လေယာဉ်ကွင်းနားအရောက်တွင် ဆိုင်ကယ် ထိုး သွားသည်။

ဟူးခနဲ သက်ပြင်းချလိုက်မိသည်။ တစ်ဖက်သား ဒုက္ခပေးသမျှ မိမိထိနေပြီလေ။

ဆိုင်ကယ်၌ ဆီကုန်သွားသည်။

ခုမှ ဒုက္ခကောင်းကောင်းရောက်နေပြီ။

သဘောကောင်းသော ကားတစ်စင်းစင်းထံမှ တော တောင်းပန်ပန်နှင့် ဓါတ်ဆီတောင်းဝယ်ရဦးတော့မည်။

ထိုစဉ် ကားတစ်စင်း အပြင်းမောင်းလာသည်။ နော ရဲကားတစ်စင်း ဖြတ်သွားသည်။

တားလိုက်သည်။

ရပ်မပေး။

ဘယ်လိုလဲ. . . ဆက်ဆံရေး ကျဲလှချည်လား။ ရဲဆို





ည်သူတွေကို ကူညီသည်ဆို။ နှင်းသုစံ ဒုက္ခရောက်၍ တား သည်ကို ရပ်မပေးပါလား။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၅)

ဆိုင်ကယ်တစ်စင်း လာရပ်သည်။

ထိုသည်ဆိုင်ကယ်။ သို့သော် ထိုသည်မဟုတ်။

"မာတ်ဆီထည့်မယ် ကလေးမ"

စီးလာသူကလည်း ရဲတပ်ကြပ်ကြီးတစ်ဦး။ အသ[illegible] လေးဆယ်ကျော်ခန့် ရှိပြီ။ မျက်နှာထားက ခပ်တည်တည်။

"ကျေးဇူးတင်ပါတယ်"

ရဲတပ်ကြပ်ကြီးက နှင်းသုစံကို ကြည့်မနေဘဲ သူ့ဆို[illegible] ကယ်ထဲမှ ဆီကို နှင်းသုစံ ဆိုင်ကယ်ထဲ ပိုက်ဖြင့် စုပ်ထည့်[illegible]





လိုက်သည်။

"နှင်းသုစံ ဘယ်လောက် ပေးရမလဲ"

"ကျုပ်ကို ပေးစရာမလိုဘူး၊ ဆရာလေး ခိုင်းလို့ ကျုပ်လာပို့ရတာ၊ ရှင်းစရာရှိရင် ဆရာလေးနဲ့ရှင်း . . . သွားမယ်"

နှင်းသုစံ ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားသည်။ တားဆီးဟန် ပြင်လိုက်သော်လည်း နောက်ကျသွားပြီ။

ရဲတပ်ကြပ်ကြီးက လေးမှ လွတ်သော မြားတံနှယ် ရိုပ်ခနဲ ပြေးထွက်သွားလေသည်။

'ဆရာလေး' တဲ့။

သိလရှင်တော့ မဟုတ်တာ ကျိန်းသေသည်။

ဆိုင်ကယ်က ထိုသည်ဆိုင်ကယ် ဖြစ်နေသည်။

နှင်းသုစံ ဆိုင်ကယ် ဆီကုန်တာကို ဆရာလေးဆိုသူက သိနေသည်။

ဆိုင်ကယ်ရှင်သည် ဆရာလေးများလား။

ရဲတပ်ကြပ်ကြီး၏ဆရာလေးသည် သူ့ထက် အဆင့်မြင့်သော ပုဂ္ဂိုလ်တစ်ဦးကို ခေါ်ခြင်းသာဖြစ်နိုင်သည်။

နှင်းသုစံခေါင်း ယခုမှ သပွတ်အူ ဖြစ်လေသည်။

ဟဲလ်မက်ကို ဆောင်းလိုက်ပြီး ဘေးဘီကြည့်ရာ ဆိုင်ကယ်မောင်းထွက်ခဲ့သည်။

ထိုသည်အိမ်သို့ အရင်ဝင်လိုက်သည်။

"မရှိဘူး တလေးမ"

နှင်းသုစံအား ခြံစောင့်အဘိုးကြီးက ဆီးပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အချိန် ပြန်လာမှာလဲ"

"သူက အချိန်မှန်မှန် ပြန်လာတတ်တာ မဟုတ်ဘူးလေ"

"သူက ဘာလုပ်လို့လဲ"

"မသိဘူးလား. . . ကုန်သည်လေ"

"ဦးကြီးကပါ ဝိုင်းညာပေးတာလား"

"မညာပါဘူး"

"သူလာရင် နှင်းသုစံဆီ ဖုန်းဆက်လို့ ပြောလိုက်ပါနော်"

"အေး . . . အေး"

"သွားမယ် ဦးကြီး"

နှင်းသုစံ ထိသည့်အိမ်ကြီးကို ကျောခိုင်းလိုက်သည်။ ထိသည်နှင့် မပတ်သက်ဘူး စဉ်းစားမိကာမှ စိတ်ဝင်စားစရာတွေ ချည်း ဆင့်ကဲဆင့်ကဲ ပေါ်ပေါက်နေသည်။

စိတ်ဝင်စားခြင်းဟူသည် ဘယ်က ပေါက်ဖွားလာသလဲ။ ဦးနှောက်ကလား နှလုံးသားကလား။

နှင်းသုစံ နားမလည်ပါ၊ မည်သို့ဆိုစေကာမူ နှင်းသုစံ ကိုယ် နှင်းသုစံ နားလည်နေသည်က ထိသည်ကို နှင်းသုစံ စိတ် ဝင်စားမိခြင်းပင်။

စိတ်ဝင်စားစရာ ကောင်းလောက်အောင်လည်း ထို ပုဂ္ဂိုလ်က တမင်များ ပြုမူနေလေရော့သလား။

ထိုသို့လည်း ဟုတ်ဟန်မတူ။ ထိသည်၏အပြုအမူသည် တမင်လုပ်ယူသော အမူအရာများ မဟုတ်ပါ။ ပင်ကိုယ်ဟန်များ ဟု ထင်ပါသည်။

အဘယ်ကြောင့်ဆိုသော် နှင်းသုစံ မျက်လုံး၌ ထိသည်





၏အမူအရာများသည် လှလှပပ ခန့်ခန့်ညားညား ပေါ်ပေါက်နေ တတ်ခြင်းကြောင့်ပင်။

"တီ. . . တီ. . . တီ"

အရေးထဲ ရှုပါတို့လေးလေးကားနှင့် လာတိုးနေသေး သည်။

"ဘယ်လဲ နှင်းသုစံ"

"အိမ်ပြန်မလို့"

"ရှုပါဆီ လာတာလား"

"မဟုတ်ဘူး. . . အခြားမိတ်ဆွေတစ်ဦးဆီ၊ သွားမယ် နော်"

နှင်းသုစံ ဆိုင်ကယ်ကို စက်မသတ်ဘဲ ပြောရင်းမှ ထွက် ခဲ့သည်။ ရှုပါကိုတောင် မေ့နေမိသောအဖြစ်ကို သတိရလိုက်မိ သည်။ ရှားရှားပါးပါး မိန်းကလေးသူငယ်ချင်း ဒီတစ်ယောက် တည်း ရန်ကုန်မှာ လာရှိနေသည့်အဖြစ်ကို သတိရလိုက်မိသည်။

ခုတော့ ထိသည်နှင့်သာ အချိန်ကုန်ဆုံးနေပြီထင့်။

နှင်းသုစံ ကိုယ့်ကိုယ်ကို မကျေမချမ်းဖြစ်မိသည်။ ထိသည်ကို တတ်နိုင်သမျှ မေ့ထားလိုက်ရမည်။ နှင်းသုစံ အိမ်သို့ တန်းတန်းမတ်မတ် ပြန်ခဲ့သည်။ ညကိုးနာရီခန့်တွင် တယ်လီဖုန်း မြည်လာသည်။

"ဒေါ်ကြီး ကိုင်လိုက်ပါ၊ ယောကျ်ားသံဆိုရင် နှင်းသုစံ မရှိဘူး၊ သူ့အဘွားအိမ် သွားအိပ်တယ်လို့ ပြောလိုက်ပါ"

"အေး. . . အေး"

နှင်းသုစံ စိတ်ကို ပြတ်သားစွာ ဆုံးဖြတ်လိုက်သည့်



www.burmeseclassic.com

www.burmeseclassic.com



အလျောက် တယ်လီဖုန်းကို ထမကိုင်ဖြစ်တော့ချေ။

"ဘယ်သူလဲ"

"သူ ဆက်ခိုင်းတဲ့လူ ဆက်တာလို့ ပြောလိုက်ပါတဲ့"

နှင်းသုစံ မဂ္ဂဇင်းစာအုပ်ထဲ အာရုံမြှုပ်နှံကြည့်လိုက်သည်။ ဖက်ရှင်မယ် လှလှကလေးများ၏ဝတ်စားဆင်ယင်မှုကို လှပစွာ တွေ့မြင်လိုက်ရသည်။ မြန်မာဆန်ဆန် ချိတ်ထမီများနှင့် လှနေသော ခေတ်မိန်းကလေးများကိုလည်း တွေ့မြင်လိုက်ရသည်။

မိမိလည်း ထမီမဝတ်၍မဟုတ်။ ဝတ်ပါသည်။ တစ်ခါတစ်ရံမှသာ ထမီဝတ်ရသည်မှာ စိတ်ကျဉ်းကျပ်၍ ဖြစ်သည်။ နှင်းသုစံ အိပ်ပျော်ရန် ကြိုးစားလိုက်သည်။ အတွေးအိမ်သို့ ပဟေဠိဆန်စွာ ဝင်ရောက်လာသော ထိသည်ကို မောင်းနှင်ရခက်ပါဘိ။

အိပ်ပျော်ခြင်းတစ်ဝက် နိုးထခြင်းတစ်ဝက် ဖြစ်နေစဉ် ညကြီးသန်းခေါင် တယ်လီဖုန်းသံက မြည်လာသည်။ အရေးတကြီး ကိစ္စရှိလို့သာ ညကြီးမင်းကြီး ဆက်ခြင်းဖြစ်မည်။

နှင်းသုစံ ကမန်းကတန်း ထကာ တယ်လီဖုန်းရှိရာ ထသွားလိုက်သည်။ အရေးထဲ ကိုယ်ချထားသော ကာတွန်းပုံကြီးနှင့် ခလုတ်တိုက်နေသေးသည်။

"ဟဲလို"

"အမိ"

နှင်းသုစံ၏အိပ်မှုန်စုံမွှား မျက်လုံးကျယ်ဝန်းသွားသည်။

"အမိ ကျုပ်ကို တော်တော် ဒုက္ခပေးပါလား"





"အလို့. . . ဘာများ ဒုက္ခပေးမိလို့လဲ"

နှင်းသုစံ အံ့ဩသွားသည်။ ထိသည် ဒေါပွနေသည့်လေသံ။ ထို့ကြောင့် ခနဲ့တဲ့တဲ့ မေးလိုက်သည်။

"ကိုယ်လုပ်ခဲ့တဲ့လုပ်ရပ်တွေကို ကိုယ်မသိဘူးလား"

"သိတာပေါ့. . . မသိဘဲ နေပါ့မလား၊ အရူးမှ မဟုတ်တာ၊ ဘယ့်နှဲ့ လူကို ဗလာချည်ကြီး စွတ်ကောနေရတာလဲ အဘိုးရဲ့"

"ကျုပ် အမိအဘိုးဆိုရင် အမိ အရိုက်ခံရလို့ သေပြီ"

"သိသားပဲ. . . ရုပ်ကိုက အကြင်နာကင်းမဲ့တဲ့ ရုပ်မှန်းကဲ. . ပြော၊ ဘာကိစ္စ ညကြီးမင်းကြီး ဆက်ရတာလဲ"

"ဖုန်းဆက်ပါလို့ မှာသွားတာ မရှိဘူး၊ ရန်ကင်းသွားအိပ်တယ်လို့ ပြောခိုင်းဖို့လား"

"အင်း"

"နောက်ဆို လိမ်မပြောနဲ့၊ တစ်ခါ ကျားကျားဆိုရင်သာ ကူညီမယ့်သူတွေက တစ်ပြုံကြီး ရောက်လာမယ်၊ နှစ်ခါ ကျားကျားဆိုရင်လဲ လာဦးမယ်၊ သုံးခါဆိုရင် ဘယ်သူမှ ရောက်လာမှာမဟုတ်တဲ့ နွားကျောင်းသားပုံပြင်လို ဖြစ်နေမယ်"

နှင်းသုစံ နှုတ်ခမ်းစူလိုက်မိသည်။

"မကူညီချင် နေပေါ့။ ခင်ဗျားကို ဘယ်သူက ကူညီခိုင်းနေလို့လဲ၊ ခင်ဗျားတပည့်ကျော် ရဲတပ်ကြပ်ကြီး လာပေးတဲ့ ဓာတ်ဆီဖိုး ဘယ်လောက်လဲ"

"တစ်ထောင့်ငါးရာ"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး. . . သုညတစ်လုံး ပိုသွားလို့ပါ။ နောက် မှတ်ထား၊ လူပြတ်တဲ့နေရာမျိုး ဓာတ်ဆီပြတ်သွားရင် အမိအတွက် အန္တရာယ်ရှိတယ်ဆိုတာမျိုးကော သဘောပေါက်ရဲ့လား"

"ခင်ဗျားကြီး အပူလား"

"ဟုတ်တယ်. . . ကျုပ်အပူပဲ"

"ဘာဆိုင်လို့လဲ"

"ဘာဆိုင်လို့လဲဆိုတာ အမိ နောက်တော့ သိလိမ့်မယ်၊ လောလောဆယ်တော့ ကျုပ်ကို အိပ်ပျက်အောင်လုပ်တဲ့ အမိကို ကလဲ့စား ပြန်ချေပြီးပြီမို့ ကျုပ်အိပ်တော့မယ်. . . ဂွတ်နိုက်"

"ဂျလောက်"

"တောက်"

နှင်းသုစံ လုံးဝမကျေနပ်ပါ။

ထိုသည်မိခင်မှ ရထားသော ဖုန်းနံပါတ်ကို ကောက်နှိပ်လိုက်သည်။

"ဟဲလို အမိ"

သူက ကြိုသိနေပါလား၊ ဘယ်လိုလဲ. . . လူမှ ဟုတ်ရဲ့လား၊ နတ်မျက်စိ ရှိတယ်ဆိုရင်လဲ အမြင်ကတ်စွာ မတွေးချင်၍ လူ့ဘီလူးကြီးဟု တိုးတိုးတိတ်တိတ် ပြောလိုက်မိသည်။

"အဟင်း. . ဟင်း. . ဘာတွေ မကျေမနပ်ဖြစ်နေတာလဲ ပြော၊ ကျုပ် မနက်လေးနာရီ ဘူတာဆင်းစရာ ရှိသေးတယ်၊ အခု အိပ်ရာဝင်မှ ဖြစ်တော့မှာ"

"ခင်ဗျားလုပ်ငန်းနဲ့ ရဲလုပ်ငန်းက ဆန့်ကျင်ဘက်ဟာ၊ အဲဒါ ရဲတပ်ကြပ်ကြီးက ခင်ဗျားကို ဆရာလေးလို့ ခေါ်တယ်





ဆိုတော့"

နှင်းသုစံ မကျေညက်သောအချက်ကို မေးလိုက်မိသည်။

"ကျုပ်လုပ်ငန်းနဲ့ ရဲလုပ်ငန်းက တူတူပဲဟာ"

"ဟင်"

ထိုသည် ဆိုလိုချက်ကို နှင်းသုစံ နားမလည်သေး။

"ဟုတ်တယ်လေ. . . ကျုပ်လုပ်နေတဲ့လုပ်ငန်းဟာ ရဲလုပ်ငန်းပဲပေါ့၊ ရဲလုပ်ငန်းဟာလည်း ကျုပ်လုပ်ငန်းပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်နာမည်က ရဲဖြစ်နေလို့ပဲ"

"ခင်ဗျားကြီးနော်. . . ခင်ဗျားကြီး ဒသနတွေ ဒါ အကုန်ပဲလား"

"မကုန်သေးဘူး. . . အခုမှ အစပဲ ရှိသေးတယ်၊ ဒါပဲနော်. . . အိပ်ရေးဝဝ အိပ်လိုက်၊ ကြားလား ကလေး"

"ဂျလောက်"

နှင်းသုစံ ဖုန်းအရင်ချမည်ဟု စိတ်ကူးထားသမျှတို့သည် အမြဲအကောင်အထည် မဖော်လိုက်ရ။

ထိုသည်သာ ဦးအောင် ဖုန်းချသွားစမြဲ ဖြစ်သည်။

ဒီတစ်ခါ အိပ်ရေးပျက်သွားရသူမှာ နှင်းသုစံသာလျှင် ဖြစ်တော့သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၆)

အမျိုးသား အားကစားပြိုင်ပွဲ ပြီးသွားပြီ။ ဖေဖေ့ဆန္ဒ ပြည့်ဝသွားလေပြီ။ နှင်းသုစံ ပြိုင်ပွဲနှစ်ခု ဝင်ခဲ့သည်။ သေနတ်ပစ် နှင့် ဂျူဒိုပြိုင်ပွဲ။

နှစ်ခုစလုံး၌ ရွှေတံဆိပ် ရလိုက်သည်။ နှင်းသုစံအား အားပေးသူများမှာ ရှုပါတို့ တူဝရီး ကျော်ကျော်လည်း ပါသည်။ မောင်မောင်ဇကွဲတို့ ညီအစ်ကိုနှင့် ဦးဖွဲ့ဒေါ်ကြီးပါ ပါသည်။

သို့သော် ထီသည်ကို မတွေ့ရ။ ထီသည် အမြဲအလုပ်ရှုပ် နေတတ်သည် ထင်ပါသည်။ သူလိုလူမျိုးနှင့် ဤပွဲတော်မျိုး မထိုက်တန်ဘူး ထင်ပါသည်။

နှင်းသုစံအတွက် ဂုဏ်ပြုညစာစားပွဲကို ဒေါ်ကြီးက





အိမ်မှာပင် လုပ်ပေးသည်။ ဗိုလ်မှူးက မှာထားတယ်။ နှင်းသုစံ အနိုင်ရရင် ကျွေးကိုကျွေးလိုက်ပါတဲ့။

နှင်းသုစံ ဖေဖေ့ကို သတိရလိုက်သည်။ ဖေဖေ့ကျေးဇူး တွေ ချက်ချင်းပင် ပြေးတွေ့ချင်စိတ် ပေါက်သွားသည်။ မေမေက တော့ ဖုန်းနှင့်သာ ဝမ်းသာကြောင်း ပြောလိုက်သည်။ လူရောက် လာခဲ့။ အင်းလေ. . . အားကစားသမားဆိုတော့ မျှော်ညှံ့နေ သို့မှ မရဘဲ။ စိတ်မာတက်ကြွခိုင်ရမည်။ နှင်းသုစံက ဖေဖေ့သမီးပဲ ဟာ။

နှင်းသုစံအတွက်ဆိုကာ မောင်မောင်ဇကွဲတို့က ဒီတစ်ခါ ပေါက်မှာပေးသည်။ ဝိုင်းကူသည်။

လေးလေးကလည်း ရှားရှားပါးပါး သစ်ခွပန်းများ ယူ လာကာ လက်ဆောင်ပန်းခြင်းကို ပို့၍ ဂုဏ်ပြုသေးသည်။ ခွတီး စာဖြင့် ရောက်မလာသူမှာ ထီသည်တစ်ယောက်တည်းပင်။

ပဲခူးတိုင်း အားကစားသမားများ ဂုဏ်ပြုပွဲ ရှိသေးသည်။ နှင်းသုစံ ခဏလိုက်သွားရဦးမည်။ တစ်ဆက်တည်း ဖေဖေ ရွှေ တန်း ပြန်နားရက်နှင့် ကြုံသောအခါ နှင်းသုစံ ဒီတစ်ခါ တောင်ငူ မြို့ပင် စောင့်ကြိုလိုက်မည်။

ရွှေတန်းပြန် ကြိုဆိုပွဲ၌ နှင်းသုစံ ဖေဖေ့အား ရွှေတံဆိပ် များကို ပြန်စွပ်ပေးကာ ကြိုဆိုလိုက်မည်။

"ကလင်. . ကလင်. . ကလင်"

ခြေသံသည်များ ပြန်သွားအပြီး မောမောနှင့် အနားယူနေ သော နှင်းသုစံသည် တံခါးထဖွင့်ပေးလိုက်သည်။

ထီသည်။ ခွေးသံရဲရဲဖြင့် ရောက်လာသော ထီသည်ဝတ်



www.burmeseclassic.com

www.burmeseclassic.com



ထားသည်က ဂျင်းဘောင်းဘီ ခပ်နွမ်းနွမ်းနှင့် တီရှပ်နွမ်းနွမ်း ဦးထုပ်လဲ ခပ်စုတ်စုတ်။

"ခုမှ ဘာလာလုပ်တာလဲ. . . ပန်းကန်ဆေးမလို့လား"

နှင်းသုစံ တံခါးဖွင့်ပေးရင်း ပြောလိုက်သည်။

"ဆောရီး. . . နည်းနည်းနောက်ကျသွားတယ်၊ ရှိသေးလား"

"ရှိတယ်. . . ဒါလား ဂုဏ်ပြုပွဲ လာတဲ့ပုံ"

"လူကို ကျွေးမှာလား၊ အဝတ်အစားကို ကျွေးမှာလား"

ကြည့်. . . ဘုတောပြီ။ တော်တော် ခွကျသည့်စကား ဒါကြောင့် နှင်းသုစံ ကြည့်မရတာ။

"အဝတ်အစား သစ်သစ်လွင်လွင် အဖိုးတန်ကို ကျွေးမှာ ဆိုရင် ပြန်လဲလိုက်ဦးမယ်"

"ထိုင်"

မျက်စောင်းထိုး ကုလားထိုင်ကို မေးငေါ့ပြလိုက်သည်။

"ဒီလိုဆိုတော့လဲ အမိက မဆိုးပါဘူး၊ လူစိတ်ရှိသားပဲ"

"လူဟာ လူစိတ်မရှိလို့ ဘာစိတ်ရှိရမှာလဲ"

"လူတန်းစား ခွဲခြားတတ်တဲ့လူဟာ လူစိတ်မရှိတာပေါ့၊ အမိက လူကို ထမင်းစားဖိတ်တာဆိုတော့ လူစိတ်ရှိတယ် ဆိုလို့တာလေ. . . အဟင်း"

"တော်ပါ"

နှင်းသုစံ ထမင်းပွဲ ထပြင်လိုက်သည်။

"မျက်နှာသစ်ခွင့်နဲ့ ခြေလက်ဆေးခွင့် ပေးပါ အမိ"

"သစ်လေ. . . ဒေါ်ကြီး မျက်နှာသုတ်ပဝါတစ်ထည်





တ်ပေးပါ"

"အေး. . . အေး"

ဒေါ်ကြီးကလည်း ထိုသည်ကို ခင်ပုံရသည်။

နှင်းသုစံ စိတ်ထဲ ဘယ်လိုပဲ ဆုံးဖြတ်ခဲ့ ဆုံးဖြတ်ခဲ့ သည်နှင့် ပြတ်ပြတ်သားသား နေ၍မရခဲ့ပါချေ။

"သိုင်းကျူး. . . ခုမှ နည်းနည်းလန်းသွားတော့တယ်၊ သူးတော့ဘူးဆိုပြီး ရေပါ ချိုးလိုက်တယ်"

ဆံပင်က ခပ်တိုတို ညှပ်ထားသဖြင့် ရှင်းသန့်နေသည်။

"မျက်နှာက အညိုအမည်း စွဲလို့ပါလား"

နှင်းသုစံ ခုမှ သတိပြုမိသွားသည်။

"ဘာဖြစ်တာလဲ သူငယ်"

ဒေါ်ကြီးကပါ ဝင်မေးလိုက်သည်။

"ကျွန်တော်တို့အလုပ်က ဒီလိုပဲ၊ တစ်ခါတစ်ရံ အတိုက် ိုက်လေးတွေ ရှိတတ်တယ်၊ ကိုယ်ခံပညာ ဘယ်လောက် တ်ထားတတ်ထား တစ်ယောက်နဲ့အများဆို ခံလိုက်ရတာပဲ၊ ယ် သတိလစ်သွားရင် ခံကြရတာလောက်တော့ ရှိတာပေါ့"

"ဆေးလူးမလား"

"ရိုး. . . သင့်ခံ၊ ဒါတွေက အကြောင်းမဟုတ်ပါဘူး၊ မင်းဆာတာ အကြောင်းပါ"

"တော်ကြီးကျလှချည်လား. . . အဆင်သင့် ဖြစ်နေပြီ ာ"

ထိုသည်သည် ခွန်းခက်ရင်းကို ကောက်ကိုင်ကာ ခေါင်း ာ်တမ်း စားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟန်ဆောင်မှု မရှိခြင်း၊ ရှုံးတိုးရှန်းတန်း မရှိခြင်းသည် ထီသည်၏စရိုက် ထင်ပါသည်။ သူ့ရှေ့၌ မိန်းမသားနှစ်ယောက် ရှိနေခြင်းကိုလည်း သူ ဂရုမစိုက်ပါချေ။

"အမိ ရွှေတံဆိပ် ရတဲ့အတွက် ဝမ်းသာဂုဏ်ပြုပါတယ် အမိ ဘာလိုအပ်သလဲ ပြောပါ၊ ကျုပ် ဆုချချင်လို့"

"ဘာမှမလိုဘူး. . . နိုင်ငံတော်က ထိုက်တန်တဲ့ဆု ချီးမြှင့်ထားပြီးပြီပဲ"

ဒီတစ်ခါတော့ ထီသည်ညှိုးသွားပြီ။ နှင်းသုစံ ဘာလိုအင် နေသည်ကို သူ မသိနိုင်တော့ပါလား။

နှင်းသုစံ အတွင်းစိတ်ကို ဖောက်ထွင်းမြင်နိုင်ခဲ့သည့်လူ ယခုတော့ မတွေ့မြင်တော့ပါလား။

"မသိပါဘူး. . . ကျုပ်က အမိအဖေဆီ သွားချင်နေ သလားလို့"

အဲ. . . နှင်းသုစံ အတွေးမဆုံး၊ နှင်းသုစံ ခံစားနေ သောစိတ်ကို သူသိနေပြန်ပြီ။

"ခင်ဗျားကြီး ဘာကြောင့် ပြောနိုင်တာလဲ"

"အောင်မြင်မှုတစ်ခု ရတဲ့အခါမှာ အဲဒီအောင်မြင်မှု ရအောင် သင်ကြားပို့ဆောင် ဖန်တီးပေးတဲ့သူကို သတိရစမြဲ မဟုတ်လား၊ လူ့မနောရဲ့သဘာဝကို သိတဲ့လူဟာ ဒီလိုပဲ ပြော နိုင်စွမ်းရှိတယ်"

"ဖေဖေ သင်ပေးတယ်လို့ ခင်ဗျား ဘယ်လိုသိသလဲ"

"မဆန်းပါဘူး. . . အနက်ကယ့်အလုပ်အကိုင်နဲ့ ရုပ်ရှည် သေနတ်ပစ်ကွင်းကို ကိုယ်တိုင်လိုက်ပို့ပေးတာကို ထောက်ရှုပြီး





ဘယ်သူက လိုလားအားပေးခဲ့တယ်ဆိုတာကို သိနေတာပဲ"

"ဒါကြောင့် ခင်ဗျားကို နှင်းသုစံ သေနတ်ပစ်ကွင်းအဝင် မှာ တွေ့လိုက်သေးတာကိုး၊ ဒါထက် ဗိုလ်နိုင်လင်းထွန်းကို ခင်ဗျား သိသလား"

"သိတာပေါ့. . . မင်းအဖေပီအေလေ၊ ဘာဖြစ်လို့ မေး တာလဲ"

"သူက ခင်ဗျားကြီးကို သိသလိုပဲ၊ နှုတ်ဆက်မယ် လုပ် တော့ ခင်ဗျားကြီး ရှောင်သွားတယ်လေ၊ မန္တလေး သွားတုန်းက"

"ရှောင်ရတာပေါ့. . . ဒါလဲ သဘာဝပဲ၊ ဥပဒေ အပြင် ဘက်က လူတွေဟာ ဥပဒေအတွင်းက ကိုယ့်ကို ဒုက္ခအပေးနိုင် ဆုံးလူတွေကို ရှောင်ကြဉ်ရစမြဲလေ"

တော်ပြီ. . . ဒီလူ့ခွစာနှင့် စကားပြောလျှင် မိမိသာ အရှုံးဖြစ်နေတတ်သည်။

"ဗိုက်ဆာနေလို့လား မသိဘူး၊ ခံတွင်းတွေ့လိုက်တာ၊ အချိုပွဲ ဘာရှိသေးလဲ"

"လက်ဖက်သုပ်"

"အိုကေ"

ဒေါ်ကြီးက လက်ဖက်သုပ် ချပေးသည်။ ဇွန်းကလေးနှင့် လက်ဖက်အသားနှင့် ပုစွန်ခြောက်သာ ခပ်စားသည်။

"အချိန်မရဘူး. . . သွားမယ်"

"ဟင်. . ."

အမြဲတမ်း အပြေးအလွှား သွားလာနေတတ်သော သူ သည်ကို ကြည့်ကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်. . . ကောင်းရောင်းကောင်းဝယ်မှ လုပ်
မစားချင်ဘဲ၊ သူများတကာတွေလို ငြိမ်ငြိမ်အေးအေး မနေရဘူး"

"ငြိမ်းအေးတယ်ဆိုတာ ဘာကိုပြောတာလဲ မနှင်းသုစံ
ကြည့်. . . ခွတိုက်သောမေးခွန်း မေးလေပြီ။

"ဦးဖွဲ့တို့လို လေးလေးတို့လို အလုပ်မျိုး လုပ်ပါလား
ခင်ဗျားကြီးလို ဒဏ်ရာဒဏ်ချက် ချွေးသံရဲရဲ ပြေးလွှားနေရတာ
မဟုတ်ဘူး"

"လောကကြီးမှာ အဲဒီလိုလူချည်းသာ ရှိရင် ငြိမ်းချမ်း
ခြင်း ဆိုတာ ရှိလာမှာ မဟုတ်ဘူး၊ သူတို့လို စီးပွားရေး လောဘ
ဇော တိုက်နိုင်ဖို့ နိုင်ငံကာကွယ်ရေး တည်ဆောက်နေတဲ့ အခါ
အဖေလိုလူမျိုး ရဲတွေလိုလူမျိုး ရှိမှုဖြစ်မယ်၊ လူသားကမ္ဘာကြီးဟာ
စွန့်စားခြင်း လှည့်ပတ်ခြင်းတွေနဲ့ ပြည့်နှက်နေမှ ပျော်စရာ
ကောင်းတယ်လေ၊ သမရိုးကျဆိုတာ ပျင်းစရာကြီး၊ အမိ လေး
လေးတို့ ကျုပ်အစ်ကိုဖွဲ့တို့ အမိ မောင်မောင်ဇကွဲတို့လို သူများ
ကန်ထရိုက်ဆို ကန်ထရိုက် လုပ်လိုက်၊ သူများဆရာဝန်ဆိုရင်
ဆရာဝန်လိုက်နဲ့ ပျင်းစရာ ဘယ်လောက်ကောင်းတဲ့ သမားရိုးကျ
လုပ်ငန်းတွေလဲ၊ ဒါကြောင့် ကျုပ်ကို မေမေက အင်ဂျင်နီယာ
လုပ်ခိုင်းတာတောင် မလုပ်ဘဲ ကျုပ်ဝါသနာပါတဲ့အလုပ် လုပ်
လိုက်တာပေါ့၊ ကဲ. . . သွားလိုက်ဦးမယ်၊ တစ်ပွဲနွှဲစရာ ရှိသေး
တယ်"

ရေနွေးတစ်ပန်းကန်ကို တစ်ကျိုက်လောက် သောက်
လိုက်ပြီးမှ လှစ်ခနဲ ထွက်ခွာသွားသော ထိသည်ကို ငေးကျန်ခဲ့
သည်။





"လူသားကမ္ဘာကြီးဟာ စွန့်စားခြင်း၊ လှည့်ပတ်ခြင်းတွေ
နဲ့ ပြည့်နှက်နေမှ ပျော်စရာကောင်းတယ်လေ" ဟူသော ထိသည်
စကားကို အကြိုက်ဆုံးနှင့် လက်အခံချင်ဆုံး ဖြစ်သည်။ နှင်းသုစံ
လည်း ထိုအယူအဆကို လက်ခံသည်။ ဖေဖေ မေမေတို့ ဖြစ်စေ
ချင်သော ဆရာဝန်လိုင်း ရအောင် သူကြိုးစားခဲ့သည်။

တကယ်တော့ နှင်းသုစံ ဆရာဝန်အလုပ်ကို လုံးဝ
ဝါသနာမပါ။ လူနာများနှင့် ရောဂါများကြား နေရသည်လောက်
ငြီးငွေ့ဖွယ်ကောင်းသောနေရာ ဘယ်မှာ ရှိနိုင်ပါအံ့နည်း။

တော်ပြီ. . . ဖေဖေနှင့် ဒီတစ်ခါ ဆွေးနွေးကြည့်မည်။

အား. . . . သိပြီ။

လက်ဖျောက်တစ်ချက် တီးလိုက်မိသည်။

"ဟဲ့. . . ဘာဖြစ်တာလဲ၊ ဘယ်သွားဦးမလို့လဲ"

ဒေါ်ကြီးက နှင်းသုစံ၏အလန့်တကြား အပြုအမူ
ကြောင့် မေးလိုက်သည်။

"ဘယ်မှ မသွားပါဘူး၊ တစ်ရေးအိပ်လိုက်တာ အ
ကောင်းဆုံးပဲလို့ တွေးလိုက်မိလို့"

"အမလေးဟယ်. . . ဒါများ"

နှင်းသုစံ 'ဟက်ခနဲ' ရယ်ပြီး အိပ်ခန်းထဲ ပြေးဝင်ခဲ့သည်။
ထိသည်ကို ဒုက္ခပေးဖို့ အကောင်းဆုံးနည်းလမ်းကို ရှာဖွေတွေ့ရှိ
သွားလေပြီ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၇)

"အမိ"

"ဟင်. . . ထိသည်"

"တောင်ငူလား"

"အင်း"

"အန်ကယ်တို့ ပြန်ဝင်လာတော့မယ်ဆို"

"ဟုတ်တယ်. . . ပဲခူးတိုင်း ဆုရအားကစားသမားတွေ ဂုဏ်ပြုပွဲအပြီး သုံးလေးရက်လောက်မှာ ဖေဖေတို့ ပြန်ဝင်လာလိမ့်မယ်၊ အဲဒါလဲ ကြိုရင်း သွားမလို့"





"ဒေါ်ကြီး မပါဘူးလား"

"မပါဘူး"

ဘူတာရုံအဆင်း ရထားမထွက်ခင်၌ ထူးထူးခြားခြား လာရောက်နှုတ်ဆက်သော ထီသည်ကို အံ့အားသင့်စွာ တွေ့လိုက်ရသည်။

"နှုတ်ဆက်ဖော်တောင် မရဘူး၊ မနေ့က ရောက်ရက်နဲ့ များကွာ"

"ဘာဆိုင်လို့ နှုတ်ဆက်ရမှာလဲ၊ ခင်ဗျားကြီး ခရီးထွက်ရင်တောင် ခင်ဗျားနဲ့ အင်မတန် သက်ဆိုင်တဲ့ ခင်ဗျားကြီး မိဘတွေကို နှုတ်ဆက်တတ်လို့လား၊ ခု. . . နှင်းသုစံနဲ့ခင်ဗျားက အနေသာချည်းဟာကို"

"မှားပါတယ် အမိရယ်"

ကြုံတုန်းကြုံခိုက် ပညာပေးလိုက်ရသည်။ မှတ်ထား။

"ဘယ်တော့ ပြန်လာမလဲ"

"ဘယ်တော့ ပြန်လာလာ ခင်ဗျားကြီးနဲ့ ဘာဆိုင်လို့လဲ"

"လာကြိုမလို့လေ"

"ခြေလက်အကောင်းနဲ့ ကြိုစရာမလိုဘူး"

အခွင့်သာတုန်း ဘုတောထားလိုက်သည်။ အရင်က သူချည်းသာ အနိုင်နှင့် ပိုင်းသွားသည်။

မနှုတ်ဆက်ဘဲ ရထားတွဲပေါ် တက်ခဲ့လိုက်သည်။ မှတ်ထား။

အံ့မယ်. . . တိုယ်တော်က လိုက်လာသေးသည်။ ခေါင်းချင်းယှဉ်ရက်ခုံ၌ ထိုင်လျှက်ရှိသည်။

www.burmeseclassic.com



"ဒါက ဘယ်လဲ"

ကြည့်. . . သူ့ကို မေးတာမဟုတ်သလို ဟိုကြည့်သည်ကြည့် လုပ်ပြီးမှ မှင်သေသေနှင့်. . .

"ဒီက ညီမက ဘယ်သူ့ကို မေးတာလဲ၊ ကျွန်တော့်ကိုတော့ မဟုတ်ဘူး ထင်တယ်"

"ထီသည်နော်. . . အူကြောင်ကြောင် မလုပ်နဲ့၊ ကိုင်ပေါက်ပစ်လိုက်မယ်"

"ကြောက်ပါတယ်ဗျာ. . . လောလောလတ်လတ် ကျွန်ုပ်ရွှေတံဆိပ်ဆု ရလာတဲ့သူဆိုတော့ အရှုံးပေးပါတယ်"

အပြုံးရိပ်များ ယှက်သန်းကာ ပြောလိုက်သော ထီသည်ကြောင့် နှင်းသုစံ ကျေနပ်သွားသည်။

"ဒါဖြင့် မေးတာဖြေ"

"ဟုတ်ကဲ့. . . အမိန့်ရှိပါ"

"ဘယ်သွားမလို့လဲ"

"တောင်ငူ"

"ဘာကိစ္စလဲ"

"အရောင်းအဝယ်ကိစ္စ"

"ဘာပစ္စည်းရောင်းဝယ်မှာလဲ"

"ရောင်းချင်တဲ့ပစ္စည်း ရောင်းဝယ်မယ်"

"ဥပဒေနဲ့ မလွတ်ကင်းရင်တော့ သတင်းပေးရလိမ့်မယ်"

"ပေးလေ. . . ရပါတယ်၊ အရှောင်အတိမ်း ကျွမ်းပြီးသား"





ထိုစဉ် ရထားက ဥဩသံနှင့်အတူ ရန်ကုန်ဘူတာကြီးမှ ထွက်ခွာလာခဲ့သည်။

"သွားမယ်"

"ဟင်. . ."

ထွက်နေသောရထားပေါ်မှ ကျွမ်းကျင်စွာ ခုန်ဆင်းသွားခဲ့လေသည်။

နှင်းသုစံ ပါးစပ်အဟောင်းသား ကျန်ရစ်ခဲ့လေသည်။

ထီသည်က လက်လှမ်းပြသည်ကိုပင် ပြန်မပြနိုင်တော့၊ ရင်မှာ လစ်ဟာ၍ကျန်ခဲ့သည်။

ယောကျ်ားတစ်ယောက်၏လိုက်လျောခြင်း၊ ဂရုတစိုက်ရှိခြင်းသည် အချစ်ကြောင့်လား။

ထီသည်၏ရင်တွင်းခံစားမှုကို မှန်းဆရ ခက်ပါဘိ၊ ခရီးစဉ်ကြီးသည် ခြောက်သွေ့သွားပါလား။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၈)

"ကားလာမကြိုပါလား"

နှင်းသုစံ ပါးစပ်မှ ညည်းတွားလိုက်သည်။

ဖေဖေ မရှိတာနဲ့ နောက်တန်းမှူး ဂရုမစိုက်ဘူး ထင်သည်။ နှင်းသုစံ မကျေမနပ်နှင့် အကုသိုလ် ပွားများသွားသည်။

"သြော်. . . နှင်းသုစံ ထင်တယ်၊ ဒီနေ့ ထွိုင်းဒေးဖြစ်နေလို့ ကျွန်တော်တို့ကို ချောကားနဲ့ ကြိုခိုင်းလိုက်တယ်"

"ခင်ဗျားတို့ကို နှင်းသုစံ မမြင်ဖူးပါဘူး"

"သူက ချောဒရိုင်ဘာ၊ သူက စပါယ်ယာ၊ ကျွန်တော်က





တော့ တပ်ခွဲ(၁)က ပေးကော်ပရာပါ"

"လူသစ်ဖြစ်နေလို့ မနှင်းသုစံ မသိတာပါ၊ ဗိုလ်မှူးကြီးကတော့ သိပါတယ်၊ အချိန်ရှိတုန်း သွားလိုက်ရအောင်"

ရည်ရည်မွန်မွန် ပြောလာသော ပေးကော်ပရာ ဆိုသူကြောင့် နှင်းသုစံ ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ကားပေါ်တက်လိုက်သည်။

"တပ်က လူကြုံပါလာလို့ ဈေးမှာ ဝင်ခေါ်ရဦးမယ်နော်"

"ရပါတယ်"

သို့နှင့် ကားလေးသည် တောင်ငူဈေး၌ ခေတ္တရပ်နားလိုက်စဉ် တက်လာသောလူများမှာလည်း ယောကျ်ားများသာဖြစ်၍ နှင်းသုစံ စိတ်ထဲ တစ်မျိုးဖြစ်သွားသည်။ သို့သော်လည်း နှင်းသုစံမှာ ရန်သူမှ မရှိဘဲ၊ ဘာမှကြောက်စရာမလို။

သို့သော် ကားပေါ်၌ ပါလာသော ယောကျ်ား လေးငါးယောက်စလုံးကို နှင်းသုစံ မမြင်ဖူးခြင်းက ထူးဆန်းနေသည်။

"ဖေဖေတို့ ဘယ်တော့လောက် နောက်တန်း ပြန်ဝင်မလဲ"

ကားသည် လင့်ရိုဗာကားဖြစ်သောကြောင့် နောက်ခန်းမှ ပေးကော်ပရာဆိုသူသည် မဆိုင်းမတွပင်. . .

"ရှေ့အပတ်ထဲမှာပါ. . . ရက်အတိအကျကိုတော့ နီးမှ သတင်းပို့လိမ့်မယ်"

စကားစ ပြတ်သွားပြန်သည်။

သံဆောင်လမ်းသည် အတွေ့အကောက် တောင်တက်တောင်ဆင်းများဖြင့် ဒရိုင်ဘာက သတိထား မောင်းနှင်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မေလကုန် ရာသီဥတုသည် တောင်ပေါ်ဒေသဖြစ်သော သံတောင်လို နေရာမျိုးကိုတောင် အပူခါတ် လွှမ်းခြုံထားသည်။

လမ်းခွဲတစ်နေရာအရောက်တွင် မိမိတို့တပ်တွင်း သွားနေကျလမ်းသို့ မမောင်းဘဲ အခြားလမ်းခွဲသို့ မောင်းသွားသဖြင့် နှင်းသုစံ သံသယတို့သည် ကြီးထွားလာသည်။

"ဒါက ဘယ်ကို မောင်းတာလဲ"

နှင်းသုစံ ခပ်မာမာ ခပ်ဆတ်ဆတ် မေးလိုက်သည်။

ထိုစဉ် နှင်းသုစံ၏ညာဘက်နားထင်တွင် မာကျောသော အရာတစ်ခု ထိတွေ့လာသည်။

သိလိုက်ပြီ။ ပစ္စတိုပြောင်းဝ။

ရုတ်တရက် တုန်လှုပ်မှု ဖြစ်သွားသော်လည်း ချက်ချင်းပင် ဖေဖေပြောထားသော စကားကို သတိရလိုက်သည်။

"ရန်သူကို ရုတ်တရက် ရင်ဆိုင်လိုက်ရတဲ့အခါ တုန်လှုပ်သွားပြီး ထင်ရာစိုင်း ကမူးရှူးထိုး ရင်ဆိုင်ခြင်းဟာ အမှားတွေ့တတ်တယ်၊ သွေးအေးအေးထားပြီး အခြေအနေ အရပ်ရပ်ကို လျှပ်တစ်ပြက် အကဲခတ်ပြီးမှ ရင်ဆိုင်တတ်ရမယ်" ဟူသော စကားပင်။

"ဒါက ဘာသဘောလဲ"

"စကားမရှည်နဲ့. . . အေးအေးသက်သာ လိုက်ခဲ့၊ သေနတ်ပြောင်းဝက ကလေးကစားစရာ ကျည်ဆန်ထွက်တာ မဟုတ်ဘူးဆိုတာ မင်းသိတယ်မဟုတ်လား"

"သိတယ်"

"သိရင် ဘာမှ ထပ်မပြောနဲ့၊ ခေါ်တဲ့ဆီ လိုက်ခဲ့"





စောစောကအသွင်နှင့် ခြားနားစွာ ပေးကော်ပရာ၏ အသံမှာ ခက်ထန်နေသည်။

"မဟုတ်ပါဘူး. . . အကျိုးအကြောင်းလေးတော့ သိချင်သေးတာပေါ့"

နှင်းသုစံ လေပြည်သွေးကြည့်သည်။

"ရှင်းပြလိုက်ပါကွာ"

သဘောကောင်းပုံရသော ဒရိုင်ဘာက ဝင်ပြောလိုက်သည်။

"ဆရာကြီးက ကြိုက်ပါ့မလားကွ၊ စခန်းရောက်မှ သူ့သဘောအရ ရှင်းတာပဲ ကောင်းပါတယ်"

"အခုသိလဲ အကြောင်းက ဒါပဲ၊ နောက်မှသိလဲ ဒီအကြောင်းပဲဟာ"

"ပြောပြလိုက်ပါ"

နှင်းသုစံက ပခုံးတွန့်လိုက်ပြီး ထီမထင်ပုံစံဖြင့်. . .

"ဒီအကြောင်းလေး ပြောဖို့များ ဒီလောက်တိုင်ပင်နေရင် ပြောမနေနဲ့တော့၊ ခင်ဗျားတို့ ဆရာကြီးကပဲ ပြောလိမ့်မယ်"

"အာဂမလေးပါလား. . . နင် တို့ကို မကြောက်ဘူးလား"

"ဒီကိစ္စက ကလေးကစားနေတာ မဟုတ်ဘူးနော်၊ သေသေချာချာ ကြည့်စမ်း၊ ဒီသေနတ်က ကလေးကစားစရာ သေနတ်လားလို့"

နှင်းသုစံက သေနတ်ကို လှည့်ကြည့်သယောင် ပြုလိုက်သည်။ နောက်ခန်းမှ လူများ၏အသွင်ကို အကဲခတ်လိုက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြစ်သည်။

"မလှုပ်နဲ့နော်. . . သေနတ်ဖျားမှာ အသက်ပါသွားချင်သလား"

"ခင်ဗျားတို့ပဲ သေနတ်ကို ကြည့်စမ်းပါဆိုလို့ ကြည့်တာပဲ၊ ကိုယ့်အသက်ကို မနှမြောတဲ့လူရယ်လို့ လောကမှာ မရှိဘူး"

"မင်းကြည့်ရတာ အကြောက်အလန့် ကင်းလှချည်လား မင်း တို့ကို မကြောက်ဘူးလား"

"ဘာကိစ္စ ကြောက်ရမှာလဲ၊ အများလုပ်တဲ့လူမှ မဟုတ်တာ၊ အများလုပ်တဲ့ ခင်ဗျားကြီးတို့သာ နှင်းသုစံကို ကြောက်ရမှာ ကြောက်လို့ပဲ ယောကျ်ားရင့်မာကြီး ခုနစ်ယောက်က သေနတ်အားကိုးနဲ့မှ ခေါ်လာရတယ် မဟုတ်လား"

"စကားရှည်မနေနဲ့. . ဆရာကြီးက လက်ဖျားနဲ့တောင် မထိရဘူးဆိုလို့ သေနတ်ဖျားနဲ့ ထိပြီး ခေါ်လာတာ"

နှင်းသုစံ ရယ်ချင်သွားသည်။ 'ဟက်' ခနဲ တစ်ချက်ရယ်ပြီး. . .

"ခင်ဗျားတို့ တော်တော် ဟာသလုပ်တာပဲ၊ ရုပ်ရှင်သာဆို ရယ်ရမယ်နော်. . . အဟဲ"

ဒီလူခုနစ်ယောက်နှင့် သေနတ်တစ်လက်ကို နှင်းသုစံ မမှုသော်လည်း ဆရာကြီးဆိုသူနှင့် အကျိုးအကြောင်းကို သိချင်သောကြောင့် ပညာလျှို့ထားလိုက်သည်။

ကတ္တရာလမ်းမကြီးကို ဖယ်ကြဉ်လာခဲ့ပြီး ရာဘာတောထဲ ကားကို မောင်းချလာခဲ့သည်။

လမ်းကြမ်းသဖြင့် လူမှာ ဆန်ကောထဲ ဆီးဖြူသီး လှိမ့်





သလို ဖြစ်နေသည်။ ဤအချိန်သည် လှုပ်ရှား၍ အကောင်းဆုံးအချိန်ဖြစ်သည်။ သို့သော် နှင်းသုစံ မလှုပ်ရှားသေး။

"အမယ်လေး. . ကျောက်ခဲစားထားရင်တောင် အစာကြေနိုင်တယ်"

"စကျွတ်ကျွတ်မလေးပဲ. . . တစ်စက်မှ အကြောက်အလန့် မရှိဘူး"

"သွေးရူးသွေးတန်း ဖြစ်နေသလားမှ မသိတာ"

အကြောက်အလန့် မရှိသော မိမိအား ဝေဖန်နေခြင်းကို သိကျိုးကျွံ ပြုထားလိုက်သည်။

ဤလူဆိုးများသည် နှင်းသုစံထံမှ အဖိုးတန် စိန်လက်စွပ်ကိုလည်း စိတ်ဝင်စားပုံမရ။ နှင်းသုစံအပေါ် လည်း ဖောက်ပြန်သောစိတ်လည်း မရှိ၊ ဝတ်စားဆင်ယင်ပုံများမှာလည်း အဖိုးတန် ဘသုံးအဆောင်များနှင့်ဖြစ်သည်။

နှင်းသုစံစိတ်ထဲ၌ ဆရာကြီးဆိုသူသည် ထီသည်များဖြစ်နေမလားဟု. . . ။

သပ်ရပ်စွာ ဆောက်ထားသော တစ်ထပ်တိုက်ပုလေးနှင့် အင်ဖက်တဲကလေးများကို တွေ့လိုက်သည်နှင့် စိတ်မောစွာ နှင်းသုစံ ရင်ခုန်ခြင်းတို့သည် ထူးထူးကဲကဲ မြည်ဟီးသွားသည်။

တွေ့ကြသေးတာပေါ့ ဆရာကြီးရယ်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၉)

"ထိုင် နှင်းသုစံ"

"ဟင်"

နှင်းသုစံ အံ့ဩသွားသည်။ ထင်သလို မဟုတ်ပါလား။

နှင်းသုစံ တစ်ခါမှ မမြင်ဖူးသော အသက်ငါးဆယ်ခန့် လူကြီးတစ်ဦးပင်။ လူကြီးလူကောင်းပုံ ပေါက်နေသော ထိုလူကြီးသည် နှင်းသုစံအား ဖော်ရွေစွာ ကြိုဆိုလိုက်သည်။

"ထိုင်ပါဦး ကလေးမရယ်၊ ဖြည်းဖြည်းဆေးဆေး ဆွေးနွေးကြတာပေါ့၊ ဆာနေရောပေါ့. . . တစ်ခုခု စားလိုက်ပါဦး





သား"

စားပွဲပေါ်တွင် စားဖွယ်သောက်ဖွယ်ရာများ အဆင်သင့် ရှိနေသည်။

နှင်းသုစံ တစ်ချက်သာ ဝေ့ဝဲကြည့်လိုက်ပြီး. . .

"အစားအသောက်က အခုချိန်မျိုးမှာ အရေးမကြီးပါဘူး အန်ကယ်၊ အရေးကြီးတာက နှင်းသုစံရဲ့လွတ်လပ်ခွင့်ကို လက်နက်နဲ့ အကြပ်ကိုင်ထားခြင်းပဲ"

"ဩော်. . ဟော်. . ဟော်. . ဟုတ်ပေသားပဲ၊ မင်းတို့ရဲ့ လက်နက်ကြီးတွေ တစ်နေရာရာမှာ သွားသိမ်းဆည်းထားကြစမ်း ကွယ်၊ မိန်းကလေးတစ်ယောက်ကို ဒီလောက်စောင့်ရှောက်ဖို့ မလိုပါဘူးကွယ်၊ သွားကြ. . . သွားကြ"

ခန့်သလိုလို ပြောလိုက်သော ဆရာကြီး စကားဆုံးသည်နှင့် တပည့်ကျော်များ အလျှိုလျှို ပျောက်သွားကြသည်။

အရမ်းစွတ်ရွတ် လှုပ်ရှား၍မဖြစ်ပေ၊ တပ်ဖျောက်ထားခြင်းဖြစ်လျှင် ပင်ပန်းခြင်းသာ အဖတ်တင်မည်။

"ဆရာကြီး သတိထားနော်၊ ဒီကောင်မလေးက ရေမြွေ မဟုတ်ဘူး. . . မြွေပွေးမလေး"

"သိပါတယ်ကွာ. . . ဘယ်လောက်ပဲ မြွေပွေးဖြစ်ဖြစ် မြွေအလမ္ပါယ်နဲ့ တွေ့တော့ ဝပ်ဆင်းရမှာပေါ့"

နှင်းသုစံ ပခုံးတွန့်လိုက်သည်။

စမ်းကြည့်လေ ဆိုသည့်သဘော။

သို့သော် နှင်းသုစံ ရင်ထဲ၌ အားငယ်ရိပ် ကြီးစိုးနေသည်။ ဟန်ကိုယ်ဖို့အတွက်သာ ထိန်းထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



တောကြီးမျက်မည်းမှာ သူစိမ်းယောကျ်ားများအလယ်၌ မိမိတစ်ဦးတည်း ရှိနေသည်။

ရာဘာအလုပ်သမားများ ယောင်ယောင်နှင့် အလုပ်သမား လေးငါးဦးကလည်း ထပ်ရှိနေသေးသည်။

"ဩော်. . . သမီးအရွယ်ဆိုတော့ အန်ကယ်ကလည်း သမီးချင်း စာနာပါတယ်ကွယ်၊ ဒီကိစ္စကို အန်ကယ်မလုပ်ချင်ပါဘူး၊ ဒါပေမယ့် ဒီလိုမှ မလုပ်ရင် မရဘူး၊ ငါးရဖို့တော့ ငါးစာချရမှာပဲ"

"အန်ကယ် ဘာကိုဆိုလိုတာလဲ"

"နောက်တော့ အန်ကယ် ပြောပြပါမယ်ကွယ်"

"နောက်တော့ လုပ်မနေပါနဲ့ အန်ကယ်၊ အန်ကယ့်တပည့်တွေကလဲ ပြောမပြတော့ ဆန့်တငံ့ငံ့နဲ့ နှင်းသုစံ ပါလာရတယ်"

"ကလေးမ ဆိုလိုတာက အကျိုးအကြောင်း သိချင်လို့ လိုက်လာရတဲ့ သဘောပေါ့၊ သေနတ်ကြောက်လို့ မဟုတ်ဘူးလို့ ဆိုလိုတာလား"

"အသေအချာပဲ"

"ဒိုး"

ရုတ်တရက် နှင်းသုစံ လန့်သွားသည်။ ဆရာကြီးက စားပွဲခုံကို လက်ဝါးဖြင့် ရိုက်လိုက်ပြီး တဟားဟား ရယ်မောလိုက်သည်။

"ဟား. . ဟား. . ဟား. . ဟား"

ပြိတ္တာမြူးတယ်. . ဆန်ရေစပါး ရှားတော့မှာပဲဟု နှင်း





သုစံ ပြောလိုက်ချင်သည်မှာ ပါးစပ်ကို ယားနေသည်။ သို့သော် ခါချဉ်အုံ တုတ်နဲ့ ထိုးသည့်အလုပ်မျိုး မလုပ်သေးတာပဲ ကောင်းပါသည်။

အခြေအနေ အရပ်ရပ်ကို နှင်းသုစံမှ လေ့လာမသုံးသပ်ရသေးဘဲ။

"ဟား. . ဟား. . ဟား. . ကြိုက်သွားပြီ၊ ဒါကြောင့် မင်းကို စွန်ရဲ စွဲတာဖြစ်မယ်၊ ရှေ့သွားနောက်လိုက် ညီပါပေ့"

"စွန်ရဲ"

နှင်းသုစံအတွက် စိတ်ဝင်စားစရာ အမည်တစ်ခု တိုးလာပြန်သည်။

"ဟုတ်တယ်လေ. . . စွန်ရဲ. . . မင်းချစ်သူ စွန်ရဲကို ပြောတာ"

"နှင်းသုစံ ချစ်သူ"

အံ့အားသင့်ခြင်းဖြစ်သယောင် လိုက်မေးမိသည်။ တစ်ဆက်တည်း ရန်သူနဲ့ ကြုံလာရင် တွေဝေမေးမော အံ့အားသင့်ခြင်းတွေ ဖြစ်မနေရဘူး သမီး ဟူသော ဖေဖေ့စကား ကြားယောင်လာပြန်ရာ. . .

"ဘယ်က စွန်ရဲလဲ၊ ကာတွန်းထဲက စွန်ရဲလား"

"ဟတ်. . ဟား. . ဟား. . ဟား၊ မင်းချစ်သူ စွန်ရဲက သူ့ကို လျှို့ဝှက်အမည်ပေးထားတဲ့အမည်ကိုတောင် ပြောပြမထားဘူးလား"

"နှင်းသုစံမှာ ချစ်သူမှ မရှိတာ"

"မညာနဲ့ ကလေးမ၊ ညာနေလို့လဲ အကျိုးရှိမှာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ အန်ကယ်တို့က မပိုင်ရင် မလုပ်ဘူး၊ မခွဲနိုင်မခွာရက် ဖြစ်ပြီး ရထားပေါ် အထိ လိုက်နှုတ်ဆက်နေတဲ့လူဟာ မင်းချစ်သူမဟုတ်လို့ ဘာလဲ"

"ဩော်. . . လက်စသတ်တော့ ထိသည်ကို ပြောနေတာကိုး၊ ထိသည်နာမည်က စွန်ရဲတဲ့လား"

ဒုစရိုက်လောကက နာမည်ဖြစ်မှာပေါ့။

အချင်းချင်း ဘာတွေများ အဝေမတည့် ဖြစ်ကြပြန်ပြီလဲ မသိ။ နှင်းသုစံတော့ လူပေါင်းများလေပြီ။

နှင်းသုစံအား ကယ်တင်မည့်သူ ဝေးနေပြီ။

တပ်က လာကြိုသူများ နှင်းသုစံနှင့် လွဲခြင်းအတွက် သူတို့ ဘာဆက်လှုပ်ရှားဦးမည်နည်း။

"စွန်ရဲက တို့လုပ်ငန်းအတွက် အကြီးမားဆုံး ရန်သူပဲ၊ သူ့ကို ရှင်းပစ်နိုင်ဖို့ အရေးကြီးတယ်၊ ငွေပေးလို့မရ ရွှေပေးလို့မရတဲ့ ပုဂ္ဂိုလ်ဆိုတော့ နှလုံးသားနဲ့ပဲ ငါးစာချရတယ်၊ သမီးအရွယ်ကလေးမကို အန်ကယ် ဒုက္ခမပေးချင်ပါဘူး၊ ဒါပေမယ့် ဒီနည်းပဲရှိလို့ပါ"

"စွန်ရဲက အန်ကယ်တို့ကို ဘာဒုက္ခပေးလို့လဲ"

"ဟာ. . . ပေးတာပေါ့၊ တလောကလဲ ထောက်ကြံ့မှာ အန်ကယ့်တူနဲ့အဖွဲ့ကို 'မိ' သွားတယ်လေ၊ တဖြည်းဖြည်း ဘယ်ခြေ ဘယ်လက်၊ ညာခြေ ညာလက်တွေကို အရင်ရိုက်ချိုးနေတယ်"

"အန်ကယ်တို့အဖွဲ့က ဘာတွေလုပ်နေလို့လဲ"

နှင်းသုစံက ရဲဝံ့စွာပင် မေးလိုက်သည်။





ထိုအခါ ဆရာကြီးက ခနိုးခနဲ့ ရယ်လိုက်ပြီး. . .

"အဟင်း. . . အဖြူလေ. . . အဖြူပါ၊ အနှောင့်အယှက် ပေးလာတဲ့သူမှန်သမျှ ဗိုလ်မထားဘဲ ရှင်းခဲ့နိုင်တာချည်းပဲ၊ မင်းအကောင် စွန်ရဲနဲ့ကျမှ ခံနေရတယ်၊ မူခင်းထောက်လှမ်းရေး ရဲအဖွဲ့မှာတော့ စွန်ရဲဟာ နာမည်အကြီးဆုံးနဲ့ ဒုက္ခအပေးနိုင်ဆုံးပဲ၊ ဒါပေမယ့် ဘိန်းဖြူဘုရင် မြွေဟောက်ရာဇာ အိုက်ပန်ကိုတော့ ဒုက္ခပေးရင် မြွေဆိပ်တက်သွားမှာပေါ့"

"ဩော်. . . ဖြစ်ရလေ အန်ကယ်ရယ်၊ နှင်းသုစံဟာ စွန်ရဲရဲ့ချစ်သူမှ မဟုတ်တာ"

"မညာပါနဲ့ မိန်းကလေး၊ စွန်ရဲဟာ မင်းနဲ့ တတွဲတွဲ မဟုတ်လား၊ ထောက်ကြံ့ကို ရောက်ခါနီးအချိန်ထိတောင် မင်းနားမှာ ဆိုင်ကယ်တစ်စင်းနဲ့ ရှိနေလို့ ငါက လွှတ်ပြီအထင်နဲ့ လွှတ်လိုက်မိတယ်၊ ဘယ်ကဘယ်လို ပေါ်လာပြီး အမိဖမ်းလိုက်သလဲဆိုတာ မသိနိုင်အောင်ဘဲ"

နှင်းသုစံ အတိတ်ကို တရေးရေး မြင်ယောင်လာသည်။ ကြက်သီးမွေးညင်းများတောင် ထလာသည်အထိ အံ့သြဝမ်းသာသွားရသည်။

မိမိစိတ်ကို ဒုက္ခအပေးနိုင်ဆုံးသော ပုဂ္ဂိုလ်မှာ ဒုစရိုက်သားတောင် မဟုတ်ပါလား။

"ဒုရဲအုပ်သင်တန်းဆင်းပြီး ထောက်လှမ်းရေးအဖွဲ့ချုပ်မှာ တာဝန်စထမ်းဆောင်တာနဲ့တစ်ပြိုင်နက်ပဲ ဂိုဏ်းကြီးဂိုဏ်းငယ် အသွယ်သွယ်ကို စမြိုနိုင်ခဲ့လို့ ချက်ချင်း ရာထူးတစ်ဆင့်တက်သွားခဲ့တယ်လေ၊ ရာထူးတက်ပြီး ပိုဒုက္ခပေးလာတာယ်"



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ယူရမှာလား။ နှင်းသုစံ ရင်ထဲ လှိုက်ဖိုဝမ်းသာ[illegible]ဖြစ်သွားသည်။

လက်ရှိ ရင်ဆိုင်နေရသော အန္တရာယ် အခက်အခဲ[illegible]ပင် တဒင်္ဂ မေ့ပျောက်သွားခဲ့သည်။

အမည်နှင့် လိုက်ပါပေ့။ အမြဲလျှင်မြန်ဖျတ်လတ် တ[illegible]ကြွစွာ လှုပ်ရှားတတ်သောထီသည်ကို မြင်ယောင်လာ တမ်း[illegible]လာသည်။

"လူဆိုတာ အထူးသဖြင့် လူငယ်ဆိုတာ ဘယ်လောက်[illegible]ရဲရင့်ပြတ်သားတယ်ဆိုဆို သူ့ရဲ့နှလုံးသားကိုတော့ အထိမခံနိုင်[illegible]ဘူး၊ ခုလောက်ဆိုရင် မျောက်မီးခဲကိုင်မိသလို ဖြစ်နေပြီ၊ အဟင်းဟင်း. . အနေးနဲ့အမြန်ဆိုသလို ချိန်ထားတဲ့နေရာကို ရောက်လာမှာပါ"

"ဒီလိုဆိုရင် အန်ကယ်တို့စခန်းကို သိသွားမှာပေ့ါ"

"ဒါ အန်ကယ်တို့စခန်းမှ မဟုတ်တာ၊ အန်ကယ် ဒီလောက် တုံးပ့ါမလား"

"စွန်ရဲကို ဘယ်လိုခေါ်ထားသလဲ"

"နှင်းသုစံအသက်ကို လိုချင်ရင် တစ်ယောက်ထဲ အမြန်လာခဲ့ပါ၊ အပေးအယူ လုပ်စရာရှိတယ်လို့၊ အဟင်း. . . ဟင်း၊ မင်းလူကိုလဲ နားချလိုက်ဦး ကလေးမ၊ ဒီမှာ ကြည့်စမ်း၊ အန်ကယ်တို့က လိုချင်တာ ရရင် လက်မနှေးပါဘူး၊ အရမ်းကို ရက်ရောတတ်ပါတယ်၊ ဟဲ. . ဟဲ. . ဟဲ"

ရွှေချောင်းများကို အံဆွဲထဲမှ ထုတ်ယူကာ စားပွဲပေါ်တင်လိုက်သည်။ သုံးချောင်း။





နှင်းသုစံက အံ့သြဟန်ပြလိုက်သည်။ ရုပ်ရှင်တွေ ဗွီဒီယို တွေထဲ၌သာ မြင်ဖူးသော ရွှေချောင်းများ ယခုလက်တွေ့ မြင်နေရပါလား။

အခြေအနေ အရပ်ရပ်ကို သုံးသပ်ကာ နှင်းသုစံ မျက်လုံးများ တောက်ပပြလိုက်သည်။

"အား. . . အလေးကြီးပဲ၊ ဘာလုပ်ဖို့လဲ အန်ကယ်"

တစ်ချောင်းကောက်ကိုင်ကာ ပြောလိုက်သည်။

နှင်းသုစံကို သာမန်မိန်းကလေးတစ်ယောက်အနေဖြင့် ခပ်ပေ့ါပေ့ါ သဘောထားပုံရသည်။ ကောင်းပါသည်၊ ဒါ နှင်းသုစံအတွက် အခွင့်အခါကောင်းပင်။

"သမီးတို့ဖို့ပေ့ါ. . . စွန်ရဲသာ အန်ကယ်တို့လုပ်ငန်းကို လျစ်လျူရှုပေးလိုက်မယ်ဆိုရင် အဲဒီပစ္စည်းတွေဟာ သမီးတို့အတွက် လက်ဖွဲ့ပဲ"

"ဟာ. . . တကယ်"

နှင်းသုစံ မျက်နှာကြောသည် အမျိုးမျိုး ပြောင်းလွဲ၍ ရကြောင်းကို မြွေဟောက်ရာဇာကြီး သိပုံမရပါ။

"တကယ်ပေ့ါ ကလေးမရယ်၊ ဒါတွေဟာ မင်းတို့ ပိုင်ဆိုင်သွားရင် တစ်သက်လုံး စားမကုန်တော့ပါဘူး၊ စွန်ရဲ ရောက်လာရင် အေးအေးဆေးဆေးလေး ဖြစ်သွားအောင်သာ သမီးက ဝိုင်းနားချပေးပါ"

"သူ ဒီလောက်အထိ မိုက်မဲလိမ့်မယ်လို့ မထင်ပါဘူး"

နှင်းသုစံက ရွှေတုံးများကို အသာတို့ထိရင်းက ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ. . . အေးအေးဆေးဆေးလေးသာ ဖြစ်သွားမယ်ဆိုရင် အန်ကယ်တို့က ကျေးဇူးမမေ့တတ်ပါဘူး၊ ဒီလောက်နဲ့တင် ရပ်တန့်မနေပါဘူး"

"တကယ်လို့များ သူက ငြင်းခဲ့ရင်ကော"

"မရဏပြည်ကို စောစီးစွာ ရောက်သွားလိမ့်မှာပေါ့"

"ဟင်. . . နှင်းသုစံကောလား"

"သမီး မပါ,ပါဘူး၊ သမီးရဲ့ရဲရင့်ပုံမျိုးကို အန်ကယ် ကြိုက်သွားလို့ အန်ကယ်တို့လုပ်ငန်းမှာ လက်တွဲသင့် မတွဲသင့် အန်ကယ် စဉ်းစားလိုက်ဦးမယ်"

နှင်းသုစံ ပခုံးတွန့်ကာ. . .

"စဉ်းစားနေရသေးလား"

"ကိုင်း. . . သမီးနားချင် သွားနားလိုက်တော့၊ ခရီးပန်းလာတယ် မဟုတ်လား၊ စွန်ရဲကိုသာ ဘယ်လိုသွေးဆောင်နားချရမယ်ဆိုတာကိုပါ စဉ်းစားထားလိုက်ပါ၊ စတယ်လာရေ. . ."

မြွေဟောက်ရာဇာသည် ပြင်ပကို အသံလှမ်းပြုလိုက်သည်။ တစ်ဆက်တည်း ဆိုသလို. . .

"လာပါပြီ ဆရာကြီး. . . အမိန့်ရှိပါ"

ခါးကို ကိုင်း၍ ဆိုလိုက်သူ အမျိုးသမီးကို နှင်းသုစံ အကဲခတ်လိုက်သည်။

မျက်နှာလေးထောင့်၊ အသံဝဲဝဲကို ထောက်ရှု၍ ကရင်အမျိုးသမီးဖြစ်ဟန်တူသည်။

"ဒီကလေးမကို နေရာချထားလိုက်၊ လိုလေသေး မရှိအောင် ပြုစုလိုက်၊ လုံခြုံရေးကိုလဲ ပြင်ပကနေ စောင့်ရှောက်ပေး





လိုက်ကြ၊ ငါ့အမိန့် မရဘဲ ဘယ်သူကမှ လက်ဖျားနဲ့တောင် မတို့စေနဲ့၊ ကြားလား စတယ်လာ"

"ဟုတ်. . ဟုတ်ကဲ့ရှင့်၊ စိတ်ချပါ ဆရာကြီး"

နှင်းသုစံဘက်ကို ငဲ့စောင်းကာ. . .

"လာ. . . ညီမလေး၊ မမနောက် လိုက်ခဲ့"

နှင်းသုစံက မြွေဟောက်ရာဇာကို ကျေးဇူးတင်သောအပြုံးဖြင့် ပြုံးပြပြီး. . . .

"ကျေးဇူးတင်ပါတယ် အန်ကယ်"

"နှစ်ဦးနှစ်ဖက် အဆင်ပြေသွားအောင် နှင်းသုစံ ကြိုးစားပါ့မယ်၊ စွန်ရဲ ရောက်လာရင်သာ နှင်းသုစံနဲ့ အရင်တွေ့ခွင့်ပေးပါ၊ ဒါမှ နားချရ လွယ်ကူလိမ့်မယ် ထင်တယ်"

"အိုကေ. . . စိတ်သာချ"

နှင်းသုစံ စတယ်လာနောက်သို့ ထပ်ချပ်မကွာ လိုက်ပါသွားသည်။

ခြေလှမ်းတစ်ချက် လှမ်းလိုက်တိုင်း ရင်ခုန်သံတစ်ချက်တိုး၍မြန်သွားသည်။ စွန်ရဲ ရောက်အလာကို မျှော်လင့်ခြင်းကြီးစွာဖြင့်. . . ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

အန္တရာယ်တောထဲ ရောက်နေသူအတွက် စိတ်ချလက်ချ အိပ်ပျော်နိုင်ခြင်းကို မရရှိနိုင်ပါ။

ဆိုင်ကယ်သံ ကြားလိုက်ရသည်။

တစ်ဆက်တည်းဆိုသလို စကားသံ သဲ့သဲ့ ကြားလိုက်ရသည်နှင့် နှင်းသုစံရင်ထဲ အနူမြူပုံးကွဲသွားသည်။

စွန်ရဲဆိုသူ ထိုသည် ရောက်နေပြီထင်။

ရက်ပင် မဆိုင်းမတွ ရောက်ရှိလာပုံထောက်၍ သူ၏ နှင်းသုစံအပေါ် ထားရှိသော သဘောထားကို သိလိုက်ရသည်။





"ဂျလောက်"

ပြင်ပမှ ခတ်ထားသော သော့ခလောက် ဖွင့်သံနှင့်အတူ နှင်းသုစံ အိပ်ပျော်ချင်ဟန် ဆောင်နေလိုက်သည်။

ခြေသံများနှင့်အတူ တံခါးပြန်ပိတ်သွားသံကိုပါ ကြားလိုက်ရသည်။

"ဂျလောက်"

ခုတင်လှုပ်သွားသည်။

ခုတင်ပေါ်၌ တင်ပါးလွှဲ ထိုင်ကာ. . .

"အမိ မအိပ်သေးဘူးလို့ ကျုပ်ထင်တယ်"

"အင်း"

နှင်းသုစံ အသာထထိုင်လိုက်သည်။

"မထိုင်နဲ့. . . ပြန်လှဲနေ"

သူက နှင်းသုစံ့ ပခုံးကို အသာလှဲချကာ ပြန်လှဲစေလိုက်သည်။

"အို"

"မအိုနဲ့. . . ကျုပ်ပြောတာ နားထောင်၊ မင်းအဘတွေက ကျုပ်တို့ကို ဒီအတိုင်း လွှတ်ထားတာ မဟုတ်ဘူး၊ ချောင်းကြည့်ပြီး အခြေအနေကို သုံးသပ်နေမှာ၊ ဒီတော့ အမိ ကျုပ်ကို ရည်းစားလို သဘောထားပြီး နေစမ်းပါ၊ ဒါမှ ယုံမှာ"

နှင်းသုစံ ဘာပြောရမည်နည်း။ ထိုသည့်သည် နှင်းသုစံ ဘေးဝင်အိပ်ကာ ဖက်ထားရာမှ စောင်တစ်ထည်ကို ဆွဲယူခြုံလိုက်သည်။

နှင်းသုစံ တကယ်တုန်လှုပ်နေပြီ။ အိပ်မက်လေလား။



www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်း ခပ်တိုးတိုးနော်၊ သူ ဘာတွေ ပြောသလဲ"

စောင်ကို ခေါင်းအထိ ဖုံးထားသည့်ကြားက နှစ်ဦးနှစ်ဖက်၏ထွက်လေဝင်လေသည် ပါးပြင်သို့ တိုးဝှေ့နေရာ နှင်းသုစံ ရင်ဖိုခြင်းကြီးစွာဖြင့် အနေခက်နေလေပြီ။

နှင်းသုစံ အကျိုးအကြောင်းကို ရှင်းပြလိုက်သည်။

"တော်သေးတယ်. . . မင်းနဲ့ တွေ့ခွင့်ရလို့"

"ခင်ဗျားကြီး လိုက်လာလို့ တော်သေးတယ်"

"မင်းက လမ်းမှာကတည်းက ဘာလို့ ရှန်းမထွက်တာလဲ"

"သိချင်လို့"

"ဘာသိချင်တာလဲ"

"ဆရာကြီးဆိုသူဟာ ခင်ဗျားကြီးများလားလို့"

"သေတော့မှာပဲ. . . လူခုနစ်ယောက်လောက်ကို ဖြိုလိုက်ရင် ပြီးတဲ့ကိစ္စ၊ ခုတော့ ကျုပ်ထင်တာနဲ့ အမိက လိုက်လာရတယ်ဆိုတော့ ကျုပ်ကို တော်တော် သံယောဇဉ်ရှိပုံရတယ်"

"ဘာ"

"အင့်"

နှင်းသုစံ တံတောင်နှင့် တွတ်လိုက်သည်။ အရှိက်ကို ထိသွားသည့်အလား ထီသည်ထံမှ အင့်ခနဲ အသံထွက်သွားသည်။

"အမိနော်. . . ကျုပ်ကို အသည်းယားအောင် သိပ်မလုပ်နဲ့နော်၊ အသည်းယားလာရင် ဖက်နမ်းပစ်တတ်တယ်"

"ခင်ဗျားကြီးနော်"





နှင်းသုစံ ဗိုက်ကြောဆွဲလိမ်လိုက်သည်။

"မလုပ်နဲ့လေ. . . အသားယားတတ်တယ်၊ အသားယားရင်လဲ ဖက်နမ်းတတ်တယ်"

"တော်တော် အူမြူးနေသလား၊ သေရမှာ မကြောက်တတ်တဲ့အတိုင်းပဲ"

"ဘာကိစ္စ သေရမှာပဲ၊ အမိက အချောင်းတွေ မက်နေသလား"

"ဘာ"

"ရွှေချောင်းတွေ ပြောတာလေ"

"ရုပ်ကို သေသေချာချာ ကြည့်ထား"

"ကြည့်ချင်တယ်. . . မှောင်နေလို့ မမြင်ရဘူး၊ ဗိုလှလာသလိုပဲ"

"ထီသည်နော်"

"တိုးတိုးပြောပါ. . . ကျုပ်ပြောတာတွေ အမိ သေသေချာချာ မှတ်ထား"

ထိုစဉ် အိမ်မြှောင်စုတ်ထိုးသံလိုလို ကြားလိုက်ရသည်နှင့် ထီသည်က ဖျတ်ခနဲ ထလိုက်သည်။

လျှင်မြန်လိုက်သည့်ဖြစ်ခြင်း။

ငှက်ကြောင်တစ်ကောင်လို ပေါ့ပါးစွာဖြင့် ပြတင်းပေါက်နားချဉ်းကပ်ကာ တံခါးဖွင့်လိုက်သည်။

ချက်ချင်းပင် ပြန်ပိတ်ပြီး အနားပြန်ရောက်လာပြီး. . .

"ရော့"

"ဟင်. . ."



www.burmeseclassic.com

www.burmeseclassic.com



ပစ္စတိုတစ်လက် လက်ထဲ ရောက်လာသည်။

"သားရေပင် ပါတယ်၊ ခြေထောက်မှာ ချည်ထားလိုက်"

"ဘယ်က ရလာတာလဲ"

"ဒီလိုပဲပေါ့. . . ကျူပ်စပိုင်တွေဟာ မင်းနဲ့အတူ ရထားမှာ ပါလာလို့၊ ခုနစ်ယောက်ထဲမှာ တစ်ယောက်ပါလာတယ်"

"ဟင်. . . သူတို့က မသိဘူးလား"

"ရုပ်ဖျက်ပြီး လူစားဝင်ထားတာလေ၊ ကျူပ်က ရထားပေါ်က ဆင်းပြီး ကားလမ်းနဲ့ လိုက်လာခဲ့တာ"

"ဒီကိစ္စ ခင်ဗျားက ကြိုသိနေတယ်လား"

"သတင်းအစအန ကြားထားတယ်လေ၊ သူတို့ တစ်နည်းနည်းနဲ့ ကျူပ်ကို ရှင်းချင်နေတယ်ဆိုတာ ကျူပ်သိနေတယ်၊ အမှန် ကျူပ်ကလဲ သူတို့ကို ခြေရာခံနေသလို သူတို့ကလဲ ကျူပ်ကို ခြေရာခံနေတာ"

"နှင်းသုစံ သိချင်တာနဲ့ ဒီအထိ လိုက်ခဲ့တာ"

"သတ္တိက နေရာတကာတိုင်း မထားရဘူး၊ ဒီလူတွေဟာ မိန်းမကိစ္စပါ စိတ်ဝင်စားရင် အမိ မခက်ဘူးလား"

"စမ်းကြည့်ပါလား. . . မီးပွင့်သွားမယ်"

"ယုံပါတယ်၊ ကိုင်း. . . ကျူပ် တရေးအိပ်လိုက်ဦးမယ်၊ အသားကို မထိနဲ့နော်၊ ကျူပ်က သန့်သန့်လေး"

"ခင်ဗျားကြီးနော်. . . အကျဉ်းအကျပ်ထဲ ရောက်နေတာတောင် 'စ' နိုင်သေးတယ်"

သွေးအေးအေးနိုင်လွန်းသော ထီသည်ကို နှင်းသုစံ အံ့သြရသည်။ တစ်ဆက်တည်း အနေနီးကပ်နေသည့်အဖြစ်မှာ





တောင် အသားချင်း မထိအောင် ရှောင်ရှားပြီး စောင့်ထိန်းနိုင်သော သိက္ခာတရားကိုလည်း အံ့သြရသည်။

"မနှင်းသုစံ"

"ဆို. . ."

"တရေးအိပ်လိုက်ပါ. . . အန္တရာယ်ကြုံလာရင် ကျူပ်နှိုးမယ်၊ စိတ်ချလက်ချသာအိပ်. . . ကြားလား"

"အင်း"

"ဂွတ်နိုက်"

နှင်းသုစံအား ကျောခိုင်းကာ တစ်ဖက်လှည့်အိပ်သွားသည်။

ချက်ချင်း အသက်ရှူသံ မှန်မှန်ပေါ်လာသည်။

နှင်းသုစံ ဘာကို နားလည်ရတော့မှာလဲ။

နှင်းသုစံကို စိုးရိမ်၍ လိုက်လာခြင်းလား။

မြွေဟောက်ရာဇာ ဘိန်းဖြူဂိုဏ်းကို ဖြိုဖို့ လိုက်လာခြင်းလား။

ထီသည်ကို မမေးလိုက်ရတာ နာသည်။

မေးလိုက်လျှင်လည်း ကောင်းကောင်းဖြေမည်မဟုတ်။

သူပြောသလို အိပ်လိုက်တာ အားရှိမည်။ မနက်ဖြန် ပွဲကြီးပွဲကောင်း ဆင်နွှဲနိုင်ဖို့အရေး ခေါင်းကြည်လင်ဖို့ လိုအပ်သည်။

နှင်းသုစံ ကျောခိုင်းလိုက်သည်။ အသားချင်း ထိမိသွားသည်။

တုတ်တုတ်မျှ မလှုပ်။



www.burmeseclassic.com

www.burmeseclassic.com



တော်တော်စိတ်ချရသည်။

မည်သို့ဆိုစေ နှင်းသုစံ စိတ်ထဲ လုံခြုံနွေးထွေးစိတ်ချခြင်းတို့သည် ထီသည် ရောက်ရှိလာကတည်းက ဖြစ်ပေါ်နေသဖြင့် နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်သွားသည်။







# အခန်း(၁၁)

"ဦးအိုက်ပန်က ကျုပ်ကို လျှော့တွေးတာကိုး၊ ခင်ဗျားရွှေချောင်းတွေ ဘာလုပ်ရမလဲ"

သေမှာကို မကြောက်သည့်အလား ရဲရင့်ပြတ်သားစွာ ပြောလိုက်သော ထီသည်ကို ငေးကြည့်ရင်း မျက်နှာငယ်လေးနှင့်

"ဟင်. . . ကိုကိုကလဲ၊ နှင်းသုစံ ပြောတာ သဘောမပေါက်ဘူးလား။ ယူလိုက်ပါနော် ကိုကိုရယ်၊ ဘယ်သူမှ သိနိုင်တာမှတ်လို့"

"တော်စမ်းပါ နှင်း။ ဒီကိစ္စအကြောင်း မင်းဘာသိလို့လဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒိုတစ်မျိုးသားလုံးကို လူညွှန့်တုံးစေမယ့် ဘိန်းဖြူကို တစ်ပြည်လုံး ဖြန့်ဖြူးနေနိုင်တဲ့ဂိုဏ်းကွဲ၊ သူတို့ပေးတဲ့ တံစိုးလက်ဆောင်ဟာ ဒို့တိုင်းသူပြည်သားတွေရဲ့သွေးကို စုပ်ယူဝါးမျိုထားတဲ့ အဆိပ်ငရဲ ပန်းလို ငါ၍တယ်"

"ဟတ်. . . ဟား. . . ဟား. . . ဟား၊ ကျလဲ ကျ လောက်ပါတယ်၊ ငရဲပန်းကို မပန်ချင်တဲ့ မင်းက ငရဲမင်းနဲ့ တွေ့ ချင်တယ် ထင်တယ်၊ ဟုတ်လား. . ဟား. . . ဟား. . . ဟား"

"ငရဲမင်းနဲ့ တွေ့မှာ ကျုပ်မဟုတ်ဘူး၊ ခင်ဗျားပဲ ဦးအိုက် ပန်၊ ခင်ဗျားနဲ့ ဝိသမ လောဘကြောင့် ခွေးသေဝက်သေ သေ ကုန်တဲ့ ဘိန်းဖြူသားကောင်တွေထက် ဆိုးရွားတဲ့အသေဆိုးနဲ့ကို သေရမှာ ခင်ဗျားဗျ"

"ဒုန်း"

ဦးအိုက်ပန် ဒေါသထွက်လာလျှင် ထုံးစံအတိုင်း ထင်ပါ သည်။ စားပွဲကို ဒုန်းခနဲ တီးလိုက်စဉ်. . .

"ယား"

ထီသည်ထံမှ ပျံဝဲသွားသော ဖလိုင်းကစ်ကို မြင်လိုက်ရ သည်နှင့် နှင်းသုစံလည်း ထီသည်နှင့် ကျောချင်းကပ် အနေ အထားမှ ရန်သူများကို ရင်ဆိုင်လိုက်ရသည်။

ပြိုင်ပွဲကျင်းပနေခြင်း မဟုတ်။

တကယ့်ရန်သူနှင့် ဆင်နွှဲနေရခြင်းပါ။ သတိကို ကိုယ်နှင့် မကွာစေရန် ထိန်းလိုက်ရင်း တိုက်ခိုက်ရသည်။ ရန်သူများကို အထင်သေး၍မရ။ ဆယ့်လေးယောက်မျှ ရှိနေသောအဖွဲ့ကို သုံးယောက်အင်အားနှင့် ရင်ဆိုင်လိုက်ရသည်။





အိပ်ခန်းပြင်သို့ ပြတင်းပေါက်မှ ဂျမ်းထိုးခုန်ထွက်လာပြီး ပြေးဝင်လာသော ရန်သူများကို ပစ္စတိုနှင့် ပစ်လိုက်ရသည်။ တစ် တောင့် တစ်ယောက်လောက်က နှင်းသုစံလက်နှင့် တန်းနေ သည်။

"ဆိုင်ကယ်ဆီပြေး နှင်း"

ထီသည်က သတိပေးရင်း ဆုတ်ခွာလိုက်သည်။ မခွာ၍ မဖြစ်။ ကားတစ်စင်း ဝင်လာသည်။ မှန်းဆထားသောအချိန် ထက် စောသွား၍ နှင်းသုစံတို့ ဆုတ်လိုက်ရသည်။

ရုပ်ဖျက်ထားသူ ဒုရဲတပ်ကြပ်လဲ အိုက်ပန်သေနတ်ဖျား၌ အသက်ပါသွားခဲ့သည်။

ထီသည် ဆိုင်ကယ်ပေါ် တက်လိုက်ပြီး နှင်းသုစံထံ ရောက်လာသည်။ ကျည်မိုး ရွာသွန်းမှုကြားမှ နှင်းသုစံတို့ လွတ် မြောက်သည်ဟု မဆိုနိုင်သေး။

ဆိုင်ကယ်ကို နောက်ပြန်ထိုင်ကာ နောက်မှ လိုက်လာ သောကားကို မှန်းဆ၍ ပစ်ကွင်းထဲအရောက် ချိန်ဆရသည်။

ထိုကားပေါ်မှ ကျည်ဆန်များက ပွတ်ကာသီကာ ဖြစ် နေသည်။ မြွေလိမ်မြွေကောက်ပြုကာ ဆိုင်ကယ်ကို ထီသည်က ကျွမ်းကျင်စွာ မောင်းနှင်သွားသည်။

ကားမဝင်နိုင်သော တောအုပ်ထဲသို့ ဝင်လာသည်။

"ဒိုင်း"

နှင်းသုစံထံမှ နောက်ဆုံးကျည်ဆန်တောင့်အပြီးတွင် နောက်မှ လင့်ရိုက်ာ သစ်ပင်နှင့် ဝုန်းခနဲ ဝင်ဆောင့်သံ ကြားလိုက် ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် နောက်တစ်စင်း ကျန်သေးသည်။

"ဒီဘက် လှည့်တော့၊ ကျုပ်ကို ဖက်ထား၊ ဒီအန္တရာယ် စက်ဝန်းက လွတ်အောင် မောင်းထွက်ရမယ်"

နှင်းသုစံသည် မောင်းနှင်နေသော ဆိုင်ကယ်ပေါ်မှာပင် ရှေ့သို့ ပြန်လှည့်လိုက်ရသည်။ နားထဲ လေတိုးဝင်သံက ဗိုးကနဲ ဗိုးကနဲ။

ဖေဖေ့ကျေးဇူး ကြီးလေစွတကား။ ဂွမ်းဘားအားကစားမှအစ ဂျူဒိုကာရာတေး သိုင်း တိုက်ကွမ်ဒိုမှအစ သင်ခိုင်းသော ဖေဖေ့ကြောင့် တကယ့်အန္တရာယ်ကို လွယ်လွယ်ကူကူ ဖြတ်ကျော်လာနိုင်ခဲ့သည်။

"နည်းနည်းစောသွားတယ်ကွာ"

"ခင်ဗျားကြီးက လောတာကိုး"

"အမိဘိုးအောက မိုးတောင် မလင်းသေးဘူး ခေါ်ထုတ်တာကိုးကွ"

"ရဲတပ်ဖွဲ့ဝင်တွေ ဘယ်အချိန်ရောက်မှာလဲ"

"ချိန်းထားတဲ့အတိုင်းဆိုရင် နောက်နာရီဝက်မှ"

"အဟင်း"

နှင်းသုစံ ရယ်ချင်သဖြင့် ရယ်လိုက်မိသည်။

"ဘာရယ်တာလဲ"

"ရယ်ချင်လို့"

"ဘာဖြစ်လို့လဲ. . . စိတ်မကောင်း ဖြစ်ရတဲ့အထဲ"

"ဘာဖြစ်လို့ စိတ်မကောင်းဖြစ်ရတာလဲ"

"အမိ အရင်ပြော"





"ဪ. . . ရုပ်ရှင်တွေထဲကအတိုင်းပဲ ကိစ္စပြီးသွားမှ ရဲတွေ ရောက်လာသလို ဖြစ်နေလို့လေ"

"ကျုပ်က ကျုပ်ရဲဘော် ကျသွားတဲ့အတွက် စိတ်မကောင်း ဖြစ်ရတာ"

"ခင်ဗျားကြီး သေရမှာ မကြောက်ဘူးလား"

"လူပဲ. . . တစ်သက်မှာ တစ်ခါပဲ သေရမှာ၊ နှစ်ခါသေဖို့ မလိုဘူး၊ တိုင်းပြည်အတွက် အသက်စွန့်ရင်း သေသွားရမှာကို ကျုပ် မကြောက်ဘူး"

"ဒိုက်ကျင်းနေရာ သိနေမှတော့ ခင်ဗျားကြီး တစ်ခါတည်း ရဲအဖွဲ့နဲ့ လာပါလား"

"သိမှတော့ ညကတည်းက ကိစ္စပြတ်ပြီပေါ့၊ ဒီလို သူတို့က ဘယ်လုပ်မလဲ၊ ကျုပ်ကို တစ်နေရာမှာ ချိန်းပြီးမှ မျက်စိပိတ်ခေါ်ခဲ့တာ"

"ဆိုင်ကယ်က"

"သူတို့ပဲ စီးခဲ့တာပေါ့"

"ဪ. . . ဂလိုလား"

"ကျုပ်တို့ကို ခြေရာခံတဲ့ ရဲက တောင်ငူရဲစခန်းကို သတင်းပို့ စီစဉ်ရဦးမှာ၊ ဒီကြားထဲ မျက်ချည်ပြတ်သွားရင်တော့ ကူညီမယ့်သူတွေ ပေါ်လာတော့မှာ မဟုတ်ဘူး။ မလျှင်ရင် သေပေတော့ပဲ"

"ဟူး"

ခုမှ နှင်းသုစံ တြွက်သီးထရမှန်း သိလိုက်ရသည်။ ကောင်းသေးသည်၊ အသက်နှင့်ကိုယ် အိုးစားမကွဲလို့။ ရုတ်တရက် ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ကယ် ရပ်သွားသည်။

"မြတ်စွာဘုရား"

နှင်းသုစံ ခန္ဓာကိုယ် ထီသည်၏ကျောပြင်နှင့် ပြေးကပ်သွားသည်။

ကြည့်. . . သူက နှင်းသုစံ ယောင်ရမည့်အယောင်ကို ယောင်လိုက်သည်။

နှင်းသုစံ သူ့ကျောပြင်ကြီးကို ထုပစ်လိုက်သည်။

"ဆင်း. . . ဆင်း"

"ဘာဖြစ်သွားတာလဲ"

"ခါတ်ဆီကုန်သွားတာ"

"ပြဿနာပဲ"

"ပြဿနာမနေနဲ့. . . ခြေထောက်အားကိုးပြီး သွားရမယ်၊ လာ. . . ရန်သူကို အထင်သေးလို့မရဘူး"

"လိုက်မလာတော့ပါဘူး"

"နေမလား. . . သေနတ်သံတွေမှ မကြားရတာ၊ ရဲတွေရောက်မလာလို့ပဲ ဖြစ်ရမယ်"

နှင်းသုစံလည်း မဆိုင်းမတွပင် ထီသည်နောက်မှ ထပ်ချပ်မကွာ လိုက်ခဲ့လေသည်။

"ဒီလိုမှပေါ့"

"ဘာဒီလိုမှလဲ"

"ဆင်ပြောင်ကြီး သွားရာ ဆင်မယဉ်သာ လိုက်ပါရစေမြဲလေ ဆိုသလိုလေ"

"ထီသည်နော်"





နှင်းသုစံ လက်ရှယ်လိုက်ပြီးမှ မထူးဖြစ်တော့။ နွဲ့သလိုထင်မှာစိုး၍ဖြစ်သည်။

"ကိုကို မဟုတ်တော့ဘူးလား"

"အံမယ်. . . သဏ္ဍာန်လုပ် သရုပ်တူစေ ဆိုသလို ခေါ်တာများ. . . အသားယူမနေနဲ့"

"ကောင်းမှန်းသိ သာအီ တစိုစို ဖြစ်နေပြီကွာ၊ ထီသည်အစား ကိုကိုလို့ပဲ ခေါ်ပါလားနော်. . . နားထောင်ကောင်းလွန်းလို့"

"သေလိုက်ပါလား"

"မသေချင်သေးဘူး. . . မိန်းမ,မရသေးလို့"

"ခင်ဗျားကြီးနော်. . . ရွှတ်နောက်နောက် လုပ်မနေနဲ့၊ တောထဲမှာ ဘယ်ဆီ ရောက်နေမှန်းမသိ"

"လွယ်ပါတယ်. . . နေထွက်ရာအရပ်ကို ကျော်ခိုင်းပြီး သွားလိုက်ရင် ကျုပ်တို့ သွားချင်တဲ့ခရီးကို ရောက်သွားလိမ့်မယ်၊ ကျုပ်ဆီမှာ ကျည်လေးတောင့် ကျန်သေးတယ်"

"အိုက်ပန်ကို ထိသွားတယ် မဟုတ်လား"

"အင်း. . . ဒါပေမယ့် သေချင်မှ သေမယ်၊ သူက အဆီထပ် အသားထပ်တွေ များနေလို့လေ"

ဟွန်း. . . ပြောပဲ ပြောတတ်သည့်လူကြီး။

တောကြီးမျက်မည်းထဲ နှင်းသုစံ ကြောက်ဖို့နေနေသာသာ ပျော်၍ပင် နေသေးသည်။

ထီသည်နှင့် အတူသွားနေရခြင်းကြောင့် ထင်ပါသည်။

ထီသည်၌ နှင်းသုစံ အားကိုးလောက်သော အရည်



www.burmeseclassic.com

www.burmeseclassic.com



အချင်းတွေ အပြည့်ရှိနေပါလား။

နံပါတ်ခြောက် အချက်နှင့်လည်း ညီသွားပြန်လေပြီ။

သို့ဆိုလျှင်. . .

နှင်းသုစံမျက်နှာ ရှိန်းခနဲဖြစ်သွားသည်။

"အမေ့"

"သေတော့မှာပဲ. . . ဘာတွေငေးပြီး ဘာတွေ တွေး နေတာလဲ"

အရေးထဲ ခလုတ်တိုက်သွားရာ ကံကောင်း၍ ဟတ်ထိုး မလဲသည်။

ကံကောင်းတာက ထီသည်က မိမိလက်မောင်းအိုးကို လှမ်းထိန်းလိုက်၍ဖြစ်သည်။

"ပန်းခင်းလမ်းများ လျှောက်နေတယ် အောင်းမေ့နေ သလား"

"အင်း"

"အမိလေးနော်. . . ကျုပ်ကို အသည်းယားအောင် မလုပ်နဲ့၊ အသည်းယားအောင် လုပ်ရင် ညက ပြောထားတဲ့ အတိုင်းပဲ"

"ခင်ဗျားကြီးနော်"

လက်သီးဖြင့် ထီသည်လက်မောင်းအိုးကြီးကို ထိုးပစ် လိုက်သည်။

အသားစိုင်တွေက ကျစ်လစ်မာကျောနေပါလား။ အား ကစား မှန်မှန်လေ့ကျင့်သည် ထင်ပါသည်။

နှင်းသုစံကို ရှေ့က သွားခွင့်မပေးဘဲ သူသာလျှင် ရှေ့မှ





သွားကာ ဆူးကိုင်းများ ရှိပါက ဖယ်ရှားပေးပြီး ငုတ်ရှိပါက သတိ ပေးသည်။

ဘာလိုသေးသနည်း။ ထီသည်နှင့်အတူ တွဲသွားရသော ဤခရီးသည် အန္တရာယ်တွေ အဘယ်မျှ ပြည့်နေပါစေ၊ မိမိ အတွက် ပန်းခင်းသောလမ်းကို လျှောက်လှမ်းနေရသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၂)

"မြန်မြန်လာကွ. . . နေ့းလိုက်တာ၊ အချိန်မီ အုပ်မိဖို့ အရေးကြီးတယ်"

"တူမလား. . . ယောကျ်ားခြေလှမ်းနဲ့ မိန်းမခြေလှမ်း"

"အေး. . . ယောကျ်ားနဲ့မိန်းမ မတူညီခြင်းကို အမိလေး သိပြီမဟုတ်လား၊ နောက် စိတ်သွားတိုင်းကိုယ်ပါ ထင်ရာစိုင်း မနေနဲ့. . . ကြားလား"

"ဟုတ်ကဲ့ ဘိုးအေ"

ချွေးသံရွှဲရွှဲ မောဟိုက်နေသည့်ကြားမှ ဆရာလုပ်နေ





သေးသည်။

"မောရတဲ့အထဲ"

"မောရင် ဘာလုပ်ပေးရမလဲ. . . ထမ်းခေါ်ရမလား"

"ရတယ်. . . သူများအားမကိုးဘူး"

"ပြောသေးတာပဲ"

ဘယ်လိုလူကြီးမှန်း မသိ။ အားနွဲ့သော မိန်းမသားရယ်လို့ ညှာတာပုံလည်း မရ၊ ဦးအိုက်ပန် ဒေါ်ရာရသွားသည်။ ရဲတွေ ခြေရာခံ မလိုက်မိလျှင် ဦးအိုက်ပန် လွတ်သွားမှာ အရမ်းစိုးရိမ်နေပုံရသည်။

နောက်က နှင်းသုစံ ပါလာသလား မပါလာသလားကိုလည်း မေ့နေပုံရသည်။ နှင်းသုစံ ခပ်ခွာခွာ လိုက်ခဲ့သည်။

ပင်စည် ခပ်ကြီးကြီး သစ်ပင်နောက်တွင် ကွယ်၍ရပ်လိုက်သည်။ စိတ်စမ်းကြည့်. . .

ငါးမိနစ်၊ ခုနစ်မိနစ်၊ ဆယ်မိနစ် ပေါ်မလာ။ ဟင်. . . နှင်းသုစံကို ထားသွားသည်ထင်သည်။

မျက်ရည်များ အလိုအလျောက် စီးကျလာသည်။

ဦးအိုက်ပန်ကို ချေမှုန်းလို၍ ဆင်ထားသော ညွှတ်ကွင်းအတွင်းသို့ တိုးဝင်ခြင်းကို မိမိအတွက် စိုးရိမ်ပူပန်၍ ဟူသော အထင်ဖြင့် မှားယွင်းစွာ ရင်ခုန်ခဲ့မိသည့်အဖြစ်ကိုလည်း အရှက်ခေသွားရသည်။

"လာခဲ့ အမိ၊ ကျုပ်ကို တော်တော်ဒုက္ခပေးပါလား"

သစ်တစ်ပင်ဘေးမှ ဘွားတနဲ ပေါ်လာသူ ထိုသည်ကြောင့် နှင်းသုစံ ဝမ်းသာဝမ်းနည်း ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အတွက် အချိန်ဟာ ဘယ်လောက်အဖိုးတန်နေတယ်ဆိုတာ အမိ မသိဘူးနော်၊ တော်တော်အနှောင့်အယှက်ပေးပါလား"

"ဒုက္ခပေးတယ် အနှောင့်အယှက်ပေးတယ် ထင်ရင် ထားခဲ့ပေါ့"

"မထားခဲ့နိုင်မှန်း အမိလေး မသိဘူးလား၊ လာစမ်းကွာ ဒါကြောင့် ပြောတာ၊ မိန်းမဖျက်ရင် ပြည်ပျက်တတ်တယ်လို့"

ထိုသည်က စိတ်မရှည်သည့်အလား နှင်းသုစံ လက်မောင်းကို အတင်းဆွဲခေါ်လိုက်သည်။

"ဖယ်. . . လွှတ်၊ ကိုယ့်ဟာကိုယ် သွားမယ်"

"ဟိုမှာ ကားလမ်းမြင်နေရပြီ အမိ. . . တွေ့လား"

"ဟင်. . . ဟုတ်တယ်"

အားတက်ခြင်းဖြင့် နှင်းသုစံ ပင်ပန်းနွမ်းနယ်သမျှတို့ ပျောက်သွားသည်။

"အရမ်းသွားလို့ရမလား"

"ဘာသံတွေလဲ"

"သစ်ခုတ်သမားတွေ သစ်ခုတ်သံ"

လွတ်မြောက်ခြင်း လမ်းစကို တွေ့ရှိလိုက်ပြီဖြစ်၍ နှင်းသုစံ ဝမ်းသာသွားသည်။

"လာ"

"လွှတ်. . . ရတယ်"

"မူပြီး မချန်ခဲ့နဲ့ဦးနော်၊ ဒီတစ်ခါ တကယ်ထားခဲ့မှာ"

"စောစောက ဘာလို့ မထားသလဲ"





"ကျားစာမိသွားမှာစိုးလို့"

"မိပစေပေါ့"

"ဘယ်ဖြစ်မလဲ. . . ကျုပ်ရည်ရွယ်ချက်တွေ ပျောက်ဆုံးသွားမှာပေါ့"

"ဘာရည်ရွယ်ချက်လဲ"

"အမိ အရွယ်ရောက်လာရင် ကျုပ်ရဲ့မဟေသီအဖြစ် တော်ကောက်မယ့် ရည်ရွယ်ချက်လေ"

"အုံး. . အုံး"

ဒီတစ်ချီတော့ နှင်းသုစံ လက်သီးဆုပ်များ ထိုသည် ကျောပေါ်သို့ ဗျောတင်လေသည်။

"မှန်တာပြောတာပဲ၊ ရှက်ရမ်းမရမ်းနဲ့ နှင်းရဲ့"

"ဘာနှင်းလဲ"

"ကိုယ့်ရင်ထဲက နှင်းလေ၊ တကယ်ပါ. . . အမိလေးကို မြင်ကတည်းက မမမင်းနဲ့ တူသလိုလို ရှိလို့ စိတ်ဝင်စားသွားရာက အရမ်းကို စွဲလမ်းသွားတာ၊ စွဲလမ်းလွန်းလို့လဲ မအားတဲ့ကြားက အချိန်လုပြီး အမိအကြောင်းတွေ စုံစမ်းပြီး ရောက်ရောက်လာတာ၊ ငွေနှစ်သိန်းနဲ့ အမိနဲ့လဲ မလဲနိုင်ဘူး၊ အဲဒီငွေတွေ ဘာလုပ်ထားသလဲ"

"ဘဏ်ထဲ ထည့်ထားတယ်"

"ယောက္ခမကြီးက မယူဘူးလား"

"စီးစီးပိုးပိုးနဲ့. . . ထုထည့်လိုက်ရဦးမလား"

"မလုပ်ပါနဲ့. . . အမိလို ပညာသည်လက်က ကျုပ်တော့ဖြင့် အရေခွံ ကွာနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဆုတ်ကွာမှာ မဟုတ်ဘူးလား"

"အဆုတ်ဘယ်ကွာမလဲ. . . အဲ့တွင်းအားနဲ့ ထိန်းထား တော့ အပေါ်ယံ အရေခွံပဲ ကွာမှာပေါ့"

"စမ်းကြည့်ရမလား"

"ဘယ်ကိုလဲ"

"ဟောဒီကျောပြင်ကို ပြောတာ"

နှင်းသုစံ အသည်းယားသဖြင့် နောက်တစ်ချီ ထုပစ် လိုက်သည်။

ထိုအခါ ထီသည်က နှင်းသုစံ လက်သီးဆုပ်များကို ဆွဲ ယူလိုက်သည်။

မျက်နှာချင်းဆိုင် အနေအထား၌ ရပ်လိုက်သည်။

"အမိ. . ."

ထီသည်မျက်ဝန်းသည် ထူးကဲစွာ တောက်ပနေသည်။ ပြာလဲ့ကာ စူးရဲခြင်းက နှင်းသုစံ နှလုံးသားကို ဖောက်ထွင်းမြင် ရောက်နိုင်သည့်အလား။ နှင်းသုစံ ရင်ခုန်သံ မြန်ဆန်လာသည်။

အဘယ်ကြောင့်များ လက်သီးဆုပ်များကို သိုင်းပညာ ဖြင့် သူ့လက်တွင်းမှ မရုန်းဖယ်လိုက်ပါသနည်း။

ဖွဖွကလေး ရှုန်းတယ်ဆိုရုံလေး ရုန်းမိသည်။

"နှင်း. . ."

ထီသည်အသံ တုန်ခါနေသည်။ ရဲရင့်ဖျတ်လတ်ပါသည် ဆိုသော စွန်ရဲ ဘာဖြစ်နေသနည်း။

"ကျုပ်ကလွဲပြီး ဘယ်သူ့ကိုမှ မချစ်ရဘူး"

ကြည့်. . . ရည်းစားစကားပြောတာတောင် အမိန့်





အာဏာဆန်ဆန်။

"အချိန်တန်ရင် နှင်းကို ကိုယ်လက်ထပ်မယ်"

အချိန်တန်ရင်တဲ့။ ဘယ်အချိန်ကို ဆိုလိုတာလဲ။ မမေး ချင်။ ရင်တွင်း၌ ရင်ခုန်လှုပ်ရှားခြင်းတို့အောက်ဝယ် စကားပြော တတ်ခြင်းတို့ ပျောက်ဆုံးကုန်သည်။

စူးရဲသော မျက်လုံးအစုံကို ရင်ဆိုင်ကြည့်နေမိသော မိမိမျက်ဝန်းတို့ပင် ထားရခက်သွားသဖြင့် မျက်လွှာချလိုက်သည်။

"မှတ်ထားနော် နှင်း၊ ထပ်ပြောမယ်၊ ကိုယ်ကလွဲရင် နှင်း ဘယ်သူ့ကိုမှ မချစ်ရဘူး. . . စိတ်မဝင်စားရဘူး၊ အချိန် တန်ရင် နှင်းကို ကိုယ်လက်ထပ်မယ်၊ ဒါပဲ. . . သွားရအောင်"

နှင်းသုစံ လက်အစုံကို မ,ယူကာ ဦးခေါင်းကို ညွတ် လျက် နမ်းရှိုက်လိုက်သည်။

နောက်. . . ချက်ချင်းပင် ချာခနဲ လှည့်ထွက်သွား သည်။ အားမာန်အပြည့် ရှိနေသည်။

သူ့၌ ဆက်ရန် တာဝန်ဝတ္တရားတွေ ရှိနေသေးသည်။

နှင်းသုစံ နားလည်ခွင့်လွှတ်ရပေမည်။

မိမိစွဲလမ်းနေသူသည် သာမန်လူသားမှ မဟုတ်ဘဲ၊ ပြည်သူအတွက် အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်ပေးနေ သည့် ပြည်သူ့ရဲတစ်ယောက်ပေပဲ။

တဒင်္ဂ နှင်းသုစံ ရပ်နေမိသည်။

"လာလေ"

နှင်းသုစံ ပါမလာမှန်း ချက်ချင်းသိသည်။

နှင်းသုစံ ချက်ချင်းပြေးလိုက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထီသည်"

"ခုထိ ထီသည်တုန်းလား"

"ထီသည် မခေါ်လို့ အိပ်မက်ရှင်လို့ ခေါ်ရမှာလား ဟုတ်တယ်. . . ခင်ဗျားဟာ နှင်းသုစံရဲ့အိပ်မက်ရှင်ပဲ"

"ဒီလိုပဲ ဖြစ်ရမယ်လေ၊ လာ. . . လာ"

"ကြည့်. . . ပြောတာတော့ နားမထောင်ဘူး"

"နားထောင်မှ ကြားတာမဟုတ်ဘူး၊ နှင်းရဲ့နှလုံးသား စကားကို နှလုံးသားချင်း နားလည်ကြားသိတတ်ပါတယ်၊ နှင်း ငယ်ပါသေးတယ်၊ ပညာဆက်သင်ပါဦး၊ ကိုယ်လဲ နောက်ဆံ မတင်းဘဲ စွန့်စွန့်စားစား တာဝန်ဆက်ထမ်းဆောင်ပါရစေဦး နော်၊ လာ. . . ဟိုမှာ သစ်ခုတ်သမားတွေ မြင်ရပြီ၊ ကိုယ်တို့ သူတို့အကူအညီ ယူပြီး ခရီးဆက်ကြရအောင်"

နှင်းသုစံ ညာလက်ကို သူ့ဘယ်လက်ဖြင့် မြဲမြံစွာ ဆွဲကိုင်၍ ခေါ်သွားသည်။

နှင်းသုစံ အားအင်အပြည့် ဖြစ်ပေါ်သွားသည်။

သူ့လက်များသည် နှင်းသုစံဘဝကို ရာသက်ပန် မြှင့်တင်ပြီး ထာဝရ မဖြုတ်တမ်း တွဲသွားမည့် ခိုင်မာသောလက်ဖြစ်ကြောင်း နှင်းသုစံ ကောင်းစွာ သဘောပေါက်နားလည်သဖြင့် ကျေနပ်ရွှင်လန်းစွာဖြင့် ထီသည်ခေါ်သော နှင်းသုစံ၏အိပ်မက်ထဲမှ ဖူးစာရှင်နောက် ပါလာရင်းဖြင့်. . .။









# အခန်း(၃၃)

စိတ်ချရသောနေရာ ရောက်သည်နှင့် နှင်းသုစံအား ...းကာ ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်သွားတော့ ...ည်။

"နှင်းသုစံ"

"မေမေ"

ရဲစခန်းမှ ရဲတားဖြင့် တပ်သို့ လိုက်ပို့ပေးသည်။ ထိုအခါ ...ခ်ရှေ့၌ စောင့်နေသော မေမေ့ကို တွေ့လိုက်ရသည်။

"မေမေ့ကို မစောင့်ဘဲ ဘာဖြစ်လို့ ထွက်သွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မေက ဖုန်းလဲ မဆက်ဘဲနဲ့"

"ခု. . ကံသီလို့ မဟုတ်လား"

ပြဿနာရပ်တွေ မေမေ သိသွားပြီ။ မလွယ်။ ဖေဖေ သိရင် ဘာပြောမည်နည်း။

"ဘာမှမဖြစ်ပါဘူး. . . ခုမှ လက်တွေ့ဘဝတိုက်ပွဲ ဆင်နွှဲခဲ့ရတာ. . . ပျော်စရာကြီး"

"ပြောလိုက်ရင်"

မေမေက နှင်းသုစံကို ဆက်မဆူအားဘဲ လိုက်ပို့ပေး သော စခန်းမှူးအား ပဋိသန္ထာရစကား ဆိုနေရသေးသဖြင့် နှင်း သုစံ နားအပူသက်သာသွားသည်။ စခန်းမှူးကို နှုတ်ဆက်ပြီး အိမ်ထဲဝင် ရေချိုးကာ အဝတ်အစား ကမန်းကတန်း လဲပြီး အိပ် ရာပေါ် ခုန်တက်လိုက်သည်။

မေမေ့ခြေသံ ကြားလိုက်ရ၍ဖြစ်သည်။

"ဒါ ဘာလုပ်တာလဲ"

စောင်ကို လည်ပင်းအထိ ခြုံအိပ်လိုက်ရင်း အိပ်ချင် မူးတူးလေသံနှင့်. . .

"အိပ်ချင်ပြီ မေရာ. . . နောက်မှပြော"

"ဘာပြောရမှာလဲ. . . ထဦး"

"ဟာ. . . မေကလဲ"

"မေကလဲ လုပ်မနေနဲ့. . . ဘာဖြစ်ခဲ့သေးသလဲ"

"ဘာမှမဖြစ်ဘူး. . . သန့်သန့်စင်စင်လေးပဲ၊ မေ မြင် ထားတဲ့အတိုင်းပဲ"

နှင်းသုစံ စိတ်မရှည်စွာ ပြောလိုက်မိသည်။





"တီကြီးကို သမီးဘာတွေပြောထားသလဲ"

"လုပ်ပြီ. . . တီကြီးကို စတာပါဆို"

"စတာပါဆို ဒါက ဘာလဲ"

ဝုန်းခနဲ နှင်းသုစံ ထထိုင်လိုက်သည်။ မျက်လုံးလည်း စွန်ထုပ်မျက်လုံး ဖြစ်သွားသည်။

မေမေ့လက်ထဲက ထောင်ပြလိုက်သောစာအုပ်က နှင်း သုစံ၏မှတ်စုစာအုပ်လေး။ အရေးကြီးသော လျှို့ဝှက်ချက် ဆယ် ချက်ကို ရေးထားသည့် စာအုပ်ပါလား။

"ဟိုက်. . . သေလိုက်ပါတော့ နှင်းသုစံရယ်"

နှင်းသုစံ ကိုယ့်နဖူးကိုယ်ပြန်ရိုက်ရင်း အိပ်ရာထဲ ပက် လက် လှန်ချလိုက်သည်။

သွားပြီ၊ ဖေဖေ့နားတော်သို့ ပေါက်ကြားတော့မည်။ မေမေက ဖေဖေ့အား ရွှေနားတော်သွင်း နှင်းသုစံအပြစ်တိုင်ချင်း ချင်းကို ညည်းညူတော့မည်။

သေသာ သေလိုက်ချင်သည်။

မနက်က အိုက်ပန်တို့အဖွဲ့ ပစ်လိုက်သော သေနတ် ကျည်ဆန် မှန်မသွားခြင်းကပင်လျှင် ကံဆိုးလေစွတကား။

"သမီး နှင်းသုစံ"

"မေကလည်း. . . အိပ်တော့မယ်"

"တကယ်ပဲ ကျောင်းဆက်မတက်တော့ဘူးလား"

"တီကြီးကို စတာပါဆို"

"စတာ"

"ဟုတ်ပါတယ်ဆိုနေမှ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အိပ်မက်ထဲက ဖူးစာရှင် ဆယ်ချက်ကတော့ ဘယ်သူ့ကို စတာလဲ. . . စာအုပ်ကိုလား"

"အဲဒါ မေတို့ကို စတာ"

"အလိုတော်"

နှင်းသုစံ စပ်ဖြဲဖြဲနှင့် မေမေ့အား ကြည့်လိုက်သည်။

"ဟုတ်တယ်လေ. . . မိဘတို့ဝတ္တရားရဲ့ နောက်ဆုံးဝတ္တရား ဖြစ်တဲ့ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင် ဖခင်မယ်တို့တာဆိုတဲ့တာဝန် မေ့မှာစိုးလို့ သတိပေးထားတာလေ. . . အဟင်း"

"ခေါက်ထည့်လိုက်ရ. . . ရှတ်နောက်နောက်နဲ့. . ငါ"

"နင့်အဖေနဲ့ တိုင်ပြောမယ်လို့ ပြောမလို့ မဟုတ်လား တိုင်ပေ့ါ မေမေရာ၊ ခုလောလောဆယ်တော့ နှင်းသုစံ ပင်ပန်းနေလို့ အိပ်လိုက်ဦးမယ်"

"အဖြစ်အပျက်တွေ မေမေ့ကို မပြောပြတော့ဘူးလား"

"သိတန်သလောက် သိပြီးပြီပဲ၊ နောက်မှ အသေးစိတ်ပြောတော့မယ်နော်၊ မီးအိပ်ချင်ပြီ"

နှင်းသုစံ မျက်ခွံတံခါးပိတ်လိုက်သည်။

ဟင်းခနဲ သက်ပြင်းချသံနှင့်အတူ မေမေ ခြေဖွဖွ ပျောက်ကွယ်သွားသည်။

မေမေ တံခါးကို တွန်းစေ့သွားသံ ကြားမှ နှင်းသုစံ သက်ပြင်းချလိုက်မိသည်။

"အိပ်မက်ထဲက ဖူးစာရှင်" အကြောင်း တွေးချင်နေပြီ။

အဖြစ်အပျက် ဟူသမျှတို့သည် အိပ်မက်လိုပါပဲလား။

ဩော်. . . နှင်းသုစံအား ဝေဒနာတွေ ပေးကာ ထား





သွားရက်လေသည်။

အပြစ်ယူလို့ရမလား။

သူက နိုင်ငံ့ဝန်ထမ်းပေပဲ။

အသက်ကို ပမာန မထားဘဲ ရှပ်ရှပ်ချွံချွံ တာဝန်ထမ်းဆောင်တတ်သော သူ့လိုလူကို နှင်းသုစံ ရွေးချယ်ခြင်းသည် အပြစ်တစ်ခု မဟုတ်ပါဘူးဟု ယုံကြည်သည်။

ဖေဖေ ဆူမည်မထင်ပါ။ မေမေ့ကို ဖွင့်ဟပြောလိုက်မည်။

ဖေဖေ့နားကို ချက်ချင်းရောက်သွားမည်။ ဖေဖေနဲ့ မေမေက နှစ်ကိုယ့်တစ်စိတ်ပဲဟာ။

ဖေဖေ့ဆုံးဖြတ်ချက်သာ ရပါက နောက်ဆုံးနံပါတ် တစ်ဆယ်နှင့်လည်း ညီညွတ်သွားနိုင်သည်။

အိပ်၍မပျော်နိုင်ပါ။

မေမေ့ကိုတော့ အိပ်ချင်သည် အကြောင်းပြကာ နှင်ထုတ်မိသည်။

အခု နှင်းသုစံ အတွေးအိမ်တံခါးကို အတင်းဖွင့်ကာ လာရောက်နေရာယူနေသူကိုတော့ ဘာကြောင့်များ မနှင်ထုတ်ရက်ပါသနည်း။

တူမှ မတူပဲ။ သူက. . ထိုသည်. . အဲ. . ကိုကိုက နှင်းသုစံ အတွေးအိမ် ပြာသာဒ်ထဲက အိပ်မက်ရှင်လေးပဲ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၄)

"နှင်းသုစံ"

ဖေဖေ့အသံ ခပ်မှန်မှန် ထွက်လာသည်။

နှင်းသုစံ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

ဖေဖေ နှင်းသုစံအား စကားပြောတော့မည်။ ဆွေးနွေးတော့မည်။ ညက မေမေ အတိုင်အတော ထူပြီးလောက်ပြီ။

"နှင်းသုစံ. . . ဖေဖေခေါ်နေတာ ကြားလား"

"လာပါပြီ ဖေဖေ"

"ဘာလုပ်နေတာလဲ"





"ဘုရားရှိခိုးနေတာ"

အဟုတ်တကယ်လည်း ဘုရားရှိခိုးကာ ဆုတောင်းရသည်။ ရသမျှ ဘုရားစာတွေ ရွတ်ဖတ်သရဇ္ဈာယ်ထားရသည်။ ဖေဖေ အမျက်တော် မရှစေရေးအတွက် ဖြစ်သည်။

"ထိုင်. . . သမီး"

နှင်းသုစံ ဖေဖေ့ဘေး၌ ဝင်ထိုင်လိုက်သည်။ ဘေးဆိုတော့ မျက်နှာပူရ နည်းနည်းသက်သာသည်။

ဖေဖေ့လက်ထဲ၌ မှတ်စုတွေ့လိုက်ရသည်။ မြွေဟောက်ရာဇာတို့အဖွဲ့နှင့် ရင်ဆိုင်လိုက်ရစဉ်က တုန်လှုပ်ချောက်ချားမှု မရှိပါဘဲ ယခုမှ ထိတ်လန့်တုန်လှုပ်နေသည်။

"ဒီအထဲက ဆယ်ချက် သမီး ဘာအတွက် ရေးထားတာလဲ"

"စိတ်ကူးပေါက်လို့ ရေးထားတာ"

"ဘယ်တုန်းက ရေးတာလဲ"

"မနှစ်က"

"စိတ်ထဲ ပါလို့ ရေးတာလား"

မျက်နှာပြင်တစ်ခုလုံး မီးဟပ်ခံရသည့်နှယ် ဖြစ်နေသည်။ စိတ်ပိန်လိုက်တာနော်။

"မပါ,ပါဘူး"

"ထားပါတော့. . . တီကြီးကိုကော 'စ' တာလား"

"ဟုတ်ပါတယ်. . . တီကြီး ရင်ဘတ်စည်တီး တအုံ တသြ ဖြစ်ဆော မြင်ချင်လို့ လျှောက်ပြောတာပါ"

"ဒါဖြင့် ပညာစုံလို့ အရွယ်ရောက်ရင် သမီး ဖဖေတို့



www.burmeseclassic.com

www.burmeseclassic.com



ပေးစားတာ ယူမှာလား၊ ဒီဆယ်ချက်အရ ယူရမှာလား"

နှင်းသုစံ စကားကို ဖေဖေ လှည့်ပတ်ယူနေတာ မသိဘူး များ အောက်မေ့နေသလား။

နှင်းသုစံ နပ်သည်မှ ပါးပါးလှုပ်လှုပ်လေး။

"ဒီအကြောင်းတွေ သမီးစိတ်မဝင်စားတော့ပါဘူး ဖေဖေ"

"တကယ်လား သမီး"

"ဟုတ်ကဲ့ပါ ဖေဖေ၊ ဒါပေမယ့်. ."

"ဒါပေမယ့် ဘာဖြစ်သလဲ"

"သမီး တစ်ခုတောင်းဆိုချင်တယ်၊ ဖေဖေ ခွင့်ပြုမှာလား"

ဖေဖေက မျက်မှောင်ချီကာ နှင်းသုစံအား ကြည့်နေသည်။

မေမေကတော့ လူလည်ကျစွာနှင့် သားအဖနှစ်ယောက်ကိစ္စ၌ သူနှင့်မဆိုင်သလိုလို ဥပေက္ခာပြုကာ မဂ္ဂဇင်း ဖတ်နေသည်။ တော်တော်ဟုတ်သည့်အမေ။

"ဘာလဲ နှင်းသုစံ"

"ဝါသနာပါရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနဲ့ ပတ်သက်လို့ပါ ဖေဖေ"

နှင်းသုစံ ရဲရင့်မှ ဖြစ်တော့မည်။

ဖေဖေ့ကို ကြောက်လို့ တစ်သက်လုံး ဝါသနာမပါရာ လုပ်ငန်း၌ နစ်မြုပ်သွားရမည့်အဖြစ်ကို နှင်းသုစံ မလိုလားပါ။

"နှင်းသုစံကို ဖေဖေ ဘာဖြစ်စေချင်သလဲ"





"ဆရာဝန်"

"သမီး အဲဒီအလုပ်ကို ဝါသနာမပါဘူးဆိုရင်ကော"

"ဝါသနာမပါဘူးလား. . .ဘာဖြစ်လို့လဲ"

တော်သေးသည်။ ဖေဖေက လေသံမပြောင်း။

"လူနာနဲ့ဆေးကြားမှာ သမီးဘဝကို မြုပ်နှံရမှာ မလိုလားဘူး. . .ငြီးငွေ့တယ်၊ သမီးက ငြိမ်ငြိမ်မနေချင်ဘူး"

"ဒါဖြင့် သမီးက ဘာဝါသနာပါသလဲ"

"သမီး မေဂျာတစ်ခု ယူပြီး၊ ပြီးတာနဲ့ ဒုရဲအုပ်သင်တန်း တက်ချင်တယ်"

ဖေဖေက ငြိမ်သက်သွားသည်။

တွေဝေစဉ်းစားနေသည်။

မိဘတွေကိုး။ မိဘဆိုသည်မှာ သားသမီးတွေ အသက်အန္တရာယ်နှင့် နီးကပ်သောအလုပ်တစ်ခုကို ဘယ်လုပ်စေချင်မလဲ။

"ဖုတ်ခနဲ" စာအုပ်ကို ပစ်ချပြီး မေမေပါ စကားဝိုင်းဝင်ထိုင်လိုက်သည်။

"ဘာပြောတယ် သမီး၊ ဒုရဲအုပ်သင်တန်း တက်ချင်တယ် ဟုတ်လား"

"ဟုတ်တယ် မေ၊ နှင်းသုစံ စွန့်စွန့်စားစားအလုပ်ပဲ ဝါသနာ ပါတယ်၊ ငြိမ်သက်ပြီး မနေချင်ဘူး။ ဒီစိတ်ကူးပေါ်တာ မြွေဟောက်ရာဇဝင်ဂိုဏ်း သမီးကို ဖမ်းခေါ်သွားကတည်းကပဲ"

"မြွေဟောက်ရာဇဝင်ဂိုဏ်းက သမီးကို ဘာကိစ္စ ဖမ်းခေါ်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကြည့် . . . သိရက်သားနဲ့ ဖေဖေက သက်သက်မေးနေတာ။

"မေမေ မပြောပြရသေးဘူးလား"

ဖေဖေ့ကို မနိုင်သဖြင့် မေမေ့ဘက် ဝေ့ဝဲကာ ကြည့်ပြီး ခပ်စူစူ မေးလိုက်မိသည်။

"ပြောပြပါတယ် . . . ဖေဖေက ကာယကံရှင်စကားကို ကြားချင်လို့ မေးတာ၊ ကြားစကား မယုံတတ်ဘူး"

ဖေဖေ့မျက်နှာ ပြုံးနေသည်။

မေမေက ဖေဖေ့အား သူ့မျက်လုံးလှလှနှင့် မျက်စောင်းထိုးလိုက်ပြီး ထိုင်ရာမှ ထသွားသည်။

"ပြောလေ သမီး"

"အထင်မှားပြီး ရဲအုပ် ဦးရဲကို မှားခေါ်တာပါ"

"အဲဒီရဲအုပ်နဲ့သမီးက အတော်ရင်းနှီးသလား"

"ဟုတ်ကဲ့ . . . ခင်မင်ရင်းနှီးပါတယ်"

နှင်းသုစံ ရင်ခုန်သံ တိုးသွားသည်။

ထိုသည်အကြောင်း ပြောရရုံနှင့် ရင်တွင်းခံစားချက်တွေ တိုးဝှေ့နေပါလား။

"အိုက်ပန်တို့လက်ထဲက သူ သမီးကို ကယ်တင်ခဲ့တယ်ပေါ့"

"ဟုတ်ကဲ့"

"ခို . . . သူဘယ်မှာလဲ"

"မြွေဟောက်ရာဇာနောက် . . . ."

"ပေါကြောင်ကြောင်နဲ့ ပေးချင်ရာ ပေးထားတဲ့နာမည်





တွေ ထည့်မပြောနဲ့ . . . အိုက်ပန်ပေါ့၊ အိုက်ပန်ကို သမီးလူက ဖမ်းမိမယ် ထင်သလား"

"မိမယ်လို့ သမီးယုံကြည်တယ်"

ထိုသည်အပေါ် ဂုဏ်ယူမိသောစကားနှင့် ခိုင်မာစွာ စကားဆိုလိုက်သည်။

"သမီး သူ့ကို တော်တော်အထင်ကြီးသလား"

"အန်"

နှင်းသုစံ အန်းသွားသည်။

ဖေဖေ ဘာကို ဆိုလိုတာလဲ။

အထင်ကြီးခြင်းသည် မေတ္တာစစ်၏အခြေခံအုတ်မြစ်တစ်ခု ဖြစ်သည်ဟု ခံယူထားလျှင် ဖေဖေ့အမေးက နှင်းသုစံစိတ်ကို ဆန်းစစ်နေတာဖြစ်မည်။

မထူးပါဘူး။

"သူ့ရဲ့အကျင့်စာရိတ္တရော၊ လုပ်ရည်ကိုင်ရည်ကောပါ နှင်းသုစံ မျက်မြင်ကိုယ်တွေ့ဖြစ်နေလို့ အထင်ကြီးတာပါ ဖေဖေ"

ရဲဝံ့စွာ ဆိုလိုက်မိသည်။ ချစ်သူ၏ဂုဏ်ရည်ကောင်းများကို ထုတ်ဖော်ပြောဆိုရခြင်းအတွက် နှင်းသုစံရင်၌ ပီတိဖြစ်ကာ ကြက်သီးမွေးညင်းများပင် ထသွားမိသည်။

"သမီး ဒီစာအုပ်ထဲက ဘယ်နှစ်ချက်နဲ့ ကိုက်ညီတာလဲ"

ဖေဖေက စာအုပ် နှင်းသုစံအား ပစ်ပေးလိုက်ရင်း မေးလိုက်သည်။

ပြုံးစစ ဖြစ်နေသော ဖေဖေ့မျက်နှာရိပ် မျက်နှာကဲကြောင့် နှင်းသုစံသည် ဖွမ်းထိုးမတတ် ဝမ်းသာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"တိုးချက်"

ဖေဖေက မေးရဲမှတော့ ဖေဖေ့သမီးက ဖြေရဲရမည် ပေါ့။

"တစ်ချက်က ဘာဖြစ်နေလို့လဲ"

"နံပါတ်တစ်ဆယ်အချက် ဖြစ်နေလို့ပါ"

"အဟား. . . ဟာ. . ဟား. . ဟား"

နှင်းသုစံ ပခုံးကို ပုတ်ကာ ဖေဖေက ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

"ဒါဖြင့် နံပါတ်အားလုံးနှင့် ကိုက်ညီသွားအောင် ဖေဖေက ခေါင်းညိတ်ပေးရမလား"

"မညိတ်နဲ့ဦး ဖေဖေ"

"ဟေ. . . ဘာဖြစ်လို့လဲ"

နှင်းသုစံ ရင်ထဲ အပျော်နတ်သားတို့ စတိတ်ရှိုး လုပ်နေလေပြီ။

"ခု. . . သမီး အဲ့ဒီကိစ္စကို ဦးစားမပေးနိုင်သေးဘူး၊ ဝါသနာပါတဲ့ လုပ်ငန်းနဲ့ တိုင်းပြည်အတွက် ဦးစားပေးဦးမယ်"

"ဒါမှ ဖေဖေ့သမီးကွ"

ဖေဖေက နှင်းသုစံနဖူးကို သူ့နဖူးနှင့် တိုက်လိုက်သည်။

ဒါက ဖေဖေ အားရကျေနပ်သည့်အခါ ပြုတတ်တဲ့ အပြုအမူမျိုးဖြစ်သည်။

"ဘယ်နှစ်နှစ် စီမံကိန်းလဲ"

"ခုနစ်နှစ်"

"ကတိပေးသလား"





"ပေးတယ်"

"ဖေဖေကော ခွင့်ပြုသလား"

"ဘာကိုလဲ"

"နှစ်မျိုးစလုံး"

"မီလည်၊ သွား. . . တင်းနစ်ယူ၊ ကစားမယ်၊ နှစ်ပွဲပဲ. . နှစ်ပွဲစလုံး နိုင်ရင် နှစ်မျိုးစလုံး ခွင့်ပြုမယ်"

"တကယ်"

"တကယ်ပေါ့"

နှင်းသုစံ ပေါ့ပါးစွာ လှစ်ခနဲ ဖေဖေ့အပါးမှ ထွက်ခဲ့သည်။

"သမီး. . ရော့. . ကျန်ခဲ့ပြီ"

ဖေဖေက ဆက်တီပေါ်တွင် ကျန်ခဲ့သော နှင်းသုစံ မှတ်စုစာအုပ်ကလေးကို ပစ်ပေးလိုက်သည်။ နှင်းသုစံ ဖမ်းယူလိုက်ပြီး. . .

"သိုင်္ကျူ"

ဖေဖေ၏သဘောဆန္ဒကို နှင်းသုစံ သိလိုက်ရသဖြင့် ပျော်ရွှင်ကြည်နူးမှု အတိုင်းအဆကို တိုင်းတာ၍မရနိုင်အောင်ပင် ဖြစ်နေသည်။

တင်းနစ်ကစားတော့ ပထမပွဲ နှင်းသုစံ နိုင်သည်။

"ဖေဖေ့ကတိအတိုင်းပဲနော်"

"ဒီလိုဆို အရင်တောင်းတဲ့ ရဲအခွင့်အရေး ရမယ်"

"ဘာရဲလဲ"

"သမီးက ရဲနှစ်မျိုးစလုံး လိုချင်တယ်မဟုတ်လား. . ."



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်ရာတောင်း”

“နှစ်မျိုးစလုံး လိုချင်တယ်၊ နောက်တစ်ပွဲ ကြည့်ပါဦး လေ”

“ကြည့်တာပေ့ါကွ . . . ဖေဖေ့ကို အဘိုးကြီးဆိုပြီး စမ်းလို့ရမလား . . . ရော့”

ဘောလုံးနှင့် ရက်ကက်ထိသံ တဒေါက်ဒေါက်သည် နှင်းသုစံကို အားပေးနေသည်။

ရဲနှစ်မျိုးအတွက် ကြိုးစားရမည်ပေ့ါ။

မောရမှန်း ပန်းရမှန်း မသိ။

ဖေဖေ့ကို အမြဲလိုလို နှင်းသုစံ ရှုံးခဲ့ပါသည်။

သို့သော် အံ့သြစရာကောင်းလှစွာပင် ယခုနှစ်ပွဲစလုံး နှင်းသုစံ အနိုင်ရလိုက်သည်။

ဖေဖေက လက်ဆွဲနှုတ်ဆက်ရင်း . . .

“ကွန်ကရက်ကျူလေးရှင်း သမီး၊ နိုင်ငံတော်က သမီးကို ရွှေတံဆိပ်နှစ်ခု ချီးမြှင်ခဲ့ပြီးပြီ၊ ဖေဖေက သမီးကို ပေးထားတဲ့ ကတိအတိုင်း လိုအင်ဆန္ဒ ဖြည့်စွမ်းတဲ့ဆုလာဘ် ချီးမြှင့်လိုက်ပြီ နော်”

“ကျေးဇူးတင်ပါတယ် ဖေဖေ”

နှင်းသုစံ ကြက်သီးဖြာမတတ် ဝမ်းသာသွားရသည်။ ဆွဲထားသောလက်ကို ဖြုတ်ပြီး ချာခနဲ လှည့်ထွက်သွားသည့် ဖေဖေ့နောက်ကျောကို ကြည့်ပြီး မျက်ရည်များ ရစ်ဝဲကျန်ခဲ့သည်။

ပီတိမျက်ရည်။

ဖေဖေ လက်လျှို့ရိုက်သွားကြောင်း နှင်းသုစံ သိနေ





သောကြောင့်ပင်။

“မိဘ” ဆိုသောပုဂ္ဂိုလ်များသည် ထူးထူးခြားခြား စွမ်းအင်များ ရှိသည့်သူများသာတည်း။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃၅)

ကြည့်စမ်း. . . သူ။

လှစ်ခနဲ လူအုပ်ကြား ပျောက်ကွယ်သွားသည်။

သိတာပေါ့။ နှင်းသုစံ ပြန်အလာကို လာချောင်းတာ

ရထားဘီးသည် သံလမ်းနှင့် ထိတွေ့ရင်း တကျွီကျွီနှင့် အရှိန်သတ်နေစဉ်ပင် ထိုသည် ပျောက်ကွယ်သွားသည်။

ဖေဖေနှင့်မေမေ ပါလာလို့ လစ်ထွက်သွားတာများ လား။ မသိဘူး အောက်မေ့နေသလား။ ကလေကချော်ပုံစံ မပျောက်ချင်။





ဦးအိုက်ပန်တို့တစ်ဖွဲ့လုံး မန္တလေး၌ အမိဖမ်းလိုက်နိုင် ကြောင်း သတင်းကို ဖေဖေက သတင်းစာ ထိုးပြသဖြင့် နှင်းသုစံ ခတ်လိုက်ရသဖြင့် ဂုဏ်ယူနေတာ။

သူက ကြောက်ကြောက်နှင့် ထွက်ပြေးသွားသည်။

သိမည်။ အဲ. . . ခုမှ သတိရသည်၊ ဗိုလ်နိုင်လင်းထွန်း ပါလို့များ အထင်လွဲပြီး ရှောင်သွားတာလား။

ဒီလောက် သဘောထား သေးမည်မထင်။

ဗိုလ်နိုင်လင်းထွန်းအိမ်မှ လာကြိုသောကားနှင့် နှင်းသုစံ တို့ အိမ်ပြန်ခဲ့သည်။

စိတ်ထဲ၌ မကျေမနပ်။

ပစ္စည်းတွေ ချပြီးသည်နှင့်. . .

"ဖေဖေ. . . ဘွားဘွားတို့ဆီ ခဏသွားဦးမယ်၊ ပေး စရာ ရှိတာတွေ သွားပေးမလို့"

"သွား. . သွား. . မကြာစေနဲ့၊ မစံရေ. . . အမေတို့ကို ပေးမယ့်ဟာတွေ ထုတ်ပေးလိုက်ပါဦး"

ဖေဖေ ခွင့်ပြုချက်ရပြီမို့ နှင်းသုစံ ပျော်သွားသည်။

ထိုသည်အိမ် သွားမည်။

စာချိတ်ခဲ့မည်။

ထိုသည်. . .

ဖေဖေက လာတွေ့တဲ့၊ အိမ်ကို ခုချက်ချင်း လာခဲ့ဟူ။

နှင်းသုစံ ထွက်ခဲ့သည်။

တကယ်လည်း စာသွားချိတ်သည်။

ဘွားဘွားတို့အိမ် ဝင်ပြီး အလ္လာပ သလ္လာပ ပြောတာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ခဲ့သည်။

တွေ့ပြီ။

ထီသည်။ ထီသည်မှ ထီသည်အစစ်။

သီရောပေါ့ အိပ်မက်ရှင်ရယ်။

နှင်းသုစံ ဆိုင်ကယ်ကို အရှိန်မြှင့်လိုက်သည်။

ရင်တော့ အခုန်သားပါလား။

ဘာကြောင့်များနည်း။ ထီသည်ကိုလည်း မကြောက်ပါဘဲလျက်. . .။







# အခန်း(၃၆)

ဖျက်ခနဲ ခုန်ရောင်လိုက်သော ထီသည်ကို ကြည့်ပြီး နှင်းသုစံ ရယ်လိုက်မိသည်။

"အမိနော်"

နှင်းသုစံ ဟဲလ်မက်ခ်ကို ချွတ်ကာ ပိုက်ရင်း ထီသည်နားကပ်ကာ. . .

"ထီထိုးချင်လို့. . . ရမလား"

"ရပါတယ်. . ထောင့်ငါးရာဆု ပေါက်မယ့်ထီလက်မှတ်တွေပဲ ရှိတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း ခပ်တည်တည်နှင့် အကြောင်းပြန်ရိုက်သည်။

"ဘူတာမှာ ဘာလို့ ရှောင်ပြေးတာလဲ"

"သဘာဝအရ ရှောင်ပြေးရတာ"

"ဘာသဘာဝလဲ"

"ဟုတ်တယ်လေ. . ယောကျ်ားတွေဟာ ဘယ်လောက်ပဲ သတ္တိရှိပါတယ်ပြောပြော သမက်လောင်းဘဝ ရောက်နေတဲ့အခါ ယောက္ခမလောင်းတွေကို ရင်ဆိုင်ရမှာ ကြောက်တတ်တဲ့ သဘာဝအရ ရှောင်ပြေးတာလေ"

"တော်တော် တရားကျဖို့ကောင်းတယ်"

"တရားကျချင်ကျပါ. . . တရားတော့ မရလိုက်ပါနဲ့၊ ကျုပ် ငှက်ပျောတုံး ဖက်မသေနိုင်ဘူး"

"ခင်ဗျားကြီးနော်၊ လာ. . လိုက်ခဲ့"

"ဟ. . ဘယ်ကိုလဲ"

"အိမ်ကို ဖေဖေတို့နဲ့ တွေ့ပေးမလို့"

"သိကုန်ကြပြီလား"

"သိပြီပေါ့"

"ဘာပြောသလဲ"

"နှင်းသုစံ ဆန္ဒအတိုင်းပဲတဲ့"

"တကယ်ပဲလား"

ထိုသည်မျက်နှာ ပြုံးယောင်သမ်းနေသည်။ တကယ်ဝမ်းသာခြင်းလား၊ ခန့်မှန်းရခက်သော မျက်နှာထားများပါလား။

"တကယ်ပေါ့. . . ဒါကြောင့် ဖေဖေနဲ့ တွေ့ပေးရ





အောင် ခေါ်တာ"

"အား. . . ရေချဲဝယ်ဦးမှ"

"ဘာဖြစ်လို့လဲ"

"မျက်နှာကပ်လာဖို့လေ"

"သေလိုက်၊ လာ. . လိုက်ခဲ့"

"ဒီပုံကြီးနဲ့ ဖြစ်ပါ့မလား"

"ရပါတယ်. . . ဖေဖေက နားလည်သဘောပေါက်ပြီးသားပါ"

"မလေးစားရာ ရောက်မှာစိုးတယ်လေ၊ ကိစ္စလေးလဲ ရှိနေလို့ ညနေလာခဲ့မယ်"

"ညနေစာ အမီလာနိုင်မလား"

"သာနိုင်မယ်"

"ဒါဖြင့် ဖေဖေ့ကို ပြောလိုက်မယ်၊ အိုက်ပန်တို့ လက်ထဲက ကယ်ခဲ့တဲ့ နှင်းသုစံ ကျေးဇူးရှင်ကို ညနေစာ ဖိတ်ခဲ့တယ်လို့"

"မစောလွန်းဘူးလား"

"ဘာ"

"လူကြီးတွေနဲ့ ပေးတွေ့တာလေ"

နားလည်ရ ခက်ပါဘိ။ နှင်းသုစံရင်ထဲ ကြေကွဲသွားသည်။

ချစ်မိသော နှလုံးသား၌ ဝေဒနာအမျိုးမျိုး ဖြစ်ထွန်းတတ်ပါလား။

"မဟုတ်ပါဘူး နှင်း၊ ကိုယ်ဆိုလိုတာက အချိန်မစောလွန်းဘူးလားလို့ လက်ထပ်ဖို့ စောသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သိတယ်. . . နှင်းသုစံ နားလည်တယ်၊ ခင်ဗျားကြီး ဘယ်အချိန် သတ်မှတ်သတ်မှတ် နှင်းသုစံ ခုနစ်နှစ် အချိန်ပေးမယ်၊ အနည်းဆုံး စောင့်ရမှာနော်"

"ဘာဖြစ်လို့ ခုနစ်နှစ်ကြီးများတောင်"

ထိသည်က နားဝေတိမ်တောင်ဟန်နှင့် မေးလိုက်သည်။

'အ' ချင်ဟန်ဆောင်နေတာ နှင်းသုစံ မသိဘူးများ အောက်မေ့နေသလား။

"ဆေးတက္ကသိုလ် တက်မလို့လား၊ သုံးနှစ်လောက်ဆို တော်ရောပေါ့၊ ယူပြီး ဆက်တက်လို့ ရတာပဲ"

"ခင်ဗျားကြီးပြောတဲ့ အချိန်တန်ရင်ဆိုတာ သုံးနှစ်ကို ပြောတာလား၊ မရဘူး. . . ခုနစ်နှစ်ပဲ"

"ဘာဖြစ်လို့လဲကွာ"

ထိသည်က မအီမလည်ပုံစံနှင့် မေးလိုက်သည်။

"မေဂျာတစ်ခုနဲ့ ဘွဲ့ယူမယ်၊ ပြီးရင် ဒုရဲအုပ်သင်တန်း တက်မယ်၊ ပြီးရင် နှစ်နှစ်လောက် လွတ်လွတ်လပ်လပ် စွန့်စားဦးမယ်၊ ပြီးမှ လက်ထပ်မယ်"

"သေလိုက်ပါလား ရဲရယ်"

ထိသည်က သူ့နဖူး သူရိုက်ကာ နောက်လှန်လှဲမတတ် ပုံစံမျိုးဖြစ်သွားသည်။

"ထိထိုးမလို့"

"ဩော်. . . ဟုတ်ကဲ့ ထိုးပါ"

အရေးထဲ ထိထိုးမည့် စုံတွဲနှစ်ဦးက ထိလက်မှတ်များ ရွေးချယ်နေသည်။





"အန္တရာယ်များတယ်ကွ"

"ဟင်. . . ဘာပြောတာလဲ"

ထိဝယ်သူ အမျိုးသမီးက သူ့အား ပြောတယ်အထင်နှင့် မေးလိုက်ရာ နှင်းသုစံ "ခစ်ခနဲ" ရယ်လိုက်မိသည်။

"မဟုတ်ဘူးခင်ဗျ. . . သူ့ကို ပြောတာ"

"ဩော်. . . မသိပါဘူး၊ ဒီအစောင်ရယ် ဒီအတွဲရယ် ယူမယ်၊ ဘယ်လောက်ကျသလဲ"

ထိသည်က စက္ကူအိတ်ထဲ ထိကို ဖြတ်ထည့်ရင်း. . .

"ဆယ်စောင်တွဲက နှစ်ထောင့်ငါးရာ၊ တစ်စောင်တည်း က နှစ်ရာ့ငါးဆယ်ဆိုတော့ နှစ်ထောင့်ခုနစ်ရာ့ငါးဆယ်ပါ"

"ဟင်. . . တစ်စောင် နှစ်ရာထက် ပိုမရောင်းရဘူးဆို"

"မလုပ်ပါနဲ့ အစ်မရယ်၊ စက်ဘီးပွန်းခ၊ ဘက်ထရီအိုးငှားခလေးနဲ့ အသား နေပူလှန်းခလေးတော့ ပေးဦးမှပေါ့ အစ်မရယ်"

ကြည့်စမ်း။ တတ်လည်း တတ်နိုင်တဲ့လူ။

တကယ့် ထိသည်ကြီးပမာပါလား။

"လိပ်စာလေး ပြောခဲ့ပါ အစ်မ၊ ပေါက်ရင် အကြောင်းကြားပေးနိုင်အောင်"

"တစ်ခါမှလဲ အကြောင်းမကြားကြပါဘူး"

"မပေါက်လို့ပါ ခင်ဗျ၊ ပေါက်ရင် အကြောင်းကြားပေးပါတယ်၊ မယုံရင် ဒီက အစ်မလေးတို့ မေးကြည့်ပါ"

"ဟုတ်တယ်"

"ဘယ်လောက် ပေါက်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ထောင့်ငါးရာ"

အတည်ပေါက်နှင့် ထီသည်အား ဗိုက်ခေါက်ဆွဲချင်စိတ် ဝင်သွားသည်။

ထီဝယ်သူ ငွေချေနေစဉ်. . .

"နှင်း. . . ပေးစမ်း"

"ဟင်"

နှင်းသုစံထံမှ ဟဲလ်မက်ခ်ကို ဆွဲယူဆောင်းပြီး နှင်းသုစံ ဆိုင်ကယ်ကို စက်နှိုးကာ ရုတ်တရက် ထွက်သွားသည်။ ကားတစ် စင်းနောက် လိုက်သွားခြင်းဖြစ်မည်။

နှင်းသုစံ ကြောင်အမ်းအမ်းနှင့် ပါးစပ်အဟောင်းသား ကျန်ခဲ့သည်။

"ဘယ်လိုလုလဲ"

"ရော့. . . ပိုက်ဆံ၊ ဘယ်သူ့ကို ပေးရမှာလဲ"

"ထီသည်. . . အဲ. . . နှင်းသုစံကိုပေး"

နှင်းသုစံ ငွေရေတွက်ပြီး ယူလိုက်သည်။ ငွေကို စက်ဘီး ပေါ်မှ အံဆွဲထဲ ထည့်ကာ သော့ခတ်လိုက်သည်။

ပြဿနာပဲ။

မိန်းမထီသည် စက်ဘီးနှင့် လှည့်ပတ်ရောင်းခြင်းကို မမြင်ဖူးပါ။ ရှိမည် မထင်။ ခုတော့ နှင်းသုစံ ထီသည်၏ စစ် ဦးထုပ်စုတ်ကို ကောက်ဆောင်းလိုက်သည်။

စက်ဘီးနင်းလိုက်သည်။ တော်သေးသည်၊ ဘောင်းဘီ ဝတ်လာ၍။

ကိုးလို့တန့်လန့် နိုင်လိုက်သည့်ဖြစ်ခြင်း။





စက်ဘီးကို သူ့အိမ်သွားပို့ရမလား၊ အိမ်ပဲ ယူသွားရ မလား။ ရှုပ်ပါသည်။ သူ့အိမ်ပဲ သွားပို့လိုက်မည်။

နှင်းသုစံ ဇောချွေးများ ပြန်နေသည်။

အရေးထဲ ထီဝယ်သူများကလည်း အထူးအဆန်းဖြစ်၍ လား မသိ။ နှင်းသုစံကိုချည်း ခေါ်နေသည်။

ထီသည်နှင့် ဒီတစ်ခါ တွေ့လျှင်တော့ ကျောပြင်ကို ဖြောင်တင်ပစ်လိုက်မည်။ ဒီလောက်တောင် ဒုက္ခပေးတာ။

တစ်သက်နှင့်တစ်ကိုယ် မလုပ်ဖူးသောအလုပ်ကို လုပ် နေရသည်။ စိတ်ပိန်လိုက်သည့်ဖြစ်ခြင်း။

ကက်ဆက်ခွေကလည်း ထွက်လာသည့် သီချင်းသံကို လည်း ကြည့်ဦး။

မောင်ဒေါနနဲ့ ကွမ်းတောင်ကိုင်တဲ့။ ဟာသ်တတွန်းရင် သီချင်း။ လဲစရာအခွေမရှိ၊ အောက်လိုက်တာ။

ဇောချွေးများ ပြန်ရင်းဖြင့် နှင်းသုစံ စက်ဘီးကို တအား နင်းကာ ထီခေါ်ဝယ်သူများကိုပါ ဥပေက္ခာပြုရင်း ထွက်ခဲ့ရသည်။

"အိပ်မက်ရှင်" ကိုတော့ နှင်းသုစံ ရလိုက်ပါသည်။

သို့သော်. . .

မြူဆဲခင်

www.burmeseclassic.com